စိန်မှုင်စာပေ

တက္ကသိုလ်

# နေလင်းအောင်

## လေပွေနဂါး

အသစ်စက်စက်သိုင်းစာစဉ်



စာမူခွင့်ပြုချက်အမှတ် - ၁၅၁၅/၂၀၀၄ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၅၅၀၅၀၁

●

ပထမအကြိမ်ပုံနှိပ်ခြင်း
၂၀၀၅ ခုနှစ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀ ကျပ်

●

ထုတ်ဝေသူ
ဒေါ်မိုးကေနိုင်(ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

●

ပုံနှိပ်သူ
ဦးသန်းဝင်း(ကျော်ပုံနှိပ်တိုက်)
၂၃၉၊ ဓမ္မာသီလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

●

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း(မြ-၀၆၃၆၂)၊ ဖိုးဝအော့ဖ်ဆက်
အမှတ် ၁၄၇၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။



## ၁၀၃။

အိုယိဝမ်းသည် ပိုင်လုံဘုရားကျောင်းဆီကို ခပ်လှမ်းလှမ်းကပင် လှမ်းမြင်နေရသည်။

ကျောင်းထဲတွင် မီးထွန်းထားသည်ကို တွေ့ရသောအခါ အံ့ဩ စိတ်လည်း ဖြစ်မိသည်။ ဒေါသလည်း ဖြစ်မိသည်။

သူမလာခင်က ကျောင်းထဲတွင် မီးမထွန်းရန် သေသေချာချာ မှာထားပါလျက်ကယ်နှင့် အဘယ်ကြောင့် မီးထွန်းရလေသနည်း။

သူ့အဖွဲ့ဝင်များသည် သူ့စကားကို တစ်သဝေမတိမ်း နားထောင်ကြသူများဖြစ်ကြောင်းတော့ အိုယိဝမ်းသိသည်။ သူတို့သည် သူ့အမိန့်ကို ဆန့်ကျင်ပြီး အကြောင်းမဲ့တော့ မီးထွန်းကြလိမ့်မည် မဟုတ်ချေ။

မီးထွန်းရန်အကြောင်းကိစ္စ ပေါ်လာ၍သာ ယခုကဲ့သို့ မီးထွန်းခြင်းဖြစ်လိမ့်မည်ဟု အိုယိဝမ်း တွေးမိပြန်သည်။ မီးထွန်းခြင်းမှာ ရည်

သည်တစ်ယောက်ယောက် ရောက်နေ၍လော့ဟုလည်း စဉ်းစားမိသည်။

အိုးယိဝမ်းသည် ဘုရားကျောင်းဆီသို့ အပြေးနှင်လာလေသည်။ သူသည် ဝင်နံရံမှ ခုန်ကျော်၍ ကျောင်းထဲ ဝင်ခဲ့သည်။ ထိုစဉ် ကျောင်းဘက်ဆီမှ အပြေးနှင်လာသော လူရိပ်တစ်ရိပ်နှင့် အိုးယိဝမ်း တိုးမိတော့မလို ဖြစ်သွားသည်။

နှစ်ဦးစလုံး တိုက်ခိုက်ရန် ပြင်လိုက်ကြ၏။

ပြီးမှ လူရိပ်မှာ ထင်လျှန်ကူးဖြစ်ကြောင်း အိုးယိဝမ်း သိရှိပြီး ထင်လျှန်ကူးကလည်း အိုးယိဝမ်းဖြစ်ကြောင်း သိသွားသည်။

"ဟင် .... အစ်ကိုကြီး .... "

"ဘာဖြစ်လို့လဲ ညီမလေးကျို .... "

ထင်လျှန်ကူးသည် အိုးယိဝမ်းကို မြင်ရသဖြင့် ဝမ်းသာအားတက်သွားပုံရလေသည်။

"အစ်ကိုကြီး ပြန်ရောက်လာတာနဲ့ အတော်ပဲ .... နို့မို့ အစ်ကိုကြီးနောက်ကို ကျွန်မ လိုက်ခဲ့တော့မလို့ .... "

"ဘာဖြစ်လို့ လိုက်လာမှာလဲ .... "

"အစ်ကိုစန်းရဲ့သတင်းကို ရပြီ .... "

လို့ရှုံရှမ်း၏သတင်းကို ရပြီဖြစ်ကြောင်း သိရသောအခါ အိုးယိဝမ်းလည်း ဝမ်းသာအားရဖြစ်သွားသည်။

"ဟင် .... ညီလေးစန်းရဲ့သတင်းကို ရပြီဟုတ်လား ....ပြောစမ်း .... မြန်မြန်ပြောစမ်း သူ အခုဘယ်မှာလဲ .... "



ထင်လျှန်ကူးက သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"အစ်ကိုစန်း ဘယ်မှာလဲဆိုတာတော့ မသိပါဘူး .... "

"ဟင် .... ဒါနဲ့ သတင်းရပြီဆို .... "

"ဒီလိုပါ အစ်ကိုကြီး .... စောစောက ဘုရားကျောင်းကို လူတစ်ယောက်ရောက်လာပြီး စာတစ်စောင် လာပေးသွားပါတယ် ... စာကို ဖတ်ကြည့်ပြီး အစ်ကိုဝေဘွန်စိမ်းက မဆုံးဖြတ်တတ်တာနဲ့ အစ်ကိုကြီးကို ရှာခေါ်ခဲ့ဖို့ ကျွန်မကို အခုလွှတ်လိုက်တာပါ .... "

"စာက ဘယ်မှာလဲပြစမ်း .... "

ထင်လျှန်ကူးက ခေါင်းကိုခါယမ်းလိုက်ပြီး ....

"ကျွန်မဆီမှာ စာပါမလာပါဘူး အစ်ကိုကြီး .... စာက အစ်ကိုဝေဘွန်စိမ်းဆီမှာပါ .... "

အိုးယိဝမ်းလည်း ဘာမှဆက်မေးမနေတော့ဘဲ လို့ရှုံရှမ်း၏သတင်းကို သိလိုသဖြင့် ဘုရားကျောင်းဆီသို့ ခြေလှမ်းကျဲကျဲနှင့် လာခဲ့သည်။ ထင်လျှန်ကူးလည်း နောက်ဘက်မှ ပါလာသည်။

ဘုရားခန်းဆောင်ကြီးထဲတွင် ဖယောင်းတိုင်ကြီးတစ်တိုင်ကို ထွန်းညှိထားပြီး လေပွေမုန်တိုင်းအဖွဲ့သားများက ဖယောင်းတိုင်ကြီးကို ပတ်ပတ်လည်ဝိုင်း၍ ထိုင်နေကြ၏။

အားလုံးပင် ကိုယ်ထင်မြင်ရာ တွေးတောပြောဆိုနေကြသဖြင့် စကားသံများ ပေါ်ထွက်လျက်ရှိနေကြ၏။

ဘုရားခန်းဆောင်အတွင်းသို့ အိုးယိဝမ်း ဝင်လာသည်ကို မြင်ကြရသောအခါ ထွက်ပေါ်နေသော အသံများလည်း ရုတ်ခြည်း တိတ်

သွားကြသည်။

အိုယိဝမ်းက မတ်တတ်ရပ်နေရာမှပင် အဖွဲ့သားများကို အကဲခတ်ကြည့်လိုက်သည်။

ဝေဘွန်စိမ်းက ထိုင်ရာမှထပြီး ပြောဆိုလိုက်၏။

"အစ်ကိုကြီးပြန်လာတာ အတော်ပဲ .... ဒီမှာ ကျွန်တော်တို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေကြတာ .... "

အိုယိဝမ်းနောက်မှ ထင်လျှန်ကူးကိုမြင်လျှင် စာအကြောင်းကို အိုယိဝမ်းသိပြီးဖြစ်နေပြီဟု သိကြ၏။ ဝေဘွန်စိမ်းက လက်ထဲတွင်လည်း စာတစ်စောင်ကို ကိုင်ထားသည်။

အိုယိဝမ်းက ဝေဘွန်စိမ်းထံသို့ လျှောက်ခဲ့ပြီး မေးလိုက်သည်။

"ညီလေးစန်းနဲ့ ပတ်သက်ပြီး စာတစ်စောင်ရောက်လာတယ်ဆို .... "

"ဟုတ်ပါတယ် အစ်ကိုကြီး .... ဟောဒီမှာ .... "

ဝေဘွန်စိမ်းက သူ့လက်ထဲမှစာကို လှမ်းပေးလိုက်ရာ အိုယိဝမ်းက လှမ်းယူသည်။ အိုယိဝမ်းသည် စာကိုမဖတ်ခင် စာရွက်မှာ ကြေမွနေကြောင်း ဦးဆုံးတွေ့ရ၏။ လုံးချေထားသဖြင့် ကြေမွနေပုံမျိုးဖြစ်၏။

ဤစာကို ကျောက်ခဲတစ်လုံးနှင့် ပတ်၍ပစ်ပေးသွားခြင်းဖြစ်လိမ့်မည်ဟုလည်း ချက်ချင်းတွေးမိသည်။

အိုယိဝမ်းက ဘာမှမေးမြန်းမနေဘဲ စာရွက်တွင်ရေးထားသော စာများကို ဖတ်လိုက်၏။



အစ်ကိုကြီးအို ....

ထုံလင်းထန်ဆေးခန်းက သမားတော်ကြီး ချောင်လို့ဝမ်းရဲ့ အိပ်ခန်းထဲမှာ လျှို့ဝှက်အခန်းတစ်ခန်း ရှိနေပါတယ်၊ လူသတ်သမား လူဆိုးရထားတဲ့ ဒဏ်ရာဟာလည်း ပျောက်ကင်းနေပါပြီ၊ အမြန်ဆုံး ဖမ်းဆီးနိုင်မှ ဖြစ်ပါလိမ့်မယ်။

အထူးသတိပေးချင်တာကတော့ ထန်ဟိုဟွားဆိုတဲ့ ကောင်မလေးကို လုံးလုံးမယုံပါနဲ့၊ ဒီကောင်မလေးဟာ ရန်သူ့လျှို့ဝှက်တစ်ယောက်ပါပဲ၊ ကျွန်တော်လာနိုင်တဲ့အခြေအနေမရှိလို့ ဒီစာကို ယုံကြည်ရတဲ့ မိတ်ဆွေတစ်ယောက်နဲ့ ပေးခိုင်းလိုက်တာပါ။

ညီလေးလို့ရဲ့ရှမ်း

စာကိုဖတ်ပြီးသည်နှင့် အိုယိဝမ်းက ထင်လျှန်ကူးကို လှည့်ကြည့်ကာ မေးလိုက်၏။

"ထန်ဟိုဟွားကော ဘယ်မှာလဲ .... "

ထင်လျှန်ကူးက လေသံတိုးတိုးနှင့် ပြန်ပြောသည်။

"ဟိုဘက်အခန်းထဲမှာ အိပ်ပျော်နေပါတယ် အစ်ကိုကြီး"

အိုယိဝမ်းက ခေါင်းညိတ်လိုက်ပြီးမှ ဝေဘွန်စိမ်းထံ ပြန်လှည့်၍ မေးသည်။

"ဒီစာ ဘယ်တုန်းက ရောက်လာတာလဲ .... "

"ဆောဆောကတင် ဒီစာကို ကျောက်ခဲတစ်တုံးနဲ့ ပတ်ပြီး ကျောင်းထဲကို ပစ်ထည့်သွားတာပါ အစ်ကိုကြီး .... စာပစ်သွားတဲ့လူဟာ

ချက်ချင်းပဲ ထွက်ပြေးပြီး ပျောက်သွားလို့ ဘယ်လိုလူစားမျိုးလဲဆိုတာတော့ မတွေ့လိုက်ရပါဘူး .... "

အိုယိဝမ်းလည်း ဝေဘွန်စိမ်းအနီးတွင် ထိုင်ချလိုက်၏။ ဝေဘွန်စိမ်းနှင့် ထင်လျန်ကူးတို့လည်း ထိုင်လိုက်ကြ၏။

အိုယိဝမ်းသည် ခဏမျှ မျက်မှောင်ကြုတ်၍ စဉ်းစားနေလေရာ မည်သူကမှ စကားမပြောကြဘဲ အိုယိဝမ်းထံမှ ထွက်ပေါ်လာမည့် စကားသံကို နားစွင့်နေကြ၏။ အတန်ကြာမှ အိုယိဝမ်းသည် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး ပြောဆိုတော့၏။

"အင်း .... စာထဲက လက်ရေးကတော့ ညီလေးစန်းရဲ့လက်ရေးပဲ .... စာထဲမှာပါတဲ့အချက်တွေဟာလည်း ဖြစ်နိုင်တဲ့ အချက်တွေချည်းပဲ .... ဒါ ညီလေးစန်းဆီက ပေးလိုက်တဲ့စာအမှန်ပဲ ဖြစ်လိမ့်မယ်"

ဝေဘွန်စိမ်းက ....

"ကျွန်တော့်စိတ်ထဲမှာ မတင်မကျ ဖြစ်နေတာ တစ်ခုတော့ရှိတယ် အစ်ကိုကြီး .... "

"ဆိုပါဦး .... "

"ဒီစာကို ပေးလိုက်ခြင်းအားဖြင့် အစ်ကိုစန်းဟာ လန်ကျိုးမြို့ထဲမှာ ရှိနေပုံပဲ .... လန်ကျိုးမြို့ထဲမှာ သူရှိနေပါလျက်နဲ့ ကျွန်တော်တို့ဆီကို သူကိုယ်တိုင်မလာတွေ့ဘဲ ဘာဖြစ်လို့ စာနဲ့ရေးပေးလိုက်ရတာလဲ .... ဒါကိုတော့ ကျွန်တော်နည်းနည်း သင်္ကာမကင်းဖြစ်မိတယ်"

ထင်လျန်ကူးကလည်း ခေါင်းညိတ်၍ ဝင်ပြောသည်။

"ဟုတ်တယ် အစ်ကိုကြီး .... ဒီလို အရေးကြီးတဲ့ သတင်းမျိုးကို



ပေးဖို့အတွက် သူကိုယ်တိုင် လာသင့်တာပေါ့ .... ခု သူကိုယ်တိုင် မလာတော့ စဉ်းစားစရာ ဖြစ်နေတယ် .... "

ဝေဘွန်စိမ်းက ပြောပြန်သည်။

"အစ်ကိုစန်းဟာ ထန်ဟိုပွားကို တစ်ခါမှ မြင်ဖူးတာမဟုတ်ဘဲနဲ့ ဘာဖြစ်လို့ ဒီကောင်မလေးဟာ ရန်သူ သူလျှိုဖြစ်နေတယ်ဆိုတာ သိနေရတာလဲ .... ဒါဟာ ဒီစာနဲ့ ပတ်သက်ပြီး သံသယဝင်စရာပဲ"

မျက်မှောင်ကြုတ်စဉ်းစားကာ ဝေဘွန်စိမ်းနှင့် ထင်လျန်ကူးတို့ စကားကိုနားထောင်ရင်း အိုယိဝမ်းက ခေါင်းကိုခါယမ်းလိုက်ပြီး ....

"ဒီစာနဲ့ ပတ်သက်လို့ ဘာမှသံသယဖြစ်နေစရာ မလိုဘူး .... စာထဲမှာ ရေးသားထားတဲ့ အချက်တွေက မှန်နိုင်တယ် .... ပြီးတော့ ဒီစာကို ညီလေးစန်း ရေးတာလည်း အမှန်ပဲ .... သမားတော်ကြီးချောင်လို့ဝမ်းရဲ့ အိပ်ခန်းနဲ့တွဲပြီး လျှို့ဝှက်ခန်းရှိနေတာကိုလည်း ငါကိုယ်တိုင် ဒီစာမရခင်ကတည်းက တွေးထားပြီးနေပြီ .... လူသတ်သမား တရားခံဟာ ဒီလျှို့ဝှက်ခန်းထဲမှာ ပုန်းနေပြီး အပြင်မထွက်လို့သာ တို့တစ်တွေ မတွေ့ကြတာ ဖြစ်လိမ့်မယ် .... နောက်တစ်ချက်က ချောင်လို့ဝမ်းဟာ နာမကျန်းဖြစ်နေပြီး အိပ်ရာပေါ်လဲနေတယ်ဆိုတာကလည်း သူ့အိပ်ခန်းကို အပြင်လူမဝင်နိုင်အောင် စီစဉ်ထားတာပဲ ဖြစ်လိမ့်မယ် .... "

သမားတော်ကြီး ချောင်လို့ဖူမှာ အိုယိဝမ်းတို့ပြောနေသော စကားများကို သေချာစွာနားထောင်နေပြီးမှ ရုတ်ခြည်းဝင်ပြောလိုက်၏။

"ဒီလိုလုပ်ရင် မကောင်းဘူးလား တူမောင် .... ချောင်လို့ဝမ်းရဲ့ အိပ်ခန်းထဲမှာ လျှို့ဝှက်ခန်းထဲကိုဝင်တဲ့ တံခါးပေါက်ရှိမရှိ ကျုပ်သွားပြီး

စုံစမ်းကြည့်မယ်လေ .... နောက်ပြီး ကျုပ်တို့တွေ့ခဲ့တဲ့ လူမမာဟာ ကျုပ်ညီအစစ် ဟုတ် မဟုတ်ဆိုတာကိုလည်း စစ်ဆေးမေးမြန်းကြည့်ခယ် .... "

အိုယိဝမ်းက စဉ်းစားလိုက်ပြီးမှ ....

"ဒီကိစ္စကို လောလောလတ်လတ် ဆောင်ရွက်ဖို့ မလိုသေးဘူးလို့ ကျွန်တော်ထင်ပါတယ် သမားတော်ကြီး .... လောလောဆယ် သမားတော်ကြီးကို အရေးကြီးတဲ့ အကူအညီတစ်ခုတောင်းချင်ပါတယ် သမားတော်ကြီးရဲ့အကူအညီကိုရမှလည်း အောင်မြင်ပါလိမ့်မယ်"

"ကျုပ်က ဘာအကူအညီပေးရမှာလဲ .... ပြောပါ တူမောင် ဘာပဲဖြစ်ဖြစ် .... ကျုပ်အစွမ်းကုန် ကူညီပါ့မယ် .... "

"အခုတစ်ခေါက် ထုံလင်းထန် ဆေးခန်းကို ကျွန်တော်အခြေအနေ သွားကြည့်တော့ မြေးအဘိုးသိုင်းသမားကို ကျွန်တော်တွေ့ခဲ့ပါတယ် .... မြေးဖြစ်တဲ့ ထုံရှန်းအော်က ဆေးခန်းထဲက ဆေးဝါးတွေကို တိတ်တဆိတ်ယူပြီး ထွက်လာပါတယ် .... ဒီတော့ သူတို့မြေးအဘိုးနှစ်ယောက်ကို ကျွန်တော်တို့ မိုးမလင်းခင် တွေ့အောင် ရှာကြမှ ရပါလိမ့်မယ် .... ကျွန်တော်တို့အဖွဲ့သားအားလုံး အခုပဲ လန်ကျိုးမြို့ထဲကို သွားကြရပါလိမ့်မယ် .... "

သမားတော်ကြီး ချောင်လို့ဖူက နားမလည်နိုင်အောင် ဖြစ်သွားပြီး ....

"မြေးအဘိုး သိုင်းသမားနဲ့ ကျုပ်တို့ကိစ္စနဲ့ ဘယ်လိုပတ်သက်နေလို့ သူတို့ကို သွားရှာကြမှာလဲ .... "



"လူတစ်ယောက်ကို ကယ်တင်ဖို့ပါ .... "

"ဘယ်သူ့ကို ကယ်ရမှာတုန်း .... "

"ကျွန်တော်တို့ရဲ့ အဖွဲ့ဝင်နံပါတ်သုံး လို့ရုံရှမ်းကို ကယ်တင်ရပါလိမ့်မယ် သမားတော်ကြီး .... "

အိုယိဝမ်း၏စကားကြောင့် သမားတော်ကြီးချောင်လို့ဖူသာမက အားလုံး အံ့သြတကြီး ဖြစ်သွားကြ၏။

ဝေဘွန်စိမ်းက စိုးရိမ်တကြီး ဝင်မေးသည်။

"အစ်ကိုကြီး .... အစ်ကိုစန်း ဘာဖြစ်လို့လဲ .... အစ်ကိုစန်းရဲ့ သတင်းကို ဘာကြားထားလို့လဲ .... ဒီမှာ သူ့ရဲ့စာကိုတောင် ကျွန်တော်တို့ ရထားပြီ မဟုတ်လား .... "

"ညီလေးစန်းရဲ့သတင်းကို ငါ ဘာမှမကြားမိပါဘူး .... ဆက်စပ်ပြီး တွေးမိလို့ပါ .... ညီလေးစန်းဟာ ပြင်းပြင်းထန်ထန် ဒဏ်ရာရထားလိမ့်မယ်လို့ ငါထင်တယ် .... "

"အစ်ကိုကြီး ဘယ်လိုဆက်စပ်တွေးမိလို့လဲ .... "

"ညီလေးစန်းရဲ့စိတ်သဘောကို ငါနားလည်သလို အဖွဲ့ဝင်အားလုံးလည်း နားလည်ထားကြသားပဲ .... သူသာ ကောင်းကောင်းမွန်မွန်ရှိနေရင် တို့ဆီကို မရောက် ရောက်အောင် လာခဲ့မှာသေချာတယ် .... ခုလို စာတစ်တန် ပေတစ်တန်နဲ့ လုပ်နေမှာမဟုတ်ဘူး ပြီးတော့ .... ဒီဘုရားကျောင်းမှာ လာဖို့ တို့ကိုချိန်းထားတာလည်း သူပဲချိန်းထားတာ .... သူမှာ မလာနိုင်လောက်အောင် ဒဏ်ရာရထားလို့သာ ခုလို စာရေးပြီး ပို့လိုက်တာပဲ ဖြစ်ရမယ် .... "

ထင်လျှန်ကူးက စဉ်းစားနေရာမှ ဝင်ပြောသည်။

"အစ်ကိုစန်းဟာ လန်ကျိုးမြို့ကို ရောက်မလာသေးလို့ စာကို လူကြုံနဲ့ အရင်ပို့ခိုင်းလိုက်တာကော မဖြစ်နိုင်ဘူးလား အစ်ကိုကြီး"

အို့ယိဝမ်းက ခေါင်းကို ခါယမ်းလိုက်ပြီး ....

"မဖြစ်နိုင်ဘူး ညီမလေးကျို .... ညီလေးစန်းဟာ လန်ကျိုးမြို့ကို ရောက်လို့သာ အသားမည်းကလေးကို ဝင်ပြီးမှာထားခဲ့တာပေါ့ ငါထင်တာ မမှားဘူးဆိုရင် ညီလေးစန်းဟာ မြေအဘိုးသိုင်းသမားနဲ့ ရှိကို ရှိနေရမယ် .... "

"ဟင် .... ဘယ်လို တွေးမိလို့လဲ .... "

"စောစောတုန်းက ထုံလင်းထန် ဆေးခန်းက ဆေးဝါးတွေကို မြေအဘိုးသိုင်းသမားက ယူသွားကြမယ် .... သူတို့ ဒီဆေးတွေကို ဘာဖြစ်လို့ ယူသွားကြတယ်ဆိုတာ အခုမှ ဆက်စပ်ပြီး ငါတွေးမိတယ် သူတို့ဟာ .... ဒီဆေးဝါးတွေကို ညီလေးစန်းအတွက် အသုံးပြုဖို့ ယူသွားကြတာပဲ ဖြစ်လိမ့်မယ် .... "

ဝေဘွန်စိမ်းက သူ့ထင်မြင်ချက်ကို ဝင်ပြောသည်။

"ဒါဆိုရင် ဒီစာကို လာပစ်သွားတာ မြေအဘိုးသိုင်းသမား နှစ်ယောက်ထဲက တစ်ယောက်ယောက် ဖြစ်နေမလား အစ်ကိုကြီး"

အို့ယိဝမ်းက ခေါင်းညိတ်၍ ....

"ဒီလိုပဲ ဖြစ်လိမ့်မယ် .... ညီလေးစန်းဟာ သူကိုယ်တိုင်ချိန်းတဲ့နေရာကို ရောက်မလာတာဟာ .... တစ်ခုခုဖြစ်နေလို့ပဲဆိုတာ သေချာနေပါပြီ .... "



ဝေဘွန်စိမ်းက စိုးရိမ်တကြီးဖြင့် ....

"ဒါဆို ကျွန်တော်တို့တစ်တွေ ဘာလုပ်ကြမလဲ အစ်ကိုကြီး"

အို့ယိဝမ်းက ခဏမျှစဉ်းစားလိုက်ပြီးမှ သူ့ထင်မြင်တွေးတောချက်ကို ပြောသည်။

"ငါ့စိတ်ထင်ပြောရရင် မြေအဘိုးသိုင်းသမားဟာ စီးကွမ်းရပ်ကွက်တစ်ဝိုက်မှာပဲ ရှိနေလိမ့်မယ်လို့ ထင်တယ် .... တို့တစ်ဌေအားလုံး စီးကွမ်းရပ်ကွက်ကို သွားပြီး စုံစမ်းရှာဖွေကြတာပေါ့ .... "

"ကျွန်တော်တို့ အခုလို လူစုလူဝေးနဲ့ လုပ်ရင် .... စီးကွမ်းရပ်ကွက်မှာနေတဲ့လူတွေအားလုံး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြမှာပေါ့ .... အစ်ကိုကြီး ခုချိန်ဟာ လူတိုင်း အိပ်ပျော်နေကြတဲ့ အချိန်မဟုတ်လား"

"မင်းက ဘယ်လိုလုပ်ချင်လို့လဲ ဝေဘွန်စိမ်း .... "

"ကျွန်တော် အကြံပေးချင်တာက စီးကွမ်းရပ်ကွက်မှာ ပုန်းခိုဖို့ ကောင်းမယ့်နေရာမျိုး ဘယ်နှစ်နေရာရှိတယ်ဆိုတာ ဦးဆုံးစုံစမ်းရင် ကောင်းပါလိမ့်မယ် .... စုံစမ်းပြီးမှ နီးစပ်တဲ့ သုံးလေးနေရာလောက်ကိုပဲ သွားပြီး ရှာဖွေစုံစမ်းရင် ပိုကောင်းပါလိမ့်မယ် .... "

ဝေဘွန်စိမ်း၏ အကြံပေးချက်ကို အို့ယိဝမ်းကလည်း လေးလေးနက်နက် စဉ်းစားသည်။ ပြီးမှ ....

"အင်း .... မင်းရဲ့အကြံက ပိုပြီးကောင်းပါတယ် .... ဒါပေမယ့် အဲဒီလို သိရအောင် တို့တစ်တွေ ဘယ်လိုလုပ်ပြီး ခုအချိန်ကြီးမှာ စုံစမ်းကြမလဲ .... ဘယ်သူ့ဆီကို သွားစုံစမ်းမလဲ .... "

ဝေဘွန်စိမ်းလည်း ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွား

သည်။ သူပြောသလို စုံစမ်းရန်မှာ စီးကွမ်းရပ်ကွက်အကြောင်းကို ကောင်းကောင်းကြီး သိထားသူထံတွင် ချဉ်းကပ်မေးမြန်းမှသာ ဖြစ်နိုင်ပေမည်။

သို့သော် .... ယခုလို ညဥ့်နက်သန်းခေါင်အချိန်တွင် မည်သူ့ကို သွားနှိုးပြီး မေးမြန်းရလေမည်နည်း။

ထိုစဉ် ထင်လျှန်ကူးက ဝင်ပြောလေသည်။

"ဒီလိုစုံစမ်းမယ်ဆိုရင်တော့ ကျွန်မတို့အနေနဲ့ အသားမည်းကလေး ချင်းချုံကိုပဲ သွားမေးမှဖြစ်မှာပေါ့ .... အစ်ကိုကြီး သူဟာ လန်ကျိုးမြို့ရဲ့ အခြေအနေအရပ်ရပ်ကို သိထားတဲ့ လူပဲ .... သူ့ရဲ့ ထင်မြင်ယူဆချက်ကို မေးကြည့်ရင် ကောင်းလိမ့်မယ် .... "

အို့ယိဝမ်းကလည်း ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်ပြီး ....

"ဟုတ်သားပဲ .... ချင်းချုံကို ငါလုံးလုံးမေ့နေတယ် တို့တစ်တွေ သူ့ဆီကိုပဲ သွားပြီးစုံစမ်းမေးမြန်းကြစို့ .... "

ဝေဘွန်စိမ်းက ....

"ကျွန်တော်တို့ လူဘယ်နှစ်ယောက် သွားကြမှာလဲ အစ်ကိုကြီး"

"ချင်းချုံဆီ သွားဖို့ဆိုရင်တော့ လူအားလုံးသွားစရာ မလိုပါဘူး မင်းရယ် .... ငါရယ် .... သမားတော်ကြီးရယ် .... ညီမလေးကျိုရယ် ဒီလေးယောက်ဖဲ သွားကြမယ် .... "

ထင်လျှန်ကူးသည် သူမကို အို့ယိဝမ်း ခေါ်သွားမည်ဖြစ်ကြောင်း သိရသောအခါ ဝမ်းပန်းတသာ ဖြစ်သွား၏။

ဝေဘွန်စိမ်းက မေးပြန်သည်။



"ကျွန်တော်တို့တစ်တွေ မိုက်ချုံးယိကို သွားခေါ်ကြဦးမလား အစ်ကိုကြီး .... "

"လောလောဆယ်တော့ သွားမခေါ်သေးဘူး .... တို့လေးယောက်သွားပြီးရင် ကျန်တဲ့အဖွဲ့သားတွေကို ညီလေးမိုက်နဲ့ သွားပြီး ပူးပေါင်းဖို့ စီစဉ်ထားခဲ့မယ်လေ .... အားလုံး ထုံလင်းထန် ဆေးခန်းကိုပဲ ဝိုင်းကြည့်နေကြပါစေ .... တို့နဲ့ မြေအဘိုးသိုင်းသမားနဲ့ မိုးမလင်းခင် တွေ့ပြီးရင်တော့ ဘာဆက်လုပ်ရမယ်ဆိုတာ ညီလေးမိုက်တို့ကို သွားပြောကြမယ် .... "

အဖွဲ့သားအားလုံးမှာ လှုပ်ရှားဆောင်ရွက်ကြရတော့မည်ဖြစ်ကြောင်း သိသဖြင့် စိတ်တက်ကြွသွားကြ၏။

လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။ တကယ်တော့ သူတို့သည် ငြိမ်ငြိမ်သက်သက် ပုန်းခိုနေခြင်းကို ငြီးငွေ့ကာ လှုပ်ရှားတိုက်ခိုက်နေလိုသူများ ဖြစ်၏။ ထင်လျှန်ကူးက သတိရသွားပြီး ဝင်မေး၏။

"ကျွန်မတို့ အားလုံးသွားကြရင် ထန်ဟိုဟွားအတွက် ဘယ်လိုစီမံမှာလဲ အစ်ကိုကြီး .... "

ထိုအခါမှ အို့ယိဝမ်းလည်း ထန်ဟိုဟွားကို သတိရသွားကာ

"ဟုတ်သားပဲ .... သူ့ကို လုံးလုံးမေ့နေတယ် .... သူ့ကိုတော့ တစ်ယောက်ယောက်က စောင့်ကြည့်နေမှဖြစ်မယ် .... တစ်ယောက်နေနော်ပေါ့ .... "

◈◈◈◈◈

## ၁၀၄။

ဝန်းဖူးတည်းခိုဂေဟာသို့ အိုယိဝမ်းတို့တစ်တွေ ရောက်လာသောအခါ သန်းခေါင်ကျော်သွားပြီး ဝါးတစ်ချက်ပင် ခေါက်မလေပြီ။

တည်းခိုဂေဟာ ဝင်းတံခါးမှာလည်း ပိတ်ထားလျက် ရှိသည်။

အိုယိဝမ်း၊ သမားတော်ကြီး ချောင်လို့ဖူနှင့် ထင်လျှန်းကူးတို့ သုံးယောက်က ဝင်းအပြင်တွင် ရပ်စောင့်နေကြပြီး ဝေဘွန်စိမ်းတစ်ယောက်သာ ဝင်းနံရံကို ကျော်ပြီး အထဲကို ဝင်ရောက်သွားသည်။

ခဏအကြာတွင် ဝေဘွန်စိမ်းနှင့်အတူ အသားမည်းကလေး ချင်းချုံတို့ ရောက်လာကြသည်။

ချင်းချုံက အိုယိဝမ်းကို တွေ့တွေ့ချင်း အံ့ဩတကြီးဖြစ်သွားပြီးမှ အရိုအသေ ပေးလိုက်၏။

"အချိန်မတော်ကြီးကျမှ ဘယ်လိုအရေးအခင်းမျိုး ပေါ်ပေါက်လာလို့လဲ ခေါင်းဆောင်ကြီး .... "



"ငါပြောတာ သေသေချာချာ နားထောင် ချင်းချုံ .... အစုထိညီလေးစန်းဟာ တို့ရှိနေတဲ့ ဘုရားကျောင်းကို ရောက်မလာဘူး တို့တွေကတော့ သူဟာ ဒဏ်ရာရပြီး ဒီမြို့ထဲက လုံခြုံတဲ့ တစ်နေရာရာမှာ ပုန်းခိုနေလိမ့်မယ်လို့ တွက်ဆမိကြတယ် .... စီးကွမ်းရပ်ကွက်ထဲမှာပဲ ဖြစ်ဖြစ် .... စီးကွမ်းရပ်ကွက် ပတ်ဝန်းကျင်က ပုန်းခိုလို့ ကောင်းတဲ့နေရာမျိုးမှာပဲဖြစ်ဖြစ် ရှိနေလိမ့်မယ်ထင်တယ် .... မင်းက ဒီမြေဒေသကို ကျွမ်းတော့ မင်းခန့်မှန်းကြည့်စမ်း .... ဘယ်နေရာမျိုးမှာ ညီလေးစန်း ပုန်းခိုပြီး ရှိနေနိုင်မလဲ .... စီးကွမ်းရပ်ကွက်မှာ ပုန်းခိုကောင်းတဲ့နေရာဟာ ဘယ်နေရာလဲ .... "

ချင်းချုံက အတန်ကြာအောင် စဉ်းစားနေသည်။ တော်တော်လည်း ခေါင်းရှုပ်သွားပုံရသည်။ ခဏနေမှ ခေါင်းကို ခါယမ်းလိုက်ပြီး

"ကျွန်တော် ခန့်မှန်းရ ခက်နေပါတယ် ခေါင်းဆောင်ကြီး .... လန်ကျိုးမြို့ဟာ ခန့်မှန်းဖို့လွယ်တဲ့ မြို့ကလေးတစ်မြို့ မဟုတ်ပါဘူး"

ချင်းချုံ၏စကားကြောင့် အိုယိဝမ်းပင် စိတ်ပျက်သွား၏။ အိုယိဝမ်းသည် ချင်းချုံအနေဖြင့် သူ့ထင်မြင်ချက်မှားသွားလျှင် အပြစ်တင်ခံရမည်စိုး၍ မပြောရဲခြင်းဖြစ်လိမ့်မည်ဟု တွေးမိပြန်ပြီး ထပ်မံတိုက်တွန်းရပြန်သည်။

"ဒီနယ်မြေဒေသကို မကျွမ်းကျင်တဲ့ တို့တစ်တွေနဲ့ စာရင် မင်းရဲ့ ခန့်မှန်းချက်က ပိုပြီးနီးစပ်ပါလိမ့်မယ် ချင်းချုံ .... ခန့်မှန်းချက်ဆိုတာက မှားချင်လည်း မှားတတ်ပါတယ် .... ဒီတော့ မင်းခန့်မှန်းကြည့်စမ်းပါ .... မင်းခန့်မှန်းလို့မှား မှားသွားရင်လည်း မင်းကိုငါ အပြစ်

မတင်ပါဘူး .... "

"ကျွန်တော့် ထင်မြင်ချက် မှား မမှားကို ကျွန်တော်နိုးရိမ်လို့ပါ ခေါင်းဆောင်ကြီး .... "

"ဘာမှ မနိုးရိမ်ပါနဲ့ မင်းရဲ့အကူအညီကို တို့တစ်တွေ လုံးလုံး လျားလျား ရမှုဖြစ်မယ် .... ဒီကိစ္စမျိုးဟာ သူစိမ်းတွေဆီမှာ သွားပြီး မေးမြန်းနှံစမ်းနေလို့ မဖြစ်ဘူး .... "

ချင်းချိုက စကာမျှ စဉ်းစားလိုက်ပြီး ,...

"ဒီးကွမ်းရပ်ကွက်မှာ ကျွန်တော်နဲ့ ဧပ်ကျွမ်းကျင်တာကတော့ မှန်ပါတယ် ခေါင်းဆောင်ကြီး .... ဒါပေမယ့် ဒီးကွမ်းရပ်ကွက်က အတော်ကလေး ကျယ်ဝန်းပါတယ် .... နေထိုင်ကြတဲ့လူတွေဟာလည်း ဖြို့ဖျက်နာဖုံး သူခွေးသူကြွယ် ကုန်သည်တွေဖြစ်ပြီး မြကြီးဝင်းကြီးတွေ နဲ့ နေထိုင်ကြတာပါ .... "

"အေးပါ .... ချင်းချို .... မင်းထင်မြင်ချက်တွေကိုသာ ရဲရဲ တင်းတင်း ပြောပြစမ်းပါ .... "

"ဒီးကွမ်းရပ်ကွက်ထဲက တည်းခိုခန်းတစ်ခုခုမှာ အခန်းကိုစန်းရှိ နေတာဟာ မဖြစ်နိုင်ဘူးလား ခေါင်းဆောင်ကြီး .... "

အို့ယိဝမ်းက ခေါင်းခါယမ်း၍ ....

"တည်းခိုခန်းတွေမှာတော့ တည်းခိုမှာမဟုတ်ဘူး ချင်းချို .... ဥပမာကွာ လူမနေတဲ့ အိမ်ပျက်ကြီးတို့ .... ဘုန်းကြီးကျောင်းပျက်တို့ လို နေရာမျိုးပေါ့ .... အဲဒီနေရာဟာလည်း ထုံလင်းထန်ဆေးခန်းနဲ့ သိပ်မဝေးတဲ့ နေရာမျိုးဖြစ်ရမယ် .... မင်းစဉ်းစားကြည့်စမ်း .... ဘယ်



လိုနေရာမျိုး ဖြစ်မလဲ .... "

ချင်းချိုက စဉ်းစားလိုက်ပြီး ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်ကာ

"တစ်နေရာတော့ ကျွန်တော်တွေးမိပါတယ် ခေါင်းဆောင်ကြီး"

"ဘယ်နေရာလဲ ချင်းချို ပြောစမ်း .... "

အို့ယိဝမ်းကလည်း အနည်းငယ်အားတက်သွားသည်။

ချင်းချိုက စဉ်းစဉ်းစားစားဖြင့် ပြန်ပြောသည်။

"စစ်သေနာပတိချုပ်ကြီး ခေ့ရဲ့ ဂေဟာမှာများ ဖြစ်နေမလား"

"စစ်သေနာပတိချုပ်ကြီးခေ့ရဲ့ ဂေဟာဟုတ်လား .... အဲဒီဂေဟာက ဘယ်နေရာမှာလဲ .... "

"စစ်သေနာပတိချုပ်ကြီးခေ့ရဲ့ ဂေဟာက လန်ကျိုးမြို့မှာတော့ ထင်ရှားကျော်ကြားပါတယ် .... လန်ကျိုး မြို့သူမြို့သားအားလုံးလည်း သိထားကြပါတယ် .... အဲဒီ ခေ့ဂေဟာကြီးမှာ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း သုံးဆယ်ကျော်လောက်က ကွမ်းတော်နယ်မြေကို အမြဲစိုက်စခန်းချ အုပ်ချုပ်တဲ့ စစ်သေနာပတိချုပ်ကြီးခေ့နဲ့ သူ့မိသားစုဟာ နေထိုင်ခဲ့ကြ ပါတယ် .... နောက်တော့ အဲဒီစစ်သေနာပတိချုပ်ကြီးခေ့ဟာ ဘုရင်မင်း မြတ်ကို တော်လှန်ပုန်ကန်ဖို့ ကြံစည်ခဲ့လို့ ဘုရင်မင်းမြတ်ရဲ့ အမိန့်နဲ့ နန်းတွင်း ကိုယ်ရံတော်တပ်က ခေ့ဂေဟာကို ဝိုင်းဝန်းပိတ်ဆို့ပြီး စစ် သေနာပတိချုပ်ကြီးခေ့နဲ့ မိသားစုကိုသာမက အိမ်ဂေဟာအမှုထမ်းတွေ ကိုပါ တိုက်ခိုက်သတ်ဖြတ်လိုက်တယ် .... "

"လူအတော်များများ သေကုန်မှာပေါ့ ဟုတ်လား ချင်းချို"

"ဟုတ်ပါတယ် ခေါင်းဆောင်ကြီး .... လူလေးဆယ်လောက်

ဇေ့ဂေဟာမှာ သေဆုံးကုန်ကြတယ်လို့ ကျွန်တော်လည်း ကြားသိရပါတယ် .... အဲဒီအချိန်ကစပြီး ဇေ့ဂေဟာမှာ လူမနေတော့တာ အခုအချိန်ထိပါပဲ .... ဘုရင်မင်းမြတ်ကိုယ်တိုင် ချိတ်ပိတ်ပြီး သိမ်းထားတဲ့ အိမ်ကြီးဖြစ်လို့ ဘယ်သူမှလည်း ကျူးကျော်မဝင်ရောက်ရဲပါဘူး .... အခုတော့ ဇေ့ဂေဟာဟာ ပြုပြင်မယ့်သူ မရှိတော့လို့ အတော်ကလေး ပျက်စီးယိုယွင်းနေပြီး တစ္ဆေခြောက်လွန်းလို့ ခြံဝင်းထဲကိုတောင် ဘယ်သူမှ မဝင်ရဲကြတော့ပါဘူး .... "

"အင်း .... ဒီလိုနေရာမျိုးဟာ ညီလေးစန်းအဖို့ ပုန်းခိုနေဖို့ အကောင်းဆုံးနေရာမျိုးပဲ .... နေပါဦး ချင်းချုံ .... ဇေ့ဂေဟာဟာ တကယ်ကော တစ္ဆေခြောက်လို့လား .... "

ချင်းချုံက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ခေါင်းညိတ်လိုက်သည်။

"ခြောက်တယ်လို့တော့ သတင်းကြီးနေတာ အမှန်ပါပဲ ခေါင်းဆောင်ကြီး .... စစ်သေနာပတိချုပ်ကြီးမိသားစုတွေနဲ့ အိမ်ဂေဟာအမှုထမ်းတွေ သေသွားပြီး တမ္ဘေသရဲဘဝနဲ့ ခြောက်လှန့်နေကြတယ်လို့ အားလုံးက ပြောဆိုနေကြပါတယ် .... ဒီအိမ်ဂေဟာကြီးကို ဝယ်ဖို့လည်း ဘယ်သူမှ မစဉ်းစားရဲကြပါဘူး .... တစ်ခုတော့ ရှိတယ် ခေါင်းဆောင်ကြီး .... "

"ဘာများလဲ ချင်းချုံ .... "

"ဇေ့ဂေဟာကို ထုံလင်းထန်ဆေးခန်းက သမားတော်ကြီး ချောင်းလို့ဝမ်းက ဒေသအုပ်ချုပ်ရေးအရာရှိမင်းက တစ်ဆင့် လျှောက်



ထားပြီး ဝယ်ယူခဲ့တယ်ဆိုတဲ့ သတင်းဖြစ်ပေါ်ခဲ့တာတော့ ကြာပါပြီ"

အို့ယိဝမ်းက စိတ်ဝင်စားသွားပြီး ....

"ဟင် .... သမားတော်ကြီး ချောင်းလို့ဝမ်းက တကယ်ပဲ ဇေ့ဂေဟာကို ဝယ်ခဲ့သလား .... သေချာသလား .... "

"လူတိုင်းလိုလိုက ပြောနေကြတဲ့ သတင်းဆိုတော့ သေချာပါမယ်လို့ ထင်ပါတယ် .... မဟုတ်ဘူးဆိုရင် မဟုတ်တဲ့အကြောင်း သမားတော်ကြီး ချောင်းလို့ဝမ်းက ဖြေရှင်းရမှာပေါ့ တစ်ခုတော့ရှိတယ်"

"ပြောပါဦး .... "

"ဒီသတင်းသာ ထွက်ပေါ်လာခဲ့ပေမယ့် ဇေ့ဂေဟာကို သမားတော်ကြီးချောင်းလို့ဝမ်း ပြောင်းရွှေ့ပြီး နေထိုင်တာကိုတော့ မတွေ့ရပါဘူး .... နောက်သတင်းတစ်ခု တိုးတိုးတိတ်တိတ် ထွက်ပေါ်လာဟာကတော့ သမားတော်ကြီး ချောင်းလို့ဝမ်းဟာ ဇေ့ဂေဟာကို ဝယ်ထားတာတော့ မှန်တယ်တဲ့ .... အဆောင်အချို့ကို ပြုပြင်ပြီး ပြောင်းရွှေ့နေထိုင်ဖို့လည်း စီစဉ်ခဲ့တယ်တဲ့ .... ဒါပေမယ့် တစ္ဆေခြောက်လွန်းလို့ မပြောင်းရွှေ့ရဲဘဲ ပစ်ထားလိုက်ရတယ်တဲ့ သမားတော်ကြီးချောင်းလို့ဝမ်းဟာ ဇေ့ဂေဟာကို အခုထိ ပစ်ထားရပြီး ပြန်ရောင်းလို့လည်း ဘယ်သူမှ မဝယ်ရဲကြပါဘူး .... "

"အင်း .... ဒါဆို ဇေ့ဂေဟာကို သမားတော်ကြီးချောင်းလို့ဝမ်းက ပိုင်ဆိုင်တယ်ပေါ့ .... "

အို့ယိဝမ်း၏အမေးကို ချင်းချုံက ခေါင်းညိတ်၍ ဖြေလိုက်သည်။

"ဟုတ်ကဲ့ .... သခမားတော်ကြီး၊ ရှောင်လို့ဝမ်းပဲ ပိုင်ဆိုင်နေပါသေးတယ် .... သူဟာ ဝေဂေဟာကို ပြန်ရောင်းတယ်လို့ဆိုပေမယ့် လျှော့ဈေးနဲ့ ရောင်းတာ မဟုတ်ဘဲ သူဝယ်ထားတဲ့ဈေးထက် သုံးဆတင်ပြီး ရောင်းတာဆိုတော့ .... ဘယ်သူက ဒီလိုတစ္ဆေခြောက်တဲ့ အိမ်ကြီးမျိုးကို ဝယ်မှာလဲ .... "

"နေဦး .... ထုံလင်းထန်ဆေးခန်းနဲ့ ဝေဂေဟာက အတော်ကလေး ဝေးသမား .... "

"သိပ်မဝေးပါဘူး ခေါင်းဆောင်ကြီး၊ .... လမ်းချင်းကပ်နေပါတယ် .... ခြံချင်းလည်း မကပ်ရုံတစ်မယ်ပါပဲ .... ဝေဂေဟာ ခြံဝင်းကြီးဟာလည်း အကျယ်ကြီးပါပဲ .... ကျွန်တော့်စိတ်ထဲမှာတော့ အစ်ကိုစန်းဟာ ဝေဂေဟာခြံထဲမှာ ဝင်ပြီး ပုန်းနေတာ ဖြစ်မလားလို့ တွေးမိပါတယ် .... "

အိုယိဝမ်းက ခေါင်းညိတ်၍ ....

"ဖြစ်နိုင်လိမ့်မယ် ချင်းချုံ .... ဒီအိမ်ကြီးမှာ တစ္ဆေခြောက်တယ်ဆိုပြီး ဘယ်သူမှမသွားရဲတော့ ညီလေးစန်းဟာ ဒီအခွင့်ကောင်းကိုယူပြီး ပုန်းနေနိုင်တယ် .... ညီလေးစန်းဟာ တစ္ဆေသရဲဆိုတာကို လုံးဝအယုံအကြည်ရှိတဲ့ လူစားမျိုးမဟုတ်ဘူး .... မင်းကော တစ္ဆေသရဲကို ယုံသလား ချင်းချုံ .... "

ချင်းချုံမှာ အိုယိဝမ်း၏ အမေးကို အဖြေရခက်ဟန်ဖြင့် ခဏငြိမ်သွားသည်။ ယုံပါတယ်ဟု ဖြေရန် ခက်နေသဖြင့် အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြန်ပြောသည်။



"မ .... မယုံပါဘူး ခေါင်းဆောင်ကြီး၊ .... "

"ဒါဆို ဝေဂေဟာကိုရောက်အောင် .... မင်းပဲ လမ်းပြပေးတော့ ချင်းချုံ .... တို့တွေ အခုပဲ သွားကြမယ် .... "

"ကောင်း .... ကောင်းပါပြီ .... "

ချင်းချုံက ခပ်ရွံ့ရွံ့ဖြင့် အိုယိဝမ်းတို့ လေးယောက်ကို လမ်းပြခေါ်ဆောင်ခဲ့လေတော့သည်။

◈◈◈◈◈

## ၁၀၅။

လန်းကျိုးတစ်မြို့လုံး တိတ်ဆိတ်အိပ်မောကျနေလေပြီ။

မြို့တွင်းရှိ လမ်းတိုင်းလမ်းတိုင်းလိုလို လူသွားလူလာမရှိတော့ချေ။ လရောင်ကမူ ကောင်းကင်တွင် ဖြာလင်းလျက်ရှိနေသည်။

အိုးယိဝမ်းတို့လူစုသည် သတိကြီးစွာထားလျက် အမှောင်ရိပ်ကိုနိုကာ ချင်းချျူ လမ်းပြမှုနောက်ကို လိုက်လာခဲ့ကြ၏။ သူတို့တစ်တွေလမ်းလျှောက်ရင်း တစ်ဦးကိုတစ်ဦး စကားမဆိုကြချေ။ ခြေသံများကိုလည်း အတတ်နိုင်ဆုံး မကြားအောင် နင်းလျှောက်ခဲ့ကြသည်။ ထိုလမ်းကျယ်ကြီး၏ တစ်ဝိုက်တွင် ထုံလင်းထန်ဆေးခန်းရှိနေလေသည်။

ရှည်လျားသော ဝင်းနံရံကြီးကိုလည်း တွေ့ကြရသည်။ ဝင်းနံရံကြီးမှာ ပြိုပြင်သူ မဲ့နေသဖြင့် နွယ်ပင်များ၊ ချုံပင်များပင် ဖုံးအုပ်လျက်ရှိနေသည်။ အုတ်နံရံများမှာ ရေညှိရောင်ပေါက်ပြီး ညစ်ပေမည်းနေသည်။



ဝင်းတံခါးပေါက်မှာလည်း ပျက်စီးယိုယွင်းနေပြီး ပွင့်ဟနေသည်။ ဝင်းတံခါးပေါက်တွင် ချင်းချျူက ရပ်လိုက်သဖြင့် အိုးယိဝမ်းတို့လည်း ရပ်လိုက်ကြသည်။

ချင်းချျူက မှောင်မည်းနေသော ခြံဝင်းကြီးထဲကို ကြည့်ပြီး စိတ်လှုပ်ရှားစွာ ပြောလိုက်လေ၏။

"ရောက်ပါပြီ ခေါင်းဆောင်ကြီး .... ဒါ ဝေ့ဂေဟာပါပဲ"

အိုးယိဝမ်းက ခြံဝင်းကြီးထဲကို အကဲခတ်ပြီး ကြည့်သည်။

လသာနေသော်လည်း ခြံဝင်းကြီးထဲတွင် သစ်ပင်များ အုံ့အုံ့ဆိုင်းဆိုင်းရှိနေ၍ အမှောင်ထုက စိုးမိုးနေသည်။ ခြံဝင်းကြီးမှာ ကျယ်ဝန်းလွန်းလှပြီး ခြံကြီးအလယ်တွင် အိမ်အိုကြီးတစ်လုံးကို မှိုင်းမှိုင်းမည်းမည်း လှမ်းမြင်နေရသည်။

ဝင်းတံခါးပေါက်၏ ဝဲယာတစ်ဖက်တစ်ချက်စီတွင်လည်း ကျောက်သားဖြင့် ထွင်းလုပ်ထားသော ခြသေ့ရုပ်ကြီး နှစ်ရုပ်ရှိနေသည်။ ထိုခြသေ့ရုပ်ကြီးနှစ်ရုပ်မှာ တစ်ချိန်က မာန်အပြည့်အဝဖြင့် ခန့်ညားခြင်းရှိမည်ဖြစ်သော်လည်း ယခုအခါတွင်မူ နွယ်ပင်များ ရစ်ပတ်ဖုံးအုပ်လျက် အက်ကွဲသည့်နေရာက အက်ကွဲ၊ ကျိုးပဲ့သည့်နေရာက ကျိုးပဲ့နေလေပြီ။

အပျက်အစီးများစွာ ရှိနေသော်လည်း အိုးယိဝမ်းသည် တစ်ချိန်က ဝေ့ဂေဟာခမ်းနားထည်ဝါမှုကို အာရုံထဲတွင် မြင်ယောင်ကြည့်မိလေသည်။

"အင်း .... တစ်ချိန်က ဒီဂေဟာကြီးဟာ အတော့်ကို ကြီးကျယ်

ခမ်းနားခဲ့မှာ အမှန်ပဲ .... "

သမားတော်ကြီး ချောင်လို့ဖူကလည်း သူ့ထင်မြင်ယူဆချက်ကို ပြောလိုက်လေ၏။

အို့ယိဝမ်းက ခေါင်းညိတ်လိုက်ပြီး ....

"ဟုတ်ပါ ့ယ် .... လူအဝင်အထွက်သိပ်များပြီး တကာယ့်ကို စည်စည်ကားကားရှိမယ့် အိမ်ဂေဟာကြီးပါပဲ .... ခုတော့လည်း ဒီနေရာကို ဘယ်သူမှ မလာဝံ့ကြဘူး .... တချွေခြောက်တာ .... မခြောက်တာ ဖယ်ထား .... အခု ဒီဂေဟာကြီးရဲ့အသွင်အပြင်ကိုက စိတ်ချောက်ချားစရာ ကောင်းနေတယ် .... "

ထင်လျှန်ကူးမှာ သိုင်းပညာထက်မြက်သူဖြစ်ပြီး လူလူချင်း ယှဉ်ပြိုင်တိုက်ခိုက်ရမှာကို လုံးဝကြောက်ရွံ့သူမဟုတ်သော်လည်း ယခုဤအိမ်ဂေဟာကြီး အသွင်အပြင်ကို ကြည့်၍ စိတ်ထဲတွင် တစ်မျိုးကြီး ဖြစ်ပေါ်လာသဖြင့် အို့ယိဝမ်းအနီးကို မသိမသာ တိုးကပ်လိုက်ပေတော့၏။

ဝေဲ့ခွန်စိမ်းကလည်း ခြံဝင်းကြီးအလယ်မှ အိမ်ဂေဟာကြီးကို လှမ်းမျှော်ကြည့်နေရာမှ ပြောလိုက်၏။

"အင်း .... ဒီလိုနေရာမျိုးမှာ အစ်ကိုစန်းနဲ့ မြေးအဘိုးသိုင်းသမားသိုင်းသမားနှစ်ယောက် ပုန်းနေနိုင်လောက်တယ် အစ်ကိုကြီး"

သမားတော်ကြီး ချောင်လို့ဖူက ....

"ဒီလိုနေရာမျိုး .... ဒီလိုဂေဟာမျိုးကို ချောင်လို့ဝမ်းက ဝယ်တာ အံ့သြစရာပဲ .... "



အို့ယိဝမ်းက ....

"ဒီအိမ်ဂေဟာကြီးကို ကောင်းကောင်းမွန်မွန် ပြုပြင်လိုက်မယ်ဆိုရင်တော့ အရင်လိုပဲ ခမ်းခမ်းနားနား ဖြစ်သွားနိုင်ပါတယ် .... ချောင်လို့ဝမ်းအနေနဲ့ ခမ်းခမ်းနားနား နေချင်လို့ပဲလား .... ဒါမှမဟုတ် သူ့မှာ တခြားလျှို့ဝှက်တဲ့ အကြံအစည်မျိုး ရှိနေလို့လားဆိုတာတော့ ကျွန်တော်တို့ ဝေခွဲရမှာပေါ့ .... "

ထင်လျှန်ကူးက အို့ယိဝမ်း၏ လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီး ....

"နှစ်ခုစလုံး ဖြစ်နိုင်တယ် အစ်ကိုကြီး .... ဒါပေမယ့် ဒီမှာက တချွေခြောက်တယ်ဆိုတော့ သူလည်း မနေရဲတော့ဘူးပေါ့ .... "

ချင်းချုံက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ခြံဝင်းထဲကို ကျိုးကန်းတောင်းမှောက် ကြည့်နေရာမှ စိုးရွံ့သဖြင့် ဝင်ပြောသည်။

"ကျွန်တော်တို့တစ်တွေ ဒီအထဲကို ဝင်ကြမလို့လား .... "

"ဝင်ရမှာပေါ့ ချင်းချုံ .... ဝင်ဖို့ လာကြတာပဲ ဥစ္စာ .... "

ထိတ်လန့်စိုးရွံ့စိတ်ကြောင့် ချင်းချုံမှာ နောက်ကိုပင် ခြေတစ်လှမ်းဆုတ်သွားမိ၏။ တကယ်တော့ သူသည် ဤလူလေးငါးယောက်လောက်ဖြင့် နာမည်ကြီးလှသော အိမ်ကြီးထဲသို့ မဝင်ချင်ပါ။

"ဒီနေရာနဲ့ ထုံလင်းထိန် ဆေးခန်းနဲ့ နီးနီးကလေး မဟုတ်လား ချင်းချုံ .... "

အို့ယိဝမ်း၊ အမေးကို ချင်းချုံ ခေါင်းညိတ်၍ ပြောသည်။

"ဟုတ်ကဲ့ .... နီးနီးကလေးပါ ခေါင်းဆောင်ကြီး .... "

"ဒါဖြင့် .... ထုံလင်းထန် ဆေးခန်းနဲ့ နောက်ဘက်ဝင်းတံခါးဆီကို မင်းပြေးလိုက်စမ်းပါဦး ချင်းချို .... "

"ဟုတ်ကဲ့ ခေါင်းဆောင်ကြီး .... ဟုတ်ကဲ့ .... "

ဇေ့ဂေဟာထဲကို လိုက်မဝင်ရသဖြင့် ချင်းချို စိတ်သက်သာရာရသွားသည်။

"အဲဒီမှာ တို့အဖွဲ့က လူတစ်ယောက်ရှိနေလိမ့်မယ် .... သူ့နာမည်က မိုက်ချူးယီတဲ့ .... သူနဲ့တွေ့ရင် တို့အဖွဲ့သားတွေ ရောက်ပြီလားဆိုတာ မေး .... ရောက်ပြီဆိုရင် အဖွဲ့သားတစ်ဝက်ကို ထုံလင်းထန် ဆေးခန်းမှာပဲ ဆက်စောင့်ခိုင်းထားပြီး တစ်ဝင်ကို ဒီလိုက်ခဲ့ဖို့ ပြောလိုက်ပါ .... မင်းပဲ ဒီအဖွဲ့သားတစ်ဝက်ကို ဒီခေါ်လာခဲ့ ချင်းချို"

"ဟုတ်ကဲ့ .... ခေါင်းဆောင်ကြီး .... "

"ကဲ .... ခပ်သွက်သွက်သွား .... သတိလည်း ထားသွားဦး တို့တွေ ဒီကနေ စောင့်နေမယ် .... "

ချင်းချို ပြေးထွက်သွားသည်။

အို့ယိဝမ်းတို့သည် ခြံဝင်းကြီးထဲကို မဝင်ကြသေးဘဲ ချင်းချိုပြန်ရောက်အလာကို ဝင်းတံခါးမှ စောင့်နေကြသည်။

ဘေဘွန်စိမ်းက ခြံဝင်းကြီးထဲကို ကြည့်နေရာမှ ....

"ကျွန်တော် တစ်မျိုးတွေးမိတယ် အစ်ကိုကြီး .... "

"ဘာကို တွေးမိလို့လဲ .... "

"လူသူ မလာရဲတဲ့ ဒီလိုအိမ်ကြီးမှာ ကျွန်တော်တို့ ရှာနေတဲ့ တရားခံကော ပုန်းချင်ပုန်းနေနိုင်တာပဲ အစ်ကိုကြီး .... "



အို့ယိဝမ်းက ခေါင်းညိတ်၍ ....

"အင်း .... သူလည်း ပုန်းနေနိုင်တာပဲ .... ဒါကို ငါတွေးမိပါတယ် .... ဒါကြောင့်မို့ တို့တစ်တွေ ရန်သူ့ထောင်ချောက်ထဲကို မဝင်မိအောင် တို့အဖွဲ့သားတွေကို သွားခေါ်ခိုင်းလိုက်ရတာပဲ .... ထုံလင်းထန် ဆေးခန်းကိုတော့ စောင့်ကြည့်ရုံပဲဆိုတော့ လူအင်အား သိပ်မလိုဘူးလေ .... "

ထို့နောက် သူတို့လူစုသည် စကားမဆိုကြတော့ဘဲ ခြံဝင်းကြီးအတွင်း အရိပ်အခြည်ကို ကြည့်နေပြီး အဖွဲ့သားများရောက်အလာကို စောင့်နေကြသည်။

မကြာပါချေ။

ချင်းချိုနှင့်အတူ ထုံလင်းထန် ဆေးခန်းတွင် ရောက်နေကြသော လေပွေမုန်တိုင်းအဖွဲ့ဝင်များနက်က တစ်ဝက်တိတိ ရောက်လာကြသည်။ လေပွေမုန်တိုင်းအဖွဲ့သားများကို ဦးဆောင်လာသူမှာ အဖွဲ့ဝင်နံပါတ် (၁၁)ဖြစ်သော နဂါးနက်ချူခမ်းပင်ဖြစ်လေသည်။

ထိုအဖွဲ့တွင် ယင်တာ့လူလည်း ပါလာသည်။

အို့ယိဝမ်းက သူ့အနားကို ရောက်လာသော နဂါးနက်ချူခမ်းကို ဆီးမေးလိုက်သည်။

"ထုံလင်းထန်ရဲ့အခြေအနေ ဘယ်လိုရှိလဲ ချူခမ်း .... "

ချူခမ်းက ဦးညွှတ်လိုက်ပြီး ....

"အခုထိတော့ ဘာမှထူးထူးခြားခြား မရှိသေးပါဘူး .... အစ်ကိုကြီး အစ်ကိုမိုက်ချူးယီကတော့ ကျွန်တော့်ကို မှာလိုက်ပါတယ်"

"ဘာမှာလိုက်သလဲ .... "

"အစ်ကိုကြီးကို ပြောလိုက်ပါတဲ့ .... ဒီဝှေဂေဟာနဲ့ ထုံလင်း ထန်ဆေးခန်းဟာ လမ်းချင်းကပ်နေလို့ ဟိုဘက်နဲ့ သည်ဘက် မြေအောက်ဥမင်လမ်းရှိမယ်ဆိုရင် ရှိနေနိုင်မယ်တဲ့ .... တကယ်လို့ မြေအောက်ဥမင်လမ်းကို ရှာလို့တွေ့ခဲ့ရင်တော့ သူ့ဆီကို အမြန်ဆုံး အကြောင်းကြားပါတဲ့ .... "

အိုယိဝမ်းက သူ့ပေါင်ကို သူ့လက်ဖြင့် တစ်ချက်ပုတ်၍ ....

"ဟုတ်ပါရဲ့ .... ဒီအချက်ကို ငါလုံးလုံးမစဉ်းစားမိဘူး .... ဒီဝှေဂေဟာကို ချောင်လို့ဖူက ဝယ်ထားတယ်ဆိုတော့ ဒီအချက်ဟာ အများကြီးဖြစ်နိုင်တယ် .... ဝင်းထဲကို ဝင်ကြမယ် .... တစ်စုတစ်ဝေးတည်း ဝင်လို့တော့ မဖြစ်ဘူး .... တောင်မြောက်ဆင်ထားရင် အားလုံး တောင်မြောက်ထဲ ရောက်သွားနိုင်တယ် .... ဒီတော့ လူစုခွဲပြီး ဝင်ကြမယ် .... အားလုံး သတိဝီရိယတော့ ရှိကြပါ .... "

အိုယိဝမ်းက သုံးယောက် တစ်ဖွဲ့ဖြင့် လေးဖွဲ့ခွဲလိုက်၏။

သေချာစွာ မှာကြားပြန်သည်။

"ဝင်းထဲကို ဝင်တဲ့အခါမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့ ပေငါးဆယ် အကွာအဝေးလောက်မှာပဲ ရှိနေရမယ် .... ဒီဝင်ပြီး အလုမ်းဝေးနေလို့လည်း မဖြစ်ဘူး .... အရေးအကြောင်းဆို အချိန်မီ အကူအညီပေးနိုင်မှာ .... "

ထင်လျှန်ကူးမှာ အိုယိဝမ်းဦးဆောင်သည့် အဖွဲ့တွင် ပါဝင်နေလေသည်။



ဦးစွာ အိုယိဝမ်းတို့အဖွဲ့က ဝင်းကြီးထဲကို စတင်ပြီး ဝင်ခဲ့ကြ၏။

ဝင်းကြီးထဲတွင် ရေကန်ကြီး တစ်ကန်နှင့် တံတားတစ်ခုကို တွေ့ရသည်။ အရင်က ထိုနေရာတွင် လှပသော ပန်းဥယျာဉ်ကြီးရှိပုံရသည်။ ရေကန်အနီးတွင် အပန်းဖြေ နားနေဆောင်တစ်ဆောင်ကိုလည်း အိုယိဝမ်း လှမ်းတွေ့ရသည်။

တံတားကော အပန်းဖြေဆောင်ပါ နွယ်ပင်များ ဖုံးအုပ်နေပြီး ချုံပင်များ ဝိုင်းနေကြ၏။

မင်းစိုးရာဇာ အိမ်ဂေဟာတို့တွင် ရှိအပ်သည့် ပန်းရုံကြီးများ၊ ကျောက်ဆောင်တုများ၊ ရေကန်ထဲမှ နဂါးရုပ်တုကြီးများလည်း ရှိနေကြသည်။ ယခုမူ နဂါးရုပ်ကြီးများမှာ ကျိုးပဲ့ပျက်စီးလျက် ရှိနေလေပြီ။

အရင်က မည်သည့်နေရာကို ကြည့်ကြည့် လှပခမ်းနားပြီး သာယာဖွယ်ရှိမည်ဖြစ်သော်လည်း ယခုမူ မည်သည့်နေရာပဲကြည့်ကြည့် လှပတင့်တယ်ခြင်း မရှိတော့ချေ။ နေရာတိုင်း အကျည်းတန် အရုပ်ဆိုးနေလေသည်။

တစ်ချိန်က ဤနေရာသို့ ရောက်ရှိသူတိုင်း ကြည်နူးချမ်းမြေ့မှုကို ခံစားရမည်ဖြစ်သော်လည်း ယခုမူ ကြောက်ရွံ့မှုကိုသာ ခံစားရပေလိမ့်မည်။ အရာရာတိုင်း ဆန့်ကျင်ဘက်ဖြစ်နေလေပြီ။

အိုယိဝမ်းတို့တစ်တွေသည် လို့ရုံရှမ်းကို ဝင်ရောက် ရှာဖွေကြခြင်းဖြစ်သော်လည်း သတိကြီးစွာတော့ ထားကြရ၏။ လို့ရုံရှမ်းနှင့် မတွေ့ဘဲ ရန်သူနှင့် အချိန်မရွေး တွေ့နိုင်လေသည်။

ထို့ကြောင့် သူတို့အားလုံး လက်နက်ကိုယ်စီအသီးသီးကိုင်ထား

ကြ၏။ လျှပ်တစ်ပြက် တိုက်ခိုက်နိုင်ရန်လည်း အသင့်ပြင်ထားကြသည်။ နားကို အစွမ်းကုန် စွင့်ထားသလို၊ မျက်စိကိုလည်း အတတ်နိုင်ဆုံး ရှင်ရှင်ထားကြသည်။

အိုးယိဝမ်း၏ အစီအစဉ်အတိုင်း အဖွဲ့လေးဖွဲ့သည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပေငါးဆယ်ထက် ပိုမိုမဝေးစေဘဲ ခြံလယ်မှ အိမ်ကြီးဆီသို့ တဖြည်းဖြည်း ချဉ်းကပ်ခဲ့ကြသည်။

"ရှဲ .... ရှဲ .... ရှဲ .... "

သစ်ပင်ကြီးတစ်ပင်အောက်သို့အရောက်တွင် လေမတိုက်ဘဲ သစ်ရွက်များ လှုပ်ရှားသွားသံကို ကြားရသဖြင့် ရှေ့ဆုံးမှ အိုးယိဝမ်း တုန့်ခနဲ ရပ်လိုက်သည်။ လက်ထဲမှ ဓားကိုလည်း အပေါ်ဘက်သို့ မ,တင် ထောင်လိုက်၏။

သေချာစွာ ကြည့်လိုက်တော့မှ သစ်ကိုင်းတစ်ကိုင်းမှ တစ်ကိုင်းသို့ ခုန်ကူးသွားသော ရှဉ့်ကလေးနှစ်ကောင်ကို တွေ့ရသဖြင့် အိုးယိဝမ်းသည် သူ၏ နိုးရိမ်စိတ်အတွက် ကျိတ်၍ပြုံးမိလေသည်။

ထိုစဉ် ....

"ဖျပ် .... ဖျပ် .... ဖျပ် .... "

"အ .... အ .... "

ထင်လျှန်ကူးမျက်နှာသို့ သဏ္ဍာန်တစ်ခု တိုးဝင်ရိုက်ခတ်သံနှင့် အတူ သူမ၏ညည်းတွားသံသဲ့သဲ့ ပေါ်လာ၍ အိုးယိဝမ်း ထိတ်ခနဲ ဖြစ်မိပြန်သည်။

"ညီမလေးကျို .... "

နိုးရိမ်တကြီးလည်း ခေါ်လိုက်၏။ သို့သော် ချက်ချင်းပင် ထင်



လျှန်ကူးအနီးမှ ထပ်မံပျံသန်းသွားသော လင်းဆွဲများကို တွေ့ရသောအခါ နိုးရိမ်ပူပန်စိတ် ပျောက်သွားရတော့၏။

"ဘာကောင်လဲ မသိဘူး .... မျက်နှာကို ရိုက်သွားတယ်"

"လင်းဆွဲတွေပါ ညီမရယ် .... "

ထင်လျှန်ကူးကိုယ်တိုင် ထိုအခါမှ နိုးရိမ်စိတ် ပျောက်သွား၏။

ဇေဂေဟာခြံဝင်းကြီးမှာ တကယ်ပင် စိတ်ချောက်ချားစရာ ကောင်းလှလေသည်။

အိုးယိဝမ်းတို့လူစုသည် ခြံဝင်းကြီးကို တစ်ပတ်ပတ်၍ ကြည့်ကြပြီးနောက် မည်သည့်ထူးခြားချက်ကိုမှ မတွေ့ရသောအခါ ခြံလယ်မှ အိမ်ကြီးဆီသို့ လာခဲ့ကြလေသည်။

အိမ်ကြီးပတ်လည်၌ စည်းရိုးကလေးတစ်ခု ထပ်မံကာရံထားပြန်သည်။ စည်းရိုးမှာ အုတ်နံရံပင် ဖြစ်သော်လည်း သိပ်တော့ မမြင့်မားလှချေ။

အိမ်ဂေဟာ၏ ဝင်းတံခါးမှာ ပိတ်ထားလျက်သား ရှိနေသည်။ သို့သော် သော့ခတ်ထားခြင်း မရှိဘဲ စေ့ရုံသာ စေ့ထားခြင်းဖြစ်၏။

အိုးယိဝမ်းက ဝင်းတံခါးကို အသာအယာဖွင့်လိုက်၏။

"ကျွီ .... ကျွီ .... ကျွီ .... ကျွီ .... "

တံခါးမကြီးမှာ တိတ်ဆိတ်မှုကို ဖောက်ခွင်း၍ တကျွီကျွီမြည်၍ ပွင့်သွားလေတော့သည်။

◇◇◇◇◇

## ၁၀၆။

အို့ယိဝမ်းတို့သည် ထိုနေရာတွင် လူစုမခွဲကြတော့ဘဲ လူပြန်စု လိုက်ကြပြီး အိမ်ဂေဟာ၏ ခန်းမကြီးအတွင်းသို့ သတိဖြင့် ဝင်လာခဲ့ ကြသည်။

အိမ်ဂေဟာကြီးထဲတွင် မှောင်မှောင်မည်းမည်းဖြစ်နေပြီး တိတ် ဆိတ်ငြိမ်သက်နေသည်။

ကြမ်းပြင်တွင် ဖုန်တွေ အလိမ်းလိမ်းဖြစ်နေသည်။ သူတို့ခန္ဓာ ကိုယ်ကလည်း ယှက်လိမ်နေသော ပင့်ကူအိမ်များကို တိုးမိကြသည်။

ဤသည်ကို ထောက်ချင့်၍ အိမ်ကြီးထဲတွင် လူသူရှိမနေ ကြောင်း သိနိုင်ကြလေသည်။

ဓာတ်ရုပ်ပြီး နားစွင့်ထောင်သော်လည်း မည်သို့သော အသံကိုမှ မကြားကြရချေ။



အို့ယိဝမ်းက လေသံဖြင့် တီးတိုးပြောလိုက်၏။

"တို့တော့ လူလုံးဝမရှိတဲ့ အိမ်ကြီးထဲကို ဝင်ရှာမိကြပြီထင် တယ် .... ညီလေးစန်းလည်း ရှိမယ့်လက္ခဏာမျိုး မပေါ်ဘူး .... မှောင်ကြီးထဲမှာ နေရတာထက် အလင်းရောင်နဲ့ ကြည့်တာ ပိုကောင်း မယ် .... ဘာပဲဖြစ်ဖြစ် ဖယောင်းတိုင်တစ်တိုင် ထွန်းကြစမ်း .... "

ခဏနှင့် မီးရောင်လင်းလာပြီး သူတို့သည် အိမ်ကြီးအတွင်း အခြေအနေကို သေချာစွာ တွေ့မြင်ကြရတော့၏။

အိမ်ကြီးအတွင်း ပင့်ကူအိမ်များနှင့်သာ ပိတ်ဖုံးနေသည်။ အိမ် ထောင်ပရိဘောဂ ပစ္စည်းပစ္စယများလည်း ကျိုးပဲ့ပျက်စီးနေပြီး ဖုန်မှုန့် များ၊ ပင့်ကူအိမ်များ ဖုံးနေသည်။ ပြုပြင်ထားသည့် အရိပ်လက္ခဏာ လည်း မတွေ့ရချေ။

သူတို့အားလုံး တစ်စုတစ်ဝေးနှင့် အိမ်ကြီးအတွင်းခန်းတိုင်းလို ဝင်ကြည့်ကြသော်လည်း မည်သည့်ထူးခြားမှုကိုမှ မတွေ့ကြရချေ။ နေရာအနှံ့ ဖုန်မှုန့်များ၊ ပင့်ကူအိမ်များသာ ဖုံးလွှမ်းလျက်ရှိနေသည်။

အို့ယိဝမ်းအတော်ကလေး စိတ်ပျက်သွားမိ၏။

"ဒီအိမ်ကြီးထဲမှာ ညီလေးစန်း မရှိတာတော့ သေချာသွားပြီ"

"ကျွန်တော့်စိတ်ထင်တော့ အစ်ကိုစန်းဟာ ဒီအိမ်ကြီးရဲ့ မြေ အောက်ခန်းမှာ ရှိနေလိမ့်မယ်လို့ ထင်တယ် .... "

တေဘွန်စိမ်းက သူ့ထင်မြင်ချက်ကို ပြောသည်။

နဂါးနက်ချူခမ်းက ....

"ဒီအိမ်ကြီးမှာ မြေအောက်ခန်းရှိတယ်ပဲ ထားဦး .... မြေ

အောက်ခန်းဝင်ပေါက်ကို ဘယ်လိုရှာကြမလဲ .... ခုဆို အိမ်ကြီးထဲမှာ လည်း အနှံ့ရှာပြီးနေကြပြီ .... "

အိုးယိဝမ်းက တနှံ့ဂေဟာ မွေးမြူရေးခြံမှ အတွေ့အကြုံများကို စဉ်းစားမိ၍ ....

"အမျိုးအားဖြင့်တော့ မြေအောက်ခန်းကို ဝင်တဲ့ ဥမင်လမ်းဝ ကို အနောက်ဘက်ဥယျာဉ်ထဲမှာ ထားတတ်လေ့ရှိကြတာပဲ .... နောက် ဆုံးအနေနဲ့ အဲဒီနေရာကို သွားရှာကြည့်ကြစို့ .... ဘာမှမတွေ့ခြားရင်လည်း ထုံလင်းထန်ဆေးခန်းကိုပဲ သွားပြီး မိုက်ချူးယိတို့နဲ့ ပူးပေါင်းကြမယ်"

သူတို့အားလုံးပင် အနောက်ဘက်ဆောင်ကို ထွက်ခဲ့ကြသည်။ အိမ်ကြီးအပြင်ဘက်ကို ထွက်ရမည်ဖြစ်သဖြင့် ဖယောင်းတိုင်မီးကို လည်း မှုတ်လိုက်သည်။

ခြံဝင်းထဲတွင် ဖယောင်းတိုင်မီးကို ထွန်းထားပြီး ရှာဖွေပါက အဝေးမှလှမ်းမြင်နိုင်လေသည်။

အနောက်ဘက်ဥယျာဉ်ထဲတွင် တောပန်းရုံများနှင့်အတူ မြက် ပင်များမှာ လူခါးစောင်းလောက် ပေါက်နေကြ၏။ ချုံပင် နွယ်ပင်များ ဖြင့်လည်း ရှုပ်ထွေးလျက်ရှိ၏။

ရေကန်ကလေး တစ်ကန်ရှိသော်ညလ်း ရေကန်အတွင်းမှ ရေ များမှာ ကြည်လင်ခြင်းမရှိတော့သော ရေညှိပင်တွေပေါက်နေလျက် ညိုညစ်ညစ် ဖြစ်နေလေပြီ။

ရေကန်ကလေး အနီးတွင်လည်း အပန်းဖြေအဆောင်လေးတစ် ဆောင်ရှိသည်။ တံတားကလေးတစ်ခုလည်း ရှိပြန်သည်။



သို့သော် တံတားမှာ ပြိုကျနေပြီး အပန်းဖြေဆောင်၏ အမိုး တစ်ခြမ်းမှာလည်း ပြိုကျနေသည်။

သူတို့လူစုသည် ရေကန်ကလေးတစ်ဝိုက်တွင် မြေအောက်ဥမင် လမ်းတံခါးပေါက်ကို လရောင်အားကိုးဖြင့် စေ့စေ့စပ်စပ် ရှာဖွေကြ၏။ အပန်းဖြေဆောင်နှင့် တံတားကလေးအောက်ခြေများတွင် ပိုမိုဂရုစိုက်၍ ရှာဖွေကြသည်။

သို့သော် မြေအောက်တံခါးဝဟု ထင်ရလောက်သောအရာကို ပင် မတွေ့ကြရပါချေ။ မည်သို့မှ ရှာ၍မတွေ့သည့်အဆုံးတွင် အိုးယိ ဝမ်းကိုယ်တိုင် စိတ်ပျက်လက်ပျက်ဖြစ်သွားမိ၏။

"ကဲ .... အချိန်ဆက်ဖြုန်းမနေကြနဲ့တော့ .... မြေအောက်ဝင်ပေါက် ဝရှိမှာ မဟုတ်ဘူး .... ကိုအားလုံး ထုံလင်းထန် ဆေးခန်းဘက်ကိုပဲ အခြေအနေ သွားကြည့်ကြရအောင် .... "

"နေပါဦး အစ်ကိုကြီး .... "

ဝေဘွန်းစိမ်းက လှမ်းတားလိုက်သည်။

အိုးယိဝမ်းက ဝေဘွန်းစိမ်းကိုကြည့်ပြီး မေးသည်။

"ဘာဖြစ်လို့လဲ ညီလေးရေ .... "

"ကျွန်တော် တစ်ခုစဉ်းစားမိလို့ပါ .... လွန်ခဲ့တဲ့ သယ်နှစ်ကျော် လောက်က ချောင်လို့ဝမ်းဟာ ဒီဇေဂေဟာကို ဝယ်ယူခဲ့ပါတယ် .... ပြီးတော့ အိမ်ဂေဟာကြီးနဲ့ ဥယျာဉ်ကြီးကိုလည်း မမ်းခမ်းနားနားဖြစ် အောင် ပြုပြင်နေထိုင်ဖို့ စီစဉ်ခဲ့တယ်လို့ ချင်းချုံက ပြောပါတယ် .... ဟုတ်တယ် မဟုတ်လား ချင်ချုံ .... "

ဝေဘွန်စိမ်း အို့ယိဝမ်းကို ပြောနေရာမှ သူ့ဘေးတွင် ရပ်နေသော ချင်းချိုကို လှည့်မေးလိုက်သည်။ ချင်းချိုက ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်ပြီး ....

"ဟုတ်ပါတယ် အစ်ကိုဇွေ .... "

ဝေဘွန်စိမ်းက ဆက်ပြောသည်။

"ချောင်လို့ဝမ်းဟာ ဒီအိမ်ဂေဟာကြီးမှာ နေထိုင်ဖို့ ပြုပြင်ခဲ့တယ် ဆိုပေမယ့် အခု ကျွန်တော်တို့ အိမ်ကြီးထဲကိုလည်း ရောက်လှာခဲ့ကြပါပြီ .... ဥယျာဉ်ခြံကြီးထဲလည်း နှံ့နေပါပြီ .... နည်းနည်းတောင် ပြုပြင်ထားတဲ့ လက္ခဏာ မတွေ့ရပါဘူး .... အရင်ကအတိုင်းပဲ ပစ်ထားတဲ့ ပုံစံမျိုးပါပဲ .... ဒီတော့ ချောင်လို့ဝမ်းဟာ ဒီအိမ်ဂေဟာရဲ့ ဘယ်နေရာမှာ သွားပြီး ပြုပြင်သလဲ .... မွမ်းမံခဲ့သလဲဆိုတာ ကျွန်တော်တို့စဉ်းစားရပါလိမ့်မယ် .... "

ထိုစဉ် ထင်လျန်ကူးမှာ ခပ်သွက်သွက်လှမ်းလျှောက်လာပြီး စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်၏။

"အစ်ကိုကြီး ဟိုရေတွင်းကို ကြည့်လိုက်ပါဦး .... "

"ဘာထူးခြားလို့လဲ ညီမလေးကျို .... "

"ရေတွင်းဘောင်ပေါ်မှာ ရေတွေ ရွှဲအိုင်နေတာ တွေ့ရတယ်"

"ဟုတ်လား .... "

အို့ယိဝမ်း ရေတွင်းဆီ လျှောက်လှမ်းလာသည်။ ကျန်လူများ နောက်ဘက်မှ လိုက်လာကြသည်။

ရေတွင်းဆီသို့ ရောက်လာသောအခါ ရေတွင်းနှုတ်ခမ်းကျောက်



သားပေါ်တွင် ရေတွေ ရွှဲအိုင်နေသည်ကို တွေ့ကြရသည်။ လရောင်ဖြင့် ရွှဲအိုင်နေသော ရေများမှာ အရောင်ဟပ်ကာ မှန်သားလို လင်းနေသည်။

အို့ယိဝမ်းတို့အားလုံးပင် သံသယဖြစ်မိကြသည်။

"ထူးခြားတာပဲ .... ဒီခြံကြီးထဲမှာ ဘယ်သူမှ နေကြတာ မဟုတ်ဘူး .... ဘယ်သူမှတောင် ဝင်ရဲကြတာ မဟုတ်ဘူး .... ဒါပေမယ့် ဒီရေတွင်းဘောင်ပေါ်မှာ ဘာဖြစ်လို့ ရေတွေရွှဲအိုင်နေရတာလဲ မိုးလည်းရွာတာ မဟုတ်ဘူး .... နှင်းလည်းကျတာ မဟုတ်ဘူး .... "

ယင်းတော့လူက ဦးစွာပြောရာ ချင်းချိုသည် ကြောက်ကြောက်ရွံ့ရွံ့နှင့် သူ့ထင်မြင်ချက်ကို ပြောတော့သည်။

"ဒီအိမ်ကြီးဟာ တစ္ဆေခြောက်တဲ့ အိမ်ကြီးပဲ .... ဒါဟာ သရဲတွေရဲ့ လှည့်စားချက်ပဲ ဖြစ်မှာပေါ့ .... "

အို့ယိဝမ်းက ရေတွင်းထဲ ငုံ့ကြည့်လိုက်ရာမှ ....

"မင်းပြောတာ ဟုတ်တယ် ချင်းချို .... ဒါ တစ္ဆေသရဲတွေ လှည့်စားတာပဲ .... "

"ဗျာ .... "

အို့ယိဝမ်းစကားကြောင့် ချင်းချို ပိုမိုတုန်လှုပ်သွားသည်။ အို့ယိဝမ်းက ဆက်ပြောသည်။

"ဒါပေမယ့် ဝိညာဉ်တစ္ဆေတွေတော့ မဟုတ်ဘူး မသေခင်က ယုတ်မာရက်စက်ညပီး မကောင်းမှုတွေကို လုပ်တဲ့ လူတစ္ဆေတွေ ရှင်းရှင်းပြောရရင် တို့ရှာနေတဲ့ တရားခံလူသတ်သမားရဲ့ လှည့်စားချက်ပဲ"

အို့ယိဝမ်းစကားကို ကျန်လူများ ကောင်းစွာ သဘောမပေါက်ချေ။ အားလုံးပင် ရေတွင်းထဲ ငုံ့ကြည့်ကြ၏။

ရေတွင်းထဲမှ ရေများမှာ ပြည့်လျှံတက်ပြီး တောင်နံ့တံခမ်းမှ လျှံထွက်နေခြင်းလည်း မဟုတ်ချေ။ လရောင်ဖြင့် ရေတွင်းအောက်ခြေနားတွင်သာ ရေများကို တွေ့ရသည်။

ဝေဘွန်စိမ်းကလည်း သဘောပေါက်သွားပြီး ပြောသည်။

"အဲတော့ကို ညဏ်များတဲ့လူပဲ .... ဟုတ်တယ် အစ်ကိုကြီး ကျွန်တော်တို့တစ်တွေဟာ ဒီရေတွင်းဘောင်ပေါ်မှာ ရေတွေအိုင်နေတဲ့ သဲလွန်စကိုသာ မရရင် သူ့ရဲ့လှည့်စားမှုကို ကောင်းကောင်းကြီးခံရပြီ .... "

အို့ယိဝမ်းက ဝေဘွန်စိမ်းကို ကြည့်လိုက်ပြီး ....

"ညီလေးဝေ့လည်း ဒီရေတွင်းထဲမှာ ဥမင်ပေါက်ရှိတယ်ဆိုတာ တွေးမိပြီနဲ့ တူတယ် .... "

ဝေဘွန်စိမ်းက ခေါင်းညိတ်၍ ....

"ဟုတ်တယ် .... ဆင်းကြည့်ခိုင်းရမယ် .... ချူခမ်း ဘယ်မှာလဲ .... "

"ဒီမှာပါ အစ်ကိုကြီး .... "

လူစုထဲမှ ချူခမ်းက ပြောလိုက်ရာ အို့ယိဝမ်းက ချူခမ်းကို ကြည့်ပြီး ပြန်ပြောသည်။

"ရေတွင်းထဲကို ဆင်းကြည့်စမ်း ချူခမ်း .... "

"ဟုတ်ကဲ့ အစ်ကိုကြီး .... "

"နေဦး .... မင်းတစ်ယောက်တည်း ဆင်းလို့ ဖြစ်ပါ့မလား ရေအောက်မှာ ထောင်ချောက်တွေရှိနေရင် ခက်နေမယ် .... "



"ကျွန်တော် တစ်ယောက်တည်းဖြစ်ပါတယ် အစ်ကိုကြီး .... ထူးခြားတာ တွေ့တာနဲ့ ကျွန်တော်ချက်ချင်း ပြန်တက်လာခဲ့ပါ့မယ် ကျွန်တော့်အတွက် မစိုးရိမ်ပါနဲ့ .... "

"အေး .... ရန်သူနဲ့တွေ့ရင် မင်းပြန်တိုက်မနေနဲ့ .... ကိုယ်လွတ်ရုန်းပြီး မြန်မြန်သာ ပြန်တက်လာခဲ့ .... "

"ဟုတ်ကဲ့ အစ်ကိုကြီး .... "

ချူခမ်းလည်း အကျီချွတ်ကာ ဓားမြှောင်အိမ်ကို ခါးတွင်ထိုးပြီး ရေတွင်းထဲသို့ ခုန်ဆင်းမည်ပြုသည်။

"နေဦး ချူခမ်း .... "

အို့ယိဝမ်းက လှမ်းတားသဖြင့် ချူခမ်း လှည့်ကြည့်သည်။

"ရေတွင်းထဲကို ခုန်မဆင်းနဲ့လေကွာ .... ရေအောက်မှာ သံချွန်တွေ ဘာတွေ ထောင်ထားရင် မင်းအန္တရာယ်ဖြစ်မှာပေါ့ .... တွင်းနံရံတွေက ပွဲပြီး လှေကားထစ်လို ဖြစ်နေတာပဲ .... တွင်းနံရံကိုပဲ ကုတ်ကပ်ဆင်းသွား .... "

ချူခမ်းလည်း အို့ယိဝမ်း၏ အမိန့်အတိုင်း တွင်းနံရံမှ ကုတ်ကပ်ဆင်းသွားကာ ရေနှင့်ထိသော နေရာသို့ အရောက်တွင် ရေထဲသို့ အသာငုပ်သွားလေတော့၏။

ချူခမ်းသည် သူရထားသော နဂါးနက်ဘွဲ့အမည်နှင့် လိုက်အောင် ရေကူး ရေငုပ်ကျွမ်းကျင်သူဖြစ်၏။

လေပွေမုန်တိုင်းအဖွဲ့တွင် ရေလမ်းခရီးနှင့် ပတ်သက်လာပါက နဂါးနက်ချူခမ်းကိုသာ တာဝန်ပေးရလေသည်။

ရေတွင်းပေါ်မှ လူများအားလုံး ရေတွင်းထဲကို စိတ်လှုပ်ရှားစွာဖြင့် ငုံ့ကြည့်နေကြသည်။

ဝေဘွန်စိမ်းက စိတ်လှုပ်ရှားစွာဖြင့် ပြောသည်။

"တကယ်လို့ ဒီရေတွင်းထဲမှာ မြေအောက်ကိုဝင်တဲ့ ဥမင်လမ်းပေါက် ရှိနေမယ်ဆိုရင် မကြာခင်ကမှ သူတစ်ယောက်ယောက်ဟာ အဲဒီဥမင်လမ်းပေါက်ကတစ်ဆင့် ရေတွင်းထဲက တက်လာတာပဲ ဖြစ်မယ် အစ်ကိုကြီး .... ဒါကြောင့် ဘောင်းဘီနံတစ်ခမ်းမှာ ရေတွေစိုနေတာပေါ့ .... "

အို့ယိဝမ်းက ခေါင်းညိတ်၍ ....

"ဒီအတိုင်းပဲ ဖြစ်လိမ့်မယ်လို့ ငါထင်တယ် .... ရေတွင်းထဲမှာ လျှို့ဝှက်အပေါက်တစ်ပေါက် ရှိနေလိမ့်မယ် .... "

ထို့နောက် သူတို့လူစုသည် စကားမပြောကြတော့ဘဲ ရေတွင်းထဲကိုသာ စိတ်လှုပ်ရှားစွာ ငြိမ်၍ကြည့်နေကြတော့သည်။

◇◇◇◇◇



၁၀၇။

---

ရေအောက်ထဲသို့ နဂါးနက်ချူခမ်း ငုပ်သွားသည်မှာ အတော်ကလေး ကြာသွားပြီဖြစ်၏။

ချူခမ်းသည် ရေပေါ်သို့ ပြန်ပေါ်လာခြင်းမရှိသေးချေ။ ရေမှာလည်း ပကတိ တည်ငြိမ်နေသည်။

ရေတွင်းပေါ်မှ အို့ယိဝမ်းတို့အားလုံး စိတ်ဂနာမငြိမ်ဖြစ်လာကြ၏။ ချူခမ်းအတွက် စိုးရိမ်မကင်းဖြစ်လာကြ၏။

အို့ယိဝမ်းပင်လျှင် စိုးရိမ်စိတ်ဝင်လာပြီး ပြောမိသည်။

"ရေတွင်းက ဘယ်လောက်များ နက်နေလို့လဲ .... ချူခမ်းဆင်းသွားတာလည်း ကြာလှပြီ .... အခုထိ ပြန်လည်း တက်မလာသေးဘူး အကျိုးအကြောင်းလည်း ပြန်မပြောဘူး .... အန္တရာယ်များ တွေ့နေပြီလား .... "

ဝေဘွန်စိမ်းကိုယ်တိုင် စိတ်ပူနေသော်လည်း ဖြေသိမ့်သည့် စကားကို ဝင်ပြောသည်။

"သိပ်လည်း စိုးရိမ်မနေပါနဲ့ အစ်ကိုကြီးရယ် .... ညီလေးချူခမ်းဟာ ရေအောက်မှာ ထူးဆန်းတဲ့အချက်အလက်တွေကို တွေ့နေရလို့ လေ့လာနေတာလည်း ဖြစ်နိုင်ပါတယ် .... စောင့်ကြည့်ပါဦး"

အိုယိဝမ်းတို့ ထပ်မံပြီး စောင့်ကြည့်ကြပြန်သည်။

အချိန်တွေ များစွာ ကုန်ဆုံးခဲ့ပြန်သည်။

သို့သော် ချူခမ်းကား ပေါ်မလာချေ။

အိုယိဝမ်းမှာ ဆက်လက်စောင့်မကြည့်လိုတော့ချေ။

"ချူခမ်း တစ်ခုခုဖြစ်နေတာတော့ သေချာပြီ .... နို့မို့ဆို ဒီလောက်အထိ ကြာမနေနိုင်ဘူး .... အကြောင်းထူးရင် ပြန်တက်လာပြီး သူပြောရမှာပေါ့ .... "

ဝေဘွန်စိမ်းကပါ စိုးရိမ်သံနှင့် ပြော၏။

"ဟုတ်တယ် အစ်ကိုကြီး .... စိုးရိမ်စရာတော့ ဖြစ်နေပြီ .... ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ .... "

ယင်တော့လူက ဝင်ပြောသည်။

"ကျွန်တော် ရေတွင်းထဲကို ဆင်းကြည့်မယ် အစ်ကိုကြီး"

"ဆင်းတော့ ကြည့်ရမှာပဲ .... ဒါမှ အကျိုးအကြောင်း သိရမှာ .... ဒါပေမယ့် မင်းတစ်ယောက်တည်း ဆင်းသွားလို့တော့ မဖြစ်ဘူး တစ်ယောက်ယောက်ကို ခေါ်သွား .... တကယ်လို့ အန္တရာယ်တစ်ခုခုကို တွေ့တယ်ဆိုရင် တစ်ယောက်က အမြန်ဆုံး ပြန်တက်ခဲ့ .... "



အိုယိဝမ်းကပြောပြီး ယင်းတော့လူနှင့် လိုက်သွားရန် သင့်တော်သော အဖွဲ့ဝင်တစ်ယောက်ကိုလည်း ရွေးပေးသည်။

ယင်တော့လူနှင့် အဖွဲ့ဝင်တစ်ယောက်မှာ အင်္ကျီများကို ချွတ်ပြီး ရေတွင်းထဲသို့ ဆင်းရန် ပြင်ကြ၏။

"ဟိုမှာ လူနှစ်ယောက် ပြေးလာနေတယ် .... "

အဖွဲ့ဝင်တစ်ယောက်၏ ပြောသံကြောင့် အိုယိဝမ်းတို့ အားလုံး လှည့်ကြည့်ကြသည်။ သူတို့ဆီ ပြေးလာနေသော လူရိပ်နှစ်ရိပ်ကို တွေ့ကြရသဖြင့် ရေတွင်းထဲဆင်းရန် ရေတွင်းဘောင်ကို ခွကျော်နေပြီဖြစ်သော ယင်းတော့လူသည် မဆင်းသေးဘဲ အခြေအနေကို ကြည့်နေသည်။

ပြောင်ပြောင်တင်းတင်းပင် သူတို့လူစုရှိရာသို့ ပြေးလာနေကြသဖြင့် ရန်သူမဖြစ်နိုင်ကြောင်း အိုယိဝမ်းတို့ တွေးမိကြသည်။ အနီးကိုရောက်လာမှ ထိုနှစ်ယောက်မှာ မိုက်ချုံးယိနှင့် နဂါးနက်ချူခမ်းတို့ ဖြစ်ကြောင်း မြင်ရလေရာ အိုယိဝမ်းတို့ အားလုံးအံ့ဩသွားကြသည်။

နဂါးနက်ချူခမ်းသည် ရေတွင်းထဲကို ဆင်းသွားပြီးနောက် ယခု မိုက်ချုံးယိနှင့်အတူ ဘယ်လိုလုပ်ပြီး ဇာဂေဟာအိမ်ရှေ့ဘက်မှ ရောက်လာလေသနည်း။

အိုယိဝမ်းက အံ့ဩတကြီး မေးလိုက်သည်။

"ဘယ်လိုဖြစ်တာလဲ ချူခမ်း .... ဘယ်လိုလုပ်ပြီး ရေတွင်းထဲကနေ မိုက်ချုံးယိဆီကို ရောက်သွားရတာလဲ ...."

ချူခမ်းကိုယ်တွင် ရေစက် ရွှဲရွှဲစိုလျက်ပင် ရှိနေသေးသည်။

ချူခမ်းက မောဟိုက်နွမ်းနယ်စွာ ပြန်ပြောသည်။

"ကျွန်တော်တို့တွေ နည်းနည်းနောက်ကျသွားတယ် အစ်ကိုကြီး ထုံလင်းထန်ဆေးခန်းကလူတွေ တစ်ယောက်မှ မရှိတော့ဘူး .... ထွက်ပြေးကုန်ကြပြီ .... "

"ဟင် .... ဟုတ်လား .... "

အိုယီဝမ်း လွန်စွာ အံ့ဩမိသလို ခံပြင်းစိတ်လည်း ဖြစ်ပေါ်သွားမိသည်။ နဂါးနက်ချူခမ်းက ဆက်ပြောသည်။

"ဟောဒီ ဝေ့ဂေဟာနဲ့ ထုံလင်းထန် ဆေးခန်းဟာ ဥမင်လမ်းနဲ့ ဆက်သွယ်ထားတယ်လေ .... ဟောဒီရေတွင်းဟာ ထုံလင်းထန်ဆေးခန်းကို ရောက်နိုင်တဲ့ အဝင်အထွက်ပဲ .... အစ်ကိုကြီး ကျွန်တော်ဒီရေတွင်းအောက်မှာ ကျောက်တံခါးတွေ့လို့ ဖွင့်ပြီး ဝင်ခဲ့ပါတယ် တစ်ဖက်မှာ လိုဏ်ခန်းရှိတယ် .... ရေပေါ်တက်ခဲ့ပြီး လိုဏ်ခန်းပေါက်အတိုင်း ဝင်သွားခဲ့တာ ဥမင်လမ်းဖြစ်နေပြီး ထုံလင်းထန်ဆေးခန်းက အဆောင်တစ်ခုထဲ ရောက်သွားပါတယ် .... ရောက်တော့ လူဆိုလို့ တစ်ယောက်မှ မတွေ့ရဘူး .... "

"ဩော် .... ဒီလိုကိုး .... "

"ဟုတ်ကဲ့ .... အဲဒီခန်းမဆောင်ဟာ ချောင်လို့ဝမ်းရဲ့ အိပ်ခန်းဆောင်ဖြစ်လိမ့်မယ် .... အစ်ကိုချူခမ်း အပြောအရ သူဟာ ခုတင်အောက်က အပေါက်ကနေ ထွက်ခဲ့ရတယ်တဲ့ .... အဲဒီ ခုတင်ဟာ ချောင်းလို့ဝမ်အိပ်တဲ့ ခုတင်ပဲ ဖြစ်ရမယ် .... "

"မိုက်ချုံးယီက ဝင်ပြောလေသည်။



အိုယီဝမ်းက သူ့အဖွဲ့သားများကို လက်ဝှေ့ယမ်း အချက်ပြလိုက်ကာ ....

"လာကြ .... တို့ ထုံလင်းထန်ဆေးခန်းကို ဝင်ကြည့်ကြမယ်"

◈

သူတို့အားလုံး ထုံလင်းထန်ဆေးခန်းအတွင်းဆောင်သို့ ရောက်လျှင် လူသူတစ်ဦးတစ်ယောက်မျှ ရှိမနေတော့ကြောင်း တွေ့ရတော့သည်။

ချောင်လို့ဝမ်း၏ အိပ်ခန်းထဲကို ရောက်ကြလျှင် အိုယီဝမ်းတို့က စစ်ဆေးကြည့်ရှုကြသည်။

မီးသွေးမီးဖိုကလေး တစ်ဖိုရှိသည်ကို တွေ့ရပြီး မီးခဲကလေးများ မငြိမ်းသေးဘဲ တွေ့ရလေသည်။ မီးဖိုပေါ်တွင် မြေအိုးငယ်တစ်လုံးကို ချထားပြီး ဆေးရည်ကျိုထားသည့် ဆေးရည်မှာ ပွက်နေ၏။

ခုတင်မှာ အနည်းငယ် ရွေ့နေသည်။ ခုတင်အောက်တွင် ဥမင်ပေါက် ပွင့်လျက်သား တွေ့ရလေသည်။

"အင်း .... ဒီကနေပြီး သူတို့ ဝင်ဝင်ပြီးတော့ ဟိုဘက်ရေတွင်းပေါက်က ပြေးကြတာပဲ .... သူတို့ ထွက်ပြေးတာ မကြာလှသေးဘူး ရေတွင်းဘောင်မှာ ရေတွေ စိုနေတာသာကြည့် .... "

အိုယီဝမ်းက ပြောလိုက်၏။

မိုက်ချုံယီက စဉ်းစားလိုက်ပြီး ....

"သူတို့ထွက်ပြေးကြတာ ခရီးဝေးဝေး မရောက်နိုင်ကြသေးဘူး

လို့ ထင်ပါတယ် .... လန်ကျိုးမြို့ထဲမှာပဲ ရှိနေဦးမယ်လို့ ကျွန်တော် ထင်တယ် .... "

"ဟုတ်တယ် .... ကျွန်တော်လည်း ဒီလိုပဲ တွက်မိတယ် ...."

ဝေဘွန်စိမ်း ဝင်ပြောသည်။

အို့ယိဝမ်းက ....

"တကယ်လို့ သူတို့ မြို့တွင်းမှာပဲ ဝင်ပုန်းခိုနေကြရင် ဘယ်လို နေရာမျိုးမှာ ရှိနေမလဲ .... ခန့်မှန်းကြည့်ကြစမ်းပါဦး .... "

"ကျွန်တော့်အထင်တော့ သူတို့ဟာ ဇေဂေဟာအတွင်းမှာပဲ ရှိနေလိမ့်မယ်နဲ့တူတယ် အစ်ကိုကြီး .... အနောက်ဘက်ဥယျာဉ်ဟာ ဥမင်ထွက်ပေါက် ဝင်ပေါက်အတွက် ရေတွင်းတစ်ခုတည်းပဲ ထားရှိတာ မဟုတ်ဘဲ အခြားလျှို့ဝှက်ချက်တွေ ရှိလိမ့်ဦးမယ်လို့ ထင်တယ်"

ဝေဘွန်စိမ်းက ပြောလိုက်လေသည်။

အို့ယိဝမ်းက စဉ်းစားလိုက်ပြီး ခေါင်းညိတ်လိုက်ကာ ....

"အေး .... ညီလေးပြောတာ ဟုတ်နိုင်တယ် .... သူတို့ရေတွင်း ပေါ် ရောက်တဲ့အချိန်မှာ တို့လည်း အရောက်ဖြစ်နိုင်တယ် .... ဒီတော့ သူတို့ဟာ ဥယျာဉ်တွင်းကနေ အပြင်ကိုထွက်ဖို့ အချိန်ရခဲ့မှာ မဟုတ်ဘူး ထင်တယ် .... ဥယျာဉ်အတွင်းမှာ သူတို့ပုန်းခိုနိုင်တဲ့ လျှို့ဝှက်နေရာတော့ ရှိရမယ် .... "

ထင်လျှန်ကူးက ပြောလိုက်သည်။

"ကျွန်မတို့ အမြန်ဆုံးသွားကြရအောင်လား .... အခု ကျွန်မတို့ ဒီကိုရောက်နေတုန်း သူတို့ထွက်ပြေးသွားကြတာ ဖြစ်ရမယ်"



"ဟုတ်တယ် .... ညီမလေးကျိုပြောသလို ကျွန်တော်တို့ အမြန် သွားကြပါစို့ .... "

ဝေဘွန်စိမ်းကလည်း ခပ်လောလောပြောလိုက်၏။

သို့ဖြင့် အို့ယိဝမ်းတို့လူစုသည် ဇေဂေဟာသို့ ပြေးခဲ့ကြပြန် သည်။

သူတို့သည် ခြေရာများကို တွေ့ရှိကြလေသည်။ မြက်များကို နင်းသွားသော ခြေရာများကိုလည်း တွေ့ရ၏။

ရေကန်ဘေးတွင်လည်း ခြေရာများကို တွေ့ရ၏။

အို့ယိဝမ်းတို့သည် ရေကန်ကို ပတ်ပတ်လည် ဝိုင်းထားပြီး အကဲခတ်ကြည့်ရှုလေသည်။

ဝေဘွန်စိမ်းသည် စက်ယန္တရားနှင့် ပတ်သက်လျှင် နားလည် ကျွမ်းကျင်သူဖြစ်သည်။ သူက ရေကန်ကိုကြည့်ရင်း တွေးကာ သက် ပြင်းချ၍ ပြောလေသည်။

"ဒီလူတွေဟာ ဟောဟိုတွင်းပေါက်ကနေ ထွက်လာကြပြီး ဒီရေကန်ထဲကို ဆင်းသွားကြတာ ဖြစ်နိုင်တယ် .... "

"ရေကန်အောက်မှာ လျှို့ဝှက်ပေါက် တစ်ပေါက်ရှိနေဦးမယ် လို့ ထင်တယ် .... "

အို့ယိဝမ်းက မေးလိုက်သည်။ မေးသာ မေးလိုက်မိသည်။ သူကလည်း ယင်းသို့ အလားတူပင် တွေးထင်မိပြီး ဖြစ်သည်။

"ဟုတ်တယ် အစ်ကိုကြီး .... နေဦး ကျွန်တော်ကြည့်လိုက်ဦး မယ် .... "

ဝေဘွန်စိမ်းသည် ရေကန်ပတ်ပတ်လည်ကို တစ်ပတ်လျှောက်ကာ ကန်အတွင်းသို့ကြည့်၏။

သည့်နောက် ကန်ဘေးတစ်နေရာ၌ သစ်ပင်အောက်တွင် ရပ်တန့်လိုက်လေသည်။ ထိုသစ်ပင်မှာ ရေကန်ဘေးတွင် ရှိပြီးအကိုင်းအခက်အချို့မှာ ရေကန်အတွင်းသို့ ငိုက်ကျနေ၏။

ဝေဘွန်စိမ်းက သစ်ပင်၏ ပင်စည်ရှိ အကိုင်းတက်ခုကဲ့သို့ ထိုးထွက်နေသည့် သစ်ကိုင်းကို အသာကိုင်ကြည့်လိုက်သည်။

အိုယိဝမ်းဘက်သို့လှည့်ကြည့်ကာ ပြုံးပြီးပြောလိုက်၏။

"အစ်ကိုကြီး ဟောဒီမှာ တွေ့ပြီ .... ဒီသစ်ကိုင်းဟာ ရေကန်အောက်က ဝင်ထွက်ပေါက်ကို ထိန်းတဲ့ခလုတ်ဖြစ်ရမယ် .... "

အိုယိဝမ်းနှင့် အဖွဲ့သားများကလည်း တအံ့တဩနှင့် ကြည့်ကြလေသည်။

သေချာစွာ ကြည့်ကြမှ ထိုသစ်ပင်တွင် ထိုးထွက်နေသည့် သစ်ကိုင်းသည် မာကျောသည့်ကျောက်သားဖြင့် သစ်သားပုံသဏ္ဌာန် ပြုလုပ်ထားခြင်းဖြစ်လေသည်။

ပြောင်ချောမနေအောင် သစ်ခေါက်များကဲ့သို့ ကွင်းထားလေသည်။ သစ်ပင်အရောင်နှင့် တူညီသော်လည်း ညစ်ပုပ်ပုပ်ဆေးများ၊ နွံများလိမ်းထားလေသည်။

"အင်း .... တကယ့်ကို ပါးနပ်တဲ့ လူတွေပါလား .... ဒီဝေ့ဂေဟာဟာ သူတို့ရဲ့လျှို့ဝှက်နေရာတစ်ခုဆိုတာ သေချာနေပြီ .... "

အိုယိဝမ်းက ရေရွတ်ပြောဆိုလိုက်လေသည်။



"ဒီလူတွေကို အားလုံးမိအောင် ကျွန်တော့်ကို ဖမ်းမယ် .... သူတို့ ညဏ်လောက်တော့ ကျွန်တော်တို့ကို မဖုံးကွယ်နိုင်ပါဘူး"

ယင်တာ့လူက စိတ်အားထက်သန်စွာဖြင့် ဝင်ပြောလိုက်လေသည်။

ဝေဘွန်စိမ်းက ....

"ကျွန်တော် ခလုတ်ကို ဆွဲကြည့်မယ် .... ကျွန်တော့်အထင်ပြောရရင် ရေကန်အောက်မှာ ဒီရေပြင်ပေါ်ကို အတက်အဆင်းပြုလုပ်နိုင်တဲ့ သဘောစီစဉ်ထားတာ ဖြစ်လိမ့်မယ် .... အစ်ကိုကြီးတို့ စောင့်ကြည့်နေပါ .... "

ဝေဘွန်စိမ်းသည် ထိုသစ်ကိုင်းကို ဖိဆွဲချလိုက်ရာ တကယ်ပဲခလုတ်တစ်ခုကဲ့သို့ ကျွီခနဲ အသံမြည်ကာ ရွေ့လျားကျသွားတော့သည်။

ထိုရေကန်၏ ရေပြင်သည် ဆူပွက်ထသကဲ့သို့ ဖြစ်လာ ကြောင်း အားလုံးတအံ့တဩ တွေ့ကြရလေသည်။

မကြာပါ။ ရေကန်အလယ်မှ အရောင်နက်ပြောင်သည့် သေတ္တာကြီးတစ်လုံးကဲ့သို့ အရာကြီး အပေါ်သို့တက်၍လာသည်ကို တွေ့ကြရလေသည်။

ထိုသေတ္တာကြီးကဲ့သို့သော အရာသည် ရေကန်အလယ်တွင် ရပ်တန့်သွားလေသည်။

"ဘယ်လိုလဲ .... ဒါကြီးက ဘာမှလဲ မထူးခြားပါလား .... "

အိုယိဝမ်းက တအံ့တဩနှင့် ပြောလိုက်လေသည်။

ဝေဘွန်စိမ်းသည် ရေကန်အလယ်တွင် ပေါ်လာသော သေတ္တာ

ကြီးကို လှမ်းကြည့် အကဲခတ်လိုက်သည်။

"ကျွန်တော် သွားကြည့်လိုက်မယ် အစ်ကိုကြီး .... "

ဝေဘွန်စိမ်း ရေကန်အစပ်မှ နောက်သို့ ဆုတ်လိုက်ပြီး တစ်ဟုန်ထိုး ပြေး၍ ခုန်လွှားလိုက်ရာ ထိုသေတ္တာကြီးပေါ်သို့ ရောက်ရှိသွားလေသည်။

ဝေဘွန်စိမ်းသည် ဤတွင်မှ သူသက်ရောက်မိနေသော သေတ္တာကြီးသည် သံပြားများဖြင့် ပြုလုပ်ထားကြောင်း တွေ့ရလေသည်။ တီးခေါက်ကြည့်ရာတွင် အတွင်းမှ လိုဏ်သံထွက်ပေါ်လာသည်။

အလယ်တွင် တံခါးပေါက်ကဲ့သို့ တွေ့ရသဖြင့် ဆွဲဖွင့်ကြည့်ရာ အတွင်းတွင် မှောင်မည်းမည်းသာ မတွေ့မြင်ရလေသည်။

အောက်သို့ ဆင်းရန် သံလှေကားကိုလည်း တွေ့မြင်ရလေသည်။ ဝေဘွန်စိမ်းက အိုယိဝမ်းကို လက်ယပ်ပြီး လှမ်းခေါ်လိုက်၏။

အိုယိဝမ်းနှင့် ထင်လျှန်ကူးတို့ နှစ်ယောက် ခုန်လွှားရောက်ရှိလာသည်။ တံခါးပေါက်ကို မြင်သဖြင့် အိုယိဝမ်းမှာ သဘောပေါက်ရတော့သည်။

"ဩော် .... ဒီလိုကိုး .... ကျုပ်တို့ ဆင်းကြမယ် .... အဖွဲ့သားတွေကိုလည်း ခေါ်လိုက်ပါ .... "

အိုယိဝမ်းနှင့် ထင်လျှန်ကူးတို့ သံလှေကားမှ ဦးဆုံးဆင်းသွားလေသည်။ သူတို့သည် သံပိုက်လုံးကြီးတစ်ခုအတွင်း အောက်သို့ ဆင်းသက်ရသည်နှင့် တူလေသည်။



အောက်ခြေမှာ ပေသုံးဆယ်ခန့်နက်၍ အောက်သို့ရောက်လျှင် ပိန်းပိတ်အောင် မှောင်မည်း၍ နေလေသည်။

အိုယိဝမ်းသည် ထင်လျှန်ကူးထံသို့ မီးတိုင်ကို တောင်းယူလိုက်ပြီး မီးထွန်းညှိလိုက်၏။ ထိုအခါ အလင်းရောင်ကြောင့် ကျောက်ခန်းဆောင်တစ်ဆောင်ဖြစ်ကြောင်း တွေ့ရ၏။

ပတ်ပတ်လည်တွင် အုတ်နံရံများဖြင့် အခိုင်အခံ့ ဆောက်လုပ်ထားလေသည်။

ဝေဘွန်စိမ်း၊ ချူမေးတို့ ရှေ့ဆင့်နောက်ဆင့်ဆိုသလို အောက်သို့ ဆင်းသက်သွားကြလေ၏။ သည့်နောက် ချူင်းရှုံနှင့် အဖွဲ့သားများ ဆက်လက်ဆင်းသက်လာကြသည်။

ဤတွင် ကျောက်နံရံပြင်ပေါ် လေးဘက်လေးတန်တွင် ဥမင်ဝင်ပေါက်များရှိကြောင်း တွေ့ရ၏။

အိုယိဝမ်းက ....

"ဘေးဘက်လေးတန်လုံး ဥမင်လမ်းတွေချည်းပဲလို့ ထင်တယ်ဗျ ဒီတော့ ဒီလိုလုပ် .... ဥမင်ဝင်ပေါက် သုံးပေါက်ကို အဖွဲ့သားတွေက မဝင်ဘဲ စောင့်နေရစ် .... ကျုပ်နဲ့ ဝေဘွန်စိမ်း လမ်းတစ်လမ်းကနေ အရင်ဝင်ကြည့်မယ် .... ထွက်ပေါက်မဟုတ်ရင် ပြန်ထွက်လာပြီး နောက်တစ်လမ်းဝင်မယ် .... "

အိုယိဝမ်းတို့ ရေကန်အောက်ခြေ၌ လျှို့ဝှက်ဥမင်လိုဏ်ခန်းထဲသို့ ရောက်နေစဉ် လန်ကျိုးမြို့တွင်း တစ်နေရာတွင် ....

◈◈◈◈◈

**၁၀၈။**

---

ထန်ဟိုဟွားလေး၏ မျက်လုံးအစုံမှာ ပွင့်လာလေသည်။ အကြောပိတ်ထားသော်လည်း အချိန်စေ့၍ ပြန်လည်ပြယ်သွားပြီဖြစ်သည်။

သူမ အိပ်ရာမှ နိုးသောအချိန်သည် မိုးစင်စင်လင်းနေပြီဖြစ်သည်။

ထန်ဟိုဟွား လှမ်းကြည့်ရာတွင် ထင်လျှန်ကူးကို မတွေ့မြင်ရဘဲ ရှိ၏။ သို့ဖြင့် ခုတင်မှ အသာအယာဆင်းသက်လိုက်ပြီး အခန်းပြင်သို့ ထွက်ခဲ့ရာ အခန်းပေါက်ဝတွင် ခုံတစ်လုံးနှင့် ကိုင်နေသည့် လူရွယ်တစ်ယောက်ကို ဘွားခနဲ တွေ့မြင်ရလေသည်။

ထိုလူရွယ်သည် ထန်ဟိုဟွားထွက်လာသည်ကို မြင်လျှင် ကမန်းကတန်း ထိုင်ရာမှထပြီး လှမ်းပြောလိုက်၏။



"ဪ .... မင်း နိုးလာပြီလား .... "

ထိုလူရွယ်ကို ထန်ဟိုဟွား သိလေသည်။ လေပွေမုန်တိုင်းအဖွဲ့သား ကွမ်းတိတ်ရှန်ဖြစ်လေသည်။

ကွမ်းတိတ်ရှန်သည် အစားကြီးသူဖြစ်သည်။ တစ်ထိုင်တည်းနှင့် ပေါက်စီသုံးဆယ့်ငါးလုံးကို စားနိုင်သည်။

ထို့ကြောင့် သူ့ကို ဘွဲ့နာမည်ပေးကြသည်။ အစားပုပ်ကွမ်းတိတ်ရှန်ဟူ၍ နောက်ပြောင်ခေါ်ဝေါ်ကြသည်။

ကွမ်းတိတ်ရှန်သည် စိတ်ကောင်းနှလုံးကောင်းရှိသူဖြစ်သည်။ ထန်ဟိုဟွားကလေးကိုလည်း ခင်မင်လေသည်။ ထန်ဟိုဟွားကလေးကလည်း ကွမ်းတိတ်ရှန်အပေါ် ခင်မင်မိသည်မှာ အမှန်ပင် ဖြစ်လေသည်။

"ဦးဦးကွမ်း .... ဒီမှာ ဦးဦးကွမ်း တစ်ယောက်တည်းလား.... တခြားလူတွေ မတွေ့ပါလား.... "

ထန်ဟိုဟွားကလေးက ဟိုဟိုဒီဒီ လှည့်ပတ်၍ မေးမြန်းလိုက်လေသည်။ ကွမ်းတိတ်ရှန်က ရယ်မောလျက်....

"ဟုတ်တယ် .... အစ်ကိုကြီးတို့ အားလုံး မြို့ထဲကို သွားကြတယ်.... မင်းကိုလည်း မှာသွားတယ်.... အိပ်ရာကနိုးရင် ဘယ်မှ လျှောက်မသွားပါနဲ့တဲ့.... အစ်ကိုကြီးတို့ကို ထိုင်စောင့်နေပါတဲ့"

"သူတို့ ဘာကိစ္စနဲ့ အကုန်လုံး သွားကြတာလဲ.... သွားတာ ဘယ်လောက် ကြာပြီလဲဟင်.... ကျွန်မကိုလည်း ခေါ်မသွားဘူး"

ထန်ဟိုဟွားက နှုတ်ခမ်းစူပြီး ပြောသည်။ ကွမ်းတိတ်ရှန်က

ပြီးလျှက်....

"ညက ထွက်သွားကြတာပဲ.... အခုဆိုရင် သူတို့အားလုံး ပြန်လာကုန်ပြီ.... "

"ဦးဦးတို့က မကောင်းဘူး.... ကျွန်မကို အိပ်နိုင်းပြီး သွားတယ်.... "

ပြောပြောဆိုဆိုနှင့် ထန်ဟိုဟွားကလေးသည် ကွမ်းတိတ်ရှန် ရှေ့မှ အပြင်သို့ ထွက်သွားရန် ခြေလှမ်းပြင်လိုက်၏။

"ဟိုဟွာ.... မင်း ဘယ်သွားမလို့လဲ.... "

ကွမ်းတိတ်ရှန်က မေးလိုက်ပြီး ထန်ဟိုဟွားရှေ့မှ တားဆီးပိတ်ရပ်လိုက်၏။ ထန်ဟိုဟွားကလေးက နှုတ်ခမ်းစူပြီး....

"ကျွန်မကို ဒီအခန်းထဲမှာပဲ ပိတ်ထားမှာလား.... ကျွန်မပျင်းလို့ သေရချည်ရဲ့.... ကျွန်မ အပြင်ကိုသွားပြီး ကျောင်းဝင်းတစ်ပတ်လျှောက်ကြည့်လိုက်ဦးမယ်.... ဦးဦးတို့ကို အပြင်မှာပဲ စောင့်နေမယ်"

"မထွက်ပါနဲ့ ဟိုဟွား .... အစ်ကိုကြီးက မှာထားတယ် .... အခန်းထဲမှာပဲ နေပါတဲ့ .... "

ထန်ဟိုဟွားက မျက်နှာညှိုပုတ်၍ သွားလေသည်။

"အို .... အပြင်မှာ သွားစောင့်တော့ ဘာဖြစ်လဲ .... ကျွန်မက အကျဉ်းသားတစ်ယောက်မှ မဟုတ်တာ .... ဦးဦးတို့ဆိုရင် ဒီလိုတားမြစ်မှာ မဟုတ်ဘူး .... ကျွန်မအလိုကို အမြဲလိုက်တယ် သိလား"

"အို .... တူမလေးကလည်းကွယ် .... အခန်းထဲမှာ ထိုင်နေဖို့ အစ်ကိုကြီးက မှာသွားတာ မဟုတ်လား .... အစ်ကိုကြီးစကားကို



မင်းနားထောင်ဖို့ ကောင်းတာပေါ့ .... ဦးကလည်း အစ်ကိုကြီးက မှာလို့ မင်းကို တားရတာပဲ .... နို့မဟုတ်ရင် ဘယ်တားချင်ပါ့မလဲ"

ကွမ်းတိတ်ရှန်က ပြောလိုက်လျှင် ထန်ဟိုဟွား၏ မျက်နှာလေးသည် တင်းမာသွားပြီး ....

"တကယ်လို့ ကျွန်မ ခွတ်ထွက်သွားရင်ရော ဦးဦးကွမ်းက ကျွန်မကို ဘယ်နှယ့်လုပ်မလဲ .... "

ကွမ်းတိတ်ရှန်က ....

"လိမ္မာပါတယ် တူမလေးရယ် .... အခန်းထဲမှာပဲ နေပါနော် ဦးဦးကွမ်းကြီးနဲ့ လိုက်ခဲ့ .... စားဖိုဘက်မှာ ချက်ပြုတ်ထားတာတွေ မင်းကို ဦးဦးကွမ်း ကျွေးမယ် .... "

သို့သော် ထန်ဟိုဟွားက ခေါင်းကိုခါယမ်းလိုက်ပြီး ငြင်းနေ၏။

"ကျွန်မ ဘာမှမစားချင်ဘူး .... အပြင်ပဲ ထွက်ချင်တယ်"

ကွမ်းတိတ်ရှန်မှာ ခေါင်းကုတ်မိတော့၏။

"ခက်တာပဲ .... မင်းကို အပြင်ပေးထွက်ရင် ငါ့ကို အစ်ကိုကြီးက အပြစ်ပေးလိမ့်မယ် .... "

"ဩော် ဟုတ်လား .... ကျွန်မအပြင်ထွက်ရင် .... ဦးဦးတို့က ရှင့်ကို ဆူမယ် .... ဘာဖြစ်လို့ ဆူမှာလဲ .... "

ကွမ်းတိတ်ရှန်က ခေါင်းယမ်းလိုက်ပြီး ....

"ဘာဖြစ်လို့ ဆူမယ်ဆို မင်းမတွေးတတ်ဘူးလား .... တို့အဖွဲ့ဟာ ပေးအပ်တဲ့တာဝန်ကို မလွှဲမသွေ ထမ်းဆောင်ရတယ်ကွယ့် ....

ဒီနေရာမှ ဒီလိုလုပ်ဆိုရင် အစ်ကိုကြီးပေးထားတဲ့ အမိန့် .... အစ်ကိုကြီးစကားကို တိတိကျကျ လိုက်နာရတယ် .... အသေးအမွှားကိစ္စဖြစ်ပါစေ .... မပေါ့လျော့ရဘူး .... နောက်ပြီး မနေ့ညက အစ်ကိုကြီးတို့တစ်တွေ အရေးတကြီးထွက်သွားတာ .... စာထဲမှာ ဘာအကြောင်းများ အရေးတကြီးရေးထားလို့လဲ မသိဘူး .... မင်းအပြင်ထွက်သွားရင် အန္တရာယ်တွေ့မှာစိုးလို့ ငါ့ကို ဂရုစိုက်ပြီး မင်းနဲ့ အဖော်ပြုနိုင်းထားတာ ဖြစ်လိမ့်မယ် .... "

ထန်ဟိုဟွားမှာ စိတ်ဝင်စားသွားသည်။

"စာ ဟုတ်လား .... ဘယ်လိုစာများလဲ မသိဘူး .... "

ကွမ်းတိတ်ရှန်မှာ ကမန်းကတန်း ပြန်ပြင်ပြောရ၏။

"စာလို့တော့ ထင်တာပဲ .... ကျောက်ခဲနဲ့ လုံးပတ်ပြီး ပစ်လိုက်တာပဲ .... ဘာရေးထားလဲဆိုတာတော့ အစ်ကိုကြီးတို့ပဲ သိတယ်"

ထန်ဟိုဟွားကလေးက ပခုံးတစ်ချက်တွန့်ပြလိုက်ပြီး ....

"ဦးဦးကွမ်းက လျှို့ဝှက်ပြီး ပြောနေတာ .... မနေ့ညက ဦးဦးကွမ်းတို့ ဘာတွေပြောဆိုနေကြသလဲဆိုတာ .... ကျွန်မ မသိဘူးများ မှတ်နေသလား ကျွန်မအားလုံးကြားတယ် .... "

"ဟင် .... မင်းကြားတယ် .... မင်း ဘာတွေသိလဲ .... "

ကွမ်းတိတ်ရှန်မှာ ထန်ဟိုဟွားကို စူးစိုက်ကြည့်ပြီး မျက်လုံးအပြူးသားနှင့် မေးမိတော့သည်။

ထန်ဟိုဟွားက ပြုံး၍ ....

"ကျွန်မ မေးတာကို အရင်ဖြေပါဦး .... ဦးဦးတို့ ဘယ်နေရာ



ကို သွားကြတာလဲ .... ဦးဦးကွမ်းပြောပြရင် ကျွန်မ ဦးဦးကို ပြောစရာစကားတွေ အများကြီးရှိတယ် .... "

ကွမ်းတိတ်ရှန်က ပြောသင့် မပြောသင့် စဉ်းစားလိုက်ပြီးမှ နောက်ဆုံးတွင် စကားတစ်ခု ရှာပြောလိုက်သည်။

"အစ်ကိုကြီးတို့ လို့ရုံရှမ်းဆိုတဲ့ တို့ရဲ့အဖွဲ့သား အမှတ်သုံးကို သွားရှာတာပဲ .... နောက်ပြီး ထုံလင်းထန် ဆေးခန်းကို သွားပြီး လူဆိုးဖမ်းကြဦးမယ်တဲ့ .... "

"ထုံလင်းထန်ဆေးခန်းသွားပြီး လူဆိုးဖမ်းကြမယ် ဟုတ်လား ထုံလင်းထန်ဆေးခန်းမှာ ဘယ်လူဆိုးရှိလို့လဲ .... ဦးဦးတို့ကလည်း အလကား အပင်ပန်းခံပြီး သွားကြတယ် .... မနေ့ကပဲ သူတို့ အဲဒီကနေ ပြန်လာကြတယ် မဟုတ်လား .... "

"ဟုတ်တယ် .... မနေ့က အစ်ကိုကြီးတို့ သွားကြတာ ဘာမှထူးခြားမှု မတွေ့ခဲ့ဘူး .... ညက ပြန်လာတော့ တို့ဆီကို ကျောက်ခဲနဲ့ပတ်ပြီး ပေးလိုက်တဲ့ စာတစ်စောင်ရောက်လာတယ် .... ဘယ်သူပစ်သွားသလဲဆိုတာ မတွေ့လိုက်ဘူး .... စာထဲမှာရေးထားတာက ထုံလင်းထန်ဆေးခန်းထဲမှာ လျှို့ဝှက်ဥမင်ပေါက်ရှိတယ်တဲ့ .... လူဆိုးဟာ မြေအောက် ဥမင်ခန်းထဲမှာ ပုန်းနေတယ်ဆိုပဲ ဒါကိုစုံစမ်းချင်လို့ အစ်ကိုကြီးတို့ ထပ်လိုက်သွားကြတာ .... "

ထန်ဟိုဟွားက စူးစိုက်နားထောင်ရင်း ....

"အဲဒီစာကို ပတ်ပြီးပစ်လိုက်တဲ့ ခဲလုံးက ဘယ်လောက်ကြီးသလဲ .... လောက်စာလုံး အရွယ်လောက်ပဲ ရှိတယ် မဟုတ်လား"

ဤတွင် ကွမ်းတိတ်ရှန်က အံ့အားသင့်သွားပြီး ....

"ဟင် .... မင်း ဘယ့်နှယ့်လုပ် သိသလဲ .... "

ထန်ဟိုဟွားက ရယ်မောကာ ....

"သိတာပေါ့ .... စာထဲမှာလည်း ကျွန်မ မကောင်းကြောင်းတွေကို ရေးထားသေးတယ် မဟုတ်လား .... ဒါကြောင့် ဦးဦးက ဦးဦးကွမ်းကို စောင့်ကြည့်ခိုင်းတာပဲ .... "

ကွမ်းတိတ်ရှန်မှာ ပါးစပ်အဟောင်းသားဖြစ်နေလေသည်။ ထန်ဟိုဟွားက ဆက်ပြော၏။

"တကယ်တော့ ဒီစာကို လေးကိုင်းနဲ့ ပစ်သွင်းလိုက်တဲ့လူကို ကျွန်မသိတယ် ....အဲဒီလူဟာ ကျွန်မအရွယ်လောက်ပဲ .... ယောကျ်ားကလေးတစ်ယောက်ပဲ .... အဲဒီယောကျ်ားကလေးဟာ ကောင်းတဲ့ကောင်းတဲ့ကောင်လေး မဟုတ်ဘူး .... ကျွန်မနဲ့ ဦးဦး အတူလာခဲ့ကြတုန်းက လမ်းမှာ အဲဒီကောင်လေးရဲ့ နှောင့်ယှက်မှုကို ခံခဲ့ရသေးတယ် တကယ်တော့ ဦးဦးကြီးက ကျွန်မကို မသင်္ကာလို့ စောင့်နေခိုင်းတာ မဟုတ်ပါဘူး .... ကျွန်မကို အဲဒီကောင်လေး အန္တရာယ်လာပေးမှာစိုးလို့ ဦးဦးကွမ်းကို စောင့်ကြည့်ခိုင်းတာပဲ .... "

ကွမ်းတိတ်ရှန်သည် ထန်ဟိုဟွားပြောသည့်စကား ဖြစ်နိုင်သည်ဟု ထင်လိုက်၏။ ထို့ကြောင့် ခေါင်းကို ညိတ်ပြလိုက်သည်။

ထန်ဟိုဟွားက မျက်လုံးကလေး ကလယ်ကလယ်ဖြင့် စဉ်းစားလိုက်ပြီး အကြံတစ်ခုရသွားကာ ....

"ဦးဦးပြန်လာရင် ကျွန်မ တိုင်မှာပဲ .... ကျွန်မကို တရားခံတစ်ယောက်လို အခန်းဝမှာ ပိတ်ပြီး စောင့်နေတယ်လို့ .... ကျွန်မက အပြင်ထွက်ပြီး စောင့်ဖို့ပြောတာကို မပေးထွက်ဘူးလို့ .... ကျွန်မကို နှိပ်စက်တယ်လို့ တိုင်မှာပဲ .... "

ထန်ဟိုဟွားကလေးက ထိုသို့ ပြောလိုက်သဖြင့် ကွမ်းတိတ်ရှန်မှာ ထိတ်ထိတ်ပြာပြာ ဖြစ်သွားရလေသည်။

"ဟိုဟွား .... မင်း အဲဒီလို ကျုပ်အပြစ်ရအောင် အရမ်းမပြောနဲ့လေ .... "

"မတိုင်စေချင်ရင် ကျွန်မကို အပြင်ထွက်ခွင့် ပေးရမယ် .... ရှင်းရှင်းပြောရရင် ကျွန်မ အပေါ့အပါး သွားချင်တယ် .... "

အပေါ့အပါးသွားလိုသည်ဟု ဆိုသဖြင့်လည်း ကွမ်းတိတ်ရှန်မှာ ထန်ဟိုဟွားကလေးကို မလွှတ်ရင် မဖြစ်တော့ပါ။ ထို့ကြောင့် ထွက်ခွင့်ပြုလိုက်ရသည်။

သို့ဖြင့် ထန်ဟိုဟွားကလေးက ရှေ့မှထွက်သွားပြီး ကွမ်းတိတ်ရှန်က နောက်မှ လိုက်ခဲ့ရလေသည်။

ထန်ဟိုဟွားသည် ဝါးရုံတောရှေ့ရောက်သည်အထိ လျှောက်သွားလေသည်။ ကွမ်းတိတ်ရှန်ကလည်း နောက်မှ တကောက်ကောက် လိုက်ပါလာခဲ့သည်။

"ကဲ .... ဦးဦး .... အဲဒီမှာပဲ နေခဲ့လေ .... ကျွန်မ ဝါးရုံတောထဲကို ဝင်ရမယ် .... "

"မင်း တကယ်အပေါ့အပါးသွားမှာ ဟုတ်ရဲ့လား .... "

"အို .... တကယ် ဟုတ် မဟုတ် .... ဦးဦးက လိုက်ကြည့်မလို့

လား .... "

"ဟာ .... ဒီလိုမဟုတ်ပါဘူး .... ဒီလို မဟုတ်ပါဘူး .... "

ထန်ဟိုဟွားမှာ မိန်းကလေးတစ်ယောက်ဖြစ်နေသည့်အတွက် ကွမ်းတိတ်ရှန် လိုက်ကြည့်၍ မဖြစ်ပါချေ။

"ကဲ .... ဒီမှာ စောင့်နေ .... ကျွန်မ ချက်ချင်းပြန်လာမယ်"

ထန်ဟိုဟွားသည် ဝါးရုံတောထဲသို့ ဝင်ပြေးသွားလေသည်။ ဤသည်မှာ ထန်ဟိုဟွား၏လှည့်ကွက်ကို ကွမ်းတိတ်ရှန် မိသွားခြင်း ဖြစ်သည်။

အတန်ကြာသည်အထိ စောင့်ဆိုင်းနေရာ ထန်ဟိုဟွားကလေး ပြန်ထွက်မလာဘဲ ရှိ၏။

ကွမ်းတိတ်ရှန်မှာ ဝါးရုံတောအုပ်အတွင်းသို့ ဝင်ရှာရန်မှာလည်း အခက်ဖြစ်နေလေသည်။

သို့ဖြင့် လေးငါးခြောက်ခွန်းမျှ အော်ခေါ်ကြည့်လေသည်။ သို့သော် ထန်ဟိုဟွား၏ ပြန်ထူးသံကား လုံးဝမကြားရဘဲ ဖြစ်နေသည်။

ကွမ်းတိတ်ရှန်မှာ လွန်မင်းစွာ ထိတ်လန့်သွားပြီး ဝါးရုံတောထဲသို့ ပြေးဝင်ခဲ့တော့သည်။ သူက ထန်ဟိုဟွားကလေး ဝင်သွားရာဆီသို့ ဝင်ရောက်ရှာဖွေခြင်းဖြစ်သည်။

ကွမ်းတိတ်ရှန်မှာ ဝါးရုံတောအတွင်း အနှံ့အပြား ရှာဖွေသော်လည်း ထန်ဟိုဟွားကလေး၏ အရိပ်အယောင်ကို လုံးဝမတွေ့ရတော့ဘဲ ရှိ၏။

ထန်ဟိုဟွားကလေး၏ ဆင်ကွက်ကို မိပြီဟု ကွမ်းတိတ်ရှန်



...လျှင် အကြီးအကျယ် ထိတ်လန့်နေမိ၏။

ထိုစဉ် သူ့နောက်မှ ရွှတ်ခနဲ အသံကြားလိုက်သဖြင့် လှည့်...လိုက်ရာ ထန်ဟိုဟွားကလေးကို တွေ့လိုက်ရသည်။ သို့သော် ...တစ်လုံးက သူ့မျက်နှာပေါ်သို့ အရှိန်ပြင်းစွာ ဖြတ်ကျသွား၏။

"ဗွပ် .... "

"အား .... "

ထန်ဟိုဟွားက သူ့နောက်တွင် ဝှက်ယူလာသည့် ဝါးလုံးဖြင့် ...ရိုက်လိုက်ခြင်း ဖြစ်တော့သည်။

မထင်မှတ်ဘဲ ခံလိုက်ရသောကြောင့် ကွမ်းတိတ်ရှန်မှာ မျက်...တွင်းမှ မီးပန်းမီးပွင့်များ ဖြာထွက်သွားသည့်အလား ဖြစ်သွား...မော်ဟာစ်လဲကျသွားပါတော့သည်။

ထန်ဟိုဟွာလေးသည် ဤတွင်မှ ဝါးလုံးကို ပစ်ချလိုက်ပြီး ...နှ လှည့်ကာပြေးတော့သည်။

◇◇◇◇◇

## ၁၀၉။

မိုးစင်စင်လင်းခဲ့ပြီးသည့်နောက်တွင် ထုံလင်းထန် ဆေးခန်း၏ ဝင်းတံခါးသည် ပိတ်ထားမြဲရှိသည်ကို တွေ့ရ၏။

ထန်ပိုဟွားမှာ ထုံလင်းဟန်ဆေးခန်း ဝင်းတံခါးရှေ့သို့ တစ်ယောက်တည်း ရောက်ရှိလာခဲ့လေသည်။

ထန်ပိုဟွားကလေး ယခုလို ထွက်ပြေးလာခြင်းမှာ သူ့အား စောင့်ရှောက်နိုင်သည့်လူအား တွေ့ဆုံပြီး အစီရင်ခံရန် လုံးဝမဟုတ်ပေ။ အိုယိဝမ်းကို ရှာဖွေတွေ့ဆုံပြီး လိုအပ်သော အကူအညီကိုပေးရန်ပင် ဖြစ်တော့သည်။

ထန်ပိုဟွာကလေးမှာ အိုယိဝမ်းကို လုပ်ကြံသတ်ဖြတ်ရန် အကြိမ်ကြိမ် ကြံစည်ခဲ့သည်မှာ မှန်၏။ ယခုတော့မူ သူမသည် အိုယိဝမ်းအတွက် စိုးရိမ်စိတ်ဖြစ်နေရပြီ ဖြစ်၏။

တကယ်တော့ သူမလူမှန်း သိကတည်းက မည်သူမှ သူ့ကို



အိုယိဝမ်းကဲ့သို့ ကြင်နာစွာ ဂရုစိုက်ခဲ့ခြင်း မခံရဖူးချေ။ ထို့အတူ သူမကလည်း မည်သူ့ကိုမှ ခင်မင်စိတ် မရှိခဲ့ဖူးချေ။ သူမစိတ်ထားတွေ ပြောင်းလဲခဲ့ရပြီ ဖြစ်သည်။

အစကနဦးကဆိုလျှင် သူမတစ်ခုပဲ သဘောပေါက် နားလည်ခဲ့သည်။

လူ့လောကတွင် လူသားအချင်းချင်း သတ်ဖြတ်မှုတွေ၊လုညှိစားမှုတွေဖြင့်သာ ပြီးနေသည်။ ကိုယ်ကောင်းစားဖို့၊ ကိုယ့်အသက် ရှင်ဖို့ရန်မှာ သူတစ်ပါးကို သတ်ဖြတ်ရမည်။ လုယက်ရမည်ဟု နားလည်ခဲ့၏။

ဤသည်တို့မှာ မှားယွင်းကြောင်း အိုယိဝမ်းနှင့် တွေ့မှ သူမ သဘောပေါက်နားလည်ရလေသည်။

ထန်ပိုဟွား၏ အဖြစ်အပျက်များသည် အိုယိဝမ်းကို လှည့်စားခဲ့ခြင်းသာ ဖြစ်သည်။

အိမ်တွင်းဝယ် အသက်ခံရသော မိဘနှစ်ပါးနှင့် အဘွားဆိုသူမှာ တကယ်တော့ သူမနှင့် ဘာမှမပတ်သက်ခြင်းဖြစ်ပေသည်။ သူစိမ်းများသာ ဖြစ်ကြလေသည်။ အိုယိဝမ်းကို ချဉ်းကပ်လိုသဖြင့်သာ ငိုယို ဟန်ဆောင်ခဲ့ခြင်းသာဖြစ်သည်။

ဤကုန်ဆုံးလွန်မြောက်ခဲ့သော ဆယ်နှစ်အတွင်း သူမသည် ကြင်နာယုယမှုဆိုသည်ကို မခံစားရပေ။

သူမသည် လူမှန်းသိစက သူမအပေါ် ကြင်နာယုယခဲ့သော မိဘနှစ်ပါးကို ဝိုးတဝါးမှတ်မိနေသည်။

အိုယိဝမ်းသည် သူမနှင့် ဘာမှ မပတ်သက်သည့် သူစိမ်းတစ်ဦးသာဖြစ်သည်။ သို့သော် နေ့ရက်များ ကုန်ဆုံးခဲ့သည်နှင့်အမျှ အိုယိဝမ်း၏ ကြင်နာစွာ ဆက်ဆံခဲ့မှုများက သူမအဖို့ အိုယိဝမ်းအပေါ် ချစ်ခင်အားကိုးလိုစိတ်များ ပေါက်ဖွားလာခဲ့ရလေသည်။

ထန်ဟိုဟွားမှာ စိတ်ပြောင်းသွားခဲ့လေပြီ။

ထန်ဟိုဟွားလေးသည် အိုယိဝမ်းဘက်လိုက်၍ ကူညီမှုပြုတော့မည်ဟု စိတ်ဆုံးဖြတ်လိုက်ပြီဖြစ်၏။

◈

ထန်ဟိုဟွားသည် ထုံလင်းထန် ဆေးခန်းအတွင်းသို့ ရောက်ရှိနေခဲ့ပြီ။ သူမက ချောင်လို့ဝမ်း၏ အိပ်ခန်းရှိရာသို့ တက်ရောက်လာခဲ့သည်။ တစ်အိမ်လုံး လူသူဟူ၍ တစ်ယောက်မျှမမြင်တွေ့ရပေ။

သူတို့သည် လျို့ဝှက်ဥမင်လမ်းမှ ထွက်ခွာသွားကြပြီဖြစ်ကြောင်း ထန်ဟိုဟွား တွေးမိတော့သည်။ ဤသို့ဆိုလျှင် ....

ဇေဂေဟာသို့ အမြန်ဆုံး လိုက်သွားလျှင် အိုယိဝမ်းတို့ကို တွေ့နိုင်သည်ဟုလည်း တွေးမိ၏။

ထန်ဟိုဟွား အခန်းတွင်းဝယ် ဟိုဟိုသည်သည် လှည့်ပတ်ကြည့်နေစဉ် အဝတ်ဗီရိုတစ်လုံးမှ တံခါးတစ်ချပ် ခပ်ဖြည်းဖြည်းပွင့်လာနေသည်။

ဤသည်ကို ထန်ဟိုဟွားမှာ လုံးဝမသိပေ။



အဝတ်ဗီရိုအတွင်းမှ ထွက်လာသူသည် ဗီရိုတံခါးကိုသာ ပြန်ပိတ်လိုက်မှ အသံက ပေါ်ထွက်လာသည်။ ထို့ကြောင့် ထန်ဟိုဟွားမှာ ထိတ်လန့်သွားပြီး ချာခနဲ လှည့်ကြည့်လိုက်သည်။

ထန်ဟိုဟွား တွေ့မြင်ရသူမှာ ယင်ချွန်းပင် ဖြစ်လေသည်။

ယင်ချွန်းသည် ထန်ဟိုဟွားကို စူးစိုက်၍ ကြည့်နေပေသည်။

"မင်း ဟိုဟွားမဟုတ်လား .... "

ယင်ချွန်းက မေးလိုက်သည်ကို ထန်ဟိုဟွားသည် ယင်ချွန်းကို သိသူဖြစ်သဖြင့် ....

"ဟုတ် .... ဟုတ်ကဲ့ .... ကျွန်တော် ဟိုဟွားပါ .... "

ထန်ဟိုဟွားက အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြန်ပြောလိုက်သည်။

"မင်းကို တာဝန်ပေးထားတယ် မဟုတ်လား .... "

ထန်ဟိုဟွားကို ယင်ချွန်းက စူးစူးစိုက်စိုက်ကြည့်၍ အကဲစတ်ရင်း မေးလိုက်လေ၏။

"ဟုတ်ကဲ့ .... "

"မင်း ဘာဖြစ်လို့ တစ်ယောက်တည်း ဒီကိုလာခဲ့ရတာလဲ"

ထန်ဟိုဟွားက ပါးနပ်စွာဖြင့် ပြန်ပြောလိုက်၏။ သူမက စဉ်းစားပြီးသားဖြစ်သည်။

"ဒီလိုပါ မမရယ် .... ကျွန်မကို သူတို့စစ်မြစ်သိသွားကြပြီး သူတို့ဟာ ကျွန်မကို ဖမ်းချုပ်ထားကြပြီး အရို့အဖွဲ့သားတွေက ဒီကိုရှာဖွေနှိမ်နင်းဖို့ ထွက်လာကြတယ် .... ဒီမနက် ကျွန်မဟာ ကျွန်မကို

စောင့်တဲ့လူကို လှည့်စားပြီး ထွက်ပြေးခဲ့ပါတယ် .... ကျွန်မ ဒီကို အရင်လာပြီး ကြည့်တာပါ .... သူတို့ ဒီကိုများ ရောက်ပြီးပြီလား မသိဘူး .... "

"အေး .... သူတို့ ဒီကိုရောက်ခဲ့ကြတယ် .... စောစောကတင်ပဲ ပြန်ထွက်သွားကြတာ .... "

ယင်ချွန်းက ပြောပြလိုက်၏။

"ဟာ .... သူတို့ သခင်ကြီးကို ရှာတွေ့သွားပလား မဆိုနိုင်ဘူး ဒုက္ခပါပဲ .... "

ဟိုပွားက စိုးရိမ်သော မျက်နှာနှင့် ပြောလိုက်၏။

ယင်ချွန်းက ရယ်မောလိုက်ပြီး ....

"ဟင်း .... ဟင်း .... ဟင်း .... ဟင်း .... တို့သခင်ကြီးကို လွယ်လွယ်နဲ့ သူတို့ရှာတွေ့နိုင်ပါ့မလား .... တို့သခင်ကြီးဟာ သူတို့ထက် ပါးတယ် .... နပ်တယ်လေ .... "

"သူတို့ ဥမင်လှို့ဏ်လမ်းကို တွေ့သွားကြပြီ မဟုတ်လား"

"အေး .... ဒါကလည်း သူတို့ကို တမင်တွေ့သွားအောင် လမ်းကြောင်းပြလိုက်တာပါ .... "

"ဟင် .... ဟုတ်လား .... သခင်ကြီးက ဘာဖြစ်လို့ လမ်းကြောင်းတွေ့အောင် ပြလိုက်တာလဲရှင် .... "

ယင်ချွန်းက ရယ်မောလိုက်သည်။ ထန်ဟိုပွားကလေးကို ကြည့်ကာ ....

"ဒီလိုလုပ်မှ သူတို့က တို့အားလုံး ထွက်ပြေးသွားကုန်ပြီလို့



ထင်ကြမှာပေါ့ .... တကယ်တော့ တို့က ထွက်မပြေးနိုင်ပါဘူး"

"ထွက်မပြေးပါဘူးသာ ဆိုတယ် .... လူတွေလည်း မရှိကြတော့ပါလား မမ .... "

ယင်ချွန်းက ရယ်မောလိုက်ပြီး ....

"ရှိပါတယ် .... မင်းဟာ တယ်အတာပဲကွယ် .... တို့အားလုံး ထွက်ပြေးရင် မမကို အခု မင်းတွေ့ပါ့မလား .... "

"အို ဟုတ်သားပဲ .... မမ ဟိုဗီရိုထဲက ထွက်လာတာနော်"

ယင်ချွန်းက လက်ကာပြလိုက်၏။ မပြောနှင့်ဟူသော သဘောပင် ဖြစ်သည်။

"မမ မင်းကိုမေးမယ် .... မင်း မြို့ထဲကနေ လာခဲ့တာလား"

"ဟုတ်ကဲ့ .... မမ"

"လမ်းမှာ အို့ယိဝမ်းတို့ကို မတွေ့ခဲ့ဘူးလား .... "

"ဟင့်အင်း .... မတွေ့ခဲ့ပါဘူး .... သူတို့ ညဦးကတည်းက ထွက်သွားကြတာပဲ .... ကျွန်မထွက်ပြေးတဲ့ အချိန်အထိ ပြန်ရောက်မလာကြသေးဘူး .... "

"မင်း .... ဒီထဲဝင်လာတော့ ဝင်းတံခါးဝမှာ လေပွေမုန်တိုင်းအဖွဲ့သားတွေ တစ်ယောက်မှ မတွေ့ခဲ့ဘူးလား .... မသင်္ကာစရာလူတွေကော မတွေ့ခဲ့ဘူးလား .... "

ထန်ဟိုပွားက ခေါင်းယမ်းလိုက်ပြီး ....

"လူတစ်ယောက်မှ မတွေ့ခဲ့ပါဘူးရှင် .... လမ်းတစ်လမ်းလုံး ရှင်းနေတာပါပဲ .... "

"မင်းသေသေချာချာ ကြည့်ခဲ့ရဲ့လား .... ဟိုပွားရဲ့ ....

"ဟုတ်ကဲ့ သေချာကြည့်ခဲ့ပြီးမှ သတိနဲ့ ဝင်ခဲ့တာပါ .... [illegible] ကြည့်တဲ့လူသာ တွေ့ရင် ကျွန်မ ဘယ်ဝင်လာခဲ့ပါ့မလဲ .... တခြား[illegible] ထွက်ပြေးမှာပေါ့ .... "

ယင်ချွန်းမှာ ကျေနပ်သွားဟန်နှင့် ရေရွတ်ပြောဆိုလေသည်[illegible]

"အင်း .... ကြည့်ရတာ သူတို့အားလုံး တို့ထောင်ချောက်[illegible] မိကုန်ပြီနဲ့ တူတယ် .... သူတို့အားလုံး ပန်းဥယျာဉ်ထဲမှာရှိတဲ့ [illegible] ကန်အောက်က ဥမင်လမ်းထဲမှာ ပိတ်မိပြီပေါ့ .... "

ထိုသို့ ပြောပြီး ယင်ချွန်းက နံရံရှိရာသို့ လျှောက်သွား[illegible] သည်။ နံရံတွင် ကြေးမုံတစ်ချပ်ချိတ်ဆွဲထား၏။

"ရာသီဥတုသာယာပါတယ် .... သခင်ကြီးကို မှာကြားလို[illegible] တယ်လို့ ပြောပေးပါရှင် .... "

ကြေးမုံမှန်ဘောင်တွင် ပန်းပွင့်ရုပ်များ အလှတပ်ဆင်ထ[illegible] လေသည်။ ပန်းပွင့်တစ်ပွင့်ထဲမှ အသံတစ်သံ ပေါ်ထွက်လာသည်[illegible] ကြားရလေသည်။

"အေး .... ငါကြားတယ် .... လီရှိုရဲ့နဲ့ ချူစန်းတို့ကို ခေါ်လို[illegible] ပါ ယင်ချွန်း .... ငါစကားပြောစရာရှိတယ် .... "

ပေါ်ထွက်လာသော အသံမှာ ယောကျ်ားတစ်ယောက်၏ အသ[illegible] ဖြစ်၏။

ထန်ဟိုပွားမှာ အံ့သြနေတော့သည်။ ကြေးမုံမှန်ထဲမှ စကာ[illegible] ပြောသံ ပေါ်ထွက်လာသဖြင့် အံ့သြခြင်းဖြစ်လေသည်။



သခင်ကြီးသည် တစ်ဖက်လျှို့ဝှက်ခန်းထဲတွင်ရှိကြောင်း ထန်ဟိုပွား သိရတော့သည်။ သို့ဆိုလျှင် လီရှိုရဲ့နှင့် ချူစန်းဆိုသူတို့သည် ဘယ်နေရာတွင် ပုန်းကွယ်နေကြလေသနည်းဟု ထန်ဟိုပွား က တွေးနေသည်။

ယင်ချွန်းသည် ပြတင်းပေါက်တံခါးရှိရာသို့ လျှောက်သွားပြီး ပိတ်ထားသော တံခါးကို အသာတွန်းဖွင့်လိုက်သည်။

ပြတင်းရှေ့တွင်ရပ်ကာ လက်ခုပ်သုံးချက်တီးခတ်လိုက်သည်။

ထိုအခါ ဝင်းထဲသို့ လူနှစ်ယောက်ပေါ်ထွက်လာကြသည်။ ပြတင်းပေါက်ရှေ့တွင် လာရပ်လေသည်။

ယင်ချွန်းက ထိုလူနှစ်ယောက်ကို ငုံ့ကြည့်ကာ လှမ်းပြောလိုက်သည်။

"သခင်ကြီးက မှာလိုက်ပါတယ် .... ဆရာကြီးလီရှိုရဲ့နဲ့ ချူးစန်းတို့ကို လာခဲ့ပါလို့ ပြောလိုက်ပါ .... "

မကြာမီ လူနှစ်ယောက် အခန်းထဲသို့ ဝင်လာကြသည်။ ခါးကုန်းကြီးလီရှိုရဲ့နှင့် မျက်နှာတွင် ဓားခုတ်ရာ အမာရွတ်နှင့်လူပင် ဖြစ်တော့သည်။

သူတို့သည် အဆောင်ခေါင်မိုးပေါ်တွင် ပုန်းကွယ်နေကြခြင်း ဖြစ်၏။ ထန်ဟိုပွားသည် သခင်ကြီးက အဘယ်ကြောင့် အိုယိဝမ်းတို့ကို လျှို့ဝှက်ဥမင်ပေါက်များ တွေ့အောင် ဖန်တီးပေးခဲ့ကြောင်း သဘောပေါက်သွားတော့သည်။

တကယ်တော့ အိုယိဝမ်းတို့ကို အာရုံလွဲစေအောင် ပြုလုပ်လိုက်

ခြင်း ဖြစ်၏။ လျှို့ဝှက်ဥမင်ပေါက်ကို တွေ့သဖြင့် အိုယိဝမ်းတို့သည်
ထုံလင်းထန်ဝင်းအတွင်းမှ အဆောင်ခေါင်မိုးကို ဂရုမပြုမိကြတော့ချေ
ခါးကုန်းကြီး လီရှိရဲ့နှင့် မျက်နှာပေါ်တွင် မားခုတ်ရာ အမ
ရှုတ်နှင့်ချူစန်းတို့ နှစ်ယောက်က အိပ်ခန်းဆီသို့ ရောက်လာကြလျှ
ယင်ချွန်းက ကြေးမုံရှေ့တွင် ရပ်နေ၏။
လီရှိရဲ့နှင့် ချူစန်းတို့ ကြေးမုံရှေ့တွင် တန့်လိုက်ပြီး ကြေး
နောက်ကွယ်မှ သခင်ကြီးဆိုသူကို ဦးညွှတ်အရိုအသေ ပေးလိုက်လေ
သည်။

◈◈◈◈◈



၁၁။

---

မျက်နှာဓားခုတ်ရာနှင့် ချူစန်းက ကြေးမုံပြင်ကို လူတစ်ယောက်
အလားနှယ် ပြုံး၍ တရိုတသေ စကားပြောလေသည်။
"သခင်ကြီးခင်ဗျား .... သခင်ကြီးရဲ့ ဉာဏ်စွမ်းရည်ကြောင့်
အိုယိဝမ်းတို့ အဖွဲ့သားတွေအားလုံး ထောင်ချောက်မိကုန်ကြပါပြီ"
ကြေးမုံနောက်ကွယ်မှ သခင်ကြီးဆိုသူ၏ အသံက ပေါ်ထွက်
လာသည်။
"အင်း .... မင်းတို့ သိပ်လည်း ဝမ်းမသာကြနဲ့ဦး .... အိုယိ
ဝမ်းတို့တစ်တွေ တို့ထောင်ချောက်ထဲကို မိကုန်ကြပေမယ့် ဟိုမြေးအဘိုး
ပိုင်းသမားနှစ်ယောက် ရှိသေးတယ် .... လို့ရုံရှမ်းနဲ့ သူတို့နှစ်ယောက်
ကို နိုင်လို့ မရသေးဘူး မဟုတ်လား ...."
ချူစန်းက ....

"သခင်ကြီး ၁၁ိပ်မစိုးရိမ်ပါနဲ့ခင်ဗျာ .... နောက်သုံးရက်
ရင် သခင်ကြီးလက်က ဒဏ်ရာလည်း ရှင်းရှင်းပျောက်ကင်းတော့
အဲဒီအချိန်ကျရင် ကျွန်တော်တို့ ဘယ်သူ့ကြောက်ရမှာလဲ .... လို့ရှ
နဲ့ မြေးအဘိုးသိုင်းသမားဟာ သခင်ကြီးရဲ့ သိုင်းပညာအဆင့်ကို မ
ပါဘူး .... "

ဤတွင် ကြေးမုံနောက်ကွယ်မှ သခင်ကြီးက ရယ်မော
"ဟုတ်တယ် .... ဒါပေမယ့် သုံးရက်အတွင်းမှာ အို့ယိဝမ်
ပြန်မထွက်နိုင်ဘူးလို့ တစ်ထစ်ချ တွက်လို့မဖြစ်ဘူး .... လေ
တိုင်းအဖွဲ့သားတွေအားလုံး ဥမင်လမ်းထဲ ရောက်ချင်မှရောက်
အပြင်မှာ ကျန်ချင် ကျန်နေခဲ့လိမ့်ဦးမယ် .... အပြင်မှာကျန်တဲ့ သူ
သားတွေက ဒီလိုထပ်လာရင် မခက်လား .... "

ခါးကုန်းကြီး လီရှိုရဲ့မှာ စကားမပြောနိုင်သဖြင့် ငြိမ်၍
နားထောင်မှုနေသည်။

သခင်ကြီးဆိုသူက ဆက်ပြောလေသည်။

"ဒီမှာ တို့တစ်တွေ ဆက်နေလို့ မဖြစ်တော့ဘူး .... တို့တစ်
အားလုံး လန်ကျိုးမြို့က ပြောင်းရွှေ့ကြမှသင့်မယ် .... ဒီသုံးရက်အတွ
အို့ယိဝမ်းတို့ ပြန်မထွက်ကြခင် တို့တစ်တွေ သွားကြမယ် .... "

အတန်ငယ် တိတ်ဆိတ်သွားသည်။ သခင်ကြီးဆိုသူ စဉ်း
နေဟန်တူသည်။

ခါးကုန်းကြီး လီရှိုရဲ့နှင့် ချုံစန်းတို့က ခေါင်းငုံ့ကာ နား
နေကြသည်။



သခင်ကြီးဆိုသူ၏အသံက ဆက်လက်ပေါ်ထွက်လာသည်။

"ချုံစန်း .... မင်းက မြင်းလှည်းဆယ်စီး သွားပြီးရှာခဲ့ပါ ....
လှည်းတွေကော မြင်းတွေကော အရောင်အသွေးပုံစံ တူညီပါစေ
ချက်ချင်း မင်းသွားစီစဉ်ပေတော့ .... "

ချုံစန်းလည်း ခေါင်းညိတ်အရိုအသေပေးကာ ပျောက်သွား
လေ၏။

ခါးကုန်းကြီး လီရှိုရဲ့ ကျန်ရစ်ခဲ့သည်။ ယင်ရွှန်းလည်း ရပ်နေ
၏။ ကြေးမုံနောက်ကွယ်မှ သခင်ကြီးက ....

"လီချုရဲ့နဲ့ ယင်ရွှန်း .... မင်းတို့က အိမ်ဂေဟာက အမျိုး
တွေနဲ့ လူတွေအားလုံးကို ရုပ်ဖျက်ပေးရမယ် .... လူဆယ်ယောက်
ကိုလည်း ရွေးထုတ်ထားပြီး လူမမာ အဘိုးအိုဟန်ဆောင်ပါစေ ....
လှည်းဆယ်စီးရောက်ရင် လူမမာ ဟန်ဆောင်ထားတဲ့ လူတွေကို
လှည်းတစ်စီးစီ တင်ပြီး အစေအပါးဟန်ဆောင်ထားတဲ့လူတွေ
ယောက်ကို တစ်စီးစီ လိုက်ကြပါစေ .... လန်ကျိုးမြို့ဟာ မြို့တံခါး
ပေါက် ဆယ်ပေါက်ရှိတယ် မဟုတ်လား .... မြင်းလှည်းတစ်စီးကို
တံခါးကြီးတစ်ပေါက်ကနေ ထွက်ခွာရမယ် .... လီတစ်ရာအတွင်းမှာ
လှည်းကို မရပ်ကြရဘူး .... တစ်စီးနဲ့ တစ်စီး လိုက်ပြီး မဆက်
ယ်ရဘူး .... "

"သခင်ကြီးရှင့် .... လီတစ်ရာက လွန်မြောက်ခဲ့ပြီးရင်ကော
ဘယ်လိုဆက်လုပ်ရမှာလဲရှင် .... ညွှန်ကြားပေးပါ .... "

ယင်ရွှန်းက မေးလိုက်၏။ ကြေးမုံနောက်ကွယ်မှ သခင်ကြီး

က အတန်ငယ် စဉ်းစားလိုက်ဟန်နှင့် တိတ်ဆိတ်သွားပြီးမှ ....

"လီတစ်ရာရောက်လို့ နောက်ကနေ နောက်ယောင်ခံ လိုက်လာတာ ဘယ်သူမှမရှိရင် အားလုံး စီချင်စန်းတောင်ကို ခရီးဆက်ကြပေတော့ .... တနင်္ဂနွေဟာ မွေးမြူရေးခြံမှာ ဆုံကြမယ် .... "

"သခင်ကြီးကကော ဒီမြို့တွင်းက ဘယ်လိုထွက်မလဲရှင်"

ယင်ချွန်းက မေးလိုက်ပြန်သည်။ သခင်ကြီးဆိုသူက ....

"မြင်းလှည်းထဲမှာ ခေါင်းသေတ္တာတစ်လုံးထည့်ထားရမယ် .... လီချိုရဲ့နဲ့ ချူစန်းတို့နှစ်ယောက်က မြင်းလှည်းမောင်းသူတွေအဖြစ် ရုပ်ဖျက်ထားပါ .... ယင်ချွန်း .... မင်းနဲ့ ထန်ဟိုပွားက သေဆုံးသူရဲ့ သမီးနှစ်ယောက်အဖြစ် ဟန်ဆောင်ရမယ် .... တို့ရဲ့ဆင်တူစီစဉ်ထားတဲ့ မြင်းလှည်းဆယ်စီး ထွက်သွားပြီးမှ ခေါင်းသေတ္တာတင်ဖို့ မြင်းလှည်းထွက်ရမယ် .... "

"သခင်ကြီး .... "

တစ်ချိန်လုံး ငြိမ်နားထောင်နေသော ထန်ဟိုပွားက ကြားဝင်ပြောရန် ခေါ်၏။ သို့သော် .... ယင်ချွန်းက ထန်ဟိုပွားကို ဟန့်တားလိုက်၏။

"ဟိုပွား .... မင်း ဘာမှဝင်မပြောနဲ့ .... ကလေးပီပီနေစမ်း"

ထန်ဟိုပွားလည်း ငြိမ်နေရတော့သည်။

ထန်ဟိုပွားမှာ အခက်တွေ့နေသည်။

အို့ယိဝမ်းတို့ဥမင်လမ်းထဲတွင် ထောင်ချောက်ပိတ်မိနေကြောင်း သိရသော်လည်း သူမမှာ သွားရောက်မကယ်တင်နိုင်ဘဲ ဖြစ်နေရတော့



သည်။ သူမမှာ ယင်ချွန်းအပေါ်တွင် ရှိနေရမည့်ကိန်းမျိုး ဆိုက်နေ၏။

ယင်ချွန်းနှင့် ခါးကုန်းကြီးလီရှိုရဲ့တို့သည် မြင်းလှည်းဆယ်စီးတွင် လိုက်ပါသွားမည့် လူဆယ်ယောက်တို့ကို လူမမာများနှင့်တူအောင် ပြုပြင်ပေးနေသည်။

ပြီးစီးသွားချိန်တွင် ချူစန်းအစီအစဉ်မှာ အားလုံးအဆင်သင့်ဖြစ်နေကြလေပြီ။

ထို့နောက် ရောက်လာသော မြင်းလှည်းဆယ်စီးပေါ်တွင် အားလုံး နေသားတကျ နေရာယူထားလိုက်ကြ၏။ မြင်းလှည်းဆယ်စီးမှာ ပျက်စွာရန် အနောက်ဘက်ဝင်းထဲတွင် အဆင်သင့်ဖြစ်နေလေပြီ။

ထိုကဲ့သို့ ယင်ချွန်း၊ ခါးကုန်းကြီး လီရှိုရဲ့နှင့် ချူစန်းတို့တစ်တွေ အလုပ်များနေစဉ်တွင် ထန်ဟိုပွားကလေးမှာ စာရွက်တစ်ရွက်ပေါ်တွင် မြေပုံကြမ်းတစ်ခုကို အတတ်နိုင်ဆုံး ပီပြင်အောင် ရေးသားထားလေပြီ။ ထိုမြေပုံကြမ်းမှာ တွေဂေဟာမြေအောက်ဥမင်လမ်းသို့ဝင်နိုင်ရန် လျှို့ဝှက်တံခါးဖွင့်နည်းပါသည့် လမ်းညွှန်မြေပုံကြမ်းပင် ဖြစ်လေ၏။

ထို့နောက် ထန်ဟိုပွားသည် စာရွက်ကို လုံး၍ ဖယောင်းလုံးကလေးတစ်လုံးတွင် ထည့်၍ လုံးလိုက်ရာ ဆေးလုံးတစ်လုံးသဏ္ဌာန်မျိုး ဖြစ်သွားပြီး သူမအိတ်ထဲသို့ ထည့်ထားလိုက်သည်။

သူမအနေဖြင့် စိတ်ကူးရသလို ကြိုတင်ပြီး ပြင်ဆင်ထားခြင်းဖြစ်၏။

မြင်းလှည်းသာ မြို့ပြင်ကို ထွက်လျှင် ဝန်းဖူးတည်းခိုဂေဟာနှင့်မှ ဝေးကွာသွားရမည်ဖြစ်၏။ ထိုအခါ သူမအနေဖြင့် ဝန်းဖူးတည်းခို

ဂေဟာမှ ချင်းချုံလက်ထဲသို့ရောက်အောင် ထည့်ပေးနိုင်လိမ့်မည်ဟု တွက်ဆထားသည်။

သို့သော် ချင်းချုံတစ်ယောက် တည်းခိုဂေဟာတွင် မရှိဘဲ အို့ယိဝမ်းတို့နှင့်အတူ ဇော့ဂေဟာမြေအောက်ဥမင်လမ်းထဲ ပိတ်မိနေသည်ကိုမူ ထန်ဟိုဟွားမသိချေ။

ထို့နောက် ထန်ဟိုဟွားသည် အရှေ့ဘက် ဝင်းထဲတွင် အလုပ်ရှုပ်နေသော ယင်ချွန်းအနီးကို ရောက်လာသည်။ သူမအနေဖြင့် ထိုလင်းထန်ဆေးခန်းမှ လစ်ထွက်ခွင့်ရကာ တိတ်တဆိတ် လစ်ထွက်ရပေမည်။

"ဂျောင်း .... ဂျောင်း .... ဂျောင်း .... "

"အိမ်ရှင်တို့ .... အိမ်ရှင်တို့ .... တံခါးဖွင့်ပါဦး .... "

ထိုစဉ် ဝင်းတံခါးဆီမှ အမျိုးသမီးတစ်ယောက်၏ အော်ခေါ်သံ ပေါ်လာသည်။

ယင်ချွန်းနှင့် ထန်ဟိုဟွားတို့မှာ အံ့အားသင့်သွားကြပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြ၏။ ယခုလို အချိန်မျိုးမှာမှ မည်သည့်ဧည့်သည် လာလေသနည်း။

ဝင်းတံခါးကို လှုပ်ယမ်းသံနှင့် အော်ဟစ်သံ ထပ်မံပေါ်လာ ပြန်သည်။

"ဂျောင်း .... ဂျောင်း .... ဂျောင်း .... "

"တံခါးဖွင့်ပေးပါဦး .... မဖွင့်ရင်တော့ အတင်းဖွင့်ပြီး ဝင်ရပါ လိမ့်မယ် .... "



"အလို .... ဘယ်လိုဧည့်သည်ပါလိမ့် .... "

ထန်ဟိုဟွားပင် မကျေမနပ်ဖြင့် ပြောလိုက်မိသည်။

ယင်ချွန်းက မျက်မှောင်ကြုတ်လိုက်ပြီး ....

"အမျိုးသမီးတစ်ယောက်ရဲ့ အသံပဲ ဟိုဟွား .... သူ့လေသံကို [illegible]တောင်ရတာ တော်တော် အရေးကြီးနေတဲ့ပုံမျိုးပဲ .... အရေးတကြီး [illegible]လာပြတာ များလားမသိဘူး .... မင်းက တံခါးဖွင့်ကြည့်ပြီး [illegible]ပြဖို့ ဧည့်သည်ဆိုရင် .... ဆေးခန်းပိတ်ထားတဲ့အကြောင်း ပြော [illegible] ပြန်လွှတ်လိုက် .... ငါက အနောက်ဘက်ဝင်းထဲမှာရှိနေတဲ့ [illegible]ကြီးလီချိရဲ့နဲ့ ချုံခမ်းကို လိုလိုမယ်မယ် သွားခေါ်လိုက်ဦးမယ် [illegible]ယလို့ ဝင်လာမယ့်သူက ရန်သူဖြစ်နေရင်တော့ တိုက်ခိုက်ဖမ်းဆီး [illegible] .... "

"တကယ်လို့ ဒီလိုလာခုံစမ်းတဲ့လူ ဖြစ်နေရင်ကော မမ .... "

"အို .... သူက ဘာမေးမေး မင်းက မသိဘူးလို့ပြော .... တို့ [illegible] မင်းက ကလေးဆိုတော့ မင်းလိမ်ပြောလိမ့်မယ်လို့ [illegible] မဟုတ်ဘူး .... အဲဒီအမျိုးသမီးက အကြမ်းဖက်လာရင် ငါရှိ [illegible] .... ဒီကနေ ငါလှမ်းကြည့်နေမယ် .... "

ဟိုဟွားလည်း အခြေအနေအရ အပြင်ထွက်ခွင့် ရချင်ရလိမ့် [illegible] တွေးမိပြီး ဝမ်းသာသွားသည်။ ဝင်းတံခါးသို့သာ ရောက်သွား [illegible] သူမအနေဖြင့် ထွက်ပြေးနိုင်သည်။

ထွက်ပြေးခွင့် မရသည့်တိုင်အောင် သူမထံတွင် ရှိနေသော [illegible]ကို ယခုတံခါးလာခေါက်သော အမျိုးသမီးမှတစ်ဆင့်

ချင်းချုံထဲ ပေးစေကာ လိုအပ်သည်များကို မှာကြားလိုက်နိုင်သည်။

ထန်ဟိုဟွားသည် ဝင်းတံခါးဆီသို့ ရောက်လျှင် နောက်ဘက်ကို တစ်ချက်လှမ်းကြည့်လိုက်၏။

ထန်ဟိုဟွား အနည်းငယ် စိတ်ပျက်သွားသည်။

ယင်ချွန်းသည် ထွက်ခွာမသွားဘဲ ရပ်မြဲရပ်နေပြီး ယင်ချွန်းအနီးသို့ ခါးကုန်းကြီး လီချိုရဲ့လည်း ရောက်နေလေသည်။

ထို့ကြောင့် ထန်ဟိုဟွားသည် တံခါးကို ချက်ချင်းမဖွင့်ပေးဘဲ အထဲမှသာ အော်မေးလိုက်သည်။

"ဘယ်သူလဲ .... "

အပြင်ဘက်မှ အမျိုးသမီးကလည်း ပြန်ဖြေသည်။

"ကျွန်မပါ .... တံခါးဖွင့်ပေးပါဦး .... "

ထန်ဟိုဟွားသည် သူမကို ယင်ချွန်းက ကြည့်နေသဖြင့် ဟန်လုပ်ပြီး လေသံမာမာဖြင့် ပြန်မေးလိုက်သည်။

"ဘယ်က ကျွန်မလည်း .... နာမည်ကို ပြောပြပါလား .... ဘယ်သူ့ကို တွေ့ချင်လို့လဲ .... "

"တံခါးသာ ဖွင့်ပေးစမ်းပါ .... အရေးတကြီး ပြောစရာရှိလို့ပါ .... "

ထန်ဟိုဟွားလည်း မဖွင့်ချင် ဖွင့်ချင် ပုံစံမျိုးဖြင့် မင်းတုပ်ကို ဖြုတ်၍ တံခါးကို ဖွင့်ပေးလိုက်လေသည်။

တံခါးပွင့်သွားလျှင် အပြင်ဘက်တွင် ချောမောလှပသော အမျိုးသမီးတစ်ယောက် ရပ်နေသည်ကို ထန်ဟိုဟွား တွေ့ရသည်။ သူမ၏ ကိုယ်ပေါ်တွင် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။



ကျောတွင် ဓားအိမ်ဖြူနှင့် နှစ်ဖက်သွား ဓားတစ်လက်ကို လွယ်ထားသည်။ သူမ၏အသွင်၊ သူမ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုက မျက်စရာ ကောင်းလှ၏။

ထိုအမျိုးသမီးကို ထန်ဟိုဟွား မမြင်ဖူးပါချေ။ သူမသည် ခဏမျှ ငေးကြည့်နေမိ၏။

တံခါးမှာ အနည်းငယ်သာ ဟ၍ဖွင့်ထားရာ အမျိုးသမီးမှာ ဝင်းထဲမှာ ရပ်နေသော ယင်ချွန်းနှင့် လီချိုရဲ့တို့ကို မမြင်ရသေးချေ။ ထို့ကြောင့် ထန်ဟိုဟွားကို မေးမြန်းလိုက်၏။

"လူကြီးတွေ မရှိဘူးလား .... "

ထိုအခါမှ ထန်ဟိုဟွား သတိဝင်လာသည်။

"ဒေါ်လေးက ဘယ်သူ့ကို တွေ့ချင်လို့ပါလဲရှင် .... "

"သမားတော်ကြီး ချောင်လို့ဝမ်းနဲ့ တွေ့ချင်လို့ပါကွယ် .... ဒါ ထုံလင်ထန်ဆေးခန်း မဟုတ်လား .... "

"ဟုတ်ပါတယ်ရှင် .... မေးပါရစေဦး .... သမားတော်ကြီးကို ဒေါ်လေးက ဘယ်လိုကိစ္စနဲ့တွေ့ချင်တာလဲ .... "

ထန်ဟိုဟွားက တံခါးကို ခပ်ဟဟ ဖွင့်ထားလျှင် သူမကို လှမ်းကြည့်နေသော ယင်ချွန်းက တစ်မျိုးတစ်မည်ထင်မည်စိုး၍ ဖွင့်လိုက်၏။

ဧည့်သည်အမျိုးသမီးက လေသံဆတ်ဆတ်ဖြင့် ပြန်ဖြေသည်။

"ကိစ္စရှိလို့တွေ့ချင်တာပေါ့ .... "

"ဒေါ်လေးရဲ့ နာမည်ကို ပြောပြပါလား .... ဘယ်ကလာ ဧည့်သည်ဆိုတာလဲ ကျွန်မကို ပြောပြပါဦး .... "

"ဘာလုပ်ဖို့ ဒီလောက် စစ်နေရတာလဲ .... "

"သမားတော်ကြီးကို ပြန်ပြောပြနိုင်အောင်လို့ပါ .... "

"ငါ့နာမည်က လင်းရဲ့ကျင်း .... စီးချင်စန်းတောင်ပေါ်က လ ခဲ့တာ .... "

"ဟင် .... ဒေါ်လေးက လင်းရဲ့ကျင်းလား .... "

"ဟုတ်တယ် .... "

ထန်ဟိုဟွားမှာ အံ့ဩသွားသလို လွန်စွာလည်း စိတ်လှုပ်ရှ သွား၏။ လင်းရဲ့ကျင်းကို ယခု သူသိနေသော အိုယီဝမ်းတို့တစ်ေ မကြာခဏ ပြောဆိုနေကြသဖြင့် လင်းရဲ့ကျင်းနာမည်ကို သိနေလေပြ

ယခုလိုအချိန်တွင် လင်းရဲ့ကျင်းကို တွေ့လိုက်ရသဖြင့် ထန်ဟ ဟွား ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်သွားသည်။ သူမသည် ဖယော လုံးကလေးကို ယူရန် ရင်ဖုံးအိတ်ထဲကိုလည်း လက်နှိုက်လိုက်သည်

"မင်း .... ဘာညာဏ်များမလို့လဲ .... မလှုပ်နဲ့ .... "

ထန်ဟိုဟွားကို သိမထားသော လင်းရဲ့ကျင်းက သူမကို ထ ဟိုဟွားက ရန်ပြုလိမ့်မည်အထင်ဖြင့် ဓားကို ဆွဲထုတ်ကာ ထန်ဟိုဟွ ၏ ရင်ဘတ်ကို ထောက်ထားလိုက်တော့၏။

◇◇◇◇◇



၁၁။

လင်းရဲ့ကျင်း၏ ဓားဦးက သူမ၏ ရင်ဘတ်ကို ထောက်လိုက် ...ပါ ထန်ဟိုဟွား ထိတ်ခနဲဖြစ်သွားသည်။ မျက်လုံးလည်း ပြူး ...သည်။

လင်းရဲ့ကျင်းက သူမကို အထင်လွဲသွားခြင်းအတွက်လည်း ...ကောင်းဖြစ်သွားသည်။ ထိုသို့သာ အထင်လွဲမှားနေပါက သူဆီ ...ယောင်းလုံးကလေးကို လင်းရဲ့ကျင်းအား ပေးဖို့ ခက်သွားပေတော့ ...။

"ကျွန်မကို အထင်မမှားပါနဲ့ ဒေါ်လေး လင်းရဲ့ကျင်း .... ...ထန်ဟိုဟွား အခုဆိုရင် .... "

"တော်စမ်း .... မင်းကို ငါမသိဘူး .... ခုချိန်မှာ ဒီမှာရှိနေသူ ... ကြီးကြီးငယ်ငယ် ငါမယုံနိုင်ဘူး .... နင့်လက်ကိုသာ အေး ...ဆေး ပြန်ချထားပါ .... နို့မို့ ငါမညှာနိုင်ဘူး .... "

လင်းရဲ့ကျင်းသည် သူမ၏နှာမည်ကို ကြားဖူးထားပုံ ကြောင်း ထန်ဟိုဟွား ကြားသိရသောအခါ ဆက်ရှင်းပြရန် ခက်သွ သည်။ ရင်ဖုံးအိတ်ထဲကို နိုက်လုလုဖြစ်နေသော သူမ၏ လက် လည်း ပြန်ချလိုက်ရတော့၏။

လင်းရဲ့ကျင်းက ခြံဝင်းထဲကို တစ်ချက်ကြည့်လိုက်သည်။ မြ လှည်းများအနီးတွင် ရပ်နေသော ယင်ချွန်းက သူမကို လှမ်းကြည့် သည်ကို တွေ့ရသည်။ သူမအနေဖြင့် ယင်ချွန်းကို မြင်မြင်ချင်း မှတ် သော်လည်း ယင်ချွန်းကမူ လင်းရဲ့ကျင်ကို မမှတ်မိချေ။

လင်းရဲ့ကျင်းက ထန်ဟိုဟွားကိုသာ လေသံမာမာဖြင့် မေးလို ၏။

"ပြောစမ်း .... သမားတော်ကြီး ချောင်လို့ဝမ်းဘယ်မှာလဲ"

ထန်ဟိုဟွားက ယင်ချွန်းမကြားအောင် လေသံကို နှိမ့်ပြီး

"ဒေါ်လေး လင်း .... ကျွန်မအပေါ်မှာ အထင်မမှားပါနဲ့ ကျွန်မ ဒေါ်လေးလင်းနဲ့ ရန်သူမဟုတ်ပါဘူး .... အခု ကျွန်မ အိတ် ကို နိုက်တာက ဒေါ်လေးကို ရန်မူဖို့ မဟုတ်ပါဘူး .... အရေးကြီး ပစ္စည်းတစ်ခုကို ပေးချင်လို့ပါ .... "

လင်းရဲ့ကျင်းက ခေါင်းကို သွက်သွက်ခါယမ်းလိုက်သည် သူမသည် ထန်ဟိုဟွားကို ယုံကြည်ခြင်း မရှိချေ။ သူမလက်မှ ဓား ထန်ဟိုဟွား၏လည်ပင်းကို ထိကပ်လိုက်၏။

"နင်ပေးတဲ့ပစ္စည်းကိုလည်း ငါမလိုချင်ဘူး .... ချောင်လို့ဝ ဘယ်မှာရှိတယ်ဆိုတာပဲ မှန်မှန်ပြောစမ်း .... မှန်မှန်မပြောရင်



လည်ပင်းကို ဖြတ်ပစ်လိုက်မယ် .... "

ထန်ဟိုဟွားလ်း ရထားသော အခွင့်အရေးကို လက်လွှတ်ခံရ မည်စိုး၍ သူလိုချင်သော အချက်ကိုသာ ဇွတ်ပြောနေသည်။

"သမားတော်ကြီး ချောင်လို့ဝမ်း သူ့အိပ်ခန်းထဲမှာပဲ ရှိနေ ပါ တယ် .... ဒါက အရေးမကြီးပါဘူး .... ကျွန်မပေးမယ့် ပစ္စည်းက ပို အရေးကြီးပါတယ် .... အဲဒီပစ္စည်းဟာ ဖယောင်းလုံးကလေး တစ်လုံး ပါ .... ဖယောင်းလုံးထဲမှာ .... "

"တော်စမ်း .... ဘာမှ ထပ်မပြောနဲ့ ငါ့အတွက် အရေးကြီး တာ ချောင်လို့ဝမ်းကို တွေ့ဖို့ပဲ .... ချောင်လို့ဝမ်းရဲ့ အိပ်ခန်းဘယ်မှာ ရှိတယ်ဆိုတာ ငါ့ကို လိုက်ပြ .... ဘာမှ ထပ်ပြောမနေနဲ့ .... ထပ်ပြော ရင် နင့်လျှာကို ငါဖြတ်ရလိမ့်မယ် .... သွား .... "

ထန်ဟိုဟွားမှာ ဘာမှ ထပ်မပြောရဲတော့ပါချေ။

နောက်ကို လှည့်ပြီးသာ ခြံထဲသို့ ပြန်ဝင်လာခဲ့ရတော့သည်။

လင်းရဲ့ကျင်းက ထန်ဟိုဟွား၏ လည်ပင်းပေါ် ဓားတင်ပြီး လိုက်ပါလာခဲ့၏။

ယင်ချွန်းက ထန်ဟိုဟွားနှင့် လင်းရဲ့ကျင်းကို ကြည့်နေသည်။ သူမသည် အခြေအနေကို တွက်ဆမိဟန်ဖြင့် လင်းရဲ့ကျင်းရောက်လာ မည့် လမ်းမှ ဖိတ်ရပ်နေလိုက်သည်။

ဓါးကုန်းကြီး လီချိရဲ့လည်း ယင်ချွန်း၏ ဘေးမှ ရောက်လာ ပြီး ယှဉ်၍ ရပ်နေသည်။ သူတို့မျက်နှာများမှာ ခက်ထန်နေပြီး လင်း ရဲ့ကျင်းကို စူးစိုက်ကြည့်နေကြ၏။

မလှမ်းမကမ်းကို ရောက်လာသောအခါ ယင်ချွန်းက စ လင်းရဲ့ကျင်းကို လှမ်းမေးသည်။

"ရှင် ဘယ်သူလဲ .... ဘာသဘောနဲ့ ခုလို ဇော်ကားရတာလဲ သူများပိုင်နက်ထဲမှာ အခုလို လုပ်ရင် ဘယ်လောက်အထိ အန္တရာယ် ရှိနိုင်တယ်ဆိုတာ ရှင်မတွေးမိဘူးလား .... "

လင်းရဲ့ကျင်းက ထန်ဟိုဟွား ပခုံးကို ဆုပ်ကိုင်ပြီး ရပ်လိုက်သည်။ လက်တစ်ဖက်တွင် ကိုင်ထားသော ဓားကမူ ထန်ဟိုဟွားလည် မင်းပေါ် တင်ထားသေး၏။ သူမသည် ယင်ချွန်းကို စူးစူးရှရှ ကြည့်ပြီး ပြောလိုက်သည်။

"ကျွန်မ ဘယ်သူလဲဆိုတာ ရှင်မသိဘူး မဟုတ်လား .... ဒါပေ မယ့် ကျွန်မတော့ ရှင်တို့ နှစ်ယောက်စလုံး ဘယ်သူလဲဆိုတာ သိတယ် ရှင်က သမားတော်ကြီးချောင်လို့ဝမ်းရဲ့ အပါးတော်မြဲ ယင်ချွန်း၊ ဒီ အဘိုးကြီးက ဝင်းတံခါးမှူးကြီး လီချိုရဲ့ .... "

ယင်ချွန်းက ဒေါသဖြင့် ပြန်ပြောသည်။

"မင်း ဘယ်သူလဲ .... ဘာဖြစ်လို့ ဒီထဲကို ကျူးကျူးကျော် ကျော် ဇော်ဇော်ကားကား ဝင်လာရတာလဲ .... အသက်နဲ့ကိုယ် တွဲပြီး ပြန်ထွက်မသွားချင်ဘူးနဲ့ တူတယ် .... "

"အဲဒီစကားတွေ ပြောမနေနဲ့ .... ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး ကျွန်မ တစ်ယောက်တည်း ဒီထဲကို လာခဲ့တာ .... ကျွန်မမေးတာ မှန်မှန်ဖြေ .... "

"ရှင် ဘာသိချင်လို့လဲ .... "



"ရှင်တို့ သခင်ကြီး ချောင်လို့ဝမ်းရဲ့အိပ်ခန်း ဘယ်မှာလဲ .... ချောင်လို့ဝမ်းနဲ့ ကျွန်မ တွေ့ချင်တယ် .... သူနဲ့တွေ့ပြီး စကားပြော ချင်တယ် .... "

ယင်ချွန်းက ချက်ချင်းပြန်မဖြေသေးဘဲ စဉ်းစားလိုက်ပြီး ....

"ရှင်က သခင်ကြီးနဲ့ ဘာကိစ္စ တွေ့ချင်ရတာလဲ .... "

"ကျွန်မသိချင်တဲ့ ကိစ္စကလေးတွေ သူ့ကိုမေးမလို့ .... သူနဲ့ တွေ့ပြီး ပြောဆိုပြီးမှ ကျွန်မပြန်မယ် .... "

ယင်ချွန်းက ခေါင်းကိုခါယမ်းပြလိုက်ပြီး ....

"သခင်ကြီး နာမကျန်းဖြစ်နေလို့ ဘယ်သူ့ကိုမှ စကားပြောနိုင် လိမ့်မယ် မဟုတ်ပါဘူး .... "

"တော်စမ်းပါ .... စီးချင်စန်းတောင်က သူပြန်ရောက်ပြီလား ဆိုတာ ကျွန်မသိချင်တယ် .... သူ့ကိုတွေ့ပြီး မေးစရာရှိတာတွေလဲ မေးရလိမ့်မယ် .... "

ယင်ချွန်းက အံ့အားသင့်ဟန်ဖြင့် ပါးစပ်အဟောင်းသားဖြစ် သွားပြီး ....

"အို .... မဟုတ်တာ ကျွန်မတို့ရဲ့သခင်ကြီးဟာ နေမကောင်း ဖြစ်နေလို့ အိပ်ရာထဲမှာ လဲနေတာ သုံးလေးလလောက်တောင် ရှိနေ ပြီ .... အိမ်ထဲက အိမ်ပြင်ကိုတောင် ဘယ်မှထွက်နိုင်တာ မဟုတ်ဘူး ဘယ်လိုလုပ်ပြီး စီးချင်စန်းတောင်ကို သွားနိုင်မှာလဲ .... ရှင် ဘာတွေ လာပြောနေတာလဲ .... "

လင်းရဲ့ကျင်းက မဲ့ပြုံးပြုံးလိုက်ပြီး ....

"ကျွန်မကို ဒီလိုလှည့်ကွက်မျိုးတွေ လုပ်လို့မရဘူး .... ရှင့်
သခင်ကြီး ချောင်လို့ဝမ်းကို စီးချင်စန်းတောင်မှာ ကျွန်မကိုယ်တို
မြင်တွေ့ခဲ့ရတာ .... အခုလည်း သူ့နောက်ကို ခြေရာခံလိုက်ရင်း ဒီ
ရောက်လာခဲ့တာပဲ .... "

"မဖြစ်နိုင်တာရှင် .... ဘယ်နည်းနဲ့မှ မဖြစ်နိုင်တဲ့ကိစ္စပဲ ..
ကျွန်မ သခင်ကြီးရဲ့အပါးတော်မြဲပါ .... ဒီမှာ သခင်ကြီးသုံးလေး
လုံးလုံး နေမကောင်းဖြစ်ပြီးရှိနေတာကို ကျွန်မအသိဆုံးပါ .... ပြီးတော့
လန်ကျိုးမြို့ တစ်မြို့လုံးလည်း သိကြပါတယ် .... အိပ်ရာပေါ်ကတော
မထနိုင်တဲ့ သခင်ကြီးက ရှင်ပြောသလို စီးချင်စန်းတောင်ကို ဘယ်
လုပ်ပြီး သွားနိုင်မှာလဲ .... "

လင်ရဲ့ကျင်းက ခေါင်းကိုခါယမ်းပြီး ....

"အပိုတွေ ပြောမနေနဲ့တော့ .... ရှင်တို့ သခင်ကြီးကို ကျွန်
တွေ့ချင်တယ် .... ရှင်တို့ သခင်ကြီးကိုသာ ခေါ်ပေးစမ်းပါ ....
တကယ်ပဲ နာမကျန်းဖြစ်နေသလား .... ဟန်ဆောင်နေတာလားဆိုတ
ကျွန်မ ကြည့်ချင်တယ် .... "

ယင်ချွန်းကလည်း ခေါင်းကိုခါယမ်းလိုက်ပြီး ....

"အိပ်ရာပေါ်ကတောင် မထနိုင်တဲ့ သခင်ကြီးက ရှင့်ကို ဘယ်
လိုလုပ်ပြီး ထွက်တွေ့နိုင်မှာလဲ .... ရှင်ပြောတာတွေ အားလုံးမဖြစ်နို
တာတွေချည်းပဲ .... "

"ကောင်းပြီ .... ဒါဆို သူ့ကို ကျွန်မ ဝင်တွေ့မယ် .... သူ့အိ
ခန်း ဘယ်မှာရှိတယ်ဆိုတာပဲ ပြ .... တကယ်လို့ ရှင်တို့ မပြနိုင်ရ



တော့ ကျွန်မဖာသာ ကျွန်မ ဝင်ရှာရမှာပဲ .... "

လင်းရဲ့ကျင်းသည် ထန်ဟိုဟွားၢ၏လက်မောင်းကို ဆုပ်ကိုင်
ထားပြီး ဓားကို သူမ၏လည်ပင်းတွင် တင်မထားတော့ချေ။ အရေးရှိ
လျှင် တိုက်ခိုက်နိုင်ရန်သာ အသင့်ပြင်ထားလေသည်။

ထန်ဟိုဟွားမှာ ရုန်းထွက်၍လည်း မရ၊ ဘာမှလည်း ဝင်မပြော
ရဲချေ။

ခါးကုန်းကြီးလီချိရဲ့ကမူ ဆွံ့အနေသူပီပီ ပါးစပ်မှ တအီအီ
တအအနှင့် မြည်ကာ လက်ဟန်ခြေဟန်ဖြင့် လင်းရဲ့ကျင်းကို ပြော
နေသည်။ သူ့ဆိုလိုချက်ကို လင်းရဲ့ကျင်း မသိသော်လည်း ခါးကုန်း
ကြီး လီချိရဲ့မှာ လွန်စွာဒေါသထွက်နေကြောင်းတော့ မြင်ရုံနှင့် သိနိုင်
သည်။

လင်းရဲ့ကျင်းက ထန်ဟိုဟွား၏ လက်မောင်းကို အုပ်ကိုင်ပြီး
ရှေ့သို့တိုးလာသောအခါ ခါးကုန်းကြီးလီချိရဲ့က ရှေ့မှပိတ်ဆို့ရပ်လိုက်
သည်။

ယင်ချွန်းကလည်း တင်းမာစွာ ပြောသည်။

"ရှင် .... ရှေ့ကို မတိုးနဲ့နော် .... ရှင်က အကြမ်းဖက်မယ်ဆို
ရင်တော့ ရှင့်ကို ကျွန်မတို့ကလည်း မညှာနိုင်ဘူး .... ပြီးတော့ ရှင်
ရောက်နေတာ ကျွန်မတို့ရဲ့ ပိုင်နက်ထဲမှာ .... "

လင်းရဲ့ကျင်းက လုံးလုံးကို ဂရုမစိုက်တော့ဘဲ ရှေ့ကိုသာ တိုး
၍ တိုးလာ၏။

ဤတွင် ခါးကုန်းကြီးလီချိရဲ့သည် 'အီ'ခနဲ တစ်ချက်အော်လိုက်

ပြီး သူ၏ခန္ဓာကိုယ်နှင့် မလိုက်အောင် ခုန်လွှားကာ လက်ဝါးဖြင့် လင်းရဲ့ကျင်းကို ရိုက်လိုက်တော့၏။

လင်းရဲ့ကျင်းက ထန်ဟိုဟွားကို လက်တစ်ဖက်က ကိုင်မြဲကိုင်ထားရင်း သူမထံ ဝင်လာသော လီချိရဲ့၏လက်ကို ဓားဖြင့် ပြန်လွှဲခုတ်လိုက်သည်။

လီချိရဲ့က နောက်ကိုပြန်မဆုတ်ဘဲ အသာအယာ တိမ်းရှောင်ကာ သူ့လက်နှစ်ဖက်ဖြင့် လင်းရဲ့ကျင်းကို တရကြမ်းတိုက်သည်။

လင်းရဲ့ကျင်းသာ ခါးကုန်းကြီးလီချိရဲ့၏ ပြင်းထန်သော လက်ဝါးရိုက်ချက်ကို အမိခံရမည်စိုး၍ နောက်ကို ပြန်ဆုတ်မိသည်။ လီချိရဲ့၏ ရိုက်ချက်များမှာ လင်းရဲ့ကျင်းကို မထိသော်လည်း လေကိုရိုက်မိ၍ 'ဗိုး'ခနဲ မြည်ဟည်းသွားသည်။

အကယ်၍သာ ခါးကုန်းကြီး လီချိရဲ့၏ လက်ဝါးရိုက်ချက်ကို ထိထိမိမိ အရိုက်ခံရလျှင် ပွဲချင်းပြီး သေဆုံးသွားလိမ့်မည်ဟု လင်းရဲ့ကျင်း တွေးမိသည်။

တကယ်တမ်း သူမသည် ခါးကုန်းကြီးလီချိရဲ့နှင့် ယှဉ်ပြိုင်တိုက်ခိုက်သောအခါ ခါးကုန်းကြီးလီချိရဲ့၏သိုင်းပညာအဆင့်မှာ မိမိထက် အဆင့်ပိုမြင့်နေကြောင်းကို သိရတော့၏။ သူမအနေနှင့် ယခုအတိုင်း တိုက်ခိုက်နေလျှင် ခါးကုန်းကြီးလီချိရဲ့ကို ကြာကြာ တိုက်ခိုက်နိုင်လိမ့်မည် မဟုတ်ကြောင်း တွက်ဆမိသည်။

ယခုမူ ယှဉ်ပြိုင်တိုက်ခိုက်နေကြပြီဖြစ်၍ သူမအနေနှင့် ရှောင်တိမ်းထွက်ပြေးရန် မဖြစ်နိုင်တော့ပါ။ ထို့ပြင် ထုံလင်းထန်ဆေးခန်း



ဝင်းအတွင်းအထိ ရောက်လာပြီးမှလည်း သမားတော်ချောင်လုံဝမ်းနှင့် မတွေ့ဆုံရဘဲ မထွက်သွားချင်ပါပေ။ ထိုကဲ့သို့သော အခွင့်အရေးမျိုးကို နောက်ထပ်မရနိုင်တော့ကြောင်း လင်းရဲ့ကျင်း သိသည်။

သူမသည် ထန်ဟိုဟွားကို လက်တစ်ဖက်က ဆုပ်ကိုင်ထားရသဖြင့် ခါးကုန်းကြီး လီချိရဲ့ကို ခုခံတိုက်ခိုက်ရာတွင် လွန်စွာအခက်အခဲဖြစ်နေသည်။ သူမကို သာမက ထန်ဟိုဟွားပါ လီချိရဲ့၏ ရိုက်ချက်ကို မထိစေရန် သတိကြီးစွာဖြင့် ရှောင်တိမ်းနေရသည်။

ခါးကုန်းကြီးလီချိရဲ့က မညှာမတာ တရကြမ်းတိုက်သည်။ သူသည် ထန်ဟိုဟွားကလေးကို ထိခိုက်သွားမှာလည်း မစိုးရိမ်ချေ။

လင်းရဲ့ကျင်းမှာ ထန်ဟိုဟွားနှင့်အတူ ရှောင်တိမ်းရန်မဖြစ်တော့သဖြင့် တွန်းပစ်လိုက်ရတော့၏။

"အမယ်လေး .... "

ထန်ဟိုဟွားမှာ ရှေ့ကို ဟပ်ထိုးလဲကျသွားသဖြင့် ဟန်ချက်မထိန်းနိုင်တော့ဘဲ ခါးကုန်းကြီးလီချိရဲ့၏ ခြေထောက်နားဆီကျသွားသည်။ သူမသည် ဖက်မိဖက်ရာ လီချိရဲ့၏ခြေထောက်ကိုလည်း လှမ်းဖက်လိုက်မိသည်။

ခါးကုန်းကြီး လီချိရဲ့မှာ ထန်ဟိုဟွားက သူ့ခြေထောက်ကို ဖက်ထားသဖြင့် လွတ်လွတ်လပ်လပ် မလှုပ်ရှားနိုင်တော့ချေ။

ထန်ဟိုဟွားမှာလည်း ခါးကုန်းကြီး လီချိရဲ့ လွတ်လပ်စွာ မလှုပ်ရှားနိုင်စေရန် တမင်သက်သက်ပင် ခြေထောက်ကို ဖက်မြဲ ဖက်ထားသည်။ နှုတ်မှလည်း ကြောက်ရွံ့ထိတ်လန့်သော အသံမျိုးဖြင့် အော်

နေ၏။

"ကျွန်မ ကြောက်တယ် .... ကျွန်မ ကြောက်တယ် .... လုပ်ပါဦး .... "

သူမအသံ၊ သူမဟန်က ကြောက်ရွံ့စိတ်ကြောင့် အနေယောင်ယောင်အမှားမှားနှင့် ခါးကုန်းကြီးလီချိရဲ့၏ ခြေထောက်ကို ဖက်ထားပုံမျိုးဖြစ်၏။

ထိုအခွင့်ကောင်းကိုယူပြီး လင်းရဲ့ကျင်းကလည်း သွက်လက်ပြင်းထန်သော ဓားသုံးချက်ဖြင့် ခါးကုန်းကြီးလီချိရဲ့ကို ဆက်တိုက်ထိုးလိုက်၏။

လီချိရဲ့မှာ သူ့ခြေထောက်ကို ထန်ဟိုဟွားက ဖက်ထား၍ ရှေ့တိုးမရ၊ နောက်ဆုတ်မရ ဖြစ်နေ၍ မျက်လုံးပြူး မျက်ဆန်ပြူးနှင့် လင်းရဲ့ကျင်း၏ ဓားချက်ကို ခက်ခက်ခဲခဲ ပွတ်ကာသီကာ ရှောင်တိမ်းရတော့၏။

သူ၏လှုပ်ရှားမှုမှာ အုံ့ညြလောက်အောင်ပင် သွက်လက်လွန်းလှသည်။

လင်းရဲ့ကျင်း၏ ဓားချက်သုံးချက်စလုံး ခါးကုန်းကြီးလီချိရဲ့ကို အနည်းငယ်မျှပင် မထိချေ။

ထို့ကြောင့် လင်းရဲ့ကျင်းသည် သူမ၏ဓားဟန်ကို ပြောင်းလိုက်ကာ လီချိရဲ့အား ဓားဖြင့်လွှဲခုတ်လိုက်၏။ ဤဓားချက်မှာ လီချိရဲ့အတွက် ရှောင်တိမ်းရန် ခက်ခဲသော ဓားချက်ပင်ဖြစ်လေသည်။

"အား .... "



ဘေးမှကြည့်နေသော ယင်ချွန်းပင်လျှင် စိုးရိမ်ထိတ်လန့်စွာ အော်လိုက်၏။ ခါးကုန်းကြီးလီချိရဲ့ကိုယ်တိုင်လည်း လင်းရဲ့ကျင်း၏ ဓားချက်ကို ဤအတိုင်း မရှောင်နိုင်တော့ကြောင်း သိသည်။

ထို့ကြောင့် သူသည် ထန်ဟိုဟွားကို မညှာနိုင်တော့ဘဲ ကန်ကျုတ်လိုက်၏။

"အွန့် .... "

ထန်ဟိုဟွားမှာ ခြေလေးငါးလှမ်းခန့်အကွာအထိ လွင့်စဉ်သွားသည်။

ခါးကုန်းကြီး လီချိရဲ့ကလည်း လင်းရဲ့ကျင်း၏ ဓားချက်ကို ကမန်းကတန်း လိမ့်ပြီး ရှောင်တိမ်းလိုက်ရသည်။

ထိုအခါ လင်းရဲ့ကျင်းသည် ခါးကုန်းကြီး လီချိရဲ့ကို လိုက်ပြီး မတိုက်တော့ဘဲ အိမ်ကြီးဆီသို့ တစ်ရှိန်ထိုး ပြေးခဲ့သည်။ သူမရှေ့တွင် ပိတ်ရပ်နေသော ယင်ချွန်းကိုလည်း လက်တစ်ဖက်ဖြင့် ရိုက်လိုက်၏။

ယင်ချွန်းက နောက်ကို ကမန်းကတန်း တိမ်းရှောင်လိုက်ရာ သူမကိုယ် သူမ မဟန်နိုင်ဘဲ လဲကျသွားသည်။

လင်းရဲ့ကျင်းက အိမ်ကြီးဆီ ဆက်ပြေးခဲ့သည်။

ယင်ချွန်း ချက်ချင်းပင် လူးလဲထသည်။ ထို့နောက် ခါးကုန်းကြီးလီချိရဲ့နှင့်အတူ အော်ဟစ်ရင်း လင်းရဲ့ကျင်းနောက်ကို လိုက်သည်။

"ရပ်လိုက် မပြေးနဲ့ .... ရှေ့ကလူတွေဆီးပြီး ဖမ်းထားကြ ဖမ်းထားကြစမ်း .... "

နောက်ဘက်မှ ထန်ဟိုဟွားကလည်း တရကြမ်း ပြေးလိုက်

လာသည်။

သူမသည် လင်းရဲ့ကျင်း ထောင်ချောက်ထဲသို့ ကျရောက်မည် စိုးသောကြောင့် တရကြမ်း ပြေးလိုက်ခဲ့ခြင်းဖြစ်သည်။

အကယ်၍ လင်းရဲ့ကျင်းသည် သမားတော်ကြီး ချောင်လို့ဝမ်း၏ အိပ်ခန်းထဲတွင်ရှိသော လျှို့ဝှက်ဥမင်လမ်းပေါက်ကို တွေ့ပြီး အထဲကို ဝင်သွားမိလျှင် အိုယိဝမ်းတို့ကဲ့သို့ ပြန်မထွက်နိုင်တော့ဘဲ ပိတ်မိသွားတော့မည်ဟု ထန်ဟိုပွား တွေးမိသည်။

လင်းရဲ့ကျင်းကိုယ်တိုင် ထောင်ချောက်ထဲကိုသာ ကျရောက်သွားပါက အိုယိဝမ်းတို့ကို အချိန်မီ ကယ်တင်နိုင်တော့မည်မဟုတ်ပါချေ။

◈◈◈◈◈



၁၁၂။

---

ညှော်ခန်းထဲသို့ လင်းရဲ့ကျင်းရောက်လာလျှင် ဓားကိုင်ထားသော သူနှစ်ယောက်နှင့် မျက်နှာချင်းဆိုင် တွေ့မိသည်။ နှစ်ယောက်စလုံး အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားကြသည်။

ဝတ်စုံစိမ်းနှစ်ယောက်က လင်းရဲ့ကျင်း ဝဲယာမှနေ၍ ပြိုင်တူ မှတ်လိုက်ကြ၏။ ဓားတစ်ချောင်းက သူမ၏ လည်ပင်းဆီ ဦးတည်လာသကဲ့သို့ ဓားတစ်ချောင်းက သူမ၏ခြေထောက်ကို ဝိုးခနဲ ရောက်လာသည်။

လင်းရဲ့ကျင်းက ခေါင်းငုံ့ရှောင်လိုက်ရာ သူမလည်ပင်းဆီသို့ ဝင်းဝင်လာသော ဓားက ခေါင်းပေါ်မှ ဝိုးခနဲ ဖြတ်သွားသည် သူမ၏ ခြေထောက်ဆီ ရောက်လာသော ဓားကို သူမဓားဖြင့် ပြန်ရိုက်ထုတ်လိုက်သည်။

"ထန်း ..."

ဝတ်စုံစိမ်းလက်ထဲမှဓား လွင့်ထွက်သွားသည်။

လင်းရဲ့ကျင်းက ခပ်ငိုက်ငိုက်ဖြစ်နေသော ထိုသူ၏မျက်နှာကို ခြေဖြင့် လှမ်းခတ်လိုက်သည်။

"ဖြန်း .... "

"အား .... "

တစ်ပြိုင်တည်းလိုလိုပင် နောက်တစ်ယောက်၏ ဓားကိုင်ထားသော လက်ကို သူ့မခားနှင့် ပက်ထိုးလိုက်သည်။

"အီး .... "

"ချွမ်း .... "

ထိုသူ့လက်မှဓား လွတ်ကျသွားပြီး နောက်ကိုလည်း ခြေနှင့် လှမ်းဆုတ်သွားသည်။

လင်းရဲ့ကျင်းက လှေကားဆီ ပြေးလာပြီး လှေကားပေါ်သို့ တစ်ရှိန်ထိုး ပြေးတက်ခဲ့သည်။ သမားတော်ကြီး ချောင်လို့ဝမ်း၏ အိပ်ခန်းမှာ အပေါ်ထပ်တွင်ပင် ရှိလိမ့်မည်ဟု တွက်ဆထားသည်။

အပေါ်ထပ် ခန်းဆောင်ကြီးထဲအရောက်တွင် အမျိုးသမီးသုံးယောက်ကို တွေ့ရသည်။ အမျိုးသမီး သုံးယောက်စလုံး သိုင်းပညာ မတတ်ကြချေ။

သူတို့သည် ဓားကိုင်၍ ပြေးလာသော လင်းရဲ့ကျင်းကို မြင်သောအခါ ကြောက်ရွံ့စွာဖြင့် အော်ဟစ်ထွက်ပြေးကြသည်။

အိပ်ခန်းဝကို ရောက်လာသောအခါ လင်းရဲ့ကျင်းက ရပ်ကြည့်လိုက်သည်။



အိပ်ခန်းတွင်းရှိ ခုတင်ပေါ်တွင် လူတစ်ယောက် လဲလျောင်းနေကြောင်း တွေ့ရသဖြင့် ပြေးဝင်ခဲ့သည်။

ယင်ချွန်းနှင့် ခါးကုန်းကြီးလီချိရဲ့တို့သည် အော်ဟစ်ရင်းမှ အိပ်ခန်းဝကို ရောက်လာကြသည်။

ယခုအခါ ဥမင်လမ်းကို ဝင်သော လျှို့ဝှက်တံခါးပေါက်မှာ ပွင့်ပိတ်လျက်ရှိနေပြီး သူ့နေရာနှင့်သူ ပြန်လည်တည့်မတ်စွာ ရှိနေသည်။

ခုတင်ပေါ်တွင်မူ အဘိုးအိုတစ်ဦးမှာ ခေါင်းမြှီး၍ အိပ်ပျော်နေသည်ကို လင်းရဲ့ကျင်း တွေ့ရသည်။ ထိုအဘိုးအိုကား နာမကျန်းဖြစ်နေသော သမားတော်ကြီး ချောင်လို့ဝမ်းပင် ဖြစ်တော့သည်။

ယင်ချွန်း၊ ခါးကုန်းကြီး လီချိရဲ့နှင့် ထန်ပှိုပွား တို့လည်း အိပ်ခန်းဝဆီကို ရောက်လာကြပြီး အထဲကို လှမ်းကြည့်ကြသည်။ ခုတင်ပေါ်တွင် လူမမာ အဘိုးအိုကို မြင်ရသောအခါ ထန်ပှိုပွား အံ့ဩသွားသည်။

ချောင်းလို့ဝမ်းတွင် သူနှင့်ရုပ်ချင်းတူအောင် ပြုပြင်ထားသည့် ကိုယ်ပွား လူဆယ်ယောက်ရှိကြောင်း ထန်ပှိုပွား သိထားသည်။

ယခုအခါ ကိုယ်ပွားဆယ်ယောက်စလုံးမှာ ဤအိမ်ကြီးထဲတွင် ရှိကြတော့ဘဲ မြင်းလှည်းဆယ်စီးပေါ်တွင် ရောက်နေကြပြီဖြစ်၏။ မြင်းလှည်းဆယ်စီးစလုံးမှာလည်း လင်းရဲ့ကျင်း အိမ်ကြီးဆီ ပြေးလာစဉ်ကပင် အရေးပေါ်ထွက်ခွာသွားကြလေပြီ။

ထိုသို့ဆိုလျှင် ဤခုတင်ပေါ်တွင် လဲလျောင်းနေသော အဘိုး

အိုမှာ နောက်ဆုံး ခေါင်းသေတ္တာတင် မြင်းလှည်းဖြင့် လိုက်ပါရ
စဉ်ထားသော သမားတော်ကြီး ချောင်လို့ဝမ်းအစစ်ပင် ဖြစ်ရမည်
ထန်ပိုဟွား တွေးမိသည်။

ထန်ပိုဟွားမှာ လင်းရဲ့ကျင်းကို မည်ကဲ့သို့ သဘောပေါ
နားလည်အောင် ရှင်းပြရမှန်း မသိတော့ပါချေ။ သူမအနီးတွင် ယ
ချွန်းနှင့် ခါးကုန်းကြီး လီချိရဲ့တို့လည်း ရှိနေကြသည်။

လင်းရဲ့ကျင်းသည် ခုတင်အနီးသို့ ရောက်ရှိသွားပြီး လှဲ
နေသော ချောင်းလို့ဝမ်း၏ လည်ဝင်းပေါ်သို့ ဓားတင်ထားလိုက်တေ
၏။ သူမက အိပ်ခန်းပမှ ခါးကုန်းကြီးလီချိရဲ့တို့ကိုလည်း လှမ်းေ
လိုက်သည်။

"ဘယ်သူမှ ရှေ့တိုးမလာကြနဲ့ .... ရှေ့တိုးလာတာနဲ့ ရှင်တို့
သခင်ကြီး ခေါင်းအပြတ်ပဲ .... "

ခါးကုန်းကြီး လီချိရဲ့နှင့် ယင်ချွန်းတို့မှာ ရှေ့ကို ခြေတစ်လှမ်
မတိုးရဲကြတော့ချေ။ ထန်ပိုဟွားကလည်း မလှုပ်ရှားဘဲ ငြိမ်နေ
သည်။

တန်ပိုဟွား အံ့သြမိသည်။ ခုတင်ပေါ်မှ ချောင်လို့ဝမ်းသ
လုံးဝ ခုခံခြင်း မပြု၊ ငြိမ်နေသောကြောင့် ဖြစ်၏။

ထိုသို့ ငြိမ်နေသဖြင့် ချောင်းလို့ဝမ်း အစစ်မှ ဟုတ်ပါလေ
ပင် တွေးမိလေသည်။

ခုတင်ပေါ်မှ ချောင်လို့ဝမ်းသည် လန့်နိုးသွားဟန်ဖြင့် လူးလ
၍ မျက်လုံးအစုံကို ဖွင့်ကြည့်သည်။ သူ့လည်ပင်းပေါ် ဓားတင်ထ



ည့်ကို ယခုမှ သိဟန်ဖြင့် ထိတ်လန့်ကြောက်ရွံ့သွားသည်။

"အို .... "

သူ့မျက်လုံးအစုံက ပြူးကျယ်သွားသည်။ သူ့ကိုယ်ကိုလည်း
နည်းကလေးမှ မလှုပ်ရှားရဲတော့ချေ။ သူသည် အားနည်းသော
သံဖြင့် လင်းရဲ့ကျင်းကို တုန်တုန်ယင်ယင်နှင့် ပြောသည်။

"မိန်းကလေး ဘယ်သူလဲ .... ကျုပ်ဟာ လူ့မမာတစ်ယောက်
.... ဘူဖြစ်လို့ အခုလို ပြုမူရတာလဲကွယ် .... "

လင်းရဲ့ကျင်းက မဲ့ပြုံးပြုံးလိုက်ပြီး အေးစက်စက်လေသံဖြင့်
လိုက်၏။

"အပိုတွေ ပြောမနေနဲ့ .... ရှင့်အသက် မသေချင်ရင် ကျွန်မ
ကေားတွေကို တစ်သဝေမတိမ်း နားထောင်ပါ .... "

ချောင်လို့ဝမ်းက ဖျော့တော့တော့လေသံဖြင့် တီးတိုးပြန်ပြော
သည်။

"အသက်ကိုတော့ ချမ်းသာပေးပါ မိန်းကလေးရယ် .... မိန်း
လေး ဆန္ဒရှိသလို ကျုပ်အတတ်နိုင်ဆုံး ဆောင်ရွက်ပေးပါ့မယ်"

ထိုစဉ် ယင်ချွန်းနှင့် ခါးကုန်းကြီး လီချိရဲ့တို့က ရှေ့ကို သုံး
လှမ်း တိုးလာကြသည်။ လင်းရဲ့ကျင်းက ဆတ်ခနဲ လှည့်ကြည့်
လိုက်ပြီး ....

"ရှင်တို့ ရှေ့မတိုးကြနဲ့နော် .... "

ချောင်လို့ဝမ်းကလည်း လေသံသဲ့သဲ့ဖြင့် လှမ်းပြောသည်။

"ရှေ့မတိုးကြနဲ့ ရပ်နေကြပါ .... "

ချောင်လို့ဝမ်း၏ လေသံ အမူအရာနှင့် ရုပ်ရည်လက္ခဏာမှာ တကယ့် နာမကျန်းဖြစ်နေသော လူမမာအတိုင်း ဖြစ်နေသည်။ မျက်ကွင်းနှင့်ပါးစပ်နှစ်ဖက်မှာလည်း ချိုင့်ဝင်နေသည်။

ယင်ချွန်းနှင့် ခါးကုန်းကြီး လီချိရဲ့တို့မှာလည်း လှုပ်ပင် မလှုပ်ရဲတော့ပါချေ။ လင်းရဲ့ကျင်းမှာ ပြောသည့်အတိုင်း လုပ်မည့်သူမျိုး ဖြစ်ကြောင်းလည်း သူတို့အကဲခတ်မိကြသည်။

လင်းရဲ့ကျင်းက လီချိရဲ့၏ မျက်နှာကို စူးစူးရှရှကြည့်လိုက်ပြီ

"ကဲ .... အဘိုးကြီး ရှင် ကျွန်မပြောတဲ့အတိုင်း လုပ်ရမယ်"

"ပြောပါ မိန်းကလေး .... ဘာလုပ်ရမှာလဲ .... "

"စောင်ထဲမှာ ရောက်နေတဲ့ ရှင့်လက်နှစ်ဖက်ကို ကျွန်မမြင်အောင် ထုတ်ပြစမ်းပါ .... "

ချောင်လို့ဝမ်း၏ မျက်နှာ ကွက်ခနဲ ပျက်သွားသည်ကို လင်းရဲ့ကျင်းက မျက်စိရှင်ရှင်ဖြင့် အကဲခတ်လိုက်မိပါ၏။

"ဘာဖြစ်လို့ ကျုပ်လက်ကို ပြရမှာလဲ မိန်းကလေးရယ် ...."

"ရှင့်လက်မှာ ဒဏ်ရာရှိသလား မရှိဘူးလားဆိုတာ ကျွန်မကြည့်မလို့ .... "

"အို .... ကျုပ်ဟာကျုပ် ကိုယ့်ကိုယ်ကိုတောင် ဟိုဘက်သည်ဘက် ကောင်းကောင်း မလှည့်နိုင်ပါဘူး .... ကျုပ်လက်ကို မြှောက်ဖို့လည်း အားမရှိပါဘူး .... "

"တော်စမ်းပါရှင် .... ကျွန်မကိုတော့ ရှင်ဟန်ဆောင်နေလို့ မရဘူး .... ရှင်ကတော့ ရှင့်လှည့်ကွက် တော်တော်ပိရိလှပြီလို့ ထင်



နေတယ် .... တကယ်တော့ ရှင်ဟာ ကျွန်မရဲ့ဆရာကို လုပ်ကြံသတ်ဖြတ်ခဲ့တဲ့ လူသတ်သမား .... "

"ဟင် .... မိန်းကလေးရဲ့ဆရာက ဘယ်သူလဲ .... "

"ရွှေခုတ်ဓား စီးဝူဟာ ကျွန်မဆရာပဲ .... "

"အို .... မဟုတ်တာ မိန်းကလေးရယ် .... ရွှေခုတ်ဓား စီးဝူဟာ ကျုပ်ရဲ့မိတ်ဆွေပါ .... "

"ရှင်ဟာ အစ်ကိုကြီးအို့ယိဝမ်းရဲ့ နာမည်ကိုလည်း အလွဲသုံးစားလုပ်ပြီး လူတွေကို သတ်ခဲ့တယ် .... မကောင်းမှုတွေကိုလည်း လုပ်ခဲ့တယ် .... "

"စက္ကူခြားသမား အို့ယိဝမ်းကို ပြောတာလား .... "

"ဟုတ်တယ် .... "

"သူနဲ့ မိန်းကလေးနဲ့ ဘယ်လိုပတ်သက်နေသလဲ .... "

"အစ်ကိုကြီး အို့ယိဝမ်းဟာ ကျွန်မရဲ့ အစ်ကိုရင်းလို အားကိုးရတဲ့ မိတ်ဆွေပဲ .... "

"အို့ယိဝမ်းကို ကျုပ်မမြင်ဖူးပေမယ့် အို့ယိဝမ်းရဲ့ သတင်းကိုတော့ ကျုပ်ကြားသိထားပါတယ် .... အို့ယိဝမ်းရဲ့ မိတ်ဆွေဖြစ်တဲ့ မိန်းကလေးနဲ့ တွေ့ရတာလည်း ကျုပ်ဝမ်းသာပါတယ် .... ကျုပ်ဟာ အို့ယိဝမ်းကို လေးစားနေတဲ့သူပါ .... သူ့နာမည်ပျက်မယ့် အလုပ်မျိုးကို ကျုပ်က ဘယ်လုပ်ပါ့မလဲ .... ပြီးတော့ ကျုပ်ဟာ သူ့နာမည်ကို အလွဲသုံးစားလုပ်ပြီး မိန်းကလေးပြောတဲ့အလုပ်တွေ လုပ်နေတယ်ဆိုတာလည်း ဘယ်ဖြစ်နိုင်မလဲ .... ဒီခုတင်ပေါ်မှာ ကျုပ်လဲနေတာ

ကြာပါပြီ .... "

"တော်ပါတော့ .... အချိန်ဆွဲပြီး စကားတွေ အပိုပြောမနေနဲ့တော့ ရှင်ဘာပဲပြောနေနေ .... ရှင့်လက်က ရှင်ပြောတာ ဟုတ်မဟုတ် သက်သေခံလိမ့်မယ် .... "

"ကျုပ်လက်က ဘာဖြစ်လို့လဲ မိန်းကလေး .... "

"အစ်ကိုကြီးအို့ယိဝမ်းအယောင်ဆောင်ပြီး လူသတ်မှုတွေ .... ဒုစရိုက်မှုတွေကို ကျူးလွန်တဲ့လူဟာ လက်နှစ်ဖက်စလုံးမှာ ဒဏ်ရာ ရသွားတယ် .... ဒီတော့ ရှင်မဟုတ်ဘူးဆိုရင် လက်နှစ်ဖက်ကို မြှောက်ပြ .... ရှင့်လက်မှာ ဒဏ်ရာမရှိဘူးဆိုရင် ရှင်ပြောတာကို ကျွန်မယုံမယ် .... ဒဏ်ရာရှိနေတယ်ဆိုရင်တော့ .... "

"ကျုပ်မှ လက်မမြှောက်နိုင်တာ မိန်းကလေးရယ် .... "

လင်းရဲ့ကျင်းက သူ့လက်မှ ဓားဦးဖြင့် ချောင်လို့ဝမ်း၏ ရင်ဘတ်ကို ပြောင်းထောက်လိုက်သည်။

"ရှင့်လက်ကို မြှောက်မလား .... မမြှောက်ဘူးလား .... ဒါ ကျွန်မ နောက်ဆုံးမေးခြင်းပဲ .... မမြှောက်ဘူးဆိုရင်တော့ ကျွန်မ မညှာနိုင်တော့ဘူး .... "

ချောင်လို့ဝမ်းက မော့ဟိုက်တုန်ယင်စွာဖြင့် ပြန်ပြောသည်။

"မိန်းကလေးရယ် .... ကျုပ်လို သေခါနီးလူမမာဟာစ်ယောက်ကို ဘာ့ဖြစ်လို့များ နှိပ်စက်ချင်ရတာလဲ .... ရှိထားတဲ့ ဓားကို ကျုပ်မလှုပ်ရဲလို့ပါ .... ကျုပ် အအေးမိပြီး ခုက္ခဖြစ်ရပါလိမ့်မယ်"

လင်းရဲ့ကျင်းက စိတ်မရှည်တော့ပါချေ။



လွတ်နေသော လက်တစ်ဖက်ဖြင့် ချောင်လို့ဝမ်း ကိုယ်ပေါ်တွင် ခြုံထားသောစောင်ကို ဆွဲကိုင်ပြီး ဖယ်လိုက်သည်။

"ဟာ .... "

ယင်ချွန်းထံမှ စိုးရိမ်တကြီး အော်ဟစ်သံ ပေါ်ထွက်လာသည်၊

ချောင်းလို့ဝမ်းကိုယ်ပေါ်တွင် စောင်မရှိတော့သဖြင့် သူ၏လက်နှစ်ဖက်ကို လင်းရဲ့ကျင့်း ကောင်းစွာ မြင်ရလေပြီ။

ခံပြင်းဒေါသစိတ်ကြောင့် ချောင်းလို့ဝမ်း ရင်ဘတ်ကိုလည်း ဓားဦးဖြင့် ဖိထောက်လိုက်သည်။

ချောင်လို့ဝမ်း၏ လက်နှစ်ဖက်စလုံးတွင် ပတ်တီးများ စည်းထားကြောင်း တွေ့ရသောကြောင့်ဖြစ်လေသည်။

◈◈◈◈◈

## ၁၁၃။

ချောင်းလို့ဝမ်းသာမက ယင်ချွန်းနှင့် ခါးကုန်းကြီးလီချိရဲ့တို့ပါ မျက်စိပျက် မျက်နှာပျက် ဖြစ်နေကြသည်။ စိုးရိမ်တကြီးလည်း ဖြစ်ပါကြ၏။

လင်းရဲ့ကျင်း မျက်နှာက တင်းမာခက်ထန်နေပြီး ရက်စက်တော့မည့် အသွင်မျိုးကို ဆောင်လာသည်။ သူမ မျက်လုံးအစုံက ဝင်းဝင်းလက်လာသည်။ သူမက မဲ့ပြုံး ပြုံးလိုက်ပြီး ....

"ဟင်း .... ဟင်း .... ဘယ့်နှယ်လဲ အဘိုးကြီး .... ရှင့်လက်က ဇာတ်ရာတွေက သက်သေပြနေမှတော့ ရှင် ဘာငြင်းချင်သေးလဲ အိပ်ရာထဲမှာလဲပြီး မမာမကျန်းဖြစ်နေတဲ့သူက ဘယ်လိုလုပ်ပြီး လက်မှာဒဏ်ရာတွေ ရတာလဲ ပြောစမ်းပါဦး .... ငြင်းစမ်းပါဦး .... "

ချောင်းလို့ဝမ်းမှာ ဘာမှပြန်မပြောနိုင်တော့ဘဲ ငိုင်ငိုင်ကြီးဖြစ်နေသည်။ လင်းရဲ့ကျင်းကသာ ခံပြင်းစိတ်ဖြင့် ဆက်ပြောသည်။



"ရှင်ဟာ လူသားတွေရဲ့အသက်ကို ကယ်တဲ့သမားတော်ကြီး တစ်ယောက်လုံး လုပ်နေပြီး .... သိပ်ကို ရက်စက်ယုတ်မာခဲ့တယ် လူတွေရဲ့ အသက်ကို သတ်တယ် .... တခြားလူရဲ့ နာမည်ကို အလွဲသုံးစားလုပ်ပြီးတော့လည်း မကောင်းတဲ့အလုပ်တွေကို လုပ်ခဲ့တယ် ရှင့်လို လူမျိုးကို လောကမှာ အသက်ရှင်လျက်ထားရင် လူကောင်းတွေ အားလုံး ဒုက္ခဖြစ်လိမ့်မယ် .... ရှင့်ကို သတ်ပစ်မှာ အေးမယ် .... "

"မသတ်ပါနဲ့ရှင် .... မသတ်ပါနဲ့ .... "

ယင်ချွန်းက ကမန်းကတန်း ဝင်ပြီး တောင်းပန်သည်။

လင်းရဲ့ကျင်းသည် ယင်ချွန်းကို ခပ်စွေစွေစောင်းငဲ့ကြည့်လိုက်ပြီး ....

"ဒီလောက် ယုတ်မာတဲ့လူကို ဘာဖြစ်လို့ မသတ်ရမှာလဲ"

ယင်ချွန်းက တောင်းပန်သော လေသံဖြင့် ပြန်ပြောသည်။

"သခင်ကြီးရဲ့ လက်နှစ်ဖက်စလုံးဟာ အရိုးတွေ ကြေအောင် ဒဏ်ရာရထားပါတယ် .... နောင်ဆို သခင်ကြီးဟာ ဘယ်သူ့ကိုမှ ကိုက်ခိုက်နိုင်တော့မှာ မဟုတ်တော့ပါဘူးရှင် .... "

"ဒါပေမယ့် ပြီးခဲ့တဲ့ အပြစ်တွေရဲ့ အပြစ်ဒဏ်တွေကိုတော့ ခံရမှာပေါ့ .... "

"ရှင်ဟာ အဆင့်မြင့်သိုင်းပညာကို တတ်မြောက်ထားတဲ့ သိုင်းသမားတစ်ယောက်ပါ .... ရှင့်လိုလူက ကိုယ့်ကိုယ်ကို ဘယ်လိုမှ မခုခံနိုင်လောက်တဲ့ သခင်ကြီးကို သွေးအေးအေးနဲ့ သတ်တော့မှာလား ရက်စက်ရာကျမှာပေါ့ .... "

လင်းရဲ့ကျင်းက မျက်နှာမဲ့လိုက်ပြီး ....

"သူ့ကိုယ်တိုင်လည်း ရက်စက်ယုတ်မာခဲ့တာပဲ မဟုတ်လား သူ့လိုလူမျိုးကို ညှာတာနေစရာ မလိုဘူး .... သူအသက်ရှင်နေသေးရင် လူကောင်းတွေကို ဒုက္ခပေးနေဦးမှာပဲ .... နောက်ဆုံး သူ့လက်နှစ်ဖက်မှာ ဒဏ်ရာရထားလို့ မတိုက်ခိုက်နိုင်ဘူးပဲထား .... သူ့ရဲ့ဦးနှောက်နဲ့ ရှင်တို့လို လူမျိုးတွေကို ခိုင်းစေပြီး ယုတ်မာတဲ့ အလုပ်တွေကို ဆက်လုပ်နေဦးမှာပဲ .... ဒီတော့ သတ်ပစ်မှအေးမယ် .... "

စကားဆုံးသည်နှင့် လင်းရဲ့ကျင်းသည် သူမ၏ဓားကို မြှောက်ရွယ်လိုက်ပြီး ချောင်းလို့ဝမ်းကို ခုတ်ချရန် ဟန်ပြင်လိုက်သည်။

ထန်ဟိုပွားပင် လင်းရဲ့ကျင်းအပြုအမူကြောင့် မျက်လုံးပြူးသွားသည်။

ထိုစဉ် ....

"ဟား .... ဟား .... ဟား .... ဟား .... ဟား .... ဟား .... ဟား .... "

ခုတင်ပေါ်တွင် လဲလျောင်းနေသော ချောင်းလို့ဝမ်းသည် ကြောက်ရွံ့ခြင်းအလျဉ်းမရှိဘဲ အားပါးတရ ရယ်မောလိုက်လေသည်။

သူတို့ သခင်ကြီး ချောင်းလို့ဝမ်း စိတ်ကယောင်ကတမ်းဖြစ်သွားလေပြီလားဟု ခါးကုန်းကြီး လီချိရဲ့နှင့် ယင်ချွန်းတို့ပင် တွေးလိုက်မိကြ၏။

ဓားကို မြှောက်ရွယ်ထားသော လင်းရဲ့ကျင်းလည်း မျက်မှောင်ကြုတ်သွားသည်။ ချောင်လို့ဝမ်းက သူမကို ကြောက်ရွံ့ရွံ့နှင့် တောင်း



ပန်ရမည့်အစား အားပါးတရ ရယ်မောလိုက်ခြင်းအတွက်လည်း ခံပြင်းသွားဖြစ်သွားမိသည်။

သူမက လေသံဆတ်ဆတ်ဖြင့် မေးလိုက်၏။

"ဘာရယ်တာလဲ .... "

ကျယ်လောင်စွာ ရယ်မောနေသော ချောင်းလို့ဝမ်းလည်း အရယ်ရပ်လိုက်၏။ သူ၏လေသံမှာ ဖျော့တော့အားနည်းနေခြင်းမရှိတော့ဘဲ အားမာန်အပြည့်ပါရှိနေလေသည်။ လေသံမာမာဖြင့် လင်းရဲ့ကျင်းကို ပြန်မေးသည်။

"မင်းက ငါ့ကို သတ်ရဲလို့လား .... သတ်ရဲရင် သတ်လိုက်စမ်းပါ .... "

လင်းရဲ့ကျင်းက မျက်နှာမဲ့လိုက်ပြီး ....

"ဟင် .... ရှင်က သေရမှာ မကြောက်တော့ဘူးပေါ့ .... "

"မကြောက်လို့ ရယ်တာပေါ့ .... "

"ရှင့်ကို မသတ်မှာ မပူပါနဲ့ .... ကျွန်မ မေးချင်တာ မေးပြီးမှ ရှင့်ကို သတ်မယ် .... ကျွန်မမေးတာကို မှန်မှန်ဖြေရင်တော့ ရှင်ဝေဒနာမခံစားရဘဲ သေအောင် တစ်ချက်တည်းနဲ့ အသေသတ်မယ် .... အဲ မှန်မှန်မဖြေဘူးဆိုရင်တော့ ဝေဒနာတွေ အကြောကြီးခံစားရပြီးမှ သေအောင် ရှင့်ကို ညှဉ်းပန်းနှိပ်စက်ပြီးမှ သတ်မယ် .... "

လင်းရဲ့ကျင်းက ပြောရင်းမှ ခါးကုန်းကြီးလီချိရဲ့နှင့် ယင်ချွန်းတို့ကို အကဲခတ်ကြည့်လိုက်သေးသည်။

ထန်ဟိုပွားကမူ မျက်လုံးအပြူးသားကလေးဖြင့် လင်းရဲ့ကျင်း

ကို ကြည့်နေ၏။

ချောင်းလို့ဝမ်းကမူ ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိဘဲ လင်းရဲ့ကျင်းကို ပြောနေသည်။

"ငါဟာ လေပွေမုန်တိုင်းအဖွဲ့ခေါင်းဆောင် စက္ကူဓားသမား အို့ယိဝမ်းနဲ့ သိုင်းပညာချင်း ယှဉ်ပြိုင်ကြည့်ချင်နေတာ ကြာလှပြီ .... သိုင်းလောကကို ငါကစပြီး ဝင်လာကတည်းက စက္ကူဓားသမား အို့ယိဝမ်းကိုပဲ မြင်ဖူးနေချင်တယ် .... ဒါကြောင့် ငါဟာ အို့ယိဝမ်းနဲ့ ယှဉ်ပြိုင်ခွင့်ရအောင် သူ့ဟန်ဆောင်ပြီး လှုပ်ရှားခဲ့တာပဲ .... ဒါမှလည်း ဒီသတင်းကို သူကြားပြီး ငါနဲ့ရင်ဆိုင်တွေ့မယ် မဟုတ်လား .... ဒါပေမယ့် ခုတော့ မင်းလက်ချက်နဲ့ ငါသေရတော့မယ် .... ငါအသက်ကြီးနေပါပြီ .... လုပ်ချင်တာတွေလည်း လုပ်ခဲ့ပြီးပါပြီ .... သေရမှာကို ငါမကြောက်တော့ပါဘူး .... ဒါပေမယ့် အို့ယိဝမ်းနဲ့ ငါ ဘယ်သူက သိုင်းပညာအဆင့်သာတယ်ဆိုတာ ယှဉ်ပြိုင်မကြည့်တော့ဘူး .... ဒါကိုတော့ ငါစိတ်မကောင်းဘူး .... "

လင်းရဲ့ကျင်းက မခံချင်ဖြစ်သွားပြီး ....

"ဘာ .... ရှင်က အစ်ကိုကြီးအို့ယိဝမ်းနဲ့ ယှဉ်ပြိုင်ချင်တယ် ဟုတ်လား .... အစ်ကိုကြီး အို့ယိဝမ်းကို ရှင့်ရဲ့သိုင်းပညာအဆင့်လောက်နဲ့ ယှဉ်လို့နိုင်မှာမို့လို့လား .... "

"အို့ယိဝမ်းနဲ့ ယှဉ်ရင် .... ငါပဲ နိုင်မယ်ဆိုတာ သိလို့လဲ သူပေါ်ထွက်လာအောင် သူ့နာမည်ကိုသုံးပြီး ငါလှုပ်ရှားခဲ့တာပေါ့ .... အခုချိန် အို့ယိဝမ်းနဲ့ ယှဉ်လို့ကတော့ ငါဘယ်နိုင်မှာလဲ .... ငါ့လက်



နှစ်ဖက်စလုံး ဒဏ်ရာရထားတော့ တော်ရုံတန်ရုံလူကိုတောင် ငါနိုင်မှာ မဟုတ်ဘူး .... နောက်သုံးလေးရက်ဆိုရင်တော့ ငါ့လက်နှစ်ဖက်စလုံးက ဒဏ်ရာရထားတာတွေ ကျက်ပြီး ပျောက်တော့မယ် .... ဒီလိုအချိန်မှာ အို့ယိဝမ်းနဲ့ ယှဉ်ပြိုင်လို့ကတော့ ငါပဲ နိုင်ရမှာပေါ့ .... အို့ယိဝမ်းက ငါ့ထက်တော့ သိုင်းပညာပိုမတော်နိုင်ပါဘူး .... တစ်ကိုယ်ကောင်းအစမရှိလို့လည်း အဖွဲ့နဲ့ လှုပ်ရှားနေတာပေါ့ .... "

အို့ယိဝမ်းအပေါ် အထင်အမြင်သေးစွာဖြင့် ချောင်းလို့ဝမ်းက ပြောနေ၍ လင်းရဲ့ကျင်း မခံချင်ဖြစ်သွားသည်။

"တော်စမ်းပါ .... မဖြစ်နိုင်တာတွေကို ဘာဖြစ်လို့ ပြောနေရတာလဲ .... အစ်ကိုကြီး အို့ယိဝမ်းဟာ ဘယ်လောက်အထိ လက်ရုံးရည်ရော နှလုံးရည်ပါ ပြည့်စုံတယ်ဆိုတာ ကျွန်မ အသိဆုံး .... "

"သူ့ထက် ငါက ဉာဏ်ရည်ရော လက်ရုံးရည်ပါ သာလို့ သူ့ကိုတစ်ဖွဲ့လုံး ဦးနှောက်ချောက်အောင် ငါလုပ်နိုင်ခဲ့တာပေါ့ .... "

"ဒါပေမယ့် အခုတော့ ကျွန်မလက်ထဲ ရှင်ရောက်ရပြီ မဟုတ်လား .... "

"ဒါက မင်းကံကောင်းသွားလို့ပါ .... နည်းနည်းသာ မင်းနောက်ကျသွားရင် ငါ့ရဲ့အရိပ်အယောင်ကိုတောင် တွေ့ရတော့မှာမဟုတ်ဘူး .... ပြီးတော့ မင်းကို ဒီအခန်းထဲ အဝင်ခံပြီး ငါအညှုံခံလိုက်တာလဲ အကြောင်းရှိလို့ .... "

"ဘာအကြောင်းလဲ .... "

"မင်းဟာ အို့ယိဝမ်းရဲ့ ဘက်တော်သားတစ်ယောက်ဆိုတာ

ငါသိပါတယ် .... မင်းနဲ့ပတ်သက်ပြီး မင်းစိစဉ်ပေးမှုကြောင့် အိုယိဝမ်းနဲ့ ငါယှဉ်ပြိုင်ခွင့်ရမယ်လို့လည်း ငါတွက်ဆမိတယ် .... ဒီလို တွက်ဆမထားရင် .... ဒီအခန်းထဲ ပြေးဝင်လာတဲ့ မင်းကို ထောင်ချောက်ထဲ ရောက်အောင် ငါပို့နိုင်တယ် .... အခုတော့ ငါတွက်ဆထားသလို မဟုတ်ဘဲ မင်းက ငါ့ကို သတ်တော့မယ် .... ငါဟာ အိုယိဝမ်းနဲ့ ယှဉ်ပြိုင်ခွင့် မရတော့ဘူး .... မင်းကြိုက်သလိုသာ ငါ့ကိုသတ်ပါတော့ တစ်ခုပဲ ငါတောင်းပန်ပါတယ် .... ငါသေသွားရင် တစ်ခုတော့ ဆောင်ရွက်ပေးပါ .... "

"ကျွန်မက ဘာလုပ်ပေးရမှာလဲ .... "

"ငါသေသွားတဲ့အခါ ငါ့ရဲ့ခေါင်းကိုဖြတ်ပြီး အိုယိဝမ်းကို သွားပြပါ .... ပြီးတော့ ငါက စကားတစ်ခွန်းမှာသွားတယ်လို့လဲ ပြောပြပါ .... "

"ဘာပြောရမှာလဲ .... "

"ငါဟာ မင်းလက်ချက်နဲ့ သေရပေမယ့် သူ့ကို ရှုံးနိမ့်ခဲ့တာ မဟုတ်ဘူးလို့ .... ငါသာ မသေရင် စက္ကူဓားသမား အိုယိဝမ်းကို ချောင်လို့ဝမ်း ယှဉ်ပြိုင်လို့ အနိုင်ရသွားတယ်ဆိုတဲ့ သတင်းဟာ သိုင်းလောကမှာ ပျံ့နှံ့သွားလိမ့်မယ်လို့ ဒီစကားကိုသာ ဆက်ဆက်ပြောပြလိုက်ပါ .... ကဲ .... ငါ့ကို မင်းကြိုက်သလိုသာ စီမံပါတော့ .... "

ချောင်းလို့ဝမ်း စကားကြောင့် လင်းရဲ့ကျင်းမှာ အတော်ကလေး ခံပြင်းဒေါသဖြစ်သွားမိသည်။

ချောင်းလို့ဝမ်း ဒဏ်ရာပျောက်ပြီး အိုယိဝမ်းနှင့် ယှဉ်ပြိုင်တိုက်



ခိုက်သည့်ပွဲကို ကြည့်လိုစိတ် ပေါ်ပေါက်လာမိသည်။ ရှုံးနိမ့်သွားသော ချောင်လို့ဝမ်းကိုကြည့်ပြီး ဟားတိုက်ရယ်မောချင်စိတ်ပေါက်လာသည်။

လင်းရဲ့ကျင်းသည် ယတိပြတ် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီး မြှောက်ရွယ်ထားသော သူမ၏ဓားကို ပြန်ရုပ်သိမ်းလိုက်တော့၏။

ချောင်းလို့ဝမ်းက နားမလည်ဟန်ဖြင့် လင်းရဲ့ကျင်းကို ကြည့်၍ မေးလိုက်သည်။

"ဘယ်လိုဖြစ်တာလဲ .... ဓားကို ဘာဖြစ်လို့ ပြန်ရုပ်လိုက်ရတာလဲ .... ငါ့ကို မသတ်တော့ဘူးလား .... "

"မသတ်တော့ဘူး .... "

"ဘာဖြစ်လို့လဲ .... "

"ရှင် ဖမ်းခေါ်သွားပြီး အစ်ကိုကြီးအိုယိဝမ်းနဲ့ ယှဉ်ပြိုင်စေရမယ် .... ရှင် ဘာဖြစ်လို့ အစ်ကိုကြီးအိုယိဝမ်းရဲ့နာမည်ကို သုံးပြီး ဓာရိုက်မှုတွေ ကျူးလွန်ခဲ့တယ်ဆိုတာလဲ အစ်ကိုကြီးဆီမှာ ရှင်အစစ်ဆေးခံရလိမ့်မယ် .... ရှင့်ကို သက်သေထူပြီးပြနိုင်ရင် သိုင်းလောကသားတွေက အိုယိဝမ်းအပေါ် အထင်အမြင်မှားနေတဲ့ ကိစ္စလည်း ပြေလည်သွားလိမ့်မယ် .... ရှင့်ဆန္ဒအတိုင်း အစ်ကိုကြီးအိုယိဝမ်းနဲ့ ယှဉ်ပြိုင်တဲ့အခါ အစ်ကိုကြီးအိုယိဝမ်းက ရှင့်ကို တရားသဖြင့် အနိုင်ယူပြီး ပုတ်သင်လိမ့်မယ် .... ဒါကြောင့် ရှင့်ကို ကျွန်မ မသတ်တော့ဘူး"

"ဪ .... မင်းက ငါ့ကို အိုယိဝမ်းနဲ့ ယှဉ်ပြိုင်ခွင့် ပေးမယ်ပေါ့ .... တွေ့ဆုံခွင့် ပေးမယ်ပေါ့ .... "

"ဟုတ်တယ် .... "

"မင်းကိုငါ သိပ်ပြီး ကျေးဇူးတင်နေတယ် .... ငါကလည်း အိုးယိဝမ်းနဲ့တွေ့ပြီး ယှဉ်ပြိုင်ချင်နေတာ .... ယှဉ်ပြိုင်တဲ့အခါကျတော့ ဘယ်သူနိုင်မယ်ဆိုတာတော့ မင်းမြင်ရလိမ့်မယ် .... မင်းက ငါနိုင်မယ်လို့ မထင်ဘူးလား .... "

"လုံးလုံး မထင်ဘူး .... အစ်ကိုကြီး အိုးယိဝမ်းရဲ့လက်ချက်နဲ့ ရှင်သေရမှာပဲ .... "

"ကဲ .... တကယ်လို့ ငါနိုင်ရင်ကော .... "

"ရှင့်ကို ဘယ်လိုအနှောင့်အယှက်မှ မပေးဘဲ ပြန်လွှတ်လိုက်မယ် .... "

"ကောင်းပြီ .... မင်းရဲ့ကတိသာ တည်ပါစေ .... မင်းခေါ်တဲ့နေရာကို ငါအေးအေးဆေးဆေး လိုက်ခဲ့မယ် .... "

လင်းရဲ့ကျင်းက ယင်ချွန်းကို လှည့်ကြည့်ပြီး ပြောသည်။

"ရှင်သွားပြီး မြင်းလှည်းတစ်စီး အဆင်သင့် ပြင်ထားလိုက်ပါ"

ယင်ချွန်းက ကောင်းကောင်းမွန်မွန်ပင် ပြန်ပြောသည်။

"ကျွန်မတို့မှာ မြင်းလှည်းမရှိပါဘူး .... "

"ဟင် .... ဒါဖြင့် ဇော်ဇောက ကျွန်မမြင်ခဲ့တဲ့ မြင်းလှည်းတွေကကော .... "

ခရီးထွက်တော့မယ့်ဆဲဆဲ မြင်းလှည်းတွေပါ .... ကျွန်မတို့တစ်တွေ ဒီအိမ်ကြီးကို ပြေးလာကြကတည်းက မြင်းလှည်းတွေ ထွက်သွားကြပါပြီ .... အခု တစ်စီးမှ မရှိတော့ပါဘူး .... မယုံရင် ကိုယ်တိုင် လိုက်ကြည့်နိုင်ပါတယ် .... "



"ဒါဖြင့် .... မြင်းလှည်းငှားတဲ့ဌာနကိုသွားပြီး မြင်းလှည်းတစ်စီး သွားငှားချေ .... မြင်းလေးကောင်တပ်တဲ့ မြင်းလှည်းဖြစ်ပါစေ"

"သခင်ကြီးကို ဘယ်ခေါ်သွားမလို့လဲ .... "

"ဘယ်ခေါ်သွားသွား .... မေးနေစရာမလိုဘူး .... ကျွန်မခိုင်းတဲ့အတိုင်းသာ အမြန်ဆုံးလုပ်ခဲ့ပါ .... "

ယင်ချွန်း ဆက်မမေးရဲတော့သဘဲ ခေါင်းညိတ်လိုက်ပြီး ထွက်သွားရန် ကိုယ်ကို လှည့်လိုက်သည်။

"နေဦး .... "

လင်းရဲ့ကျင်းက လှမ်းခေါ်သဖြင့် ယင်ချွန်းလည်း လင်းရဲ့ကျင်းကို ပြန်လှည့်ကြည့်သည်။ လင်းရဲ့ကျင်းက လေသံမာမာဖြင့် ပြောသည်။

"ရှင်တို့ကို သတိပေးလိုက်မယ် .... အကူအညီတွေခေါ်ပြီး ပြန်လာမယ်ဆိုရင်တော့ .... ယောဒ္ဒီ ရှင်တို့ရဲ့သခင်ကြီးကို ခေါင်းဖြတ်ပြီးသားသာ မှတ် .... ကျွန်မပြောတဲ့အတိုင်း စီစဉ်လာခဲ့မယ်ဆိုရင်တော့ ရှင်တို့သခင်ကြီးနဲ့ အစ်ကိုကြီး အိုးယိဝမ်းတို့ကို တရားသဖြင့် ယှဉ်ပြိုင်ခွင့်ပေးမယ် .... ဒါမှလည်း ယောကျ်ားပီပီ ဂုဏ်ရှိရှိသေနိုင်မယ်"

ယင်ချွန်းက ခေါင်းညိတ်၍ ....

"စိတ်ချပါ .... ကျွန်မ ရှင်ပြောတဲ့အတိုင်းပဲ လုပ်မှာပါ .... ဘယ်သူ့ကိုမှလည်း အကူအညီ မခေါ်ရဲပါဘူး .... သခင်ကြီးရဲ့ အသက်ဟာ ရှင့်လက်ထဲမှာ ရှိတယ်ဆိုတာ ကျွန်မသိပါတယ် .... သခင်ကြီးကို အန္တရာယ်မပေးပါနဲ့ .... "

"အေး .... ငါ့ဓား ဘယ်လောက်ထက်တယ်ဆိုတာ ဟောဒီမှ ကြည့်ထား .... "

လင်းရဲ့ကျင်းက ပြောပြောဆိုဆို သူ့မလက်ထဲတွင် အသ[illegible] ဆုပ်ကိုင်ထားသော ဓားဖြင့် ခုတင်ဘေးတွင်ရှိသော စားပွဲကို ခုတ[illegible] လိုက်၏။

'ဒုန်း'ခနဲ မြည်ဟည်းသံနှင့်အတူ စားပွဲမှာ ထက်ပိုင်းပြတ်သွ[illegible] သည်။

ယင်ချွန်းသာမက ခါးကုန်းကြီး လီချိရဲ့ပါ မျက်လုံးပြူးသွ[illegible] သည်။

ထန်ဟိုဟွားကလည်း ပါးစပ်အဟောင်းသား ဖြစ်သွားပေ[illegible] သည်။

◇◇◇◇◇



-၆-

၁၀၄။

"တယ်ကောင်းတဲ့ ဓားပါလား .... "

ချောင်းလို့ဝမ်းပင် ပါးစပ်အဟောင်းသားဖြင့် ပြောလိုက်၏။

လင်းရဲ့ကျင်းက ခေါင်းညိတ်၍ ....

"ဟုတ်တယ် .... ရှင့်ခေါင်းကို ဒီဓားက ကောင်းကောင်းဖြတ် [illegible]တယ်ဆိုတာ ရှင်ယုံရင် .... ရှင့်အပါးတော်မြဲကို ကျွန်မနိုင်းတဲ့အတိုင်း [illegible]သဝေမတိမ်း လုပ်ပါစေ .... ညာဏ်မများပါစေနဲ့ .... "

ချောင်းလို့ဝမ်းက ယင်ချွန်းကို ကြည့်လိုက်ပြီး ....

"သူ့ နိုင်းတဲ့အတိုင်း တိတိကျကျ လုပ်လိုက်ပါ ယင်ချွန်း"

"ကောင်းပါပြီ သခင်ကြီး .... "

ထိုအခါမှ တစ်ချိန်လုံး ငြိမ်နေသော ထန်ဟိုဟွားက လင်းရဲ့ [illegible]ကို လှမ်းပြောလိုက်၏။

"ဒေါ်လေးနိုင်းတဲ့အလုပ်ကို ကျွန်မသွားလုပ်ချင်ပါတယ် .... မြင်းလှည်းတစ်စီးရအောင် အမြန်ဆုံးသွားပြီး စီစဉ်ခဲ့ပါ့မယ် .... "

တကယ်တော့ ထန်ဟိုဟွားသည် အပြင်ကို ထွက်ပြေးလိုသဖြင့် ဤအခွင့်အရေးကို တောင်းဆိုလိုက်ခြင်းဖြစ်လေသည်။ သူမ စိတ်ထဲတွင် လင်းရဲ့ကျင်းတစ်ယောက်တည်း ချောင်လို့ဝမ်းကို ထိန်းချုပ်ပေါ် သွားနိုင်လိမ့်မည်မဟုတ်ဟု ထင်ထားခဲ့သည်။

သူမသာ အပြင်ဘက်ကို ထွက်နိုင်မည်ဆိုလျှင် ဝေ့ဂေ်ဟာသို့ အမြန်ဆုံးပြေးပြီး အို့ယီဝမ်းတို့ကို ကယ်တင်မည်ဟု ဆုံးဖြတ်ထားသည်။ ပြီးနောက် ချောင်းလို့ဝမ်းကို ဖမ်းဆီးရန် လင်းရဲ့ကျင်းကို ကယ်တင်စေမည်ဟု စိတ်ကူးထားသည်။

သို့မဟုတ်ပါက လင်းရဲ့ကျင်းသည် အန္တရာယ်နှင့် မလွဲမသွေ တွေ့လိမ့်မည်ဟုလည်း ထန်ဟိုဟွား တွေးထားသည်။

ချောင်းလို့ဝမ်း၏လက်မှ ဒဏ်ရာသည် နောက်ဆုံးသုံးရက်ဆို လျှင် လုံးလုံးပျောက်ကင်းသွားဖွယ်ရာ ရှိသည်။

ချောင်းလို့ဝမ်း၏ အိမ်ခန်းထဲတွင်လည်း စက်ယန္တရားထောင် ချောက်များ တပ်ဆင်ထားလျက်ရှိကြောင်းကို ထန်ဟိုဟွား သိထားသည်။ ချောင်းလို့ဝမ်းအနေဖြင့် လင်းရဲ့ကျင်းကို အချိန်မရွေးအလွယ် တကူ ဖမ်းဆီးနိုင်ကြောင်း သိထားသည်။

ချောင်းလို့ဝမ်းတွင် အကြံအစည်တစ်ခုရှိ၍သာ လင်းရဲ့ကျင်း ကို မဖမ်းဆီးခြင်းဖြစ်ပေမည်။ မည်သို့သော အကြံအစည်ဖြစ်ကြောင်း ကို ထန်ဟိုဟွားမတွေ့တတ်မိပါချေ။



လင်းရဲ့ကျင်းသည် အခြေအနေ အရပ်ရပ်ကို မသိသဖြင့် ထန် ဟိုဟွား၏ တောင်းဆိုချက်ကို မလိုက်လျောပါချေ။ သူမက ခေါင်းကို ခါယမ်း၍ ....

"မင်းသွားလို့ ဘာဖြစ်မလဲ .... မင်းက ကလေးပဲ ရှိသေးတာ ပဲ .... မင်း ဘာမှနားလည်မှာ မဟုတ်ဘူး .... ယင်ရှုန်းပဲ သွားပါစေ ကွဲ .... ယင်ရှုန်း ရှင်သွားတော့ .... "

ထန်ဟိုဟွား စိတ်ပျက်လက်ပျက် ဖြစ်သွားမိသော်လည်း ထပ်မံ ပြောက တက်လျှင် ချောင်းလို့ဝမ်းက သူမအပေါ် သင်္ကာမကင်း ဖြစ်သွားမည်စိုးသောကြောင့် ငြိမ်နေလိုက်ရတော့၏။

အိပ်ခန်းထဲမှ ယင်ရှုန်း ထွက်ခွာသွားသည်။

အပ်ခန်းထဲရှိ လူများအားလုံး တစ်ယောက်မှ စကားမပြောကြ ဘဲ ငြိမ်နေကြသည်။ ကိုယ့်အတွေးနှင့် ကိုယ် ငြိမ်နေကြခြင်းဖြစ်၏။

လင်းရဲ့ကျင်းကမူ လက်ထဲတွင် ဓားကိုင်ထားပြီး ချောင်လို့ ဝမ်းကလည်း ခုတင်ပေါ်တွင် ငြိမ်ငြိမ်ကလေး လဲလျောင်းနေသည်။

ထန်ဟူဟွားသည် အို့ယီဝမ်းတို့တစ်တွေ ထောင်ချောက်ထဲတွင် ပိတ်မိနေပြီဖြစ်ကြောင်း လင်းရဲ့ကျင်းကို ပြောင်ပဲ ဖွင့်ပြောလိုက်ရလျှင် ကောင်းလေမည်လားဟု တွေးမိသည်။ သို့သော် မဖြစ်နိုင်ကြောင်း သူမသည် ချက်ချင်းပင် စဉ်းစားမိပြန်သည်။

သူမဖွင့်ပြော၍ အို့ယီဝမ်းတို့ ထောင်ချောက်ထဲ ကျရောက်နေ ကြောင်း လင်းရဲ့ကျင်းသိသွားလျှင် လင်းရဲ့ကျင်းသည် မူလအစီအစဉ် ကို ပြောင်းပေတော့မည်။ ချောင်လို့ဝမ်းကို ရန်မူချင်လည်း ရန်မူမည်။

ထိုအခါ ချောင်းလို့ဝမ်းသည့် လင်းရဲ့ကျင်းကို အလွတ်မပေး တော့ဘဲ ဖမ်းဆီးတော့မည်။ မိမိလည်း အသက်သေသည်အထိ ကြီး စွာသော အပြစ်ဒဏ်ကို ခံရပေတော့မည်ဟု ထန်ဟိုဟွား တွေးမိသည်။

သူမ၏ ဘေးတွင် ခါးကုန်းကြီးလီချိရဲ့ကလည်း အသင့်ရှိနေ သဖြင့် ပြေး၍ လွတ်လိမ့်မည် မဟုတ်ချေ။

ထန်ဟိုဟွား ယခုမှ နောင်တရမိ၏။

စောစောက အိမ်ကြီးဆီသို့ လင်းရဲ့ကျင်း ထွက်ပြေးလာစဉ်က ခါးကုန်းကြီး လီချိရဲ့နှင့် ယင်ချွန်းတို့သည် လင်းရဲ့ကျင်းကိုသာ အာရုံ စိုက် လိုက်ဖမ်းရန် ကြိုးစားနေပြီး မိမိကို မေ့နေကြ၏။

ထိုစဉ်က မိမိအနေဖြင့် ထွက်ပြေးရန် အခွင့်အလမ်းရှိခဲ့သည်။ သို့သော် ထိုစဉ်က လင်းရဲ့ကျင်း ထောင်ချောက်ထဲ ရောက်သွားမည်ကို စိုးရိမ်သောစိတ်ဖြင့် ဤနေရာအထိ လိုက်လာခဲ့ခြင်းဖြစ်လေသည်။

ထန်ဟိုဟွား အတွေးနယ်ချဲ့နေစဉ် အိပ်ခန်းထဲသို့ ယင်ချွန်း ပြန်ရောက်လာလေသည်။ သူမ အမူအရာက မောဟိုက်နေပုံမျိုးဖြစ် ၏။ သူမက အိပ်ခန်းထဲသို့ ရောက်ရောက်ချင်း လင်းရဲ့ကျင်းကို ပြော သည်။

"မြင်းလှည်းဌာနကို ကျွန်မရောက်ခဲ့ပြီးပါပြီ .... "

"မြင်းလှည်းရခဲ့ပြီလား .... "

လင်းရဲ့ကျင်း၏ အမေးကို ယင်ချွန်းက ပြန်ဖြေသည်။

"မြင်းလှည်းတော့ ပါမလာသေးပါဘူး .... မြင်းလှည်းပိုင်ရှင် က ကျွန်မကို မေးနေလို့ပါ .... "



"ဘာမေးနေလို့လဲ .... "

"ခရီးဘယ်လောက်ဝေးဝေး သွားမှာလဲ .... ဘယ်ဒေသကို သွားမှာလဲလို့ မေးနေပါတယ် .... ဒါကိုမှ မပြောဘူးဆိုရင်တော့ မြင်း လှည်းကို မငှားနိုင်ဘူးလို့လဲ ပြောပါတယ် .... "

လင်းရဲ့ကျင်းက မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး ....

"ပြောလိုက်ပါလေ .... စန်းစီးဒေသကို သွားမယ်လို့ နှစ်ရက် သုံးရက် ခရီးကြာမယ်လို့ .... "

"နောက် မေးလိုက်ပါသေးတယ် .... "

"ဘာမေးသေးလို့လဲ .... "

"တောလမ်း တောင်လမ်းကို သွားမှာလား .... ဒါမှမဟုတ် လမ်းဖြောင့်လမ်းကောင်းကို သွားမှာလားလို့လဲ မေးပါတယ် .... သွား မယ့်လမ်းနဲ့ သင့်တော်မယ့် မြင်းလှည်းကို ပေးနိုင်အောင်လို့တဲ့ .... "

"အင်း .... လန်ကျိုးမြို့က အထွက် တစ်လမ်းလုံးကတော့ မင်းလမ်းမကြီးကပဲ သွားရမှာ .... ဒီလိုပဲ ပြောလိုက်ပါ .... "

"အမိုးပါတဲ့ မြင်းလှည်းကိုယူမှာလား .... မြင်းလေးကောင် ထက်ပိုတဲ့ မြင်းလှည်းဆိုရင်ကော ယူမှာလားလို့ မေးပါသေးတယ်"

လင်းရဲ့ကျင်းက စိတ်မရှည်တော့ဘဲ ငေါက်ဆတ်ဆတ်ဖြင့် ပြန်လည်ပြောလိုက်မိ၏။

"အို .... ခရီးဝေးသွားမှာပဲ .... အမိုးပါမှ ဖြစ်မှာပေါ့ .... နောက်ပြီး မြင်းလေးကောင်ဆိုရင် တော်ပါပြီ .... မြန်မြန်သွားပြီး မြန်မြန်သာ လာခဲ့ပါတော့ .... "

ထိုအခါမှ ယင်ချွန်း ဘာမှမပြောတော့ဘဲ လှည့်ထွက်သွားသည်။

ထန်ဟိုပွားကမူ လင်းရဲ့ကျင်းအတွက် ပိုပြီး စိုးရိမ်စိတ်ဖြစ်ပေါ်နေမိသည်။

ယင်ချွန်းသည် တကယ်တော့ မြင်းလှည်းဌာနကို ရောက်အောင်မသွားဘဲ ပြန်လာခြင်းသာဖြစ်ကြောင်း၊ သွားမည့်ခရီးစဉ်ကို ကြိုတင်သိနိုင်ရန်အတွက် သူမဘာသာ သူမ မေးမြန်းသွားခြင်းဖြစ်ကြောင်း ထန်ဟိုပွား ရိပ်စားမိသည်။

ယင်ချွန်းနှင့် မျက်နှာတွင် အမာရွတ်ရှိနေသော ချုံစန်းတို့သည် လင်းရဲ့ကျင်းကို ဒုက္ခပေးရန် ပူးပေါင်းကြံစည်ကြတော့မည်ဖြစ်ကြောင်းလည်း ထန်ဟိုပွား တွေးမိသည်။ ထို့ကြောင့် လင်းရဲ့ကျင်းအတွက် စိုးရိမ်မိခြင်း ဖြစ်၏။

သို့သော် သူမသည် လင်းရဲ့ကျင်းကို မည်သူမှ ဖွင့်ဟမပြောနိုင်ပါချေ။

မကြာမီ အိပ်ခန်းထဲသို့ ယင်ချွန်းပြန်ရောက်လာပြီး အနောက်ဘက်ဝင်းထဲတွင် မြင်းလှည်းအဆင်သင့်ရောက်ရှိနေပြီဖြစ်ကြောင်း လင်းရဲ့ကျင်းကို ပြောသည်။

"ကဲ .... ဒါဆို ကျွန်မတို့အားလုံး မြင်းလှည်းဆီ သွားကြမယ် ယင်ချွန်းနဲ့ ဟိုကောင်မလေးက ဒီအဘိုးကြီးကို သယ်မပြီး သွားကြပါ ရှေ့ဆုံးက လီချိရဲ့ သွားပါ .... ကျွန်မ နောက်ကလိုက်မယ် .... "

လင်းရဲ့ကျင်း ပြောသည့်အတိုင်း ယင်ချွန်းနှင့် ထန်ဟိုပွားတို့



က ချောင်လို့ဝမ်းကို သယ်မကြသည်။

ခါးကုန်းကြီးလီချိရဲ့က ရှေ့ဆုံးမှ သွားသည်။

နောက်ဆုံးမှ လင်းရဲ့ကျင်းက ချောင်လို့ဝမ်းကို ဓားဖြင့်ရွယ်၍ သတိပေးလိုက်သည်။

"မည်သည့်အနှောင့်အယှက်အဟန့်အတားမှမရှိဘဲ သူတို့သည် အနောက်ဘက်ဝင်းထဲတွင် ရပ်ထားသော မြင်းလှည်းဆီ ရောက်လာကြ၏။

မြင်းလှည်းမှာ အမိုးအကာပါသော မြင်းလေးကောင်တပ် မြင်းလှည်းဖြစ်၏။ မြင်းလှည်းအနီးကိုရောက်လျှင် လင်းရဲ့ကျင်းက မြင်းလှည်းကို လှမ်းပြီး အကဲခတ်ကြည့်သည်။

မြင်းလှည်းမောင်းသမားသည် မြက်ခမောက်ကို ခပ်ငိုက်ငိုက်ဆောင်း၍ လှည်းဦးအမိုးပေါ်တွင် ထိုင်နေသည်။ မြက်ခမောက်က မျက်နှာတစ်ဝက်ခန့်ဖုံး၍နေသောကြောင့် သူ့မျက်နှာကို ကောင်းစွာမမြင်ရချေ။

တကယ်တော့ မြင်းလှည်းသမား ဟန်ဆောင်ထားသူမှာ မျက်နှာတွင် အမာရွတ်ရှိသော ချုံစန်းပင် ဖြစ်လေသည်။ လင်းရဲ့ကျင်းကတော့ မသိချေ။

ထန်ဟိုပွားကမူ မြင်မြင်ချင်း သိလိုက်ပြီး ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားမိသည်။ သို့သော် လင်းရဲ့ကျင်းကို သတိမပေးနိုင်ပါချေ။

မြင်းလှည်းထဲတွင် လူလေးယောက်ထိုင်သာရုံ ထိုင်ခုံတွေ ရှိနေသည်။

"အဘိုးကြီးကို မြင်းလှည်းပေါ် တင်လိုက်ကြ .... "

ချောင်းလို့ဝမ်းသည် မြင်းလှည်းအတွင်းသို့ ရောက်သွားလျှင် လင်းရဲ့ကျင်းက တက်ပြီး ချောင်းလို့ဝမ်းဘေးတွင် ဝင်ထိုင်သည်။ သူမ၏ဖခင်ဦးက ချောင်းလို့ဝမ်းခန္ဓာကိုယ်ကို ထောက်ထားသည်။

"ရှင်တို့လည်း မြင်းလှည်းထဲကို တက်ထိုင်ကြပါ .... "

လင်းရဲ့ကျင်း အမိန့်ပေးသဖြင့် ပာင်စွန်းနှင့် ခါးကုန်းကြီး လီချိရဲ့တို့လည်း မြင်းလှည်းထဲ ဝင်ထိုင်လိုက်ကြသည်။ လူလေးယောက် ပြည့်သွားသဖြင့် မြင်းလှည်းထဲတွင် ထန်ဟိုဟွားအတွက် နေရာမရှိတော့ချေ။

သူမက လင်းရဲ့ကျင်းကို လှမ်းပြောသည်။

"မြင်းလှည်းထဲမှာ သိပ်ပြီးကျပ်နေပြီ .... ကျွန်မ မြင်းလှည်းမောင်းတဲ့လူရဲ့ ဘေးပဲ သွားထိုင်တော့မယ် .... ထိုင်ရမလား ဒေါ်လေး"

လင်းရဲ့ကျင်းက ခေါင်းညိတ်၍ ....

"သွားထိုင်လေ .... ဒါပေမယ့် အေးအေးဆေးဆေး လိုက်ခဲ့နော် ညာထဲများရင်တော့ ဘယ်သူ့ကိုမှ ငါမညှာနိုင်ဘူး .... "

"ကျွန်မ အေးအေးဆေးဆေး လိုက်မှာပါ .... "

ထန်ဟိုဟွား မ်းမြောက်ဝမ်းသာ ဖြစ်သွားမိသည်။ သူမအဖို့ ထွက်ပြေးရန် အခွင့်အလမ်း ပေါ်ပေါက်လာနိုင်သေးသည် မဟုတ်လား။

ထန်ဟိုဟွားသည် ချုံစန်းဘေးတွင် အသာအယာဝင်ထိုင်ပြီးသည်နှင့် ချုံစန်းလည်း ဘာမှမပြောဘဲ မြင်းလှည်းကို မောင်းထွက်ခဲ့



တော့သည်။

မြင်းလှည်းကို လမ်းမကြီးအတိုင်း မောင်းပါက မကြာမီ စန်းဖူးတည်းခိုဂေဟာရှေ့ကို ရောက်ပေလိမ့်မည်ဟု ထန်ဟိုဟွားကတွေးမိသည်။ မြင်းလှည်းသည် စန်းဖူးတည်းခိုဂေဟာရှေ့မှ ဖြတ်ကျော်ရပေလိမ့်မည်။

မကြာမီ မြင်းလှည်းသည် မြို့တွင်း မင်းလမ်းမကြီးပေါ်တွင် မောင်းနှင်လျက် ရှိနေသည်။ စန်းဖူးတည်းခိုဂေဟာနှင့်လည်း မဝေးတော့ချေ။

ထန်ဟိုဟွားသည် သူမ၏ အိတ်ထဲမှ မြေပုံစာရွက်ထည့်ထားသော ဖယောင်းလုံးကလေးကို မသိမသာ နှိုက်ယူ၍ လက်ထဲတွင် ဆုပ်ကိုင်ထားသည်။ ချုံစန်းကမူ ထန်ဟိုဟွားကို သူတို့လူအဖြစ် သတ်မှတ်ထားလျက်ရှိလေရာ မယုံသင်္ကာမဖြစ်ချေ။

သူသည် ထန်ဟိုဟွားလက်ထဲမှ ဖယောင်းလုံးကို မြင်မိသော်လည်း ဖယောင်းလုံးထဲတွင် စာရွက်ထည့်ထားကြောင်း မသိချေ။ ကလေးပီပီ ကစားရန် ဖယောင်းလုံးကို လုံးထားခြင်းသာဖြစ်ကြောင်း ပေါ့ပေါ့ တွေးမိသည်။

ထန်ဟိုဟွားသည် ဖယောင်းလုံးကလေးကို ဆုပ်ကိုင်ထားရင်း သူ့မျက်လုံးအစုံက လမ်းသွားလမ်းလာများကို ကြည့်ရှုလျက်ရှိသည်။ လေပွေမုန်တိုင်းအဖွဲ့ဝင်တစ်ယောက်ယောက်ကိုများ တွေ့လေမလားဟူ၍ ရှာဖွေနေခြင်းသာဖြစ်၏။

လမ်းမကြီးတွင် လူသွားလူလာများစွာ ရှိနေသော်လည်း သူမ

နှင့် မျက်နှာသိဆို၍ တစ်ဦးတစ်ယောက်မျှ မတွေ့ရချေ။ ထို့ကြောင့် ဖယောင်းလုံးကလေးကိုလည်း ပစ်ချ၍ မပေးနိုင်ပါချေ။

သို့ဖြင့် မြင်းလှည်းသည် စန်းဖူးတည်းခိုဂေဟာရှေ့နားကို ရောက်လာသည်။

ထန်ပိုဟွား ရင်ထဲတွင် များစွာလှုပ်ရှားနေသည်။ သူမသည် တည်းခိုဂေဟာဆီကို မျက်စိရှင်ရှင်နှင့် ကြည့်သည်။

တည်းခိုဂေဟာရှေ့တွင် ဧည့်ကြိုဂေဟာအမှုထမ်းနှစ်ယောက် ရပ်နေသည်ကို တွေ့ရသော်လည်း ချင်းချူကိုမူ မတွေ့ရချေ။

ဖယောင်းလုံးကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော ထန်ပိုဟွား၏ လက်မှာ ချွေးစေးများပင် ပြန်လာသည်။

ချင်းချူကို မတွေ့ရသဖြင့် သူသည် မည်သို့ကြံစည်ရမှန်းမသိအောင် ဖြစ်သွားသည်။ အတော်ကလေးလည်း စိတ်ညစ်သွားမိသည်။

ဖယောင်းလုံးကလေးကို ရမ်းပြီး လွှင့်ပစ်ခဲ့ရန်မှာလည်း မဖြစ်ချေ။ လေပွေမုန်တိုင်းအဖွဲ့ဝင် တစ်ယောက်လောက်က သူမ၏ ဖယောင်း လုံးကလေးကို ကောက်ယူရသွားလျှင် အကြောင်းမဟုတ်သော်လည်း မသက်ဆိုင်သော အခြားလူတစ်ယောက်ယောက်ရသွားလျှင် အရှုပ်ထုပ်ဖြစ်သွားပေတော့မည်။

မြင်းလှည်းမှာ စန်းဖူးတည်းခိုဂေဟာရှေ့မှ အနည်းငယ်ကျော် ဖြတ်လာခဲ့လေပြီ။ ထိုအခါမှ ထန်ပိုဟွားသည် တည်းခိုဂေဟာထဲတွင် ချင်းချူရှိလိမ့်မည်ဟူသော အတွေးဖြင့် ရုတ်တရက် အကြံရပြီး အသံကျယ်ကျယ် အော်ဟစ်လိုက်သည်။



"မြင်းလှည်း ခဏရပ်ပါဦး .... ရပ်ပါဦး .... "

မြင်းလှည်းမောင်းနေသော ချူစန်းမှာ ထန်ပိုဟွားတစ်ခုခုဖြစ်သည် အထင်ဖြင့် မြင်းလှည်းကို ရပ်လိုက်သည်။ ပြီးမှ ထန်ပိုဟွားကို မေးသည်။

"ဘာဖြစ်လို့လဲ .... "

ထန်ပိုဟွားက အသံကျယ်ကျယ်ဖြင့် ပြန်ပြောသည်။

"လမ်းမှားနေပြီ .... စန်းစီးကို သွားမယ်ဆိုရင် .... တုံကွမ်း လမ်းမကြီးက သွားရမယ် မဟုတ်လား .... ဘာဖြစ်လို့ ဒီလမ်းက လာရတာလဲ .... "

ထိုသို့ ထန်ပိုဟွား အသံခပ်ကျယ်ကျယ်ဖြင့် စကားပြောခြင်းမှာ တည်းခိုဂေဟာထဲတွင် ချင်းချူရှိနေပါက ထွက်လာနိုင်ရန်ဖြစ်လေသည်။

ချင်းချူသာ ထွက်လာပါက ဖယောင်းလုံးကလေးကို ချင်းချူ မြင်သာအောင် ပစ်ချပေးမည်ဟု ကြံရွယ်ထားသည်။

ထန်ပိုဟွား၏အသံကြောင့် တည်းခိုဂေဟာရှေ့တွင် ရပ်နေကြသော ဧည့်ကြိုအလုပ်သမားနှစ်ယောက်ကလည်း လှမ်းကြည့်ကြသည်။ သို့သော် ချင်းချူကမူ ထွက်မလာချေ။

ထန်ပိုဟွား လွန်မင်းစွာ စိတ်ပျက်သွားရလေသည်။

မြင်းလှည်းအတွင်းမှ လင်းရဲ့ကျင်း၏ လှမ်းအော်မေးသံ ပေါ်လာသည်။

"ဘာဖြစ်လို့ မြင်းလှည်းကို ရပ်ရတာလဲ .... "

ထန်ဟိုဟွားက ခပ်ကျယ်ကျယ်ပြန်အော်ပြောသည်။

"ကျွန်မတို့ လမ်းမှားပြီး မောင်းလာတယ်လို့ ထင်လို့ပါ .... "

လင်းရဲ့ကျင်း၏ မျက်နှာမှာ ပြတင်းပေါက်မှ ပေါ်လာပြီး အပြင်ကို တစ်ချက်ကြည့်သည်။ ပြီးမှ လက်ကိုဝှေ့ယမ်း၍ ပြောသည်။

"လမ်းမှန်ပါတယ် .... ဆက်သာမောင်းပါ .... "

ချုံစန်းလည်း ထန်ဟိုဟွားကို အပြစ်တင်သည့်မျက်လုံးများဖြင့် တစ်ချက်ကြည့်လိုက်ပြီး မြင်းလှည်းကို ဆက်မောင်းလေသည်။

ထန်ဟိုဟွားလည်း စိတ်အားလျော့လိုက်ပြီး သူ့လက်ထဲမှ ဖယောင်းလုံးကို အိတ်ထဲ ပြန်ထည့်ထားလိုက်ရတော့၏။

ချုံးစန်းက မြင်းလှည်းမောင်းနေရင်းမှ ထန်ဟိုဟွားကို ခပ်အုပ်အုပ်အပြစ်တင်သည်။

"မင်း ဘာမှ နားမလည်ဘဲနဲ့ အရမ်းဝင်ပြောမနေစမ်းနဲ့ .... ဟိုဟွား တော်ကြာ မင်းလုပ်တာနဲ့ တို့သခင်ကြီးရဲ့ အစီအစဉ်တွေ ပျက်ကုန်လိမ့်မယ် .... "

ထန်ဟိုဟွားလည်း ဘာမှပြန်မပြောရဲဘဲ ငြိမ်နေလိုက်ရသည်။

ချုံစန်းက ဟိုဟွားနားလည်အောင် ဆက်ပြောပြနေသည်။

"တို့ရဲ့သခင်ကြီးက လေပွေမုန်တိုင်းအဖွဲ့ရဲ့ လျှို့ဝှက်စခန်းကို သိရအောင် နောက်လိုက်လာခဲ့တာပဲ .... အိုယိဝမ်းနဲ့ အဖွဲ့ဝင် တော်တော်များများလည်း မြေအောက်ဥမင်ထဲမှာ ပိတ်မိနေကြတယ် မဟုတ်လား .... "

ထိုအခါမှ ထန်ဟိုဟွားသည် ချောင်းလို့ဝမ်းလွယ်လွယ်ကျကျ



မည့်ခံလိုက်လာခဲ့ခြင်း အကြံအစည်ကို သိရလေတော့သည်။ သူမ၏ ရင်ထဲတွင် ပိုမိုပြီး စိုးရိမ်မကင်းဖြစ်လာသည်။

မြင်းလှည်းသည် မြို့တံခါးဝနားသို့ရောက်လာသည်။ မကြာမီ မြို့ပြင်ကို ထွက်တော့မည်ဖြစ်၏။

ချုံစန်းက ထန်ဟိုဟွားကို တီးတိုးမှာကြားပြန်သည်။

"တော်ကြာ မြို့ပြင်ကိုရောက်ရင် မင်းနဲ့ ဆရာကြီး လီရှိုရဲ့တို့ နေရာချင်း လဲထိုင်စမ်း ဟိုဟွား .... ဒီမှာ ငါနဲ့ထိုင်ရတာ အဆင်မပြေဘူးလို့ ပြော .... ပြီးတော့ မြင်းလှည်းထဲ မင်းရောက်သွားရင် ယင်ချန်းရဲ့ အခြေအနေကို မျက်ခြည်မပြတ်အောင် ကြည့်နေ .... နားလည်လား .... "

"ဟုတ်ကဲ့ .... "

ထိုစဉ် သူတို့နှင့် မျက်နှာတူရှုမှ လူငယ်တစ်ယောက် လမ်းလျှောက်လာနေသည်ကို ထန်ဟိုဟွား လှမ်းတွေ့ရလေသည်။ ထိုလူငယ်၏ လက်ထဲတွင် သစ်သားရေပုံးတစ်ပုံးကို ဆွဲလာသည်။ ရေတွင်းမှ ရေသွားခပ်ပြီး ပြန်လာပုံရသည်။

လူငယ်၏မျက်နှာကို မြင်ရသည်နှင့် ထန်ဟိုဟွား လွန်စွာ စိတ်လှုပ်ရှားသွားမိသည်။ ထိုလူငယ်ကို မြင်မြင်ချင်း မှတ်မိလိုက်သည်။

ထိုလူငယ်ကား လေးကိုင်းကို ကိုင်ဆောင်တတ်လေ့ရှိသော ကျဲ့ရှန်းအော်ပင် ဖြစ်လေတော့သည်။

◈◈◈◈◈

## ၁၁၉။

ထုံရှုန်းအော်ကို မြင်သည်နှင့် ထန်ဟိုဟွားသည် လို့ရှုံရှမ်းကို သတိရလိုက်မိ၏။

မနေ့ညက လို့ရှမ်းအော်၏ ဘုရားကျောင်းပျက်ကြီးဆီသို့ တ ရောက်လာစဉ် ထန်ဟိုဟွားသည် တစ်ဖက်ခန်းထဲတွင် အိပ်ပျော်နေ ခဲ့သည်။

ဘုရားကျောင်းပျက်ကြီးသို့ အို့ယံဝမ်းပြန်ရောက်လာပြီး လို့ရှုံ ရှမ်း၏ စာနှင့်ပတ်သက်၍ အဖွဲ့ဝင်များနှင့် ပြောဆိုဆွေးနွေးသံများကို အိပ်ရာမှ နိုးနေသော ထန်ဟိုဟွားက ငြိမ်၍ နားထောင်နေခဲ့၏။ အခြေ အနေအရပ်ရပ်ကိုလည်း သိခဲ့ရ၏။

လို့ရှုံရှမ်းသည် မြေအောက်သိုင်းသမားနှစ်ယောက်နှင့်အတူ ရှိ နေကြောင်းလည်း သိခဲ့ရသည်။ လေးကိုင်းကို ကိုင်တတဲ့သူမှာ မြေ အောက်သိုင်းသမားအနက်မှ မြေးဖြစ်သူ ထုံရှုန်းအော်ဖြစ်ကြောင်းလည်း သိခဲ့ရသည်။



ယခုအခါ မမျှော်လင့်ဘဲ ထန်ဟိုဟွားသည် ထုံရှုန်းအော်ကို တွေ့ရလေပြီ။ ထုံရှုန်းအော်လက်ထဲကိုသာ ဖယောင်းလုံးကလေး ပေး နိုင်ခဲ့လျှင် လို့ရှုံရှမ်း လက်ထဲသို့ ရောက်လိမ့်မည်ဖြစ်ကြောင်းလည်း တွေးမိ၏။

မြို့တံခါးဝအနီးသို့ ရောက်လာ၍ မြင်းလှည်းမှာလည်း အနည်း ငယ်နှေးသွားသည်။

ထန်ဟိုဟွားသည် သူမအိတ်ထဲမှ ဖယောင်းလုံးကလေးကို ထုတ်ယူပြီး ဆုပ်ကိုင်ထားလိုက်၏။

ထိုအချိန်တွင် ထုံရှုန်းအော်သည် ဆက်လျှောက်မလာဘဲ မှဆိုး ထိုင် ထိုင်ချလိုက်သည်။

ထန်ဟိုဟွားမှာ ထုံရှုန်းအော်နှင့် အလှမ်းဝေးနေသေးလေရာ ဖယောင်းလုံးကို ပစ်ပေးရန် အခက်တွေ့နေသည်။ သူမကိုလည်းထုံရှုန်း အော်က တွေ့ပုံမရသေးချေ။

ထုံရှုန်းအော်သည် ဖိနပ်ကြိုးပြုတ်သွား၍ ငုံ့ချည်နေခြင်းဖြစ်၏။ သူသည် ခေါင်းငုံ့နေပြီး မြင်းလှည်းဆီသို့ မော့မကြည့်ချေ။

ထုံရှုန်းအော်ကို မြင်းလှည်းသာ ကျော်သွားပါက ဖယောင်းလုံး ကလေး ပေးရန် အခွင့်အရေးဆုံးရှုံးတော့မည်ဖြစ်ကြောင်း ထန်ဟိုဟွား တွေးမိကာ ဂနာမငြိမ်ဖြစ်နေမိ၏။

သူမအားနားတွင် ချူစန်းရှိနေ၍လည်း ထုံရှုန်းအော်ကိုလှမ်းခေါ် ၍ မဖြစ်ချေ။ ထန်ဟိုဟွား အတော်ကလေး အခက်တွေ့နေသည်။

မြင်းလှည်းသည် ထုံရှုန်းအော်အားကို ရောက်လာသည်။

ထန်ဟိုဟွား အကြံတစ်ချက်ရလိုက်ပြီး ချောင်းဟန့်ကာ ထုံရှန်းအော်ထံသို့ တံတွေးတစ်ချက် လှမ်းထွေးလိုက်သည်။

"အဟမ်း .... ထွီ .... "

ထိုအချိန်တွင် ထုံရှန်းအော်ကလည်း ပြန်အထ၊ ထန်ဟိုဟွားထွေးလိုက်သော တံတွေးက ထုံရှန်းအော်၏ အင်္ကျီရင်ဘတ်ပေါ်ကို ကျသွားသည်။ သူသည် ဒေါသထွက်သွားပြီး တံတွေးထွေးသူကို မော့ပြီး အော်မေးသည်။

"ဘယ်သူ တံတွေးထွေးလိုက်တာလဲ .... "

လှည်းဦးပေါ်မှ တန်ဟိုဟွားကို မြင်သောအခါ ထုံရှန်းအော်ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"မတော်လို့ ခုလိုဖြစ်ရတာ တောင်းပန်ပါတယ် .... "

ထန်ဟိုဟွားက လက်ဖမိုးယှက် တောင်းပန်ရင်းမှ သူ့လက်ထဲမှ ဖယောင်းလုံးကလေးကို ထုံရှန်းအော် အနီးပစ်ချလိုက်သည်။ မျက်နှာရိပ် မျက်နှာကဲလည်း ပြခဲ့သည်။

ချုံစန်းကတော့ ကလေးချင်း လှမ်းကစားသည်ဟု အထင်ရောက်ပြီး ထန်ဟိုဟွားအပေါ် မည်သို့မျှ သံသယမဖြစ်ချေ။

ထုံရှန်းအော်မှာ လူငယ်တစ်ယောက်ဖြစ်သော်လည်း သုံးနှစ်သားအရွယ်ကတည်းက အဘိုးဖြစ်သူနှင့်အတူ သိုင်းလောကထဲတွင် ကျင်လည်နေသူဖြစ်၍ အတွေ့အကြုံများပြီး အရိပ်အကဲနားလည်နေသူဖြစ်၏။

သူသည် ထန်ဟိုဟွား၏ မျက်နှာရိပ် မျက်နှာကဲကိုလည်း မြင်သည်။ သူ့အနားသို့ ဖယောင်းလုံးကလေး ကျလာသည်ကိုလည်း တွေ့သည်။



ထန်ဟိုဟွားပါသော မြင်းလှည်းမှာ မြို့တံခါးဝမှ ထွက်သွားပြီးဖြစ်၏။

ထုံရှန်းအော်က ဖယောင်းလုံးကို ကောက်၍ မျက်မှောင်ကြုတ်ကာ စဉ်းစားကြည့်သည်။ နမ်းလည်း နမ်းကြည့်သည်။ သူသည် ဘယ်လိုမှ စဉ်းစား၍မရသည့်အဆုံးတွင် ရေပုံကိုဆွဲပြီး လမ်းကလေးထဲသို့ ဝင်ခဲ့သည်။

ပြီးမှ ပျက်စီးနေသော လှေကားထစ်များမှနေ၍ မြို့ရိုးအုတ်တံတိုင်းပေါ်သို့ တက်ခဲ့သည်။

မြို့ရိုးတံတိုင်းကြီးပေါ်တွင် ပျက်စီးလုလုဖြစ်နေသောအဆောက်အဦငယ်ကလေးတစ်ခုရှိနေသည်။ ယခင်က ဤအဆောက်အဦကလေးသည် မြို့စောင့်စစ်သားများ နားခိုအိပ်စက်ရာအဖြစ် အသုံးပြုခဲ့သော်လည်း ယခုတော့ အသုံးမပြုတော့ချေ။

ထိုအဆောက်အဦပျက်ကလေးထဲတွင် မည်သူမှလည်း နေထိုင်ခြင်း မရှိချေ။ တစ်ခါတစ်ရံသာ တစ်မြို့မှ တစ်မြို့သို့ ကူးလူးသွားလာပြီး တောင်းရမ်းစားသောက်နေသော သူတောင်းစားများ စခန်းချတတ်ကြ၏။

အဆောက်အဦကလေးထဲတွင် ပရိဘောဂပစ္စည်းဟူ၍ လုံးလုံးမရှိချေ။ အတွင်းဘက် ထောင့်တစ်နေရာတွင်မူ မြက်ခြောက်များ ခင်းထားသည်။

လူအသုံးမပြုဘဲ ပစ်ထားသော အဆောက်အဦကလေးဖြစ်သော်လည်း ယခုအခါ လှဲကျင်းထားသဖြင့် ပင့်ကူအိမ်ပင်မရှိဘဲ ရှင်းလင်းနေသည်။

မြက်ခင်းများခင်းထားသော အိပ်ရာပေါ်တွင် လူတစ်ယောက် တင်ပျဉ်ခွေထိုင်နေသည်။ ထိုသူမှာ လူရွယ်တစ်ယောက်ဖြစ်ပြီး စာပေသမားအသွင်အပြင်မျိုးရှိသည်။ သူ့ကိုယ်ပေါ်မှ အင်္ကျီကို ပခုံးတစ်ဝက်ဖော်ပြီး ဝတ်ထား၍ ရင်ဘတ်တွင် ဒဏ်ရာပြင်းပြင်းထန်ထန် ရထားပုံဖြင့် ပတ်တီးစည်းထားလေသည်။ ပတ်တီးတွင် ညိုညစ်ညစ်သွေးစများက စွန်းထင်းနေသည်။

သူ့ကိုယ်ပေါ်တွင် နောက်ဘက်မှ စောင်တစ်ထည်လည်း ခြုံလွှမ်းထားသည်။

ထိုလူရွယ်က အိုးယိဝမ်းတို့ လူစု စိုးရိမ်စိတ်ဖြင့် လိုက်ရှာနေကြသော လေပွေမုန်တိုင်းအဖွဲ့ဝင် နံပါတ် (၃) လို့ရုံရှမ်းပင် ဖြစ်လေတော့၏။

အဆောက်အဦကလေးထဲသို့ ထုံရှန်းအော် ဝင်လာပြီး ရေပုံးကို အခန်းထောင့်တွင် ချလိုက်သည်။

မြက်ခြောက်များပေါ်တွင် ထိုင်နေသော လို့ရုံရှမ်းက ထုံရှန်းအော်ကို လှမ်းကြည့်ရာ သူ့ကိုယ်ပေါ်မှ စောင်လည်း အောက်ကို လျောကျသွား၏။

ထိုအခါမှ သူ၏ဘယ်ဘက်လက်ကောက်ဝတ်ကို ပတ်တီးစည်းထားကြောင်း တွေ့ရပြန်သည်။ ပတ်တီးတွင် သွေးများလည်း



စွန်းပေနေသည်။

ထုံရှန်းအော်က လို့ရုံရှမ်းထံ လျှောက်သွားပြီး ပြောလိုက်သည်။

"ထူးထူးဆန်းဆန်း မြို့တံခါးဝမှာ ထန်ဟိုဟွားနဲ့ ကျွန်တော် တွေ့ခဲ့ရတယ် ဦးဦး .... သူက မြင်းလှည်းပေါ်က ကျွန်တော့်ကိုထောင်တံတွေးနဲ့ လှမ်းထွေးသွားသေးတယ် .... "

လို့ရုံရှမ်း မျက်လုံးပြူးသွားပြီး ....

"ဟင် .... ထန်ဟိုဟွား ဟုတ်လား .... ရန်သူဘက်က သူလျှိုမလေးပဲ .... သူက မင်းကို ရန်စလိုက်တာပေါ့ ဟုတ်လား .... "

ထုံရှန်းအော်က ခေါင်းကို ခါယမ်းလိုက်ပြီး လို့ရုံရှမ်းရှေ့တွင် ဝင်ထိုင်သည်။

"သူ့ကို အကဲခတ်ကြည့်ရတာ ရန်စတဲ့ သဘောမျိုး မဟုတ်ဘူး ဦးဦး .... သူပါးစပ်ကလည်း ကျွန်တော့်ကို မတော်လို့ပါဆိုပြီး တောင်းပန်သွားသေးတယ် .... ပြီးတော့ ဖယောင်းလုံးကလေး တစ်လုံးကိုလည်း ပစ်ချသွားသေးတယ် .... ဘာသဘောနဲ့ ပစ်ချသွားတာလဲတော့ မသိဘူး .... "

လို့ရုံရှမ်းက စဉ်းစားလိုက်ပြီး ....

"မြင်းလှည်းပေါ်မှာ ဘယ်သူတွေ ပါသေးသလဲ .... "

ထုံရှန်းအော် ခေါင်းခါယမ်းလိုက်ပြီး ....

"မြင်းလှည်းကိုတော့ ကျွန်တော်ဂရုထားမကြည့်မိဘူး .... မြင်းလှည်းက အမိုးလည်း ပါတယ်လေ .... ထန်ဟိုဟွားကတော့ မြင်းလှည်းမောင်းတဲ့လူနဲ့ တွဲထိုင်သွားတာပဲ .... "

"ဟိုဟွား .... ပစ်ချသွားတဲ့ ဖယောင်းလုံးကို ပြစမ်းပါဦး"

ထုံရှန်းအော်က သူ့အိတ်ထဲမှ ဖယောင်းလုံးကို နှိုက်ယူပြီး လို့ရုံရှမ်းကို ပေးသည်။ လို့ရုံရှမ်းက ညာဘက်လက်ဖြင့် လှမ်းယူပြီး သေချာစွာ ကိုင်ကြည့်သည်။

"ဒီဖယောင်းလုံးကို ကျွန်တော်နမ်းကြည့်တော့ ဘာဆေးနံ့မှလည်း မရဘူး .... ကျွန်တော် လေးကိုင်းနဲ့ပစ်ဖို့ တမင်သက်သက်ပေးသွားတာနဲ့ တူတယ် .... "

လို့ရုံရှမ်းက ဘာမှပြန်မပြောဘဲ ဖယောင်းလုံးကို ညာဘက်လက်တစ်ဖက်တည်းနှင့် ဖျစ်၍ ခွဲလိုက်၏။ ဖယောင်းလုံးကွဲသွားပြီး အထဲမှ စက္ကူလုံးကလေး ထွက်ကျလာသည်။

လို့ရုံရှမ်းအနေဖြင့် မအံ့သြသော်လည်း ထုံရှန်းအော်ကမူ အလွန်အမင်း အံ့သြသွားသည်။ ထိုကဲ့သို့ ဖယောင်းလုံးထဲတွင် စာရွက်ထည့်ပြီး သတင်းပေးပို့သောနည်းကို လေပွေမုန်တိုင်းအဖွဲ့က အသုံးပြုနေဆဲဖြစ်၏။

"ဘာလို့ ဖယောင်းလုံးထဲမှာ စာရွက်ကိုလုံးပြီး ထည့်ထားရတာပါလိမ့် .... "

လို့ရုံရှမ်းက ဘာမှပြန်မပြောဘဲ ညာဘက်လက် တစ်ဖက်တည်းနှင့် စာရွက်ကို ဖြန့်လိုက်သည်။ သူ၏ ဘယ်ဘက်လက်မှာ လုံးဝလှုပ်ရှားခြင်းမရှိချေ။

စာရွက်တွင် လမ်းကြောင်းပြ မြေပုံတစ်ခု ရေးဆွဲထားသည်ကို တွေ့ရ၏။ သပ်သပ်ရပ်ရပ် ရေးဆွဲထားပုံမျိုး မဟုတ်ဘဲ ကတိုက်



ကရိုက် ရေးဆွဲထားပုံမျိုးဖြစ်၏။

စာဆိုရ၍ သုံးလုံးသာပါသည်။ လက်ရေးမှာ စာကောင်းကောင်းမတတ်သူ တစ်ယောက်၏ လက်ရေးမျိုးဖြစ်၏။ လို့ရုံရှမ်းမှာ အဓိပ္ပါယ်ပေါ်အောင် မနည်းဖတ်ရသည်။

"ဝှေဂေဟာ .... "

ထုံရှန်းအော်ကလည်း စာရွက်ပေါ်မှ မြေပုံညွှန်းကိုကြည့်ပြီး နားမလည်နိုင်အောင် ဖြစ်နေသည်။

"ဘာတွေ ရေးထားမှန်းလဲ မသိဘူး .... ရှုပ်ယှက်ခက်နေတာပဲ .... "

လို့ရုံရှမ်းက စဉ်းစဉ်းစားစားဖြင့် ပြန်ပြောသည်။

"မြေအောက်ဥမင်လမ်းတစ်လမ်းရဲ့ မြေပုံကို ဆွဲထားတာပဲ ဖြစ်လိမ့်မယ် .... ဝှေဂေဟာလို့ စာရေးထားတော့ ဝှေဂေဟာရဲ့ မြေအောက်ဥမင်လမ်းကို ညွှန်ပြတဲ့ မြေပုံညွှန်းပဲ ဖြစ်လိမ့်မယ်ထင်တယ် .... "

"ထန်းဂေဟာဟာ သမားတော်ကြီး ချောင်းလို့ဝမ်းရဲ့လူပဲ .... ဦးဦးတို့အဖွဲ့မှာ လာပြီး သူလျှိုလုပ်နေတယ် .... အခု ဘာသဘောနဲ့ ဒီမြေပုံစာရွက်ပါတဲ့ ဖယောင်းလုံးကို ကျွန်တော့်ဆီ ပစ်ပေးခဲ့တာလဲ မသိဘူး .... ကျွန်တော်တော့ ဘယ်လိုမှ ဆက်စပ်စဉ်းစားလို့ မရဘူး"

လို့ရုံရှမ်းကိုယ်တိုင်လည်း မည်သို့မှ ဆက်စပ်၍ စဉ်းစားလို့မရပါချေ။ သူသည် ထုံရှန်းအော်ကို ကြည့်၍သာ မေးလိုက်၏။

"ထန်ဟိုဟွားပါသွားတဲ့ မြင်းလှည်း .... မြို့ပြင်ကို ထွက်သွားတာ ဘယ်လောက်ကြာသွားပြီလဲ ရှန်းအော် .... "

"ဒီပေါ်ကို ကျွန်တော်တက်မလာခင်လေးပဲ ဦးဦး .... သိပ်တော့ မကြာသေးဘူး .... "

"မြင်းလှည်းနောက်ကို မြင်းနဲ့လိုက်မယ်ဆိုရင် မီနိုင်ပါ့မလား ညီလေး .... "

"မြင်းနဲ့လိုက်ရင်တော့ မီနိုင်တာပေါ့ .... မြင်းလှည်းက မြင်းလို စိတ်ထင်တိုင်း မောင်းလို့ရတာမှ မဟုတ်ဘဲ .... "

ထိုစဉ် မြို့ဘက်ဆီမှ သူတို့ဘက်ဆီသို့ နင်လာသော မြင်းခွာသံများကို လို့ရုံရှမ်းနှင့် ထုံရှန်းအော်တို့ ကြားကြရသည်။

ထုံရှန်းအော် ထရပ်ကြည့်တော့ မြို့တံခါးဘက်ဆီမှ မြင်းနှစ်စီး နင်လာသည်ကို တွေ့ရသည်။ မြင်းတစ်စီးပေါ်မှ လူမှာ သူ့အဘိုး ဝါးတောင်ရေး တုံ့ကျိုဖြစ်ပြီး .... နောက် မြင်းတစ်ကောင်ပေါ်မှ လူမှာ သူ့အဘိုးကို လို့ရုံရှမ်းက ခေါ်နိုင်းသော လေပွေမုန်တိုင်းအဖွဲ့ဝင်တစ်ယောက်ဖြစ်လိမ့်မည်ဟု ထုံရှန်းအော် တွက်ဆမိသည်။

ဝါးတောင်ရေး ဘိုးဘိုးတုံ့ကျိုနှင့်အတူယှဉ်ပြီး စီးလာသော သူမှာလည်း အမှန်ပင် လေပွေမုန်တိုင်းအဖွဲ့ဝင် တစ်ယောက်ဖြစ်၏။ လို့ရုံရှမ်းက အဘိုးအို တုံ့ကျိုကို ဘုရားကျောင်းပျက်တွင် သွားခေါ်နိုင်း၍ လိုက်လာခဲ့ခြင်းဖြစ်၏။

ထိုသူမှာ ဘုရားကျောင်းပျက်ကြီးတွင် တစ်ဦးတည်းသာကျန်ရှိနေသော ကွမ်းတိတ်ရှန်ပင် ဖြစ်လေသည်။

မြင်းနှစ်စီးစလုံး လှေကားရှေ့တွင် ရပ်တန့်သွားပြီး အဘိုးအို တုံ့ကျိုနှင့် ကွမ်းတိတ်ရှန်တို့ မြင်းပေါ်မှ ဆင်းလိုက်ကြသည်။ ကွမ်း



တိတ်ရှန် စိတ်ထဲတွင် လို့ရုံရှမ်းနှင့် တွေ့ရမည်ဆို၍ ဝမ်းသာတုန်လှုပ်သွားသည်။ လို့ရုံရှမ်း ခေါ်နိုင်းလိုက်တာ ဟုတ်မှဟုတ်ပါ့မလားဟု သံသယစိတ်ကြောင်း သတိဖြင့် လိုက်ခဲ့သည်။

မြို့ရိုးတံတိုင်းပေါ်ရှိ အဆောက်အဦကလေးထဲကို ဝင်လိုက်သည်နှင့် ကွမ်းတိတ်ရှန်သည် မြက်ခြောက်များပေါ်တွင် ထိုင်နေသော လို့ရုံရှမ်းကို တွေ့ရလေသည်။

လို့ရုံရှမ်းကို မြင်ရသဖြင့် သူသည် ဝမ်းသာအားရဖြစ်သွားသော်လည်း လို့ရုံရှမ်းတွင် ဒဏ်ရာရထားကြောင်း မြင်ရုံဖြင့် သိပြန်သောအခါ ဝမ်းနည်းဆို့နင့်သွားမိပြန်သည်။

"အစ်ကိုစန်း .... "

ကွမ်းတိတ်ရှန်သည် ဝမ်းသာဝမ်းနည်းလေသံဖြင့် ခေါ်လိုက်ပြီး လို့ရုံရှမ်း၏ ရှေ့တွင် ဒူးထောက်ထိုင်ချလိုက်၏။ လို့ရုံရှမ်းက နှစ်သိမ့်သော အပြုံးမျိုးဖြင့် ကွမ်းတိတ်ရှန်ကို ပြုံးပြပြီး ညာဘက်လက်ဖြင့် ပခုံးကို အသာအယာ ဆုပ်ကိုင်လိုက်သည်။

ကွမ်းတိတ်ရှန်က တုန်ယင်သောလေသံဖြင့် ဆက်ပြောသည်။

"ကျွန်တော်တို့အားလုံး အစ်ကိုစန်းကို လိုက်ရှာနေကြတာ အတော်ကြာသွားပြီ .... အစ်ကိုစန်းကို ဒီမှာရှိလိမ့်မယ်လို့ ဘယ်လိုမှ မတွေးမိကြဘူး .... ဒီဒဏ်ရာတွေက ဘယ်သူ့လက်ချက်လဲ အစ်ကိုစန်း .... "

လို့ရုံရှမ်းက သက်ပြင်းရှည်တစ်ချက်ချလိုက်ပြီး ....

"ငါ့အဖြစ်ကို မင်းနားလည်အောင် ပြောရရင်တော့ ရှည်ရှည်

ဝေးဝေး ပြောနေရလိမ့်မယ် တိတ်ရှန် .... နောင် အချိန်ရမှပဲ ပြောပြပါ့မယ် .... တို့အဖွဲ့သားတွေရဲ့ အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ ငါသိချင်တယ် .... ပြောပြစမ်းပါ .... "

ကွမ်းတိတ်ရှန်က ဆိုဖယိဝမ်းတို့လူစု လို့ရုံရှမ်းကို ရှာဖွေရန် ထွက်ခွာသွားကြပုံကို အကျဉ်းချုံး ပြောပြလိုက်ပြီးမှ ....

"ကျွန်တော့်ကိုတော့ ပိုင်လုံဘုရားကျောင်းမှာ ထန်ဟိုဟွားဆိုတဲ့ ကောင်မလေးကို စောင့်ကြည့်ဖို့ ထားခဲ့ပါတယ် .... ဒါပေမယ့် ကောင်မလေးက မလိမ့်တစ်ပတ်လုပ်ပြီး ထွက်ပြေးသွားတယ် အစ်ကိုစန်း .... ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိ ဖြစ်နေတုန်း ဒီဆရာကြီးလာခေါ်တာနဲ့ လိုက်ခဲ့တာပါ .... "

"ဟာ ဒီလိုဆိုရင်တော့ .... အစ်ကိုကြီးနဲ့ အဖွဲ့သားတွေ ထုံလင်းထန်ဆေးခန်းမှာ တောင်ချောက်မိကုန်ကြပြီနဲ့ တူတယ် .... တို့တစ်တွေ အမြန်ဆုံးသွားကြည့်ကြမှဖြစ်မယ် .... "

အဘိုးအို တုံ့ကျုံက ဝင်ပြောသည်။

"ထုံလင်းထန် ဆေးခန်းကို ကျုပ်ရောက်ခဲ့ပြီးပါပြီ လို့ရုံရှမ်း တစ်ယောက်မှ မတွေ့ရတော့ဘူး .... အားလုံးထွက်ပြေးကုန်ကြပြီ"

လို့ရုံရှမ်းက မျက်မှောင်ကြုတ်လိုက်ပြီး ....

"ထုံလင်းထန် ဆေးခန်းက လူတွေ ထွက်ပြေးကုန်တာတော့ ထားပါတော့ .... အစ်ကိုကြီးနဲ့ အဖွဲ့သားတွေ ဘာဖြစ်လို့ ပျောက်နေရတာလဲ .... သူတို့သာ တောင်ချောက်ထဲမှာ ရောက်မနေဘူးဆိုရင် တွေ့ရမှာပေါ့ .... "



"ထုံလင်းထိန်နဲ့ ပတ်သက်ပြီး ထူးခြားတဲ့သတင်းတစ်ခုကို လူတွေ ပြောနေကြလို့ .... ကျုပ်ကြားလာခဲ့ရတယ် လို့ရုံရှမ်း .... "

"ဘာသတင်းများလဲ ဆရာကြီး .... "

"ထုံလင်းထန် ဆေးခန်းဝင်းထဲက မြင်းလှည်းဆယ်စီး မောင်းထွက်လာတယ်တဲ့ .... အဲဒီမြင်းလှည်းဆယ်စီးစလုံး လှည်းရော မြင်းတွေပါ တစ်ရောင်တည်း .... တစ်ပုံစံတည်း တစ်ရွယ်တည်းဖြစ်နေသတဲ့ .... အဲဒီမြင်းလှည်းဆယ်စီးဟာ တစ်စီးစီ ခွဲပြီး မြို့တံခါးပေါက်ဆယ်ပေါက်ကနေ မြို့ပြင်ကို ထွက်သွားကြသတဲ့ .... "

ထုံရှန်းအော်က အားတက်သရော ဝင်ပြောသည်။

"ဟာ .... ဘိုးဘိုး .... စောစောကတင် မြို့တံခါးကနေ မြင်းလှည်းတစ်စီး ထွက်သွားတယ် .... မြင်းလှည်းပေါ်မှာလည်း သမားတော် ချောင်လို့ဝမ်းနဲ့ သူ့လျှို့မလေး ထန်ဟိုဟွား ပါသွားတယ် .... ဒါဆိုရင် .... ဒီမြင်းလှည်းဟာလည်း ထုံလင်းထန် ဆေးခန်းက လာတဲ့ မြင်းလှည်းဖြစ်မှာပဲ .... ထန်ဟိုဟွားကတောင် ကျွန်တော့်ကို မြေပုံစာရွက်ပါတဲ့ ဖယောင်းလုံးတစ်လုံးကို ပစ်ချပေးသွားသေးတယ် .... "

အဘိုးအို တုံ့ကျုံက ခေါင်းညိတ်ပြီး ....

"အင်း .... ဒီလိုအစီအစဉ်နဲ့ မြင်းလှည်းတွေ ထွက်သွားတာ ရိုးရိုးသားသားတော့ မဖြစ်နိုင်ဘူး .... ချောင်လို့ဝမ်းရဲ့ လှည့်ကွက်တွေပဲ ဖြစ်မှာပဲ .... ဒါပေမယ့် ဘယ်လိုလှည့်ကွက်တွေလဲဆိုတာတော့ စဉ်းစားလို့ မရဘူး .... "

လို့ရုံရှမ်းက အဘိုးအိုတုံ့ကျုံကို မြေပုံစာရွက် လှမ်းပေးလိုက်

ပြီး ....

"ဒီမြေပုံကို ကြည့်ပါဦး ဆရာကြီး .... ဇေဂေဟာလို့တော့ ရေးထားတယ် .... မြေပုံညွှန်းကို ကြည့်ရတာ ဇေဂေဟာရဲ့ မြေအောက် ဥမင်လမ်းတွေရဲ့ မြေပုံလို့ ထင်ရတာပဲ .... ဇေဂေဟာ ဘယ်မှာ ရှိသလဲ သာ မဆိုနိုင်ဘူး .... "

အဘိုးအို တုံ့ကျိုကလည်း မြေပုံစာရွက်ကို ကြည့်ပြီး စဉ်းစား နေသည်။

"ဇေဂေဟာ .... ဇေဂေဟာ .... ကျုပ်လည်း မသိဘူး .... ဒါ ပေမယ့် ဇေဂေဟာဟာ လန်ကျိုးမြို့တွင်းမှာပဲ ရှိလိမ့်မယ်တော့ ထင်ရတာ ပဲ .... မြို့ခံလူတစ်ယောက်လောက်ကို မေးကြည့်ရင် သိနိုင်ပါတယ်"

လို့ရှုံရှမ်းက ကွမ်းတိတ်ရှန်ကို ချက်ချင်းအမိန့်ပေးလိုက်သည်။

"တိတ်ရှန် .... မင်း စန်းဖူးတည်းခိုဂေဟာကို သွားပြီး အသား မည်းကလေး ချင်းချုံကို ဒီခေါ်ခဲ့စမ်းပါ .... သူဟာ မြို့ခံလူတစ်ယောက် ဆိုတော့ သိလိမ့်မယ်ထင်တယ် .... သူ့ကို ငါမေးစရာတွေလဲ ရှိတယ်"

ကွမ်းတိတ်ရှန်က ခေါင်းညိတ်ပြီး ထွက်ခွာသွားလေတော့ သည်။

◊◊◊◊◊



၁၁၆။

---

ကွမ်းတိတ်ရှန် ထွက်သွားသည်နှင့် လို့ရှုံရှမ်းက ထုံရှန်းအောင် ကိုလည်း ပြောလိုက်သည်။

"ရှန်းအောင် .... တစ်ခုလောက်တော့ ကူညီပါဦးကွာ .... "

"ပြောပါ ဦးဦး .... "

"နည်းနည်းတော့ မင်းပင်ပန်းလိမ့်မယ် .... ထန်ဟိုဟွားပါသွား တဲ့ မြင်းလှည်းနောက်ကို မြင်းနဲ့လိုက်ကြည့် ပေးစမ်းပါ .... မီပါ့ မလား .... "

"မီပါတယ် ဦးဦး .... မီရင် မြင်းလှည်းကို ဖမ်းခဲ့ရမှာလား"

"ဒီလိုတော့ မလုပ်နဲ့ ရှန်းအောင် .... ငါက မြင်းလှည်းနောက် ကို နောက်ယောင်ခံ လိုက်ကြည့်ဖို့ ပြောတာပါ .... မြင်းလှည်းထဲမှာ ဘယ်သူတွေပါတယ် .... ဘယ်ကိုသွားတယ်ဆိုတာ သိချင်တယ် ဒါကိုသိရရင်တော့ ဒီကိုအမြန်ဆုံး ပြန်လာပေတော့ .... "

"ကောင်းပါပြီ ဦးဦး .... "

ထုံရှန်းအော် အပြေးကလေး ထွက်သွားသည်။

လို့ရုံရှမ်းစိတ်ထဲတွင် ဂနာမငြိမ်ဖြစ်နေပြီး မြင်းလှည်းနောက်သို့ သူကိုယ်တိုင် လိုက်ကြည့်လိုစိတ်ပင် ပေါ်ပေါက်လာမိ၏။ သူသည် ထိုင်နေရာမှ ထရပ်ရန် ဟန်ပြင်လိုက်သည်။ အဘိုးအိုတုံ့ကျိုက သူ့ညာဘက်လက်ကို ဖမ်းဆွဲထားသည်။

"စိတ်ကို ငြိမ်ငြိမ်းထားပါ လို့ရုံရှမ်းရယ် .... မင်းရဲ့ဒဏ်ရာတွေကလည်း သုံးလို့မရအောင် ဖြစ်နေပြီ .... လှုပ်လှုပ်ရှားရှားလုပ်လို့ ဘယ်ဖြစ်ပါ့မလဲ .... မင်း ဘာလုပ်ချင်တယ်ဆိုတာသာ ပြောပါ မင်းလုပ်ချင်တာ မှန်သမျှကို တို့မြေးအဘိုးပဲ ဖြစ်အောင်လုပ်ပေးပါ့မယ် .... "

လို့ရုံရှမ်းလည်း ပြန်ထိုက်လိုက်ရတော့သည်။ သူ့စိတ်တွေကမူ လှုပ်ရှားလွန်းနေသည်။

"ကျွန်တော် စဉ်းစားလို့ မရဘူး ဆရာကြီး .... အစ်ကိုကြီးနဲ့ တစ်ဖွဲ့သားလုံး ဘာဖြစ်လို့ တစ်ညတည်းနဲ့ စုပ်စမြုပ်စ ပျောက်သွားကြရတာလဲ .... ကွမ်းတိတ်ရှန်ကို ဘုရားကျောင်းပျက်ကြီးထဲမှာ အစောင့်ချထားခဲ့တယ်ဆိုတော့ လန်ကျိုးမြို့က ထွက်သွားကြတာ လည်း မဖြစ်နိုင်ဘူး .... "

"စက္ကူများသမား အို့ယိဝမ်းဟာ သိုင်းပညာအဆင့်မြင့်တတ်ထားသလိုဉာဏ်စွမ်းဉာဏ်စနဲ့လည်းပြည့်စုံတဲ့သူပါ.... သူ့အကြောင်း ကျုပ်ထက် မင်းက ပိုပြီး သိပါတယ် .... သိပ်လည်း မစိုးရိမ်ပါနဲ့"



"ချောင်လို့ဝမ်းမှာရှိတဲ့ ချင်းဟုန်ဓားရတနာဟာ သိပ်ပြီး အစွမ်းထက်တယ် ဆရာကြီး .... ဒီဓားအကြောင်းကို အစ်ကိုကြီး အို့ယိဝမ်း သိမထားရင် ခံရလိမ့်မယ် .... ကျွန်တော်တောင် ထုံလင်းတန်ဆေးခန်းထဲမှာ ဝင်မွေ့ရင်း ချောင်လို့ဝမ်းနဲ့ ရင်ဆိုင်တိုးလို့ သေလုမြောပါး ဒဏ်ရာတွေ ရခဲ့ရတယ် မဟုတ်လား .... ကံကောင်းလွန်းလို့ အသက်မသေတာ .... "

"ဒီလောက် ဒဏ်ရာတွေရလာပြီးမှ အို့ယိဝမ်းနဲ့ မင်းသွားမတွေ့တော့ မင်းကိုငါ အပြစ်တင်ချင်တယ် လို့ရုံရှမ်း .... တကယ်လို့ မင်းသွားမတွေ့နိုင်တောင်မှ မင်းရှိတဲ့နေရာကို သတင်းပို့သင့်တာပေါ့ ဘာဖြစ်လို့ သူမသိအောင် ဒီမှာပုန်းနေရတာလဲ .... "

လို့ရုံရှမ်းက သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး ....

"အစ်ကိုကြီး အို့ယိဝမ်းရဲ့ စိတ်ဓာတ်ကို ဆရာကြီးမသိဘူးနော် .... "

"ဘာဖြစ်လို့လဲ .... "

"အစ်ကိုကြီး အို့ယိဝမ်းဟာ ချောင်လို့ဝမ်းရဲ့ လက်ချက်နဲ့ ကျွန်တော် သေလုမျောပါး ဒဏ်ရာရထားတယ်ဆိုတာသာသိရင် ဒေါသယမ်းအိုး ပေါက်ကွဲမှာပဲ .... အစ်ကိုကြီးအို့က လူကောင်းစိတ်ကို .... သူဟာ ဒေါသစိတ်နဲ့ ချောင်းလို့ဝမ်းကို တရကြမ်း သွားတိုက်လိမ့်မယ် .... ဆင်ကန်းတောတိုး ပုံစံမျိုးလုပ်မှာ .... ဒါဆိုရင် ရန်သူရဲ့ ထောင်ချောက်ထဲကို လွယ်လွယ်ကလေးနဲ့ ဝင်သွားနိုင်တယ် .... ဒီအရေးတွေကို ကျွန်တော် ကြိုမြင်လို့ လောလောဆယ် ကျွန်တော့်ရဲ့

အဖြစ်ကို အစ်ကိုကြီးသိအောင် အသိမပေးရဲတာပါ .... "

"အင်း .... ဒီလိုဆိုတော့လည်း မင်းပြောတာ ဟုတ်ပြန်တာ ခုတောင် သူတို့တစ်တွေ ရန်သူ့ဆောင်ချောက်ထဲ ရောက်နေကြပြီလား မသိဘူး .... "

ထိုစဉ် မြို့ဘက်ဆီမှ အပြင်းနှင်လာသော မြင်းခွာသံကို ကြ ရပြီး အဆောက်အဦကလေးထဲသို့ ကွမ်းတိတ်ရှန် မောကြီးပန်းကြီ ဖြင့် ဝင်လာလေသည်။

"အစ်ကိုစန်း .... စန်းဖူးဂေဟာမှာ ချင်းချူ လုံးလုံးမရှိဘူ အလုပ်သမားတစ်ယောက်ကို မေးကြည့်တော့ .... မနေ့ညက လူတ ယောက် ချင်းချူကို လာခေါ်သွားတာ အခုထိ ပြန်မရောက်သေးဘူးလ ပြောပါတယ် .... "

လို့ရှုံရှမ်းက စိုးရိမ်စိတ်ဖြစ်သွားမိပြီး ....

"မနေ့ညက .... ဘယ်အချိန်လောက်က လာခေါ်သွားတာလဲ"

"သန်းခေါင်ကျော်အချိန်လို့ ပြောပါတယ် .... "

"ဘယ်သူများ ချင်းချူကို လာခေါ်သွားတာပါလိမ့် .... ခုထ ပြန်ရောက်မလာသေးဘူးဆိုရင်တော့ .... ချင်းချူတစ်ယောက်လည် အန္တရာယ်တွေ့နေပြီနဲ့ တူတယ် .... "

အဘိုးအို တုံ့ကျိုက နှစ်သိမ့်စကားပြောလိုက်သည်။

"ဖြစ်လာမှတော့ သိပ်ပြီးလည်း စိုးရိမ်မနေပါနဲ့ လို့ရှုံရှမ် ခေါင်းအေးအေးထားပြီး စဉ်းစားကြတာပေါ့ .... ကျုပ်အမြင်ပြောရရင် မြို့ခံလူတစ်ယောက်ဖြစ်တဲ့ ချင်းချူကို လာခေါ်သွားတဲ့လူဟာ အို့ယ



ဝမ်းဖြစ်လိမ့်မယ် ထင်တယ် .... ဒါကြောင့် အို့ယိဝမ်းနဲ့အတူ ချင်းချူ လည်း ပျောက်နေတာဖြစ်မှာပေါ့ .... "

"ကျွန်တော်တော့ စိုးရိမ်စိတ်များပြီး စဉ်းစားရတောင် ခက်နေ ပါပြီ ဆရာကြီး .... ဘာလုပ်ရမှန်း မသိတော့ပါဘူး .... "

"ကဲ .... သိပ်လည်း စိတ်ပူမနေပါနဲ့ လို့ရှုံရှမ်း .... မင်း ဒီမှာ စိတ်အေးအေးထားပြီး အနားယူလိုက်ပါဦး .... ကျုပ်နဲ့ ကွမ်းတိတ်ရှန် အတူတူသွားပြီး စုံစမ်းကြည့်ပါဦးမယ် .... တစ်ခုခု ထူးခြားတာနဲ့ မင်းဆီကို အမြန်ဆုံးပြန်လာပြီး သတင်းပို့မယ် .... ဟုတ်လား"

ပြောပြောဆိုဆို အဘိုးအိုတုံ့ကျိုက ထိုင်ရာမှ ထရပ်လိုက် သည်။ စိုးရိမ်စိတ်ဖြစ်လွန်းနေသော လို့ရှုံရှမ်းကလည်း ထရပ်လိုက်ပြီး

"ကျွန်တော်ပါ လိုက်စုံစမ်းမယ် ဆရာကြီး .... ခုလိုအချိန်မှာ ငြိမ်ပြီးမနေခဲ့ချင်ဘူး .... "

"မဟုတ်သေးဘူး လို့ရှုံရှမ်း .... မင်းရဲ့ဒဏ်ရာတွေက ခုထိ သွေးကျနေတုန်းပဲ .... မင်းလိုက်လို့ ဘယ်ဖြစ်မလဲ .... တို့နှစ်ယောက် ပဲ သွားစုံစမ်းမယ် .... "

"ဆရာကြီးက စေတနာနဲ့ တားမြစ်တာကို ကျွန်တော်ကျေးဇူး တင်ပါတယ် .... ဒါပေမယ့် ကျွန်တော် လိုက်ခဲ့ပါရစေ .... ငြိမ်နေခဲ့ လို့ရမှာ မဟုတ်လို့ပါ .... "

လို့ရှုံရှမ်းက ဇွတ်ပြောနေလေရာ အဘိုးအို တုံ့ကျို၏မျက်နှာ ထားမှာ တည်တည်ကြီး ဖြစ်သွားလေသည်။ လေသံပြတ်ဖြင့်လည်း ပြန်ပြောလိုက်သည်။

"ဒီမှာ .... လို့ရုံရှမ်း ကျုပ်ဟာ မင်းတို့လေပွေမုန်တိုင်းအဖွဲ့ကို အစတုန်းက ကိုယ်ကျိုးရှာတဲ့ လူဆိုးဓားပြတွေလို့ ထင်မှတ်ခဲ့တယ် မကြာခင်ကမှ မင်းတို့အဖွဲ့ရဲ့ ကောင်းမွန်တဲ့ ရည်ရွယ်ချက် ဆောင်ရွက်ချက်တွေကို သိခဲ့ရလို့ ကြည်ညိုလေးစားခဲ့ရတယ် .... မင်းတို့ရဲ့ ရန်သူအဖြစ်ရှိနေရာက မိတ်ဆွေအဖြစ် ပူးပေါင်းဖို့လည်း စိတ်ပြောင်းခဲ့ရတယ် .... လေပွေမုန်တိုင်းအဖွဲ့ရဲ့ လိုအပ်ချက်တွေကို ကူညီဖို့လည်း တို့မြေးအဘိုးဟာ ယတိပြတ် ဆုံးဖြတ်ချက်ချခဲ့တယ် .... ဒါကြောင့်လည်း လေပွေမုန်တိုင်းအဖွဲ့ကို ကူညီတဲ့အနေနဲ့ ပထမဦးဆုံး မင်းကို အကူအညီပေးခဲ့တယ် မဟုတ်လား .... "

"ဟုတ်ပါတယ် ဆရာကြီး .... "

"အေး .... ဒီလို ကျုပ်တို့မြေးအဘိုးက ကူညီခဲ့တာကို မင်းအနေနဲ့ အသိအမှတ်ပြုလေးစားသင့်တယ် လို့ရုံရှမ်း .... အခု ကျုပ်မြေးလေးလည်း မင်းနိုင်းလို့ စုံစမ်းရအောင် သွားနေပြီ .... ကျုပ်လည်း စစ္စတူမြားသမား အိုးယိဝမ်းတို့ကို အစွမ်းကုန် သွားစုံစမ်းမှာပဲ ဒီတော့ မင်းမနေခဲ့ဘဲ လိုက်ခဲ့မယ်ဆိုတော့ .... ကျုပ်တို့အစွမ်းအစကို မယုံကြည်ရာ ရောက်နေတယ် .... "

"အို .... ဒီလိုမဟုတ်ပါဘူး ဆရာကြီးရယ် .... "

"ကောင်းပြီ .... ဒီလိုဆိုရင် မင်းနေခဲ့ပါ .... ဒါမှ မင်းအနေနဲ့ မနေခဲ့ဘူးဆိုပြီး မင်းကိုယ်တိုင်သွားမှဖြစ်မယ်ဆိုရင်တော့ ကျုပ်တို့မြေးအဘိုးကို အထင်သေးလို့ပဲလို့ ယူဆရလိမ့်မယ် .... ဒါဆိုရင်တော့ မင်းပဲ ဆက်စုံစမ်းပေတော့ .... မင်းအဖွဲ့အတွက် မင်းကြိုက်



သလိုသာ ဆောင်ရွက်ပေတော့ .... ကျုပ်တို့မြေးအဘိုး မင်းတို့ကိစ္စထဲမှာ ဝင်မပါတော့ဘူး .... ကျုပ်လည်း ကျုပ်မြေးကိုလိုက်ခေါ်ပြီး ကိုယ့်ဒေသ ကိုယ်ပြန်တော့မယ် .... "

အဘိုးအို တုံ့ကျိုက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြောလိုက်ရာ လို့ရုံရှမ်းကလည်း ကမန်းကတန်း ပြန်တောင်းပန်ရလေတော့သည်။

"ဟာ .... ဒီလိုတော့ သဘောမထားပါနဲ့ ဆရာကြီး .... ကျွန်တော့်အနေနဲ့ ဆရာကြီးတို့ မြေးအဘိုးအပေါ် အထင်သေးတဲ့စိတ်မျိုးလုံးဝ မရှိပါဘူး .... ဆရာကြီးတို့ မြေးအဘိုးရဲ့ အစွမ်းအစကို ယုံကြည်အားထားပြီးသားပါ....ကျွန်တော့်အနေနဲ့ အစ်ကိုကြီးအို့အတွက် စိုးရိမ်ပူပန်စိတ် လွန်ကဲသွားလို့ပါ .... "

"ကျုပ်တို့ မြေးအဘိုးရဲ့အစွမ်းအစကို ယုံကြည်တယ်ဆိုရင်တာမှ စိုးရိမ်ပူပန်နေစရာမလိုဘူး .... မင်းရဲ့ဒဏ်ရာတွေက ကောင်းကောင်းမကျက်သေးလို့ ကျုပ်က ပြောနေရတာပါ .... အဲ ကျုပ်တို့ချည်းပဲ မနိုင်တော့ဘူးဆိုရင်တော့ မင်းဝင်ကူ ဝင်ရတော့မယ် .... ခုတော့ ဒီမှာပဲ အေးအေးဆေးဆေး နားနေပါဦး .... "

"ကောင်းပါပြီ ဆရာကြီး .... ထူးခြားမှုရှိရင်သာ ကျွန်တော့်ကိုအမြန်ဆုံးပြန်ပြီး အကြောင်းကြားပေးပါ .... "

"စိတ်ချ .... အကြောင်းကြားမယ် .... မြေပုံညွှန်းထဲမှာပါတဲ့ ဇေဂေဟာကိုတွေ့ရင် သဲလွန်စရလိမ့်မယ်လို့ ကျုပ်ထင်တယ် .... မြေပုံညွှန်းကိုသာ ပေးလိုက်ပါ .... "

လို့ရှုံရှမ်းလည်း ဘာမှပြန်မပြောတော့ပဲ မြေပုံညွှန်းကို ပေးအပ်လိုက်ရတော့သည်။

အဘိုးအို တုံ့ကျိုလည်း မြေပုံညွှန်းစာရွက်ကို သေချာစွာသိမ်းဆည်း၍ ကွမ်းတိတ်ရှန်ကိုခေါ်ကာ ထွက်သွားလေတော့သည်။

လို့ရှုံရှမ်းမှာ နေခဲ့ရသော်လည်း စိတ်အေးအေးမထားနိုင်ဘဲ စိုးရိမ်ပူပန်မှုကသာ ကြီးစိုးနေသည်။

သူက ငြိမ်ငြိမ်နေ၍မရဘဲ ထိုင်လိုက်၊ ထလိုက်၊ လမ်းလျှောက်လိုက်၊ မြက်ခြောက်များပေး လှဲအိပ်လိုက်ဖြင့် ဂနာမငြိမ်အောင် ဖြစ်နေမိသည်။

ထူးခြားသော သတင်းရောက်အလာကို စောင့်သည်မှာ သူ့အဖို့ ကြာလွန်းလှသည်ဟု ထင်မိသည်။ သူသည် မကြာခဏလည်း မြို့တွင်းဘက်ဆီသို့လည်းကောင်း၊ မြို့ပြင်ဆီသို့လည်းကောင်း တစ်မျှော်တည်း မျှော်ကြည့်နေမိသည်။

ညနေစောင်းသွားသော်လည်း ဘယ်သူမှ ပြန်ရောက်မလာသေးချေ။

ဘယ်သူမှ ရောက်မလာပေ၊ သူ့အဖို့ နေရထိုင်ရ ခက်နေလေဖြစ်နေသည်။ လိုက်သွားရလျှင် ကောင်းမည်လားဟုလည်း အခါခါ စိတ်ကူးမိသည်။ သို့သော် သူ့အပေါ် ကောင်းခဲ့သော အဘိုးအိုတုံ့ကျို စိတ်ကွက်သွားမည်ကိုသိဖြင့် ကြိတ်မှိတ်၍သာ စောင့်နေရပြန်သည်။

အချိန်ကြာလာလေ သူ့စိတ်မှာ ပို၍လှုပ်ရှားလေ ဖြစ်နေသည်။ သို့ဖြင့် မိုးစုန်းစုန်းချုပ်သွားခဲ့သည်။



လို့ရှုံရှမ်းမှာ ထိုင်၍ပင် မရတော့။ စိတ်တွေ ယောက်ယက်ခတ်ကာ အဆောက်အဦကလေးထဲတွင် လူးလားခေါက်တုံ့ လျှောက်နေမိသည်။ သူ့ဆီမှ လှမ်းကြည့်လျှင် မြို့တွင်းမှ မီးရောင်လက်လက်များကိုလည်း မြင်နေရသည်။

ယခုထက်တိုင်အောင် ထုံရှန်းအော်ကော၊ အဘိုးအိုတုံ့ကျိုနှင့် ကွမ်းတိတ်ရှန်တို့ ပြန်အလာကို မြင်နေရသည်။

ဆိုယိဝမ်းတို့အတွက် စိုးရိမ်စိတ်လည်း ပိုပြီးကြီးမားလာခဲ့သည်။ အဘိုးအိုတုံ့ကျိုနှင့် ကွမ်းတိတ်ရှန်တို့လည်း အန္တရာယ်တွေ့နေပြီလားဟု စဉ်းစားမိသည်။ ထုံရှန်းအော်အတွက်လည်း ပူပန်မိသည်။

သူသည် အဘက်ဘက်ကို တွေးပူ၍ စိတ်ဆင်းရဲနေရသည်။

"ဘယ်လိုတွေ ဖြစ်ကုန်ကြပြီလဲ .... ဘာဖြစ်လို့ တစ်ယောက်မှ ပြန်မလာကြသေးတာလဲ .... ငါလိုက်သွားရင် ကောင်းမယ် .... မဖြစ်သေးပါဘူး .... ဘာပဲဖြစ်ဖြစ် ငါလိုက်သွားမယ် .... အခုဆို ပြန်ရောက်ချိန်ထက် အများကြီး အချိန်ကျော်နေပြီပဲ ...."

လို့ရှုံရှမ်းသည် ယတိပြတ် ဆုံးဖြတ်ချက် ချလိုက်ပြီး အပြင်ထွက်ရန် ပြင်ဆင်ရတော့သည်။

ဒဏ်ရာရပြီး လုံးလုံးမလှုပ်ရှားနိုင်သော သူ၏ဘယ်ဘက်လက်ကို ညာလက်ဖြင့် ပတ်တီးတင်းတင်းကျပ်ကျပ် ထပ်စည်းလိုက်သည်။ နောက်အကျီကိုလည်း သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြင်ဝတ်သည်။ ခါးစည်းကြိုးကိုလည်း တင်းတင်းပတ်သည်။

ထိုစဉ် မြို့တွင်းဘက်မှ အပြင်နှင်လာသော မြင်းခွာသံကို လို့ရုံရှမ်း ကြားရလေ၏။ ပြတင်းပေါက်မှ လှမ်းကြည့်ရာ မြင်းတစ်စီး နှင်လာနေသည်ကို တွေ့ရ၏။

ထိုနေရာတစ်ဝိုက်တွင် မှောင်နှင့်မည်းမည်းဖြစ်နေ၍ မြင်းစီးလာသူကို မည်သူမည်ဝါမှန်း မမြင်ရပါချေ။

လှေကားရင်းတွင် မြင်းရပ်သွားပြီး လှေကားပေါ်သို့ လူတစ်ယောက် ပြေးတက်လာသည်။ မည်သူမည်ဝါမှန်းမသိ၍ လို့ရုံရှမ်းသည် ညာလက်ဖြင့် ဓားကို ကျစ်ကျစ်ပါအောင် ကိုင်၍ အပေါက်ဝတွင် ရပ်စောင့်နေသည်။

ပြေးတက်လာသူအနီးကို ရောက်လာမှ ကွမ်းတိတ်ရှန် ဖြစ်ကြောင်း လို့ရုံရှမ်း သိရလေတော့သည်။

◈◈◈◈◈



## ၁၁၇။

"အစ်ကိုစန်း .... အစ်ကိုစန်း .... "

ကွမ်းတိတ်ရှန်က အမောတကော ခေါ်ပြီး အပေါက်ဝနား ရောက်လာသည်။ လို့ရုံရှမ်းက အပေါက်ဝတွင် ရပ်လိုက်ပြီး ....

"ဘယ်လိုဖြစ်တာလဲ တိတ်ရှန် .... ဆရာကြီးတို့ကျို့ကော ဘယ်မှာ ကျန်ခဲ့သလဲ .... "

ကွမ်းတိတ်ရှန်က မောဟိုက်စွာ အသက်ပြင်းပြင်းရှူနေသေးသည်။ ပြီးမှ အမောတကော ပြန်ပြောသည်။

"ဆရာကြီး ဟိုမှာ ရှိနေပါတယ် .... "

လို့ရုံရှမ်း စိတ်လှုပ်ရှားသွားသည်။

"ဟင် ...., ဟုတ်လား ဘယ်မှာရှိနေကြတာလဲ .... "

"အစ်ကိုကြီးနဲ့ ပါသွားတဲ့ အဖွဲ့သားတွေအားလုံး ဇေဂေဟာရဲ့ မြေအောက်ဥမင်လမ်းထဲမှာ ပိတ်မိနေကြတယ် .... "

"ဟော .... ဇေ့ဂေဟာက ဘယ်မှာလဲ .... "

"ထုံလင်းထန် ဆေးခန်းနဲ့ ငှမ်းချင်းကပ်နေတယ် .... ထုံလင်းထန်နဲ့ ဇေ့ဂေဟာကို မြေအောက်ဥမင်လမ်းဖောက်ထားတယ် အစ်ကိုစန်း .... အစ်ကိုကြီးနဲ့ အဖွဲ့သားတွေဟာ ဇေ့ဂေဟာထဲမှာ အစ်ကိုစန်းရှိလိမ့်မယ်ထင်ပြီး ဝင်ရှာကြရင်း ရေကန်အောက်က ဥမင်လမ်းထဲမှာ ပိတ်မိနေကြတယ် .... "

"ဖြစ်မှ ဖြစ်ရလေကွာ .... အခုကော သူတို့ကို ကယ်တင်ပြီးပြီလား .... "

"ဆရာကြီးတို့ကျိုကတော့ ကယ်တင်နိုင်ဖို့ ကြိုးစားနေတုန်းပဲ ရန်သူက ဥမင်လမ်းပေါက်ကို အပေါ်က ပိတ်သွားတယ် .... ရေကန်လယ်က ဥမင်လမ်းပေါက်ကို သံအဖုံးနဲ့ ပိတ်ပြီး ကန့်လန့်ချထားတာပဲ အစ်ကိုစန်း .... ဖွင့်လို့တော့ မရသေးဘူး .... အစ်ကိုစန်း လိုက်လာချင်ရင် လိုက်လာခဲ့ပစေဆိုပြီး ဆရာကြီးတို့ကျိုက လွှတ်လိုက်လို့ ကျွန်တော်လာခဲ့တာပါ .... "

"လိုက်ရမှာပေါ့ .... မင်းရောက်မလာရင်တောင်မှ စုံစမ်းပြီး ငါလိုက်လာတော့မလို့ .... "

"အစ်ကိုစန်း လမ်းလျှောက်နိုင်ပါ့မလား .... "

"လျှောက်နိုင်ပါတယ် သွားစို့ .... "

လို့ရုံရှမ်းနှင့် ကွမ်းတိတ်ရှန်တို့နှစ်ယောက်သား မြို့ရိုးပေါ်မှ ဆင်းခဲ့ကြသည်။ လူကောင်းပကတိ ကွမ်းတိတ်ရှန်က သွက်လက်သော်လည်း လို့ရုံရှမ်းမှာ ဒဏ်ရာများက နာကျင်နေသေး၍ သွက်



သွက်လက်လက် မလှုပ်ရှားနိုင်ချေ။ စိတ်သွားတိုင်း ကိုယ်မပါချေ။

သို့သော် လို့ရုံရှမ်းသည် ခွဲတင်းပြီး အတတ်နိုင်ဆုံး သွက်သွက်လက်လက်ဖြစ်အောင် လှုပ်ရှားသွားသည်။

ထိုစဉ် မြို့ပြင်ဘက်မှ တရကြမ်းနှင်လာသော မြင်းခွာသံကို နှစ်ယောက်စလုံး ကြားကြရသည်။ သူတို့သည် မြင်းပေါ်တက်မလို လုပ်ပြီးမှ မတတ်သေးဘဲ အခြေအနေကို စောင့်ကြည့်နေကြသည်။

ဘာမှ မကြာလိုက်ပါ။ မြို့ပြင်မှ မြင်းတစ်စီး အပြေးနှင်ဝင်လာပြီး သူတို့ရှိရာ လေ့ကားရင်းကို ရောက်လာသည်။ ထိုအခါမှ မြင်းစီးလာသူမှာ ထုံရှန်းအော်ဖြစ်ကြောင်း မြင်ကြရလေသည်။

ထုံရှန်းအော်က မြင်းပေါ်မှ သွက်လက်စွာ ခုန်ဆင်းလိုက်ပြီး လို့ရုံရှမ်းကို အံ့သြတကြီးဖြင့် မေးသည်။

"ဟင် .... ဦးဦးက ဘာဖြစ်လို့ အောက်ကိုဆင်းရတာလဲ"

"အရေးပေါ်ကိစ္စ သွားစရာရှိလို့ပါ ရှန်းအော် .... "

"ဘယ်ကို သွားမှာလဲ .... "

"အစ်ကိုကြီး အို့ယိဝမ်းတို့ကို ရှာလို့တွေ့ရပြီ .... မင်းလည်း ငါတို့နဲ့ တစ်ပါတည်း လိုက်ခဲ့ .... မင်းရဲ့ဘိုးဘိုးလည်း ဟိုမှာရှိနေတယ် .... "

"နေပါဦး .... ဦးဦးရဲ့ ယောဒ့်မှာ ကျွန်တော်ရလာတဲ့ မြေပုံစာရွက်ကို ကြည့်စမ်းပါဦး .... ဘာအဓိပ္ပါယ်လဲဆိုတာ .... ကျွန်တော်စဉ်းစားလို့ မရဘူး .... "

အို့ယိဝမ်းတို့အတွက် စိတ်စောနေသော လို့ရုံရှမ်းလည်း ယခု

မှ ထုံရှန်းအော်ကို နိုင်းလိုက်သည့်ကိစ္စမှာလည်း အရေးကြီးကြောင်း တွေးမိသည်။ သူသည် ထုံရှန်းအော် လှမ်းပေးသည့်စာရွက်ကို လှမ်းယူလိုက်သည်။

သို့သော်-မှောင်နေသဖြင့် စာရွက်ထဲတွင် ရေးသားထားသည်များကို မမြင်ရချေ။

ကွမ်းတိတ်ရှန်က သူ့ထံတွင်အသင့်ပါလာသော မီးခတ်ခုံဖြင့် လို့ရုံရှမ်းမြင်နိုင်အောင် ပြသည်။ ထိုအခါမှ စာရွက်ပေါ်တွင် ရေးသားထားသည်များကို လို့ရုံရှမ်း ကောင်းစွာမြင်ရတော့သည်။

စာရွက်ကလေးမှာ လုံးထွေးပြီး မြေပေါ်ပစ်ချထားပုံရသဖြင့် ကြေမွနေကာ ရွှံ့တွေလည်း ပေကျံနေလေသည်။

စာရွက်ပေါ်တွင် စာဟူ၍ တစ်လုံးမှရေးမထားဘဲ ရုပ်ပုံလိုလို၊ မြေပုံလိုလို ရေးဆွဲထားသည်။

တောင်ကုန်းတစ်ကုန်းကို ရေးဆွဲထားပြီး တောင်ကုန်းပေါ် တွင် တဲအိမ်များရှိနေသည်။ တဲအိမ်ရှေ့တွင် ကလေးငယ်အများ အပြား ကစားနေကြသည်ကို ရေးဆွဲထားသည်။ ရေးဆွဲထားသော ရုပ်ပုံများမှာ ပီပီပြင်ပြင်မရှိဘဲ အဖြစ်သဘောသာ မရေးတတ် ရေး တတ် ရေးသားထားခြင်းဖြစ်သည်။

တောင်ကုန်းနှင့် ကလေးငယ်များကို စက်ဝိုင်းပုံသဏ္ဌာန် ဝိုင်း ပြထားပြီး စက်ဝိုင်းပေါ်တွင် ဓားတစ်လက်ပုံကိုလည်း ရေးဆွဲထားပြန် သည်။ ဓားတစ်လက်ရေးဆွဲထားခြင်းမှာ အန္တရာယ်ရှိသည်ဟူသော သဘောသက်ရောက်နေကြောင်းတော့ လို့ရုံရှမ်း ချက်ချင်းတွေးမိ



သည်။ သို့သော် တောင်ကုန်း၊ တဲအိမ်များနှင့် ကလေးရုပ်ပုံများကို လို့ရုံရှမ်း ချက်ချင်းစဉ်းစားမရပါချေ။

ဝေဂေဟာမြေအောက် ဥမင်လမ်းကြောင်းပြ မြေပုံညွှန်းကို ရေး ဆွဲထားသကဲ့သို့ပင် ဖြစ်နေလေရာ ဤအရုပ်များကို ထန်ဟိုဟွားပင် ရေးဆွဲထားခြင်းဖြစ်လိမ့်မည်ဟု လို့ရုံရှမ်း တွေးမိသည်။

လို့ရုံရှမ်းက ထုံရှန်းအော်ကိုကြည့်၍ မေးလိုက်သည်။

"ဒီစာရွက်ကိုလည်း ထန်ဟိုဟွားက မင်းကို ပေးခဲ့ပြန်ပြီလား ရှန်းအော် .... "

ထုံရှန်းအော်က ခေါင်းညိတ်၍ ....

"ဟုတ်ကဲ့ .... ကျွန်တော် သူတို့နောက်ကို လိုက်သွားတော့ မြင်းလှည်းကို မီသွားပါတယ် .... ကျွန်တော်လည်း မြင်းလှည်းနဲ့ ခပ်ခွာခွာပဲ လိုက်သွားပါတယ် .... မိုးချုပ်ကာနီးမှာ ထန်ဟိုဟွားက ဒီစာရွက်ကလေးကို လုံးထွေးပြီးလမ်းဘေး ပစ်ချလိုက်တာ တွေ့ရလို့ ကောက်ယူထားလိုက်တာပါ .... "

"မြင်းလှည်းထဲမှာ ဘယ်သူတွေပါတယ်ဆိုတာ .... မင်းသိခဲ့ရ ပြီလား .... "

"သိခဲ့ရပါပြီ .... မြင်းလှည်းထဲမှာ သမားတော်ကြီး ချောင်လို့ ဝမ်းရယ် .... သူ့တပည့်ခါးမှုး ခါးကုန်းကြီးလီချိုရဲ့ရယ် .... ချောင်လို့ ဝမ်းရဲ့ အပါးတော်မြဲ ယင်ချွန်းရယ် .... ပြီးတော့ ကျွန်တော်လုံးလုံး ထင်မှတ်မထားတဲ့ အမျိုးသမီးတစ်ယောက်လည်း ပါသွားတယ် ...."

"ဘယ်သူများလဲ ရှန်းအော် .... "

"လင်းရဲ့ကျင်းပါ .... "

လို့ရှံ့ရှမ်း အလွန်အမင်း အံ့သြသွားပြီး ....

"ဘာ .... လင်းရဲ့ကျင်း ဟုတ်လား .... သေချာလို့လား ရှန်းအော် .... တခြားအမျိုးသမီးတစ်ယောက်များ ဖြစ်နေမလား"

"သေချာပါတယ် ဦးဦးရယ် .... လင်းရဲ့ကျင်းမှ လင်းရဲ့ကျင်း အစစ်ပါ .... သူ့ကို ကျွန်တော်ကောင်းကောင်းသိတာပဲ ဥစ္စာ .... ယင်ချွန်းဟန်ဆောင်ပြီး ချောင်ဂေဟာထဲကိုတောင် ဝင်ခဲ့သေးတာပဲ ဒီတုန်းက နဂါးညီနောင်အာမခံအဖွဲ့နဲ့အတူ ကျွန်တော်တို့မြေအဘိုး ချောင်ဂေဟာထဲမှာ ရှိနေကြတာပဲ .... "

ထုံရှန်းအော်က သေချာပေါက် ပြောနေ၍ လို့ရှံ့ရှမ်းမှာ စဉ်းစား၍ မရတော့လောက်အောင် ဖြစ်မိသည်။

"လင်းရဲ့ကျင်းက ဘာဖြစ်လို့ ချောင်လို့ဝမ်းနဲ့အတူတူ ခရီးသွားရတာပါလိမ့် .... "

"မိတ်ဆွေတွေ သဘောမျိုးနဲ့အတူတူ ခရီးသွားတာမျိုးတော့ မဟုတ်ပါဘူး ဦးဦး .... "

"မင်းက ဘယ်လိုသိတာလဲ .... "

"လင်းရဲ့ကျင်းက သမားတော်ကြီး ချောင်လို့ဝမ်းကို ထိန်းချုပ်ပြီး .... ဖမ်းခေါ်သွားတာ ဖြစ်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်"

"ဘာဖြစ်လို့ မင်းက ဒီလိုထင်ရတာလဲ .... "

"ကျွန်တော်လှမ်းမြင်လိုက်ရတာကတော့ လင်းရဲ့ကျင်းလက်ထဲမှာ ဓားကိုင်ထားပြီး ချောင်လို့ဝမ်းနားမှာ ထိုင်နေတာ တွေ့ရပါ



တယ် .... ခါးကုန်းကြီး လီချီရဲ့နဲ့ ယင်ချွန်းကတော့ သူတို့နဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်နေပါတယ် .... လီချီရဲ့နဲ့ ယင်ချွန်းတို့ရဲ့ မျက်နှာတွေက စိုးရိမ်ထိတ်လန့်နေကြတဲ့ ပုံပါပဲ .... "

"ဟုတ်ပါ့မလား .... မင်းသေသေချာချာ မြင်ခဲ့ရလို့လား"

ထုံရှန်းအော်က ခေါင်းညိတ်၍ ....

"သေချာပါတယ် .... ကျွန်တော် အကြည့်မမှားပါဘူး"

လို့ရှံ့ရှမ်းက စဉ်းစားလိုက်ပြီး ....

"အတော့်ကို ထူးထူးဆန်းဆန်းဖြစ်နေတာတော့ အမှန်ပဲ .... တကယ်လို့ လင်းရဲ့ကျင်းဟာ ချောင်လို့ဝမ်းကို ထိန်းချုပ်ထားမိနေတယ်ဆိုရင်လည်း သူဟာ ချောင်လို့ဝမ်းကို မြင်းလှည်းနဲ့ ဘယ်ခေါ်သွားမလို့ပါလိမ့် .... "

"ကျွန်တော်လည်း ဒါကိုပဲ စဉ်းစားနေတာပါ ဦးဦး .... ထန်ဟိုဟွားဟာ ဒီစာရွက်ကို အကြောင်းမဲ့ ပစ်ချခဲ့တာ မဟုတ်ဘူးလို့လဲ ကျွန်တော်တွေးမိပါတယ် .... ဒီစာရွက်ထဲမှာ မြေပုံလိုလို အရုပ်တွေ လိုလို ရေးထားတာဟာ သူတို့သွားမယ့် နေရာဒေသကို ရေးဆွဲထားတာ များလားလို့လဲ စဉ်းစားမိပါတယ် .... "

"အင်း .... မင်းတွေးတာ ဖြစ်နိုင်လိမ့်မယ် .... "

လို့ရှံ့ရှမ်းက စာရွက်တွင် ရေးသားထားသော အရုပ်များကို သေသေချာချာ ထပ်မံကြည့်ပြီး စဉ်းစားနေပြန်သည်။ သူ့စိတ်ထဲ တွင် တစ်စုံတစ်ရာကို တွေးမိပြီး စိုးရိမ်သလိုလည်း ဖြစ်သွားသည်။ သေချာစေ ရန် ထုံရှန်းအော်ကို ထပ်မေးလိုက်သည်။

"ရှန်းအော် .... မြင်းလှည်း ဘယ်အရပ်ကို ဦးတည်ပြီး သွားနေတာလဲ .... မင်းသိသလား .... "

တုံရှန်းအော်က ခဏမျှစဉ်းစားလိုက်ပြီး ....

"အရှေ့ဘက် လမ်းမကြီးအတိုင်း ဦးတည်ပြီး သွားနေတာ ဦးဦး .... ကျွန်တော် ခန့်မှန်းကြည့်ရတာတော့ ရဖူမြို့ဘက်ကိုသွားလိမ့်မယ်ထင်တယ် .... "

လို့ရုံရှမ်းက စဉ်းစားဟန်ဖြင့် ငြိမ်နေသည်။ ထုံရှန်းအော်က စဉ်းစားမိဟန်ဖြင့် ပြောပြန်သည်။

"မြင်းလှည်းထဲမှာ ဓါးကုန်းကြီးလီချိရဲ့နဲ့ ယင်စွန်းတို့ကတော့ ငြိမ်ငြိမ်ကလေး ထိုင်နေတာပဲ ဦးဦး .... ဒါပေမယ့် မြင်းလှည်းမောင်းတဲ့လူနဲ့ ထန်ပိုဟွားတို့ကတော့ မကြာမကြာ တီးတိုးစကားပြောနေကြတယ် .... မသင်္ကာလို့ ကျွန်တော်လိုက်ကြည့်တော့ မြင်းလှည်းမောင်းတဲ့လူကို ကျွန်တော်တွေ့ဖူးနေတယ် .... သူဟာ ထန်ပိုဟွားကို ဦးဦးတို့အဖွဲ့မှာ စေလွှတ်ပြီး သူလျှိုလုပ်ခိုင်းတဲ့ ချောင်လို့ဝမ်းရဲ့ တပည့်တစ်ယောက်ပဲ .... "

လို့ရုံရှမ်း မျက်လုံးပြူးသွားပြီး ....

"ဟာ .... ခက်ကုန်တော့မှာပဲ .... ချောင်လို့ဝမ်းဟာ တမင်သက်သက် အညှံ့ခံပြီး လင်းရဲ့ကျင်း ထိန်းချုပ်ခေါ်သွားရာကို လိုက်သွားတာပဲ .... လင်းရဲ့ကျင်းကတော့ ချောင်လို့ဝမ်းရဲ့ ရည်ရွယ်ချက်ကို မသိဘဲ သူ့ကိုယ်သူ ဟုတ်လှပြီ ထင်နေတယ် .... သူတို့နောက်ကို အမြန်ဆုံးလိုက်သွားမှဖြစ်တော့မယ် .... နို့မို့ဆို တို့ရဲ့ လျှို့ဝှက်စခန်း



ကို ရန်သူတွေ တွေ့သွားလိမ့်မယ် .... လျှို့ဝှက်စခန်းမှာရှိနေတဲ့ ကလေးတွေ အန္တရာယ် ဖြစ်ကုန်လိမ့်မယ် .... "

"ဒီစာရွက်ပေါ်မှာ ရေးဆွဲထားတဲ့ အရပ်တွေဟာ ဦးဦးတို့ရဲ့ လျှို့ဝှက်စခန်းပုံလား .... ဦးဦးတို့ စခန်းက ဘယ်မှာရှိသလဲ .... "

လို့ရုံရှမ်းသည် ထုံရှန်းအော်၏ အမေးကို ပြန်ဖြေရန် အချိန်မရတော့ပါချေ။ ကွမ်းတိတ်ရှန်ကိုသာ လှည့်ပြီး မှာကြားလိုက်သည်။

"တိတ်ရှန် .... ဆရာကြီးတို့ကျို့ကို ပြောလိုက်ပါ .... ငါနဲ့ ထုံရှန်းအော်တော့ တို့လျှို့ဝှက်စခန်းကို ရန်သူတွေ သွားနေလို့ ဖြတ်လမ်းက လိုက်သွားကြပြီလို့ .... ဒီတော့ အစ်ကိုကြီးနဲ့ အဖွဲ့သားတွေ ထောင်ချောက်ထဲက ပြန်ထွက်နိုင်အောင် မင်းနဲ့ ဆရာကြီးတို့ကျို့တို့ပဲ ကြိုးစားဆောင်ရွက်ကြပါ .... အစ်ကိုကြီးနဲ့ အဖွဲ့သားတွေ လွတ်လာရင်လည်း .... တို့ရဲ့ လျှို့ဝှက်စခန်းကို အမြန်ဆုံးလိုက်လာခဲ့ကြပေတော့ .... "

ကွမ်းတိတ်ရှန်က စိုးရိမ်စိတ်ဖြင့် ....

"အစ်ကိုစန်းတစ်ယောက်တည်း သွားလို့ဖြစ်ပါ့မလား .... အစ်ကိုစန်းမှာ ရန်သူတွေနဲ့ တိုက်ခိုက်နိုင်တဲ့ အခြေအနေမျိုး ရှိသေးတာလဲ မဟုတ်ဘူး .... "

"ဘာပဲဖြစ်ဖြစ် .... လိုက်သွားမှ ဖြစ်မယ် .... ဟိုရောက်မှ အခြေအနေကြည့်ရမှာပဲ .... စခန်းမှာရှိတဲ့ ကလေးတွေရဲ့အသက်အန္တရာယ် လုံခြုံရေးက ပိုပြီးအရေးကြီးတယ် .... ငါ့အသက်နဲ့လဲပြီး စခန်းကို ကာကွယ်ရမယ် .... ကဲ မင်းသွားတော့ .... ဆရာကြီးတို့ကျို့

နဲ့အတူ အစ်ကိုကြီးတို့ လွတ်မြောက်ဖို့အတွက် ကူညီပေတော့ ...

ကွမ်းတီတ်ရှန်လည်း ဘာမှမပြောတော့ဘဲ မြင်းပေါ်တက် ခုန်းစိုင်းစီးသွားသည်။

လို့ရုံရှမ်းနှင့် ထုံရှန်းအော်တို့လည်း မြင်းကိုယ်စီဖြင့် လန် မြို့မှ ထွက်ခွာလာခဲ့ကြလေတော့၏။

◇◇◇◇◇



၁၀။

---

လေပွေမုန်တိုင်းအဖွဲ့၏ လျှို့ဝှက်စခန်းနှင့် နီးလာလေလေ လင်းရဲ့ကျင်း၏ စိတ်ထဲတွင် ကျေနပ်ဝမ်းသာနေလေလေဖြစ်နေ သည်။

သူမ၏တစ်ကိုယ်တော်အစွမ်းဖြင့် ကြောက်စရာကောင်းပြီး ကျက်ကျစ်စဉ်းလဲသော ချောင်းလို့ဝမ်းကို ဖမ်းဆီးထိန်းချုပ်၍ ခေါ် ဆောင်လာနိုင်ခဲ့ပြီ မဟုတ်ပါလော။

ထိုမျှသာမက ချောင်းလို့ဝမ်း အထူးအားထားရသော အုပါး ကြီမြမလေး ယင်ချွန်းနှင့် ဝင်းတံခါးမှူး ခါးကုန်းကြီးလီချိရဲ့၊ သူလျှို ထန်ဟိုဟွားတို့ကိုပါ ခေါ်ဆောင်လာနိုင်ခဲ့သေးသည်။

ချောင်းလို့ဝမ်းတို့ကို လင်းရဲ့ကျင်းက လျှို့ဝှက်စခန်းကို ဖမ်း ခေါ်လာပြီး အို့ယိဝမ်းလက်သို့ ပေးအပ်နိုင်ခဲ့လျှင် သူမကို အို့ယိဝမ်း

နှင့် လေမွေမုန်တိုင်းအဖွဲ့က ကြီးစွာသော ဂုဏ်ပြုခြင်းဖြင့် ဂုဏ်[illegible] ကျူးကြပေလိမ့်မည်။

ထိုအခါ သူမကို အထင်သေးအမြင်သေးပြောခဲ့သောထင်[illegible] ကူးအပေါ် သူမအနေဖြင့် ဂုဏ်ယူဝင့်ကြွားနိုင်ပေလိမ့်မည်။

လင်းရဲ့ကျင်းသည် ထိုသို့တွေးမိနေရာမှ ကျိတ်ပြုံးပြုံးပြီး [illegible] နပ်ဝမ်းသာနေလေသည်။

သူမသည် ခရီးစဉ်တစ်လျှောက်လုံး ချောင်းလို့ဝမ်းကို အ[illegible] မပေးခဲ့ဘဲ ဓားဖြင့် ထောက်လာခဲ့သည်။

ချောင်းလို့ဝမ်းမှာ ကာကယ့် နာမကျန်းဖြစ်နေသူလို မှေ[illegible] ငြိမ်သက်စွာပင် လိုက်ပါလာခဲ့သည်။ ယင်ချွန်းနှင့် ခါးကုန်းကြီး [illegible] ရဲ့တို့မှာလည်း သူတို့သခင်ကြီးကို လင်းရဲ့ကျင်းက ချုပ်ကိုင်[illegible] သဖြင့် လုံးလုံးမလှုပ်ရှားရဲဟန်ဖြင့် ငြိမ်ငြိမ်သက်သက်လိုက်ပါလ[illegible] ကြ၏။

လျှို့ဝှက်စခန်းနှင့် နီးလာလေလေ အို့ယိဝမ်း၏ ချီးကျူး[illegible] ခံရတော့မည်ဖြစ်ကြောင်း တွေးမိလေလေဖြစ်ကာ လင်းရဲ့ကျင်း [illegible] သာနေလေသည်။

တယ်တမ်းတွင်မူ လျှို့ဝှက်စခန်းတွင် အို့ယိဝမ်းနှင့်အဖွဲ့[illegible] တစ်ဝက်ကျော်ကျော် ရှိမနေကြောင်း လင်းရဲ့ကျင်း မသိပါချေ။

လေမွေမုန်တိုင်းအဖွဲ့တွင် အဓိကအဖွဲ့ဝင်ပေါင်း လူနှစ်[illegible] သာရှိသည်။ အို့ယိဝမ်းနှင့်အတူ အဖွဲ့ဝင် ဆယ်ယောက်ကျော်[illegible] ပါသွားသည်။ တချို့လည်း အခြားတာဝန်ဖြင့် ခရီးသွားနေသ[illegible]



[illegible]ဝှက်စခန်းတွင် အဓိကအဖွဲ့ဝင် သုံးလေးယောက်ခန့်သာ ရှိနေ[illegible]ည်ကို လင်းရဲ့ကျင်း မသိချေ။

လင်းရဲ့ကျင်းသည် မြင်းလှည်းတွင်းမှနေ၍သာ မြင်းလှည်း[illegible]င်းသမား ဟန်ဆောင်လာသော ချုံစန်းကို ပြောပြလမ်းညွှန်ခဲ့[illegible]ည်။

မြင်းလှည်းကို လျှို့ဝှက်စခန်းအနီးရှိ ချောက်ကမ်းပါးသို့ ဝင်[illegible]က်လာခဲ့လေပြီ။ အပြင်ဘက်သို့ ပြတင်းပေါက်မှ ကြည့်နေသော [illegible]ရဲ့ကျင်းသည် ယင်ချွန်းနှင့် လီရှိုရဲ့ကို လှည့်ကြည့်ပြီး ခပ်ပြုံး[illegible]မေးလိုက်သည်။

"ရှင်တို့ကို ကျွန်မခေါ်လာတာ ဘယ်နေရာလဲဆိုတာ သိကြ[illegible] [illegible] ...."

ယင်ချွန်းက ခေါင်းကိုခါယမ်းပြီး ....

"မသိပါဘူး .... "

လင်းရဲ့ကျင်းက အသံထွက်အောင် ရယ်လိုက်၍ ....

"ရှင်တို့ကို အခုခေါ်သွားမှာ .... လေမွေမုန်တိုင်းအဖွဲ့ရဲ့ လျှို့[illegible]ဝှက်စခန်းပဲ .... "

"ဟင် .... "

ယင်ချွန်းနှင့်ခါးကုန်းကြီးလီရှိုရဲ့တို့နှစ်ဦးစလုံး မျက်လုံးအပြူး [illegible] ပါးစပ်အဟောင်းသားဖြစ်သွားကြသည်။ သူတို့အမူအရာက [illegible]လန့်ကြောက်ရွံ့သွားပုံမျိုးဖြစ်၏။

တကယ်တော့ သူတို့သည် တမင်သက်သက် ဟန်လုပ်လိုက်

ခြင်းသာ ဖြစ်လေသည်။

သူတို့ကို လင်းရဲ့ကျင်းက လေပွေမုန်တိုင်း လျှို့ဝှက်စခန်း
ခေါ်ဆောင်သွားမည်ဖြစ်ကြောင်းကို သူတို့တစ်တွေ ကြိုတင်ခန့်မှ
သိရှိနေကြသည်။

ထိုသို့ ခေါ်လာရန်လည်း ချောင်လို့ဝမ်းက လင်းရဲ့ကျင်း
တမင်သက်သက် အညွှန်ခံလိုက်ခြင်း ဖြစ်သည်။

တကယ်တော့ ချောင်လို့ဝမ်းအနေဖြင့် လင်းရဲ့ကျင်းကို အ
မရွေးတိုက်ခိုက်အနိုင်ယူနိုင်လေသည်။

ယင်ချွန်းက ပြတင်းပေါက်မှတစ်ဆင့် လှမ်းကြည့်ပြီး လ
ကျင်းကို စိုးရွံ့သော လေသံမျိုးဖြင့် ပြန်မေးသည်။

"လေပွေမုန်တိုင်းအဖွဲ့ လျှို့ဝှက်စခန်းဟုတ်လား .... ဘယ်
လဲ .... မတွေ့ပါလား .... "

"လျှို့ဝှက်စခန်းက တောင်ကုန်းရဲ့အမြင့်ဆုံးတစ်နေရာမှာ
တယ် .... မြင်းလှည်းကို ရပ်လိုက်ဦး .... "

လင်းရဲ့ကျင်းက ယင်ချွန်းကို ပြန်ပြောလိုက်ရာမှ မြင်းလှ
မောင်းသမားကြားအောင် အော်ပြောလိုက်သည်။ မြင်းလှည်း
န်ဘေးတွင် အရှိန်လျှော့ပြီး ရပ်တန့်သွားသည်။

"ကဲ .... ရှင်တို့အားလုံး မြင်းလှည်းပေါ်က ခုဏဆင်း
ဦး .... ယင်ချွန်းနဲ့ လီချီရဲ့တို့က အရင်ဆင်းကြပါ .... "

လင်းရဲ့ကျင်းက အမိန့်ပေးလိုက်ရာ ယင်ချွန်းလည်း
ကို ဖွင့်လိုက်ပြီး လီချီရဲ့နှင့်အတူ မြင်းလှည်းပေါ်မှ ဦးစွာဆင်း



သည်။

နောက်မှ လင်းရဲ့ကျင်းသည် ချောင်လို့ဝမ်းကို ဓားဖြင့်ထောက်
ပြီး မြင်းလှည်းပေါ်မှ ဆင်းသည်။

မြေပေါ်သို့ အရောက်တွင် ချောင်လို့ဝမ်းတို့လူစုက ဘေးဘီ
ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ သူတို့ရှေ့တွင် တောင်ကုန်းကြီး
များခံနေပြီး မြင်းလှည်းသွားရန် လမ်းကြောင်းဟူ၍ မရှိတော့ချေ။

တောင်ကုန်းကြီးများမှာလည်း မတ်စောက်မြင့်မားပြီး တော်
ရုံတန်ရုံလူ တတ်နိုင်လိမ့်မည် မဟုတ်ချေ။

သူတို့ဘေးမှ ချောင်းကလေးသာ ကွေ့ကောက်ပြီး တောင်
ကြားထဲသို့ ဝင်သွားသည်ကို တွေ့ရသည်။

ယင်ချွန်းက လင်းရဲ့ကျင်းကို မေးလိုက်ပြန်သည်။

"မြင်းလှည်းသွားဖို့ လမ်းမရှိတော့ပါလား .... ကျွန်မတို့တွေ
တောင်ကုန်းကြီးပေါ်က မြေကျင်ဖြတ်သွားရမှာလား .... ဒါဆို လက်
နက်စလုံး ဒဏ်ရာရထားတဲ့ သခင်ကြီးအနေနဲ့ သွားဖို့ ဘယ်လွယ်
ပါ့မလဲ .... "

လင်းရဲ့ကျင်းက ခေါင်းကိုခါယမ်းပြီး ....

"လမ်းလျှောက်သွားစရာလည်း မလိုဘူး .... တောင်ကုန်းပေါ်
တက်ပြီး ဖြတ်စရာလည်း မလိုဘူး .... မြင်းလှည်းနဲ့ပဲ ဆက်သွား
မယ် .... "

"ဟင် .... လမ်းမှ မရှိဘဲ မြင်းလှည်းနဲ့ ဘယ်လိုဆက်သွားမှာ
လဲ .... "

"ချောင်းထဲကို မြင်းလှည်းမောင်းချပြီး ချောင်းအတိုင်း ဆက်သွားရမှာပေါ့ ...."

"အို .... မဟုတ်တာ ဒီလိုသွားလို့ ချောင်းထဲမှာ မြင်းလှည်းနစ်နေမှာပေါ့ ...."

"မနစ်ပါဘူး .... မြင်းလှည်းသွားလို့ရအောင် ချောင်းထဲမှာ စီစဉ်ထားပါတယ် .... ကဲ ရှင်တို့အားလုံးကိုတော့ ဒီအတိုင်းခေါ်သွားလို့ မရနိုင်ဘူး .... ကြိုးနဲ့ တုပ်ပြီး ခေါ်သွားရလိမ့်မယ် .... လျှို့ဝှက်စခန်းရဲ့ နယ်နိမိတ်ထဲ ဝင်လာပြီဆိုတော့ အစစအရာရာ သတိထားနိုင်မှ တန်ကာကျမယ် ...."

ယင်ချွန်းမှာ မျက်နှာလေးမဲ့သွားပြီး ....

"မတုပ်လို့ကော မဖြစ်ဘူးလား ...."

"မတုပ်လို့တော့ မဖြစ်ဘူး .... ကဲ .... ကျွန်မ ပြောသလိုသာ လုပ်ပါ .... ဒီအထိ ရောက်လာကြပြီးမှ ရှင့်သခင်ကြီးကို ကျွန်မ အနာတရဖြစ်အောင် မလုပ်ချင်ဘူး .... မြင်းလှည်းထဲမှာ ကြိုးတွေတွေ့တယ် .... ဒီကြိုးတွေနဲ့ ရှင့်လူတွေကို တုပ်ပါ .... ပြီးမှ ရှင့်ကို ကျွန်မကိုယ်တိုင် ကြိုးတုပ်မယ် ...."

ချောင်လို့ဝမ်းက ချည့်နဲ့သော လေသံဖြင့် ဝင်ပြောသည်။

"ကျုပ်လက်နှစ်ဖက်စလုံး ဒဏ်ရာတွေ ရသားတာပါ မိန်းကလေးရယ် .... ခုချိန်မှာ ဘယ်သူ့ကိုမှ မတိုက်ခိုင်နိုင်တော့ပါဘူး ကျုပ်ကိုတော့ ကြိုးနဲ့ မတုပ်ပါနဲ့ ...."

လင်းရဲ့ကျင်းက ခေါင်းကိုသွက်သွက်ခါယမ်းပြီး ....



"အို .... မတုပ်လို့ မဖြစ်ဘူး .... ဖမ်းလာတဲ့ ရန်သူမှန်သမျှ စခန်းဝရောက်ရင် ကြိုးတုပ်ပြီးမှ ခေါ်သွားခွင့်ရှိတယ် .... ကဲ ယင်ချွန်း ကြိုးတွေကို ယူပေတော့ ...."

ယင်ချွန်းက မသွားသေးဘဲ ....

"ဒီချောင်းကို ဆုံးတဲ့အထိ သွားရင် .... တကယ်ပဲ လေပွေမုန်တိုင်းအဖွဲ့ရဲ့ လျှို့ဝှက်စခန်းကို ရောက်ပြီလား ...."

"ရောက်ပြီလို့ ဘယ်နှစ်ခါ ပြောရမလဲ .... ချောင်းဆုံးရင် တစ်ဖက်တောင်ကုန်းအခြေကို ရောက်မယ် .... ဒီတော့မှ လေပွေမုန်တိုင်းအဖွဲ့ကလူတွေက တောင်ကုန်းပေါ်က ဆင်းကြိုကြလိမ့်မယ်"

ယင်ချွန်းမျက်နှာမှာ စိုးရိမ်ထိတ်လန့်ခြင်းအသွင် ပျောက်သွားပြီး ဝမ်းသာရွှင်မြူးခြင်းအသွင်သို့ ပြောင်းသွားသည်။ သူမက လီချိုရဲ့ကို လှမ်းကြည့်ပြီး မျက်ရိပ်ပြကာ ....

"ဆရာကြီးလီ .... လေပွေမုန်တိုင်းစခန်းက ဒီချောင်းဆုံးရင် ရောက်ပြီတဲ့ .... ဒီတော့ ...."

ယင်ချွန်း၏ စကားမဆုံးခင် ခါးကုန်းကြီးလီချိုရဲ့က လျှပ်တစ်ပြက်ဆိုသလို လှုပ်လိုက်တော့၏။ သူ၏လက်တစ်ဖက်က ဆန့်တန်းလာပြီး လင်းရဲ့ကျင်း၏ ပခုံးကို လှမ်းဆွဲကုတ်သည်။

လင်းရဲ့ကျင်းမှာ သတိထားနေသူဖြစ်၍ ကိုယ်ကိုနွဲ့ကာ ရှောင်တိမ်းလိုက်ပြီး အော်ဟစ်လိုက်၏။

"ရှင် သေချင်လို့လား ...."

သူမ၏လက်ထဲမှဓားဖြင့် လီချိုရဲ့ကို လှမ်းခုတ်လိုက်သည်။

လီချီရဲ့က လုံးဝရှောင်တိမ်းခြင်းမပြုချေ။ သူ့ခေါင်းပေါ်ဝဲလာသော လင်းရဲ့ကျွင်း၏ဓားကို လက်ဝါးနှစ်ဖက်ဖြင့် ရိုက်၍ ညှပ်ထားလိုက်၏။ ပြီးနောက် လက်ကို လှည့်ပေးလိုက်ရာ လင်းရဲ့ကျွင်း၏ ဓားဦးမှာ သုံးချိုးတစ်ချိုးခန့် 'ချွမ်း'ခနဲ ကျိုးသွားတော့၏။

လင်းရဲ့ကျွင်းမှာ ထိတ်ခနဲဖြစ်သွားပြီး နောက်ကိုခြေတစ်လှမ်းခန့် ဆုတ်လိုက်မိသည်။ သူမသည် တစ်ဆက်တည်းမှာပင် ချောင်လို့ဝမ်းကို ဖမ်းဆွဲချုပ်ကိုင်လိုက်ကာ ဓားကျိုးဖြင့်လည်း ရွယ်ထားလိုက်၏။

"ဘယ်သူမှ မလှုပ်ကြနဲ့ .... လှုပ်ရင် ရှင်တို့သခင်ကြီး အသေပဲ .... "

ချောင်လို့ဝမ်းက စိုးရိမ်သည့် အသွင်မျိုးမရှိတော့ဘဲ အားပါးတရ ရယ်မောရင်း လင်းရဲ့ကျွင်းကို ပြောလိုက်သည်။

"မိန်းကလေးက ကျုပ်ကို"တကယ်ပဲ သတ်နိုင်လို့လား .... ဟား .... ဟား .... ဟား .... ဟား .... ဟား .... ဟား .... ဟား .... ဟား .... "

လင်းရဲ့ကျွင်းက ခံပြင်းစွာဖြင့် သူမ၏ဓားကို ဝှေ့ယမ်းမည့်အလုပ်တွင် ပတ်တီးစည်းထားသော ဒဏ်ရာရထားသည်ဆိုသည့် ချောင်လို့ဝမ်း၏လက်တစ်ဖက်က လျှပ်တစ်ပြက် လှုပ်ရှားသွားသည်။

ချောင်လို့ဝမ်းက ဓားကိုင်ထားသော လင်းရဲ့ကျွင်း၏လက်ကို ဆုပ်ကိုင်၍ လိမ်လိုက်သည်။

"အား .... "



လင်းရဲ့ကျွင်းမှာ နာကျင်စွာ အော်လိုက်ပြီး နောက်ကိုအတင်းခုန်ဆုတ်သည်။ သူမ၏လက်မှ ဓားကျိုးမှာ လွတ်ကျသွားလေတော့သည်။

လင်းရဲ့ကျွင်း ထိတ်လန့်အံ့ဩနေစဉ် ချောင်လို့ဝမ်းက လက်နှစ်ဖက်ကို ဝှေ့ယမ်း၍ သူမကို တိုက်ခိုက်တော့သည်။

ချောင်လို့ဝမ်း၏ လက်နှစ်ဖက်စလုံးမှာ သွက်လက်ပြင်းထန်စွာ လှုပ်ရှားနေသည်။ အားမာန်အပြည့်ပါသည်။ လေတိုးသံမှာ တဝှီးဝှီးမြည်နေသည်။

လင်းရဲ့ကျွင်းမှာ သူ့ကိုယ်သူ အထင်ကြီးစိတ်များ ပျောက်ကွယ်သွားရပြီး ချောင်လို့ဝမ်း၏တိုက်ကွက်များကို ထိတ်လန့်တကြီး ရှောင်တိမ်းနေရတော့၏။

"ဖြန်း .... "

"အင့် .... "

ရိုက်ချက်တစ်ချက်က သူမကိုထိသွားပြီး မြင်းလှည်းအနီးသို့ လဲကျသွားသည်။ လင်းရဲ့ကျွင်း ချက်ချင်းပင် ပြန်ထသည်။

ရှမ်းခနဲ မြည်သံနှင့်အတူ ကျာပွတ်တစ်ချောင်းက သူမကိုယ်ကို ရစ်ပတ်သွားသည်။ လှည်းဦးတွင် ထိုင်နေသော ချူစန်းက ကျာပွတ်ဖြင့် လှမ်းရိုက်၍ ရစ်ပတ်လိုက်ခြင်းဖြစ်လေသည်။

တစ်ပြိုင်တည်းပင် ချူစန်းသည် လင်းရဲ့ကျွင်း၏နောက်ကို ခုန်ဆင်းရောက်ရှိလာပြီး သူမ၏ဇက်ပိုးကို လက်ဝါးစောင်းဖြင့် ခပ်ဆတ်ဆတ်ကလေး ရိုက်လိုက်ပြန်သည်။

"အား .... "

လင်းရဲ့ကျောင်းမှာ ခွေလဲကျသွားပြီး သတိမေ့သွားလေသည်။

"ဟား .... ဟား .... ဟား .... ဟား .... ဟား .... ဟား .... ဟား .... ဟား .... "

ချောင်းလို့ဝမ်းက အားပါးတရ ရယ်မောလိုက်သည်။

လှည်းဦးတွင် ထိုင်နေသော ထန်ဟိုဟွားမှာ မျက်လုံးအပြူးသားဖြစ်နေပြီး လွန်စွာလည်း စိတ်လှုပ်ရှားနေသည်။ သူမအနေဖြင့် ယခုလိုအချိန်တွင် လင်းရဲ့ကျောင်းအား ကယ်တင်လိုသော်လည်း မည်သို့မှ မတတ်နိုင်တော့ပါချေ။

ယင်ချွန်းက မြင်းလှည်းထဲမှ ကြိုးတစ်ချောင်းကို ယူပြီး သတိမေ့နေသော လင်းရဲ့ကျောင်းကို ကြိုးဖြင့် အထပ်ထပ်တုပ်နှောင်လိုက်တော့သည်။

ချောင်လို့ဝမ်းက အမိန့်ပေးလိုက်သည်။

"သူ့ကို မြင်းလှည်းထဲမှာ သွင်းထားလိုက်တော့ ယင်ချွန်း"

ချုံစန်းနှင့် လီရှိုရဲ့တို့က လင်းရဲ့ကျောင်းကို မ,ယူပြီး မြင်းလှည်းအတွင်းသို့ ပစ်သွင်းလိုက်ကြသည်။ ချောင်လို့ဝမ်းက အမိန့်ပေးလိုက်ပြန်၏။

"ချုံစန်း .... မင်းက ချောင်းအတိုင်းသွားပြီး အခြေအနေကို ကြည့်စမ်း .... ဟိုကောင်မလေး ပြောတာ ဟုတ်မဟုတ်သိရအောင်"

"ဟုတ်ကဲ့ သခင်ကြီး .... "

ချုံစန်းလည်း ချောင်းထဲကို ခုန်ဆင်းလိုက်သည်။ ချောင်းရေ



မှာ ဒူးဆစ်ခန့်သာ နက်လေသည်။ သူသည် ချောင်းရိုးအတိုင်းရေသံတဖွမ်းဖွမ်းမြည်အောင် ပြေးသွားပြီး တောင်ကြားထဲတွင် ပျောက်ကွယ်သွားသည်။

ယင်ချွန်းက ချောင်လို့ဝမ်းကို ကြည့်လိုက်ပြီး ....

"သခင်ကြီးရဲ့လက်က ပတ်တီးတွေကို ဖြေတော့မလား .... ကျွန်မ ဖြေပေးမယ်နော် .... "

ချောင်လို့ဝမ်းက ခေါင်းညိတ်၍ ....

"ဖြေတာပေါ့ .... ဒဏ်ရာတွေလည်း ကောင်းကောင်းကျက်နေပြီ .... ဟန်ဆောင်နေစရာလည်း မလိုတော့ဘူး .... "

ချောင်လို့ဝမ်းက ခေါင်းညိတ်၍ သူ့လက်နှစ်ဖက်ကို ဆန့်တန်းပေးရာ ယင်ချွန်းက ပတ်တီးများကို ဖြေပေးနေသည်။ သူမသည် ပတ်တီးဖြေပေးနေရင်းမှ သူမ၏သခင်ကြီးချောင်လို့ဝမ်းကို အမွှန်းတင်စကားကို ပြောဆိုလေသည်။

"သခင်ကြီးရဲ့ အကြံဉာဏ် သိပ်ကောင်းတာပဲ .... ပထမတော့ လင်းရဲ့ကျောင်းကို သခင်ကြီးအညှဲခံနေလို့ ကျွန်မတို့တောင် စဉ်းစားလို့မရဘဲ မချင့်မရဲဖြစ်နေကြတာ .... နောက်မှ သခင်ကြီး အညှဲခံနေတာဟာ ဘာကြောင့်ဆိုတာ စဉ်းစားလို့ ရတယ် .... ဟုတ်တယ် .... သခင်ကြီးသာ ဒီလိုမလုပ်ရင် လေပွေမုန်တိုင်းအဖွဲ့ရဲ့ လျှို့ဝှက်စခန်းကို ရောက်ဖို့မပြောနဲ့ ဘယ်မှာရှိတယ်ဆိုတာတောင် .... သိကြမှာ မဟုတ်ဘူး .... "

ချောင်လို့ဝမ်းက ဝင့်ကြွားစွာဖြင့် ပြုံး၍ ....

"ဟဲ .... ဟဲ .... ဟဲ .... ငါ့မှာ ဒီလိုဦးနှောက်မျိုးရှိနေလို့လည်း အိုယိဝမ်းတို့လို လူမျိုးတွေကို အမြဲတမ်း လှည့်စားနိုင်ခဲ့တာပေါ့ .... ဘာမဟုတ်တဲ့ လင်းရဲ့ကျင်းလို လူမျိုးကို လှည့်စားရတာတော့ ငါ့အတွက် လွယ်လွယ်ကလေးပေါ့ .... "

"တစ်ခုတော့ရှိတယ် သခင်ကြီး .... ဒီလျှို့ဝှက်စခန်းကို စက္ကူဓားသမား အိုယိဝမ်းတို့ ဘယ်တော့ပြန်ရောက်မယ် မသိဘူး .... ဒါကိုတော့ ကျွန်မတို့ သတိထားရမယ် .... "

ချောင်လို့ဝမ်းက မမှုဟန်ဖြင့် ပြုံးပြီး ....

"ပူမနေစမ်းပါနဲ့ ယင်ချွန်းရယ် .... အိုယိဝမ်း ဘယ်တော့ပြန်လာလာ ငါ့အနေနဲ့ ကြောက်စရာမလိုပါဘူး .... ငါ့လက်က ဒဏ်ရာပျောက်နေပြီပဲ .... သူ့ကို ငါကောင်းကောင်းနိုင်ပါတယ် .... "

ပတ်တီးများ ပြေသွားသောအခါ ချောင်းလို့ဝမ်း၏လက်နှစ်ဖက်စလုံးမှာ ဒဏ်ရာဒဏ်ချက်ဟူ၍ မရှိတော့ဘဲ အမာရွတ်အနည်းငယ်သာ ရှိနေတော့သည်။

ချောင်းလို့ဝမ်းက သူ့လက်နှစ်ဖက်ကို ဆုပ်ချည်၊ ဖြန့်ချည်ကွေးချည်၊ ဆန့်ချည်လုပ်ပြီး ကျေနပ်စွာ အားတက်သရော ပြုံးနေသည်။ ယင်ချွန်းကလည်း ဝမ်းသာအားတက်နေပြီး ....

"သခင်ကြီးရဲ့ လက်နှစ်ဖက်စလုံး အကောင်းပကတိဖြစ်နေပြီနော် .... အခုဆိုရင် သခင်ကြီးဟာ ချင်းဟုန်ဓားရတနာကိုလည်း ရထားပြီးပြီ .... ဒီတော့ အိုယိဝမ်းကိုသာ မဟုတ်ဘူး .... သူ့ထက်တော်တဲ့ ပြိုင်ဘက်ကင်းသိုင်းသမားတွေကိုတောင်မှ ကြောက်စရာမလိုတော့ဘူး .... ဒီတိုင်းဆိုရင် သခင်ကြီးဟာ ရှေ့ကို သိုင်းလောကတစ်ခုလုံးကို စိုးမိုးနိုင်တဲ့လူ ဖြစ်တော့မယ် .... "



"ဟုတ်တယ် ယင်ချွန်း .... သိုင်းလောကမှာ ငါထင်ရာစိုးနိုင်တော့မယ် .... ဒီနေ့ကစပြီး အိုယိဝမ်းရဲ့နာမည်နဲ့ အယောင်ဆောင်လှုပ်ရှားစရာလည်း မလိုတော့ဘူး .... "

ဆွဲ့အနေသော ခါးကုန်းကြီးလီချိရဲ့မှာ မည်သို့မှ ဝင်မပြောနိုင်သော်လည်း ယင်ချွန်းနှင့် ချောင်လို့ဝမ်းတို့ အပြန်အလှန်ပြောနေသည်ကို ဘေးမှကြည့်၍ ခေါင်းတညိတ်ညိတ် တပြုံးပြုံးဖြစ်နေသည်။

သူတို့ကိုကြည့်ပြီး ပြုံးဟန်ဆောင်နေသော ထန်ဟိုဟွားတစ်ယောက် စိတ်ထဲတွင် မချမ်းမမြေ့ဖြစ်နေရသည်။

◈◈◈◈◈

## ၁၁၉။

စမ်းချောင်းအတိုင်း ချုံစန်းပြန်ပြေးလာနေသည်။ သူ့ခြေနှစ်ဖက်လှုပ်ရှားမှုကြောင့် ရေမှုန်ရေမွှားများ သူ့ဘေးတွင် စဉ်ထွက်နေသည်။

မကြာမီ ချောင်လို့ဝမ်းတို့အနီးကို ပြန်ရောက်လာသည်။

ချုံစန်း၏ မျက်နှာမှာ အလွန်အမင်း စိတ်အားတက်ကြွပုံမျိုးဖြစ်၏။ ချောင်လို့ဝမ်းကလည်း သိလိုသဖြင့် လှမ်းမေးလိုက်၏။

"ဘယ်လိုလဲဟေ့ ချုံစန်း .... "

ချုံစန်းကလည်း အမောပင် မဖြေဘဲပြန်ပြောသည်။

"လင်းရဲ့ကျင်းပြောတာ အမှန်တွေချည်းပဲ သခင်ကြီး .... ချောင်းအတိုင်း သွားတော့ လူသွားလို့မရအောင် ကျဉ်းသွားတဲ့ ချောင်းကျဉ်းကလေးတစ်ခုကိုလည်း တွေ့ရတယ် .... တောင်ကုန်းထိပ်မှာတော့ အစောင့်တဲလိုလို တဲတစ်လုံးရဲ့အမိုးကို လှမ်းတွေ့ရတယ်"



ချောင်လို့ဝမ်းက အားပါးတရ ရယ်မောလိုက်ပြီး ....

"ဟား .... ဟား .... ဟား .... ဟား .... ဟုတ်ပြီ ဟုတ်ပြီ ဒါဆိုရင်တော့ ဟုတ်ပြီ .... မင်းတွေ့တဲ့ တောင်ကုန်းပေါ်မှာ လေမွှေမုန်တိုင်းအဖွဲ့ရဲ့ လျှို့ဝှက်စခန်းရှိနေတာ သေချာသွားပြီ .... "

"ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ သခင်ကြီး .... "

"ဟိုကောင်မလေး ပြောတဲ့အတိုင်း ချောင်းထဲမှာ မြင်းလှည်းမောင်းသွားလို့ ရသလား .... "

"ရပါတယ် သခင်ကြီး .... ရေအောက်က မြေပျော့မှာမဟုတ်ဘဲ ကျောက်ပြားလမ်း .... သေသေချာချာ ခင်းထားတာပါ .... ချောင်းတစ်လျှောက်လုံး ရေကလည်း ဒူးဆစ်ထက် ပိုပြီးမနက်ပါဘူး .... "

"ဒါဖြင့် တို့တစ်တွေ ချောင်းအတိုင်း မြင်းလှည်းနဲ့ပဲ သွားကြမယ် .... စခန်းမှာ အို့ယိဝမ်းနဲ့ အဖွဲ့သား အတော်များများလည်း မရှိကြသေးဘူး .... ဝှေ့ဂေဟာ မြေအောက်ဥမင်ထဲက သူတို့တွေ ဘယ်လိုမှ ထွက်နိုင်ကြဦးမှာ မဟုတ်ဘူး .... ပြီးတော့ တို့လက်ထဲမှာ လင်းရဲ့ကျင်းကိုလည်း ဓားစာခံအဖြစ် ဖမ်းထားတယ် .... ဒီတော့ စခန်းမှာ ကလေးတွေနဲ့ မိန်းမတွေပဲ ရှိမှာပဲ .... လေမွှေမုန်တိုင်းအဖွဲ့သားရှိတောင် လေးငါးယောက်ထက် ပိုပြီးမရှိနိုင်ဘူး .... တို့ရောက်သွားလို့ ခုခံတဲ့သူမှန်သမျှ ကလေးရော မိန်းမပါ ညှာမနေနဲ့ .... အကုန်လုံး သတ်ပစ် .... ကဲ .... မြင်းလှည်းပေါ်တက်ကြ .... "

ချောင်လို့ဝမ်းတို့အားလုံး မြင်းလှည်းပေါ် တက်လိုက်ကြ၏။

ယခုအခါ ချောင်လို့ဝမ်းက ချုံစန်းနှင့်အတူ လှည်းဦးပေါ်မှ

ထိုင်လိုက်ပြီး ထန်ဟိုဟွားကို လှည်းထဲမှ လိုက်စေသည်။ သူတို့ကို စောင့်ကြည့်နေသူများမြင်နိုင်ရန် မြင်းလှည်းတံခါးကိုလည်း ဖွင့်ထားသည်။ သို့မှသာ ဖမ်းဆီးမိထားသော လင်းရဲ့ကျင်းကို လေပွေမုန်တိုင်းအဖွဲ့သားများ မြင်ကြပေလိမ့်မည်။

လှည်းကို ချောင်းထဲမှ မောင်းနေခြင်းဖြစ်သော်လည်း ကျောက်ပြားများ ခင်းထားသောအပေါ်မှ သွားရခြင်းဖြစ်သဖြင့် လမ်းကောင်းကို သွားရသည်နှင့် မခြားချေ။

ချောင်လို့ဝမ်း မျက်စိရှင်ရှင်ဖြင့် ဘေးပတ်ဝန်းကျင်ကို ကြည့်၍ လိုက်ခဲ့သည်။

မကြာမီ မြင်းလှည်းဆက်မသွားနိုင်လောက်အောင် ချောင်းကျဉ်းသွားပြီး ကျောက်ပြားလမ်းလည်း ဆုံးသွားတော့သည်။

ချူစန်းလည်း မြင်းကို ရပ်လိုက်သည်။ ထိုနေရာတွင် ချောင်းကမ်းပါးမှာ မြင့်နေ၍ မြင်းလှည်းကို ကမ်းပေါ်သို့ မောင်းတက်နိုင်ခြင်း မရှိချေ။

သူတို့အားလုံး မြင်းလှည်းပေါ်မှ ဆင်းပြီး တောင်ကုန်းပေါ်သို့ တက်ကြရမည်ဖြစ်၏။

"ကဲဟေ့ .... အားလုံးဆင်းကြမယ် .... "

ချောင်လို့ဝမ်းက အမိန့်ပေးလိုက်သည်နှင့် လှည်းတွင်းမှ ယင်ချွန်းနှင့် ခါးကုန်းကြီးလီချိရဲ့တို့က အရင်စုန်ဆင်းလိုက်ကြသည်။

ထန်ဟိုဟွားကမူ ကြိုးတုပ်ခံရပြီး သတိမေ့နေသေးသော လင်းရဲ့ကျင်း၏အနီးတွင် ထိုင်မြဲထိုင်နေသေးသည်။



ထိုစဉ် တောင်ကုန်းပေါ်မှ လူအချို့ ပြေးဆင်းလာကြသည်ကို ချောင်လို့ဝမ်းတို့ လှမ်းတွေ့လိုက်ရသည်။

ပြေးဆင်းလာသူများမှာ ယောကျ်ားများသာ ဖြစ်ကြပြီး သူတို့လက်ထဲတွင် ဓားလှံလက်နက်များအသီးသီးကိုင်ဆောင်ထားကြ၏။

ပြေးလာသောလူစုထဲတွင် ရှေ့ဆုံးမှ ဓားကိုင်၍ ပြေးလာသူမှာ လေပွေမုန်တိုင်းအဖွဲ့ဝင် နံပါတ်နှစ် ဝူးဝေပင်ဖြစ်လေသည်။

ဝူးဝေတို့လူစုသည် ခဏနှင့် ချောင်းကမ်းပါးအနီးသို့ ရောက်လာကြသည်။ ဝူးဝေကပင် လှည်းဆီကို ကြည့်လိုက်ပြီး လှမ်းအော်ပြောသည်။

"ဒီမှာ ချောင်လို့ဝမ်း .... ခင်ဗျားက ကျုပ်တို့ရဲ့ စခန်းအထိတောင် ကျူးကျော်ဝင်လာခဲ့ပြီပေါ့ .... ဒါဟာ ခင်ဗျားသေတွင်းကို ခင်ဗျားတူးတာနဲ့ အတူတူပဲ .... "

ဝူးဝေ၏စကားကြောင့် ချောင်လို့ဝမ်းတို့လူစု အံ့ဩတကြီး ဖြစ်သွားကြသည်။

သူတို့ရောက်လာမည့်အကြောင်းကို ဤစခန်းတွင် ရှိနေသူများက အဘယ်ကြောင့် ကြိုပြီး သိနေကြသနည်း။

ပြီးတော့ စခန်းတွင် လေပွေမုန်တိုင်းအဖွဲ့သား လေးငါးယောက်ပင် မရှိနိုင်ဟု သူတို့တွက်ဆထားသော်လည်း ယခုမူ အဖွဲ့ဝင်အားလုံးလိုလို ရှိနေသည်ကို တွေ့ကြရ၏။

ချောင်လို့ဝမ်း စိတ်ထဲတွင် ထင့်သွားပြီး ယင်ချွန်းကြားသာရုံသာ ပြောလိုက်၏။

"စခန်းမှာလည်း အဖွဲ့ဝင်တွေ အတော်များများ ရှိသေးပါလား ဘယ်လိုတွေ ဖြစ်ကုန်ပါလိမ့် .... "

"စခန်းမှာ ကျန်ခဲ့တဲ့ လူတွေနဲ့တူတယ် .... ပြီးတော့ ကျွန်မတို့ရောက်လာမှာကို ကြိုပြီး သိနေပုံရတယ် .... အတော်ဆန်းတာပဲ"

"အို .... ဘာပဲဖြစ်ဖြစ် ခုမှတော့ ရင်ဆိုင်ရတော့မှာပဲ .... "

"ချူစန်း .... "

ချောင်းလို့ဝမ်းက ယင်ချွန်းကို ပြောနေရာမှ ချူစန်းကို ခေါ်လိုက်၏။

"ခင်ဗျာ .... သခင်ကြီး .... "

"ငါ့ရဲ့ ချင်းဟုန်ဓားပါလာတယ် မဟုတ်လား .... "

"အံဖုံထဲမှာ ထည့်ယူလာခဲ့ပါတယ် သခင်ကြီး .... ဓားသုံးလေးလက်လည်း လိုလိုမယ်မယ် ယူလာခဲ့ပါသေးတယ် .... "

"ချင်းဟုန်ဓားကို ငါ့ကိုပေးစမ်း .... မင်းတို့လည်း လက်နက်ကိုယ်စီကိုင်ထားကြ .... ထန်ဟိုပွားကိုလည်း ဓားတစ်လက်ပေးထားလိုက် .... ပြီးတော့ လင်းရဲ့ကျင်းကို စောင့်နိုင်းထား .... "

ယင်ချွန်းနှင့် ချူစန်းတို့က ချောင်းလို့ဝမ်း၏ အမိန့်အတိုင်း ဆောင်ရွက်ကြသည်။ ချူစန်းက ချင်းဟုန်ဓားကို ချောင်းလို့ဝမ်းလက်ထဲ ပေးသည်။

ချောင်းလို့ဝမ်းသည် ချင်းဟုန်ဓားကို ဓားအိမ်မှ ထုတ်၍ကိုင်လိုက်သောအခါ ဓားရောင်မှာ နေရောင်ဖြင့် တဝင်းဝင်းတလက်လက် ဖြစ်သွားသည်။



ယင်ချွန်းက လှည်းထဲတွင် ရှိနေသော ထန်ဟိုပွားကို ဓားတစ်လက်ပေးပြီး မှာကြားသည်။

"ဟိုပွား .... သူ့ကို သေသေချာချာ ကြည့်ထား .... လွတ်မပြေးစေနဲ့ .... ရန်သူရောက်လာရင် ဒီဓားနဲ့ခုတ် .... "

ထန်ဟိုပွားက ဓားကို လှမ်းယူပြီး ....

"ဟုတ်ကဲ့ မမ .... စိတ်ချပါ .... ကျွန်မစောင့်ကြည့်နေပါ့မယ် .... "

ချောင်းကမ်းပါးနားတွင် ဝူးဝေနှင့် အဖွဲ့သား ဆယ်ယောက်ကျော် ရပ်တန့်နေကြသည်။

သူတို့သည် ရှေ့တိုးမလာကြချေ။ သူတို့စခန်းကို ရန်သူများ ဝင်မလာစေရန်သာ ကာကွယ်ထားပုံမျိုးဖြစ်၏။

ချောင်းလို့ဝမ်းက တောင်ကုန်းပေါ်ကို လှမ်းကြည့်သည်။တောင်ကုန်းထိပ်ရှိ ကျောက်တုံးများ နောက်ကွယ်တွင် ပုန်းကွယ်နေသော ကလေးများကိုလည်း တွေ့ရသည်။ ချောင်းလို့ဝမ်းက အခြေအနေကို ရိပ်မိသွားပြီး ....

"ယင်ချွန်း .... "

"ရှင် .... သခင်ကြီး .... "

"တောင်ကုန်းပေါ်က ကျောက်တုံးတွေနောက်မှာ ကလေးတွေ ရှိနေတယ် .... သူတို့က တို့အပေါ်ကို ကျောက်တုံးတွေတွန်းချပြီး တိုက်ခိုက်လိမ့်မယ် ထင်တယ် .... ဒီလိုသာ လုပ်ရင်တော့ ဘာမှ ညှာမနေနဲ့ .... တောင်ကုန်းပေါ်ကို မင်းပြေးတက်သွားပြီး ကလေးတွေ

အကုန်လုံးကို ခုတ်သတ် .... "

"ဟုတ်ကဲ့ သခင်ကြီး .... "

"အခု ငါနဲ့ လိုက်ခဲ့ကြ .... သူတို့ကို အခြေအနေကြည့်ပြီး ရှင်းဆိုင်ကြမယ် .... "

ချောင်လို့ဝမ်းက ချောင်းကမ်းပါးဆီသို့ လျှောက်ခဲ့ရာ လီရှိုရဲ့နှင့် ချုံစန်းတို့က သူ့ဝဲယာတစ်ဖက်တစ်ချက်ဆီမှ လိုက်ခဲ့ကြသည်။ ချောင်လို့ဝမ်း နောက်မှ ယင်ရွှန်းက လိုက်ပါလာသည်။

ချောင်လို့ဝမ်းသည် ချောင်းကမ်းပါးပေါ်သို့ မတက်ဘဲ ချောင်းစပ်မှပင် ဝူးဝေကို လှမ်းပြောသည်။

"ကျုပ်တို့လာမယ်ဆိုတာ .... မင်းတို့ ဘယ်လိုလုပ်ပြီး ကြိုသိနေသလဲ .... "

ဝူးဝေက ချောင်လို့ဝမ်း အော်မေးတာကို မဖြေဘဲ ချောင်လို့ဝမ်းကိုသာ လက်ညှိုးထိုးကာ ပြန်မေးသည်။

"ခင်ဗျားက ထုံလင်းထန် ဆေးခန်းက သမားတော်ကြီးချောင်လို့ဝမ်း မဟုတ်လား .... "

ချောင်လို့ဝမ်းကလည်း ငြင်းကွယ်မနေတော့ဘဲ ခေါင်းကိုညိတ်ပြီး လေသံမာမာဖြင့် ပြန်ပြောသည်။

"ဟုတ်တယ် .... ကျုပ် ချောင်လို့ဝမ်းပဲ .... မင်းက ဘယ်သူလဲ .... "

ဝူးဝေကလည်း လေသံတင်းတင်းဖြင့် ပြန်ပြောသည်။

"ကျုပ်က လေပွေမုန်တိုင်းအဖွဲ့ရဲ့ နံပါတ်နှစ်ခေါင်းဆောင် ဝူး



ဝေပဲ .... ဒီမယ် ချောင်လို့ဝမ်း ခင်ဗျားက သေကာနီးမှ အမိုက်ကြီးမိုက်နေတယ် .... ရွှေခုတ်ဓား စီးဝူကိုလည်း ခင်ဗျားသတ်တယ် .... ရဲ့ဘောက်စန်းတောင်မှာလည်း အစ်ကိုကြီးအို့ယိဝမ်းရဲ့ နာမည်ကိုသုံးပြီး ရာဇဝတ်မှုတွေကို ခင်ဗျားကျူးလွန်ခဲ့တယ် .... လန်းယုံကျူ့ဝေချိန်းခုံတို့ကိုလည်း ခင်ဗျားပဲ သတ်ခဲ့တယ် .... "

ချောင်လို့ဝမ်းက ဘာမှပြန်မပြောဘဲ မထေမဲ့မြင်သာ ပြုံးနေသည်။ ဝူးဝေကသာ ဆက်ပြောသည်။

"ပြီးတော့ ပေါင်တိတ်မြို့မှာလည်း ကျုပ်တို့လူတွေကို သတ်ခဲ့သေးတယ် .... စီးချင်စန်းတောင် တန့်ဂေဟာ မွေးမြူရေးခြံမှာလည်း လူသတ်မှုတွေကို ခင်ဗျား အများကြီးကျူးလွန်ခဲ့သေးတယ် .... ခင်ဗျား ဘာငြင်းဦးမလဲ .... "

ချောင်လို့ဝမ်းက မဲ့ပြုံး ပြုံးလိုက်ပြီး ပခုံးတစ်ချက်တွန့်ကာ ....

"ဘယ်လိုလဲ စွပ်စွဲချက်တွေကလည်း များလှချည်လား .... ထားပါတော့လေ .... မင်းရဲ့စွပ်စွဲချက်ကို မှန်နေတယ် ထားပါတော့ မင်း ဘာလုပ်မလဲ .... "

"ဘာလုပ်ရမလဲ .... ခင်ဗျားလို ရက်စက်ယုတ်မာတဲ့ လူမျိုးကို ကောင်းကောင်းကြီး အပြစ်ဒဏ်ခတ်ရမှာပေါ့ .... "

"မင်းတို့ လေပွေမုန်တိုင်းအဖွဲ့ကကော ဘယ်လောက်များ ကောင်းတဲ့အဖွဲ့မို့လို့လဲ .... ကိုယ့်ကိုယ်ကိုတော့ ပြန်ပြီး အပြစ်ဒဏ် မပေးတော့ဘူးလား .... "

ဝူးဝေက ဒေါသထွက်သွားပြီး ....

"ဒီမှာ ချောင်လို့ဝမ်း ခင်ဗျားမှာ ငါးဆူးတောင် လက်နက်ပုန်းတွေနဲ့ ချင်းဟုန်ရတနာစားရှိနေလို့ ကိုယ့်ကိုယ်ကို ဟုတ်လှပြီ မထင်နဲ့"

ချောင်လို့ဝမ်းက မျက်မှောင်ကြုတ်သွားပြီး ....

"ဟင် .... မင်းက ဒါတွေကို ကြိုပြီး သိနေပါလား .... ဘယ်လိုလုပ် သိသလဲ .... "

"ကျုပ် ဘယ်လိုလုပ် သိတယ်ဆိုတာ မကြာခင် ခင်ဗျားကိုယ်တိုင် သိရလိမ့်မယ် .... ခင်ဗျားဆီမှာ ဘယ်လိုလက်နက်ကောင်းတွေ ရှိနေနေ ကျုပ်တို့အစ်ကိုကြီး အို့ယိဝမ်းရဲ့ ငါးကြေးခွံဓားကိုတော့ ခင်ဗျားယှဉ်နိုင်မှာ မဟုတ်ပါဘူး .... "

ချောင်လို့ဝမ်းက ပြက်လုံးတစ်ခုကို ကြားရသည့်အလား အားပါးတရ ရယ်မောလိုက်ပြီး ....

"ဟား .... ဟား .... ဟား .... ဟား .... အပြောကတော့ တယ်ပြီး ကြီးတာပဲ .... ငါကလည်း မင်းတို့ရဲ့ခေါင်းဆောင် အို့ယိဝမ်းနဲ့ ယှဉ်ပြီး တိုက်ခိုက်ချင်တာပဲ .... ဒါမှ ဘယ်သူသာတယ်ဆိုတာ မင်းတို့ သိရမှာ .... ဒါပေမယ့် အို့ယိဝမ်း ဒီမှာရှိမနေတာတော့ အတော်ခက်တယ် .... ခုဆိုသူဟာ လန်ကျိုးမြို့မှာပဲ ရှိနေဦးမှာ .... လာရမယ့်ခရီးကလည်း ဝေးတော့ အစုနေ ငါသာ မင်းတို့ကို ဝင်တိုက်ရင် သူလည်း ဘယ်နည်းနဲ့မှ လာကယ်နိုင်မှာ မဟုတ်ဘူး .... "

ဝူးဝေကလည်း အားပါးတရ ရယ်မောလိုက်ပြီး ....

"ဟား .... ဟား .... ဟား .... ခင်ဗျားကို ကျုပ်တို့အစ်ကိုကြီး အို့ယိဝမ်း ဒီမှာမရှိဘူးလို့ ဘယ်သူပြောသလဲ .... "



"ငါကိုယ်တိုင် သေသေချာချာ သိလို့ ပြောတာပေါ့ကွ .... သူနဲ့ သူ့အဖွဲ့သားတွေကို လန်ကျိုးမြို့က ဝှေ့ဂေဟာ မြေအောက်ဥမင်လမ်းထဲမှာ ငါပိတ်ပြီး ထားခဲ့တယ် .... သုံးလေးရက်အတွင်း ဘယ်လိုမှ ထွက်နိုင်ဦးမှာ မဟုတ်ဘူး .... "

ဝူးဝေက ရယ်မြဲရယ်ရင်း ....

"ဟား .... ဟား .... ဟား .... ဟား .... ခင်ဗျား ဘာပြောပြော စခန်းကို ကျုပ်တို့ အစ်ကိုကြီးနဲ့အဖွဲ့ ပြန်ရောက်နေပြီ .... အစ်ကိုကြီး အို့ယိဝမ်း ပြောပြလို့လည်း ခင်ဗျားတို့တွေ ရောက်လာလိမ့်မယ်ဆိုတာ ကျုပ်တို့ ကြိုသိနေတာပေါ့ .... ကျုပ်တို့ အစ်ကိုကြီးဟာ ဒီထက်မက ခက်ခဲတဲ့ ထောင်ချောက်တွေထဲကတောင် အလွယ်တကူ ရုန်းထွက်နိုင်တယ်ဆိုတာ ခင်ဗျားသိထားစမ်းပါ .... "

အို့ယိဝမ်းနှင့်အဖွဲ့ ပြန်ရောက်လာပြီဆိုသောကြောင့် ချောင်လို့ဝမ်းတို့မှာ မျက်စိပျက် မျက်နှာပျက်ဖြစ်သွားကြသည်။ ဝှေ့ဂေဟာ မြေအောက်ဥမင်လမ်းမှ အို့ယိဝမ်းတို့တစ်တွေ လွတ်မြောက်ခဲ့ပြီး စခန်းကို ရောက်နေပြီလော်ဟူ၍လည်း တွေးမိကြသည်။

ချောင်လို့ဝမ်းက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် မေးသည်။

"သူ .... သူ .... ပြန်ရောက်နေပြီလား .... "

ဝူးဝေက မဲ့ပြုံးပြုံးကာ နောက်ဘက်သို့ လှည့်ပြီး အသံကျယ်ကျယ်ဖြင့် အော်လိုက်၏။

"အစ်ကိုကြီး အို့ယိဝမ်း ထွက်လာခဲ့ပါဦး .... "

ဝူးဝေ၏ အော်သံဆုံးသည်နှင့် တောင်ကုန်းပေါ်မှ ရယ်မောသံ

တွေ ပေါ်ထွက်လာသည်။ စကားသံတွေလည်း ညံသွားသည်။ ယော ကျ်ားသံ၊ မိန်းမသံ၊ ကလေးများ၏အသံတွေ ပါဝင်လာသည်။

ချောင်လို့ဝမ်းတို့လူစု အသံများ ပေါ်ထွက်လာရာ တောင်ကုန်း ဆီသို့ မျက်လုံးအမြှူးသားဖြင့် မော့ကြည့်ကြသည်။

ထိုစဉ် တောင်ကုန်းမှ လူတစ်ယောက် ခြေလှမ်းမှန်မှန်ဖြင့် ဆင်း လာသည်။ ထိုသူနောက်မှ အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေး များ စုဝေး၍ လိုက်လာကြသည်။ စုစုပေါင်း လူပေါင်းနှစ်ဆယ်ကျော် ခန့် ရှိလေသည်။

ရှေ့ဆုံးမှ ဆင်းလာသူ၏ ကိုယ်တွင် အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ခါးတွင် ဓုတ်ဓားတစ်လက်ကို ဆွဲချိတ်ထားသည်။ သူ၏ မျက်နှာတွင်မူ စာပဝါဖြင့် ဖုံးအုပ်ထားသည်။

သူ့ခန္ဓာကိုယ်မှာ ကြံ့ခိုင်သန်မာပြီး အရပ်လည်း မြင့်သူဖြစ်၏။

ချောင်းလို့ဝမ်းသည် စက္ကူဓားသမား အို့ယိဝမ်းကို မတွေ့ဖူး သော်လည်း အို့ယိဝမ်း၏အသွင်အပြင်ကို ကြားဖူးထားသူဖြစ်လေရာ ယခု ဆင်းလာနေသူ၏ ကိုယ်လုံးကိုယ်ပေါက်ကို မြင်ရုံဖြင့် အို့ယိဝမ်း ၏ ကိုယ်လုံကိုယ်ပေါက်ဖြစ်ကြောင်း တွေးမိပြီး ထိတ်လန့်စိုးရိမ်သွား သည်။

ဝမ်းသာအားတက်စွာဖြင့် လေပွေမုန်တိုင်းအဖွဲ့၏ လျှို့ဝှက် စခန်းကို လွယ်လွယ်ကလေး သိမ်းပိုက်နိုင်လိမ့်မည်ဟု တွက်ဆထား သော သူ့အတွေးမှာလည်း ပျောက်ကွယ်ကုန်ကြသည်။

ယင်ချွန်း၊ ခါးကုန်းကြီး လီချိုရှဲ့နှင့် ချုံစန်းတို့လည်း ထိတ်လန့်



တကြီး ဖြစ်နေကြသည်။

ချောင်းကမ်းပါးအနီးတွင် ရပ်နေကြသော ဝူးဝေတို့လူစုက သားတစ်ဖက်တစ်ချက်စီခွဲ၍ လမ်းဖွင့်ပေးကြ၏။ မျက်နှာတွင် စာပဝါ ဖုံးထားသော ထိုသူသည် လူအများကြားမှ လျှောက်လာကာ ဝူးဝေ၏ ရှေ့တွင် ရပ်လိုက်၏။

စာပဝါအောက်ဘက်မှ ထိုလူ၏အသံပေါ်လာသည်။

"သိပ်ပြီး အံ့ဩသွားသလား ချောင်လို့ဝမ်း .... ကျုပ်ကို ဒီမှာ တွေ့ရလိမ့်မယ်လို့ ခင်ဗျားလုံးလုံး မထင်ထားဘူးလား ...."

ချောင်လို့ဝမ်းက ပါးစပ်ဟပြီး မျက်လုံးအပြူးသားဖြင့် အထစ် ထစ် အငေါ့ငေါ့ပြန်မေးသည်။

"မင်း .... မင်း .... အို့ယိဝမ်း ဟုတ်လို့လား ...."

"ဟင်း .... ဟင်း .... ဟင်း .... ဝေ့ဂေဟာရဲ့ မြေအောက်ဥမင် လမ်းဟာ ခင်ဗျားအဖို့တော့ ထောင်ချောက်လို့ ယူဆထားပေမယ့် ကျုပ် အဖို့တော့ ဘယ်လိုမှ မျက်စိမလည်နိုင်ပါဘူး .... ကျုပ်တို့ကို ပိတ်ထား လို့လဲ မရပါဘူး ...."

"မင်းဟာ အို့ယိဝမ်း အတုပဲ ဖြစ်မယ် ...."

စာပဝါမျက်နှာဖုံးနှင့်လူက ရယ်မောလိုက်ပြီး ....

"ဒီနေရာဟာ ရဲ့ကျောက်စခန်းရွာ မဟုတ်ပါဘူးဗျ .... အို့ယိဝမ်း အတု ဘယ်လာရပါ့မလဲ ...."

"မင်းဟာ အို့ယိဝမ်းဆိုရင် ဘာဖြစ်လို့ မင်းမျက်နှာကို ပဝါဖုံး ထားရတာလဲ .... မင်းမျက်နှာကို မြင်ရမှ ငါယုံမယ် ...."

"ဟား .... ဟား .... ဟား .... ဒီမှာ ချောင်လို့ဝမ်း .... ကျုပ်ရဲ့မျက်နှာအမှန်ကို ခင်ဗျားတို့တစ်တွေထဲက ဘယ်သူက မြင်ဖူးလို့လဲ ပဝါကို ဖွင့်ပြတော့ကော ကျုပ်ကို သိမှာမို့လို့လား .... "

"ဖွင့်သာ ပြစမ်းပါလေ .... မင်းရဲ့မျက်နှာကို မြင်ရရင် ငါ ကျေနပ်ပါပြီ .... "

တကယ်တော့ စပဝါကို မျက်နှာတွင် ဖုံးထားသူမှာ အိုယိဝမ်း မဟုတ်ပါချေ။ ဖြတ်လမ်းမှ ခရီးပြင်းနှင်ပြီး လျှို့ဝှက်စခန်းကို ပြန်ရောက်လာသော လို့ရုံရှမ်းသာ ဖြစ်လေသည်။

သို့သော် သူ့မျက်နှာကို အိုယိဝမ်း၏မျက်နှာနှင့် တူအောင် စီမံထား၏။ သူသည် စိတ်ဆောင်ပြီး အိုယိဝမ်းဟန်ဆောင်နေရသော်လည်း သူ့ကိုယ်မှ ဒဏ်ရာများကြောင့် သူသည်ကောင်းစွာ မလှုပ်ရှားနိုင်သေးချေ။

မည်သူနှင့်မှလည်း ယှဉ်ပြိုင်တိုက်ခိုက်နိုင်ခြင်း မရှိသေးပါချေ။

ချောင်လို့ဝမ်းတို့ကို လှည့်စားခြောက်လှန့်ရန်သာ အိုယိဝမ်း အသွင်နှင့် တွေ့ဆုံရခြင်း ဖြစ်လေသည်။

လို့ရုံရှမ်းက သူ့မျက်နှာတွင် ဖုံးအုပ်ထားသော စပဝါကို ညာလက်ဖြင့် ဆွဲဖြုတ်လိုက်၏။ အိုယိဝမ်း အသွင်မျိုး ဖန်တီးထားသော သူ့မျက်နှာပေါ်လာသည်။

သူ့မျက်နှာပေါ်တွင် မျက်ခုံးမွေးထူထူရှိနေပြီး မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများလည်း ရှိနေသည်။ တည်ကြည်ခန့်ညားမှုရှိနေပြီး အိုယိဝမ်း၏မျက်နှာအတိုင်း ဖြစ်နေသည်။



တကယ်လည်း ချောင်လို့ဝမ်းတို့လူစုသည် အိုယိဝမ်း၏မျက်နှာအစစ်ကို တစ်ခါမှ မမြင်ဖူးကြချေ။

ထို့ကြောင့် သူတို့သည် လို့ရုံရှမ်းကို အိုယိဝမ်းအတုဟုသာ ထင်မှတ်သွားပြီး တုန်လှုပ်သွားသည်။ သူ့လူများ ကြားရုံသာ တီးတိုးလည်း ပြောမိ၏။

"အံ့ဩစရာပဲ .... အိုယိဝမ်းနဲ့ သူ့အဖွဲ့သားတွေ ဝေဂေဟာ မြေအောက်ထဲက ဘယ်လိုလုပ် ထွက်လာကြသလဲ .... ပြီးတော့ တို့အရင် ဒီကိုဘယ်လိုလုပ် ရောက်နေကြတာလဲ .... "

နောက်ဘက်မှ ယင်ချွန်းက သူမ၏ထင်မြင်ချက်ကို တီးတိုးပြောပြန်သည်။

"တစ်ယောက်ယောက်က ကယ်တင်လို့ လွတ်လာကြတာ ဖြစ်မှာပေါ့ ဆရာကြီး .... ဒီဒေသမှာ သူတို့တွေက လမ်းကျွမ်းတျင်ပြီးသားဆိုတော့ ဖြတ်လမ်းကနေ လာလို့ ကျွန်မတို့ထက် စောပြီး ရောက်နေကြတာဖြစ်မှာပေါ့ .... "

လို့ရုံရှမ်းနှင့် ဝူးဝေတို့ကမူ ဘာမှမပြောကြသေးဘဲ ချောင်လို့ဝမ်းတို့လူစုကို အကဲခတ်ကြည့်နေကြ၏။

ယင်ချွန်းက အားပေးစကား ပြောလိုက်ပြန်သည်။

သခင်ကြီးလက်က ဒဏ်ရာတွေလည်း ပျောက်နေပြီပဲ .... ပြီးတော့ ချင်းဟုန်ဓားလည်း ရှိနေပြီ .... သူ့ကို ဘာမှစိုးရိမ်စရာမလိုပါဘူး"

ချောင်လို့ဝမ်းက အိုယိဝမ်းအသွင်ဆောင်ထားသော လို့ရုံရှမ်းကို လှမ်းကြည့်လိုက်ပြီးမှ ....

"အိုယိဝမ်းဆီမှာလည်း သိပ်ပြီးထက်မြက်တဲ့ ငါးကြေးခွံဓားရှိနေတယ် .... ငါ့မှာ ချင်ဟုန်ဓားရှိပေမယ့် သူတို့အဖွဲ့သားတွေ စုံစုံလင်လင်ဖြစ်နေတယ် .... အင်အား များနေတယ် .... ငါးဆူးတောင် လက်နက်ပုန်းနဲ့ ပစ်ပြီးတိုက်တယ်ပဲ ထားဦး .... သူတို့အကုန်လုံးသေအောင် ငါဘယ်တိုက်နိုင်ပါ့မလဲ .... တကယ်တမ်းသာ တိုက်ပွဲဖြစ်လာရင် သူတို့အားလုံးနဲ့ တို့ လေးယောက်နဲ့ ဘယ်ယှဉ်ပြိုင်နိုင်ပါ့မလဲ ထန်ဖိုဟွားကို ထည့်တွက်လို့မရဘူး .... "

ယင်ချွန်းလည်း စိုးရိမ်သွားပြီး ....

"ဟင် .... ဒီလိုဆို သခင်ကြီး ဘယ်လိုလုပ်မလဲ .... "

"ခုချက်ချင်း သူတို့နဲ့ တို့နဲ့ တိုက်ခိုက်ကြလို့တော့ မဖြစ်သေးဘူး .... တိုက်ရင် တို့တစ်တွေ အရှုံးနဲ့ပဲ ရင်ဆိုင်ရလိမ့်မယ် .... ဒီတော့ တစ်နည်းနည်းနဲ့ သူတို့ကို လှည့်ဖြားပြောဆိုပြီး ပြန်လှည့်ကြရင်ကောင်းမယ် .... ညဘက်ကျမှ သူတို့စခန်းကို ငါတစ်ယောက်တည်း တိတ်တိတ်ကလေးလာပြီး အိုယိဝမ်းကို ရှာသတ်မယ် .... အိုယိဝမ်းကို သတ်ပြီးမှ သူတို့စခန်းကို မီးရှို့ဖျက်ဆီးမယ် .... ဒီအတိုင်းပဲ လုပ်မယ် .... "

ယင်ချွန်းက ကမ်းပါးပေါ်တွင် ရပ်နေကြသော လေပွေမုန်တိုင်းအဖွဲ့သားများကို ထိတ်လန့်စွာ လှမ်းကြည့်ပြီး ချောင်လို့ဝမ်းကို ခပ်တိုးတိုး ပြောပြန်သည်။

"ကျွန်မတို့ ပြန်လှည့်မယ်ဆိုရင် .... သူတို့ကကော ပြန်လှည့်ခွင့်ပြုပါ့မလား သခင်ကြီး .... သူတို့ နယ်နိမိတ်ထဲ ကျွန်မတို့က ကျူး



ဝင်လာမိခဲ့ပြီပဲ .... "

"မင်း တယ်အ,ပါလား ယင်ချွန်း .... တို့လက်ထဲမှာ သူတို့အဖွဲ့က လင်းရဲ့ကူးင်း ရှိနေတာကို မင်းမေ့သွားပြီလား .... ငါ အချက်ပေးတာနဲ့ မင်းတို့တွေ မြင်းလှည်းဆီကို ပြန်သွားကြတော့ .... ငါ အိုယိဝမ်းနဲ့ စကားပြောကြည့်ဦးမယ် .... "

ယင်ချွန်း၊ ခါးကုန်းကြီးလီရှိုရဲ့နှင့် ချုံစန်းတို့အားလုံးလိုလို လို့ရုံရှမ်းကို အိုယိဝမ်းဟုသာ ထင်ကြ၏။ သူတို့အားလုံး လေပွေမုန်တိုင်းအဖွဲ့၏ လက်ချက်ဖြင့် သေဆုံးကြရတော့မည်ဟူ၍လည်း တွေး၍ ထိတ်လန့်နေကြသည်။ ယခု ချောင်လို့ဝမ်းက လှည့်ပြန်ရန် နည်းလမ်းရှာမည်ဟု ပြောလာသောအခါ များစွာ စိတ်သက်သာရာ ရသွားကြ၏။

လို့ရုံရှမ်းမှာ ချောင်လို့ဝမ်းတို့အချင်းချင်း မျက်စိပျက် မျက်နှာပျက်ဖြင့် တီးတိုးစကားပြောဆိုနေကြသည်ကို မြင်ရကတည်းက ချောင်လို့ဝမ်းတို့တစ်တွေ ဆုတ်ခွာကြတော့မည်ဖြစ်ကြောင်း သိသည်။ ထိုသို့ ဆုတ်ခွာသွားပါကလည်း ဟန့်တားလိမ့်မည် မဟုတ်ချေ။

အကြောင်းမူ ယခုအချိန်တွင် သူသည် တိုက်ခိုက်ခြင်းအမှုကို မပြုနိုင်ချေ။ ခရီးကြမ်းကို တရကြမ်း နှင်လာပြီး စခန်းကို ရောက်လာသည်မှာလည်း မကြာသေးချေ။ စခန်းကို ရောက်ရောက်ချင်း ဝူးဝေတို့ကို အဖြစ်မှန်ပြောပြပြီး ကတိုက်ကရိုက် အစီအစဉ် လုပ်ကြရသည်။

ထို့ကြောင့် သူ့တွင် နားချိန်မရခဲ့ချေ။ ခရီးကြမ်းကို တရကြမ်း ဝင်နှဲ့ရသဖြင့် သူ့ခြေကျာများမှာ ပိုပြီး အထိနာနေ၏။

သူသည် လုံးလုံး လှုပ်ရှားချင်စိတ်ပင် မရှိတော့ပါချေ။ မဖြစ်ချေ၍သာ စိတ်အားတင်းပြီး ဤသို့ ချောင်လို့ဝမ်းနှင့် တွေ့ရခြင်းဖြစ်၏။

သူ၏ဆန္ဒမှာ ချောင်လို့ဝမ်းတို့လူစုကို ပြန်ထွက်ခွာသွားစေလိုသည်။ တကယ်တမ်း စခန်းတွင် ရှိနေသော အမျိုးသမီးများနှင့် အမျိုးသားများမှာ သိုင်းပညာလုံးလုံး တတ်ထားသူများ မဟုတ်ချေ။

ထိုအမျိုးသားနှင့် အမျိုးသမီးများကို ကလေးများအား ပြုစုထိန်းသိမ်းစောင့်ရှောက်ရန်သာ ခေါ်ထားခြင်းဖြစ်လေသည်။

တကယ်တမ်း သိုင်းပညာတတ်သူဆို၍ လေးငါးယောက်ထက် ပိုပြီး မရှိပါချေ။

◇◇◇◇◇



၀၂၀ ။

---

လို့ရုံရှမ်းသည် ချောင်လို့ဝမ်းတို့လူစုကို ပြန်သွားစေလိုသော်လည်း ဟန်လုပ်ပြီး လှမ်းမေးလိုက်ရ၏။

"ဘယ်လိုလဲ ချောင်လို့ဝမ်း .... ကျုပ်ဖျက်နှာကို ဖွင့်ပြနိုင်းပြီးမှ ခင်ဗျားတို့က ပြန်လှည့်ဖို့ ကြံစည်နေကြပြီလား .... "

ချောင်လို့ဝမ်းကလည်း မဲ့ပြုံးပြုံးလိုက်ပြီး ....

"မင်းနဲ့ငါ ယှဉ်ပြိုင်တိုက်ခိုက်မှာပါ အို့ယီဝမ်း .... ဒါပေမယ့် ဒီနေ့တော့ မတိုက်နိုင်သေးဘူး .... "

"ဘာဖြစ်လို့လဲ ချောင်လို့ဝမ်း .... ခင်ဗျားလက်က ဒဏ်ရာတွေ မ ပျောက်သေးလို့လား .... ဒါမှမဟုတ် ကျုပ်နဲ့ မယှဉ်ပြိုင်ဝံ့ဘူးဆိုရင်လည်း ပြတ်ပြတ်သားသားပြောစမ်းပါ .... "

"မင်းကို မယှဉ်ဝံ့လို့ မဟုတ်ဘူးကွ .... လောလောဆယ် ငါ့လက်ချောက်နဲ့ မင်းမသေစေချင်သေးလို့ .... "

"ဟား .... ဟား .... ဟား .... ဟား .... ကျွန်တော့်အပေါ် ဒီလောက် စေတနာတွေ ထားနေရတာလဲ .... "

"မင်းဟာ ဒီစခန်းမှာ မိဘမဲ့လေလွင့်နေတဲ့ ကလေးတွေကို ခေါ်ယူပြီး ကျွေးမွေးစောင့်ရှောက်ထားတယ် မဟုတ်လား .... မင်းတို့ကို တို့လူစုက အတင်းဝင်တိုက်ခိုက်မယ်ဆိုရင် .... ဘာမှမသက်ဆိုင်တဲ့ ကလေးတွေနဲ့ အမျိုးသမီးတွေ မြေဇာပင် ဖြစ်ကုန်ကြလိမ့်မယ် ဒီတော့ မင်းနဲ့ငါ တစ်ဦးချင်းပဲ ယှဉ်ပြိုင်တိုက်ခိုက်ဖို့ ငါဆုံးဖြတ်လိုက်တယ် .... "

"အင်း .... ခင်ဗျားလိုလူမျိုးဆီက ဒီလိုစကားမျိုးကြားရတာတော့ အတော့်ကို အံ့ဩစရာပဲ .... အနောက်က နေထွက်တယ်ဆိုတဲ့ စကားထက်တောင် အံ့ဩစရာကောင်းသေးတယ် .... ထားပါတော့ ကဲ ခင်ဗျားနဲ့ကျုပ် ဘယ်တော့ ယှဉ်ပြိုင်ကြမှာလဲ .... "

"မနက်ဖြန်ပဲ ယှဉ်ပြိုင်ကြမယ်လေ .... မနက်ဖြန် ချောင်းဝနားက တောအုပ်ထဲမှာ မင်းနဲ့ငါ ယှဉ်ပြိုင်ကြမယ် .... မင်းလည်း မင်းတပည့်တွေကို ခေါ်မလာခဲ့နဲ့ .... ငါလည်း ငါ့တပည့်တွေကို အခုပဲ အိမ်ပြန်လွှတ်လိုက်တော့မယ် .... "

"ဟား .... ဟား .... ဟား .... ဟား .... ဟား .... ဟား .... ဟား .... ဟား .... "

လို့ရုံရှမ်း သဘောကျစွာ အားပါးတရ ရယ်မောလိုက်၏။ ထိုသို့ ရယ်လိုက်ရသည့်အတွက်ပင် သူ့ရင်ဘတ်မှ ဒဏ်ရာမှာ အောင့်သွားပြီး သွေးများ စိမ့်ထွက်လာကြောင်း သူသိရ၏။ သို့သော် ပတ်တီးဖြင့်



သေချာစွာ စည်းထားသဖြင့် သွေးများက အပြင်ကို ထွက်ကျမလာချေ။

ချောင်လို့ဝမ်း၏စကားကို လို့ရုံရှမ်း စိတ်ထဲမှ အမှန်ပင် သဘောကျသွားလေသည်။ ချောင်လို့ဝမ်း ချိန်းဆိုသည့် မနက်ဖြန် မတိုင်မီ အို့ယိဝမ်းတို့တစ်တွေ စခန်းကို ပြန်ရောက်လာကြလိမ့်မည်ဟု လို့ရုံရှမ်း တစ်ထစ်ချ သိထားသောကြောင့် ဖြစ်သည်။

အို့ယိဝမ်းသာ ပြန်ရောက်လာခဲ့လျှင် ချောင်းလို့ဝမ်းကို နှိမ်နင်းရန်မှာ လုံးဝ ပူစရာလိုတော့မည် မဟုတ်ပါချေ။

လို့ရုံရှမ်းက ရယ်မောရင်းမှ ပြောလိုက်၏။

"ကောင်းပြီလေ .... ခင်ဗျားရဲ့ ဆန္ဒအတိုင်းပဲ ကျုပ်လိုက်လျောပါ့မယ် .... ဒါပေမယ့် ခင်ဗျားတို့နဲ့ ပါလာတဲ့ လင်းရဲ့ကျင်းကိုတော့ ထားခဲ့ပါ .... လင်းရဲ့ကျင်းကို ထားခဲ့မယ်ဆိုရင် ခင်ဗျားတို့ကို ထွက်ခွာခွင့် ပြုပါ့မယ် .... "

ချောင်လို့ဝမ်းက ခဏမျှ စဉ်းစားလိုက်ပြီးမှ ခေါင်းကိုဖြည်းညင်းစွာ ခါယမ်း၍ ....

"အို့ယိဝမ်း လင်းရဲ့ကျင်းကိုတော့ ကျုပ်လောလောဆယ် လွှတ်မပေး .... ဒါပေမယ့် လင်းရဲ့ကျင်းကို ဘယ်လိုမှ အန္တရာယ်မပေးဘူးဆိုတာတော့ ကျုပ်ကတိပြုပါတယ် .... မနက်ဖြန် မင်းနဲ့တွေ့တဲ့အခါကျတော့ မင်းရှေ့မှာပဲ လင်းရဲ့ကျင်းကို လွှတ်ပေးပါ့မယ် .... "

"ဘာလဲ .... ကျုပ်ကတိမတည်မှာစိုးလို့ ခင်ဗျားက လင်းရဲ့ကျင်းကို ဓားစာခံအဖြစ် ခေါ်ထားတာလား .... "

ချောင်းလို့ဝမ်းက ခေါင်းညိတ်လိုက်ပြီး ....

"ဟုတ်တယ် .... အို့ယိဝမ်း ဒီသဘောပဲ .... "

လို့ရှုံရှမ်းက ခဏမျှစဉ်းစားလိုက်ပြီး ....

"ကောင်းပြီလေ .... လင်းရဲ့ကျင်းသာ အန္တရာယ်ဖြစ်မယ်ဆိုရင်တော့ ဒီအတွက် ခင်ဗျားအသေဆိုးနဲ့ သေရလိမ့်မယ် .... မနက်ဖြန်သာ လင်းရဲ့ကျင်းကို ခေါ်ပြီး ချိန်းထားတဲ့အတိုင်း ခင်ဗျားလာခဲ့ပါ ကျုပ်စောင့်နေမယ် .... ခင်ဗျားတို့ သွားနိုင်ပါပြီ .... "

လို့ရှုံရှမ်းက ခွင့်ပြုလိုက်သည်နှင့် ချောင်လို့ဝမ်းသည် ယင်ချွန်းကို ပြောလိုက်သည်။

"ယင်ချွန်း .... မင်းနဲ့ လီချိရဲ့တို့ လှည်းဆီကို အရင်ပြန်သွားကြတော့ .... ငါနဲ့ ချုံစန်းက သူတို့အခြေအနေကို စောင့်ကြည့်နေဦးမယ် .... တို့အားလုံး သူတို့ကို ကျောပေးပြီး ထွက်သွားလို့ မဖြစ်ဘူး၊ လှည်းဆီကို မင်းတို့ရောက်တော့ ငါတို့လာခဲ့မယ် .... "

"ဟုတ်ကဲ့ သခင်ကြီး .... "

ယင်ချွန်းနှင့် ခါးကုန်းကြီးလီချိရဲ့တို့နှစ်ယောက် မြင်းလှည်းဆီ လှည့်၍ထွက်ခွာသွားကြသည်။

ဝူးဝေက စိုးရိမ်စိတ်ဖြင့် လို့ရှုံရှမ်းကို တီးတိုးပြောသည်။

"ညီလေးစန်း .... သူတို့ကို ဘာဖြစ်လို့ ပြန်လွှတ်လိုက်ရတာလဲ မလွှတ်ပါနဲ့ .... "

အခြားလူများကမူ တစ်ယောက်တစ်ပေါက် ဝိုင်းအော်ကြ၏။

"ဒီလူယုတ်မာတွေကို ပြန်မလွှတ်ပါနဲ့ .... "

"ကျွန်တော်တို့ ဝိုင်းပြီး တိုက်ခိုက်ပါရစေ .... "



"ဒီလိုလူမျိုးဟာ ကတိတည်တာ မဟုတ်ဘူး .... သစ္စာလည်း ရှိတာ မဟုတ်ဘူး .... "

"တိုက်မယ် .... သတ်မယ် .... "

"တစ်ယောက်မှ အသက်ရှင်လျက် ပြန်မသွားရဘူး .... "

လေပွေမုန်တိုင်းအဖွဲ့မှ ယောကျာ်း .... မိန်းမနှင့် ကလေးပါမကျန် တစ်ယောက်တစ်ပေါက် အော်ဟစ်ကြသဖြင့် မြင်းလှည်းနားရောက်နေပြီဖြစ်သော ယင်ချွန်းနှင့် ခါးကုန်းကြီးလီချိရဲ့တို့သည် စိုးရိမ်စိတ်ဖြင့် ကမ်းပါးမှ လေပွေမုန်တိုင်းအဖွဲ့ကို လှည့်ကြည့် လှည့်ကြည့် ဖြစ်နေကြ၏။ လှည့်ကြည့် လှည့်ကြည့်ဖြင့်ပင် မြင်းလှည်းနား ကပ်သွားကြ၏။

လို့ရှုံရှမ်းက ညာဘက်ကို မြှောက်ပြလိုက်သောအခါ အော်ဟစ်ဆူညံနေသော အဖွဲ့သားများလည်း တိတ်ဆိတ်ပြီး ငြိမ်သက်သွားကြသည်။ သူက အသံကျယ်ကျယ်ဖြင့် အော်ပြောသည်။

"အဖွဲ့သားတွေအားလုံး တိတ်ကြပါ .... မဆူကြပါနဲ့ လင်းရဲ့ကျင်းဟာ အခု သူတို့လက်ထဲမှာ ရောက်နေတယ် .... ဒါကြောင့် သူတို့ကို အတင်းဝင်တိုက်လို့ မဖြစ်ဘူး .... ကျုပ်ပြောတာကို အားလုံး သဘောပေါက်စေချင်တယ် .... "

အဖွဲ့သားတစ်ဦးက မကျေနပ်သေးဘဲ ....

"သူ့လှည့်ကွက်ကို ကျွန်တော်တို့ ခံရမှာ စိုးလို့ပါ .... အဲဒီလူဟာ ကျွန်တော်တို့ကို မယှဉ်နိုင်ဘူးဆိုတာ သိလို့ နောက်ဆုတ်သွားတာပါ .... ဒီလိုအချိန်မျိုးမှာသာ သူတို့ကို တိုက်ရမှာ .... "

"တော်စမ်း .... ငါနားလည်တယ် .... မင်းတို့အားလုံး သိထားတာထက် ငါက ပိုသိလို့ ခုလိုဆုံးဖြတ်တာ .... ငါဆုံးဖြတ်သလိုသာ နာခံကြ .... "

လို့ရုံရှမ်းမှာ အို့ယိဝမ်းဟန်ဆောင်ထားခြင်းဖြစ်သော်လည်း၊ လေပွေမုန်တိုင်းအဖွဲ့တွင် အို့ယိဝမ်းပြီးလျှင် လို့ရုံရှမ်းမှာ ဩဇာအရှိဆုံးလူချစ်လူခင် အပေါဆုံး၊ ကြည်ညိုလေးစားခြင်း အခံရဆုံးလူတစ်ယောက် ဖြစ်လေသည်။

ထို့ကြောင့် လို့ရုံရှမ်းက မျက်နှာထားတင်းတင်းဖြင့် ယတိပြတ်ပြောလိုက်သောအခါ ဗူးဝေပင် ဘာမှဝင်မပြောတော့ပါ။ကျန်လူ အားလုံးသည် ငြိမ်သက်သွားကြသည်။

လို့ရုံရှမ်းက ချောင်လို့ဝမ်းကို လှမ်းပြောသည်။

"ကဲ .... ခင်ဗျားတို့ သွားကြတော့လေ .... ခင်ဗျားတို့နှစ်ယောက်က ဘာဖြစ်လို့ ရပ်နေကြသေးတာလဲ .... ခင်ဗျားတို့မြင်ရင် ကျူပ်လူတွေ ဒေါသပိုပြီး ဖြစ်ကုန်လိမ့်မယ် .... ထိန်းမရ သိမ်းမရ ဖြစ်ကုန်လိမ့်မယ် .... မနက်ဖြန်သာ လင်းရဲ့ကျင်းကို ခေါ်ပြီး ဆက်ဆက်လာခဲ့ပါ ချောင်လို့ဝမ်း .... "

"ကောင်းပြီ အို့ယိဝမ်း .... "

ချောင်လို့ဝမ်းလည်း ပြောပြီး မြင်းလှည်းဆီကို ချူစန်းနှင့်အတူ လှည့်ထွက်လာသည်။

ချောင်လို့ဝမ်းသည် လို့ရုံရှမ်းကို အို့ယိဝမ်းအစစ်ဟုသာ ထင်မှတ်နေသည်။



ပြီးတော့ ချောင်းကမ်းပါးတွင် ရပ်နေသူများအားလုံးကိုလည်း လေပွေမုန်တိုင်းအဖွဲ့ဝင်များဟု ထင်မှတ်ထားသည်။

တကယ်တော့ လေပွေမုန်တိုင်းအဖွဲ့ဝင် အစစ်ဆို၍ သုံးလေးယောက်သာရှိပြီး ကျန်လူများမှာ သိုင်းပညာ လုံးဝမတတ်သော ယောကျ်ားများဖြစ်လေသည်။

ထိုယောကျ်ားများမှာ မိဘမဲ့ကလေးများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စာပေပညာများကို သင်ကြားပေးခြင်းအတွက်သာ အသုံးဝင်လေသည်။

လို့ရုံရှမ်းသည် ထုံရှန်းအော်နှင့်အတူ ဖြတ်လမ်းမှနေ၍ လျှိုမှတ်စခန်းသို့ ရောက်လာကာ ချောင်လို့ဝမ်းတို့စခန်းကို အန္တရာယ်မပေးရဲဘဲ ထွက်ခွာသွားရန် ယခုကဲ့သို့ အို့ယိဝမ်းဟန်ဆောင်ခဲ့ရခြင်း ဖြစ်လေသည်။

လို့ရုံရှမ်းတို့လူစုသည် မြင်းလှည်းဆီထွက်သွားသော ချောင်လို့ဝမ်းတို့လူစုကို ချောင်းကမ်းပါးမှ လှမ်းကြည့်နေကြသည်။

ထိုစဉ် မြင်းလှည်းနားကို ရောက်သွားသော ယင်ရွှန်းနှင့် ခါးကုန်းကြီး လီရှိုရဲ့တို့နှစ်ယောက်စလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်ကို လှမ်းတွေ့ကြရလေသည်။

"အား .... "

ခါးကုန်းကြီး လီရှိုရဲ့မှာ နှာကျင်စွာအော်ရင်း မြောင်းရေထဲကို ငုံးခနဲ လဲကျသွားသည်။

လှည်းထဲမှ လင်းရဲ့ကျင်း ရုတ်တရက် ခုန်ထွက်လာပြီး ယင်

ချွန်းကို ဓားဖြင့် လှမ်းခုတ်လိုက်သည်ကိုလည်း မြင်ရပြန်၏။

"အ .... "

ယင်ချွန်းလည်း အသံသဲ့သဲ့ဖြင့်အော်ရင်း ဝုန်းခနဲ လဲကျသွားလေသည်။

အခြေအနေက မမျှော်လင့်ဘဲ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားတော့၏။

တကယ်တော့ ချောင်လို့ဝမ်းတို့တစ်တွေ မြင်းလှည်းဆီမှထွက်ခွာသွားစဉ်ကပင် မြင်းလှည်းထဲတွင် ကျန်နေခဲ့သော ထန်ဟိုဟွားသည် လင်းရဲ့ကျင်းကို သတိရအောင်လုပ်ပြီး အဖြစ်မှန်အကုန်လုံးကို လင်းရဲ့ကျင်း နားလည်ရန် ရှင်းလင်းပြောပြသည်။

ပြီးနောက် လင်းရဲ့ကျင်းကို တုပ်နှောင်ထားသော ကြိုးကို ဖြေပေးလိုက်၏။ ထန်ဟိုဟွားက သူမလက်မှ ဓားကိုလည်း လင်းရဲ့ကျင်းအား ပေးထားခဲ့သည်။

လင်းရဲ့ကျင်းသည် အခြေအနေအမှန်ကို သိရသောအခါ ဤ[illegible] အချိန်မှူလောက်နှင့် အို့ယိဝမ်းတို့တစ်တွေ စခန်းကိုပြန်မရောက်သေး[illegible]ကြောင်း တွက်ဆမိသွားသည်။ အဖွဲ့ဝင်တစ်ယောက်ယောက်က [illegible] ယိဝမ်းဟန်ဆောင်ပြီး ချောင်လို့ဝမ်းတို့ကို လှည့်စားနေမှန်းလည်း တွေး[illegible]မိသည်။

သူမသည် မြင်းလှည်းတံခါးဘေးတွင် ကွယ်ပြီးအခြေအနေကို ချောင်းကြည့်နေခဲ့သည်။

ထို့နောက် နောက်ဘက်ကို လှည့်ကြည့် လှည့်ကြည့်ဖြင့် မြင်း[illegible]



လှည်းတံခါးဝနားကို ရောက်လာသောအခါ ခါးကုန်းကြီးလီချိရဲ့ကို ဓားဖြင့် ရုတ်တရက် လှမ်းထိုးလိုက်ခြင်းဖြစ်သည်။

ခါးကုန်းကြီးလီချိရဲ့မှာ သူမထက် သိုင်းပညာအဆင့်မြင့်ကြောင်း လင်းရဲ့ကျင်း သိထားပြီးဖြစ်လေရာ ခါးကုန်းကြီးလီချိရဲ့နှင့် မျက်နှာချင်းဆိုင် မတိုက်ရဲချေ။ ထို့ကြောင့် ဤကဲ့သို့ လျှပ်တစ်ပြက် တိုက်ခိုက်လိုက်ရခြင်းဖြစ်၏။

ခါးကုန်းကြီး လီချိရဲ့သည် ဤကဲ့သို့ ဖြစ်လိမ့်မည်ဟု လုံးလုံးထင်မှတ်မထားသဖြင့် ကာကွယ်ရန်လည်း ပြင်ဆင်ထားခြင်းမရှိချေ။ ထို့ကြောင့် မည်သို့မျှ ခုခံနိုင်ဖို့ အခွင့်အရေးမရဘဲ လင်းရဲ့ကျင်း၏ ဓားချက်မိကာ လဲကျသွားခြင်းဖြစ်လေသည်။

တစ်ဆက်တည်းမှာပင် လင်းရဲ့ကျင်းသည် မြင်းလှည်းတွင်းမှ ခုန်ထွက်၍ ယင်ချွန်းကိုတိုက်သည်။ ယင်ချွန်းမှာ သိုင်းပညာတတ်သည် ဆိုရုံမျှသာဖြစ်လေရာ မည်သို့မျှ မကာကွယ်နိုင်ဘဲ ဓားချက်မိပြီး လဲကျသွားပြန်၏။

ယင်ချွန်းနှင့် ခါးကုန်းကြီးလီချိရဲ့ကို နှစ်ယောက်စလုံး ပြင်းထန်စွာ ဒဏ်ရာရသွားကြပြီး ရေထဲတွင် လူးလွန့်နေကြသည်။ ကြည်လင်သောရေမှာ သွေးရောင်လွှမ်းသွားသည်။

ချောင်လို့ဝမ်းနှင့် ချုံစန်းတို့လည်း ခါးကုန်းကြီးလီချိရဲ့နှင့် ယင်ချွန်းတို့၏အခြေအနေကို မြင်ကြရသောအခါ မျက်လုံးအပြူးသားနှင့် ဖြစ်သွားကြသည်။ ခံပြင်းဒေါသစိတ်လည်း ဖြစ်သွားကြသည်။

"လင်းရဲ့ကျင်း လွတ်သွားပြီ ကျွန်တော်တို့ သွားတိုက်မှ"

ဝူးဝေက ပြောပြောဆိုဆို ချောင်းထဲခုန်ဆင်းပြီး မြင်းလှည်းဆီ ပြေးလာသည်။

ချောင်လို့ဝမ်းနှင့် ချုံစန်းတို့လည်း လင်းရဲ့ကျင်းအနီးကို ရောက်လာကာ ဝိုင်းပြီးညှပ်တိုက်ကြသည်။

ချောင်လို့ဝမ်းလက်မှ ချင်းဟုန်ဓားရတနာမှာဝင်းလက်တောက်ပနေသည်။

လင်းရဲ့ကျင်းသည် ချောင်လို့ဝမ်း၏ ချင်းဟုန်ဓားရတနာ အကြောင်း သိထားလေရာ သူမ၏ဓားဖြင့် မခံဘဲ ရှောင်တိမ်း၍ ပြန်လည်တိုက်ခိုက်နေရ၏။ ချင်းဟုန်ဓားက သူမ၏ဓားကို ခုတ်မိလျှင် ပြတ်သွားနိုင်ကြောင်း လင်းရဲ့ကျင်း သိထားသည်။

လင်းရဲ့ကျင်းမှာ သူမကို ဝိုင်းတိုက်နေသော ချောင်းလို့ဝမ်းနှင့် ချုံစန်းတို့၏ ဓားချက်ကို မနည်းပင် လွတ်အောင်ရှောင်တိမ်းနေရသည်။ ကြာရှည် ရှောင်နိုင်လိမ့်မည်မဟုတ်ကြောင်းလည်း နားလည်ထားသည်။

ထိုစဉ် သူမထံသို့ ပြေးလာနေသော ဝူးဝေကို တွေ့ရသောအခါ လင်းရဲ့ကျင်း ဝမ်းသာအားတက်သွားသည်။

စိတ်အားတင်းပြီး ချောင်လို့ဝမ်းနှင့် ချုံစန်းတို့ကို တိုက်စစ်မသုံဘဲ ခံစစ်ဖြင့်သာ တိုက်ခိုက်နေသည်။

ဝူးဝေသည် ချောင်လို့ဝမ်းထံတွင် ရှိနေသော ငါးဆူးတောင် လက်နက်၏ထက်မြက်ပုံကို ကောင်းစွာသိထားသူဖြစ်သဖြင့် သတိဖြင့် ပြေးလာသည်။



အနီးသို့ရောက်လာသောအခါ သူသည် ချောင်လို့ဝမ်းကို တရကြမ်း တိုက်ခိုက်လေတော့သည်။ ချောင်လို့ဝမ်းမှာ လင်းရဲ့ကျင်းကို မတိုက်နိုင်တော့ဘဲ ဝူးဝေကိုသာ သဲသဲမဲမဲ တိုက်ခိုက်နေရသည်။

"ဟိတ် .... "

"ယား .... "

"ဝှစ် .... ဝှစ် .... ဝိုး .... ဝိုး .... "

အော်ဟစ်သံ၊ ရှောင်တိမ်းသံ၊ ဓားတွေ့ယမ်းသံတွေ ရောသံတွေ ညံစီနေသည်။

ဝူးဝေမှာ ချောင်လို့ဝမ်း၏ ချင်ဟုန်ဓားအစွမ်းကိုတော့ သိပ်မသိပါချေ။ ထို့ကြောင့် သူ၏ဓားဖြင့် ချင်းဟုန်ဓား၏ခုတ်ချက်ကို ဆီးခံသည်။

"ချွမ်း .... "

"ဟာ .... "

ချင်းဟုန်ဓားမှာ ဓားကောင်းတစ်လက်ဖြစ်ပြီး သံကိုဖြတ်နိုင်စွမ်းရှိလေရာ ဆီးခံလိုက်သော ဝူးဝေဓားမှာ ထက်ပိုင်းဖြစ်သွားသည်။

ဝူးဝေမှာ ထိတ်ခနဲဖြစ်သွားပြီး နောက်ကို ခုန်ဆုတ်သည်။

"မပြေးနဲ့ .... "

ချောင်လို့ဝမ်းက အော်ဟစ်လိုက်ပြီး သူ့လက်ထဲမှ ချင်းဟုန်ဓားဖြင့် ဝူးဝေ၏ရင်ဘတ်ကို ထိုးလိုက်သည်။

ဝူးဝေက လှစ်ခနဲ ရှောင်တိမ်းလိုက်ပြီး သူ၏ဓားကျိုးဖြင့် ချောင်လို့ဝမ်းကို လှမ်းတွက်လိုက်သည်။ ဝူးဝေဓားမှာ ကျိုးနေသော်လည်း

အင်အားသုံးပြီး ထိုးလျှင် လူ့ခန္ဓာကိုယ်ထဲကို စိုက်ဝင်နိုင်သေးသည်။

ချောင်လို့ဝမ်းလည်း ကမန်းကတန်း နောက်ကိုခုန်ဆုတ်ပြီး ရှောင်လိုက်ကြပြန်သည်။

"ဟိုင်း .... "

ချက်ချင်းပင် ချောင်လို့ဝမ်းသည် အော်ဟစ်မာန်သွင်းပြီး ဝူးဝေထံ ခုန်လာပြန်သည်။ သူ့လက်ထဲမှ ချင်းဟုန်ဓားကိုလည်း တရကြမ်း ဝှေ့ယမ်းသည်။

"ဝှစ် .... ဝှစ် .... ဝှစ် .... ဝှစ် .... "

လေကို ဓားဟပ်သံတွေ မြည်ဟည်းပေါ်ထွက်လာသည်။

ချင်းဟုန်ဓားအရောင်က လက်ပြီး ဝူးဝေမျက်လုံးထဲ စူးဝင်နေသဖြင့် ဝူးဝေ မျက်လုံးတွေ ပြာသွားသည်။

သူသည် နောက်ကိုခုန်ဆုတ်ပြီး သူ့ဓားကျိုးကို ယမ်း၍ ဝှေ့နေရတော့သည်။

"ထန်း .... ထန်း .... ထန်း .... "

ဓားချက်သုံးချက်ဖြင့်ဆင့်၍ ချောင်လို့ဝမ်းက ဆက်တိုက်ခုတ်သည်။

ဝူးဝေထံမှ ညည်းတွားအော်ဟစ်သံ ပေါ်လာသည်။

ချောင်လို့ဝမ်း နောက်ဆုံးခုတ်လိုက်သော ဓားချက်မှာ ဆီးခံလိုက်သော ဝူးဝေ၏ ဓားချက်ဖြင့် လွတ်သွားပြီး ချင်းဟုန်ဓားက ဝူးဝေ၏ ပခုံးကို စလွယ်သိုင်း ခုတ်ပိုင်းမိလေတော့၏။

သံကိုပင် ဖြတ်နိုင်သော ချင်းဟုန်ဓားမှာ ဝူးဝေပခုံးမှ ရင်ဘတ်အထိ တစ်ရှိန်ထိုး ခုတ်ပိုင်းမိ၏။



ဝူးဝေ၏ ကိုယ်မှသွေးများ ဖြာခနဲ ပန်းထွက်လာသည်။

ချောင်လို့ဝမ်းက မဲ့ပြုံးပြုံးကာ ချင်းဟုန်ဓားကို ဆွဲထုတ်လိုက်သောအခါ ဝူးဝေမှာ မျက်လုံးအပြူးသားကြီးဖြင့် ချောင်းရေပြင်ထဲသို့ ဝုန်းခနဲ လဲကျသွားတော့သည်။

လေပွေမုန်တိုင်းအဖွဲ့၏ အထူးအားထားရသော အမှတ်နှစ်ဝူးဝေမှာ လင်းရဲ့ကျင်း၏အသက်ကို ကယ်ဆယ်ရန် ကြိုးစားရင်းမှ သူ့အသက်ကို စွန့်လွှတ်သွားရရှာလေပြီတည်း။

◇◇◇◇◇

## ၁၂။

ဦးဝေကျဆုံးသွားသည်ကို မြင်လျှင် ကမ်းပါးပေါ်မှ လေမွေ မုန်တိုင်းအဖွဲ့သားများ 'ဟင်'ခနဲ 'ဟာ'ခနဲ ဖြစ်ကုန်သည်။

"အစ်ကိုအော့ .... အစ်ကိုအော့ .... "

"ဖြစ်ရလေ အစ်ကိုအော့ရယ် .... "

မချိုတင်ကဲ အော်ဟစ်ညည်းညူသူတို့က ညည်းညူကြသည်။

လို့ရှုံရှမ်း ရင်ထဲတွင်လည်း နင့်ခနဲ ဖြစ်သွားပြီး မချိုတင်ကဲဖြစ် သွားသည်။ ချက်ချင်းပင် သူ့မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ဝိုင်း လာသည်။

ယခုလိုအချိန်အခါမျိုးတွင် သူသည် လုံးလုံးတိုက်ခိုက်နိုင်စွမ်း မရှိသဖြင့်လည်း အားမလို အားမရဖြစ်မိသည်။

ချင်းဟုန်စားအကြောင်းကို ကိုယ်တွေ့ကြုံ၍ သိထားပြီးဖြစ် သော လို့ရှုံရှမ်းသည် ယခုရှိနေသော လူနာအနေဖြင့် ချင်းဟုန်စားကိုင်



ထားသော ရှောင်လို့ဝမ်းကို ယှဉ်ပြိုင်တိုက်ခိုက်နိုင်လိမ့်မည်မဟုတ် ကြောင်း သိထားသည်။

ဦးဝေ ကျဆုံးသွားသည်နှင့် လို့ရှုံရှမ်းသည် သူ့လူများကို အမိန့် ပေးလိုက်သည်။

"အားလုံး တောင်ကုန်းပေါ် ပြန်တက်ကြ .... "

လို့ရှုံရှမ်းက အော်ဟစ်အမိန့်ပေးသော်လည်း လေမွေမုန်တိုင်း အဖွဲ့ဝင် နံပါတ်ခုနစ် ချင်မိန်းက မျက်ရည်စက်လက်ဖြင့် လို့ရှုံရှမ်းထံ ခွင့်ပန်ပြောဆိုသည်။

"အစ်ကိုအော့ သေပြီ .... သင်းတို့ကို ကျွန်တော်သွားတိုက် မယ် .... ကျွန်တော့်ကို ခွင့်ပေးပါ အစ်ကိုစန်း .... ဒီလူယုတ်မာကြီး ကို တိုက်ရလို့ရှိရင် ကျွန်တော် သေချင်သေပါစေ .... "

လေမွေမုန်တိုင်းအဖွဲ့ဝင်နှစ်ယောက်ကလည်း ချောင်းထဲကို ဆင်းရန် ခြေလှမ်းတပြင်ပြင် ဖြစ်နေကြသည်။

"အစ်ကိုအော့ကို သတ်တဲ့ လူယုတ်မာကြီးကို ပြန်သတ်မယ်"

"ဝိုင်းတိုက်ကြမယ် .... "

"ငါ့စကားကို နားထောင် .... "

လို့ရှုံရှမ်းစကားတစ်ခက်တစ်ပျက်ဖြင့် ရပ်သွားသည်။ ခံပြင်း ဒေါသထွက်နေကြသော ချင်မိန်းမှာ ခံပြင်းဒေါသစိတ်ဖြင့် ချောင်းထဲကို ခုန်ဆင်းပြေးပြီးဖြစ်သောကြောင့်ပင်တည်း။

ချင်မိန်းမှာ လေမွေမုန်တိုင်းအဖွဲ့တွင် ကိုယ်ဖော့ပညာအကောင်း ဆုံးဖြစ်သဖြင့် ပျံလွှားဘွဲ့ကို ရထားသူဖြစ်လေရာ ခဏနှင့် ကမ်းပါးမှ

အဝေးကိုရောက်သွားသည်။

လို့ရုံရှမ်းသည် မည်သို့မှ မဟန့်တားနိုင်တော့ချေ။

"သတ်မယ် .... သတ်မယ် .... လူယုတ်မာကြီးကို သတ်မယ်"

ပြေးရင်းမှ ချင်ဖိန်းပါးစပ်မှ အော်ဟစ်သွားသည်။

ချင်ဖိန်းပြေးထွက်သွားနှင့် လေပွေမှန်တိုင်းအဖွဲ့ဝင်နှစ်ယောက်လည်း ညာသံပေးကာ ချောင်းထဲသို့ ခုန်ဆင်း၍ ချင်ဖိန်းနောက်သို့ ပြေးလိုက်သွားကြတော့၏။

"အစ်ကိုအော့အတွက် လက်စားချေမယ်ဟေ့ .... "

"လူယုတ်မာကြီးကို မလွတ်စေနဲ့ .... "

လို့ရုံရှမ်းမှာ ဒဏ်ရာများက သွေးများစီးကျလာပြီဖြစ်၍ ကောင်းစွာ မလှုပ်ရှားနိုင်ချေ။ သူသည် ပြေးသွားသူများနောက်ကို လိုက်မသွားနိုင်ဘဲ ကမ်းပေါ်မှသာ ပြန်အော်ခေါ်နေသည်။

"ညီလေးချို .... ပြန်လာခဲ့ကြ ပြန်လာခဲ့ကြ .... "

သို့သော် ချင်ဖိန်းနှင့် အဖွဲ့ဝင်နှစ်ယောက်မှာ ချောင်းလို့ဝမ်းထံ ရောက်သွားကြပြီဖြစ်သည်။ သူတို့သုံးယောက်သည် ချောင်းလို့ဝမ်းကို သဲသဲမဲမဲ တိုက်ခိုက်ကြသည်။

ချင်ဖိန်းနှင့် အဖွဲ့ဝင်နှစ်ယောက်မှာ သူတို့၏အသက်ကို ပဓာနမထားဘဲ အသေခံ၍ တရကြမ်း ဖိတိုက်ကြခြင်းဖြစ်လေရာ ချောင်းလို့ဝမ်းပင် မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်သွားသည်။ ထို့ကြောင့် သူ့ကို ပိတ်ဆို့ကာ တိုက်ခိုက်နေကြသော ချင်ဖိန်းတို့သုံးယောက်ကြားမှ ဖောက်ထွက်ပြီး ပြေးသည်။



ချင်ဖိန်းတို့ သုံးယောက်က ချောင်းလို့ဝမ်းထွက်ပြေးသည်အထင် ငြင့် အော်ဟစ်၍ တစ်ရှိန်ထိုး လိုက်ကြ၏။

"လူယုတ်မာကြီး .... မပြေးနဲ့ .... "

"ပြေးလို့ မလွတ်ဘူးဟေ့ .... "

သို့သော် ချောင်းလို့ဝမ်းမှာ တကယ်ထွက်ပြေးခြင်းမဟုတ်ဘဲ သူ့ရင်ဖုံးထဲမှ တစ်စုံတစ်ရာကို နှိုက်ယူကာ ချာခနဲ ပြန်လှည့်လိုက်၏။

လို့ရုံရှမ်းက လှမ်းမြင်၍ အော်ဟစ်သတိပေးလိုက်၏။

"သတိထားကြ .... လက်နက်ပုန်းနဲ့ ပစ်တော့မယ် .... "

ထိုအချိန်တွင် ချောင်းလို့ဝမ်းကလည်း သူ့လက်ကို လှုပ်ရှားလိုက်သည်။

ချောင်းလို့ဝမ်းသည် ငါးဆူးတောင်လက်နက်ပုန်းများဖြင့် ပစ်ခတ်လိုက်ခြင်းဖြစ်လေသည်။

"ဝှစ် .... ဝှစ် .... ဝှစ် .... ဝှစ် .... "

"အွန့် .... "

"အင့် .... "

ချင်ဖိန်းမှာ ရှောင်တိမ်း၍ လွတ်မြောက်သွားသော်လည်း လေပွေမုန်တိုင်းအဖွဲ့ဝင်နှစ်ယောက်မှာ လက်နက်ပုန်းထိမှန်ပြီး ရေထဲကို ပုန်းခနဲ လဲကျသွားသည်။

ချင်ဖိန်းမှာ ပိုပြီးခံပြင်းဒေါသဖြစ်သွားကာ ချောင်းလို့ဝမ်းကို တရကြမ်း ဝင်တိုက်ပြန်သည်။

ကမ်းပါးစပ်မှ လို့ရုံရှမ်းမှာ စိုးရိမ်တကြီးဖြင့် ကြည့်နေရပြန်သည်။ ချင်ဖိန်းတစ်ယောက် ချောင်လို့ဝမ်းကို နိုင်အောင် မတိုက်နိုင်ကြောင်းလည်း သိထားသည်။

ထိုအချိန်တွင် သူ့ဘေးတွင် ထုံရှန်းအော်တစ်ယောက်မှလွဲပြီး ဘယ်သူမှ မရှိတော့ချေ။ သိုင်းပညာမတတ်သူများဖြစ်သောကြောင့် တောင်ကုန်းပေါ်သို့ ပြန်ဆုတ်သွားကြသည်။

ထုံရှန်းအော်က လို့ရုံရှမ်းကို ပြောလိုက်သည်။

"ဒီလောက်ယုတ်မာရက်စက်တဲ့ လူကြီးကို ဦးဦးနဲ့ ကျွန်တော် ပေါင်းပြီး တိုက်မယ် .... "

လို့ရုံရှမ်းလည်း ထုံရှန်းအော်ကို ငုံ့ကြည့်လိုက်ပြီး ....

"ကောင်းပြီ ရှန်းအော် .... ငါနဲ့အတူ မင်းလည်း ချောင်လို့ဝမ်းကို တိုက်မယ်ဆိုရင် အချက်နှစ်ချက်ကိုတော့ တိတိကျကျ လိုက်နာရမယ် .... "

"ကျွန်တော် ဘာလိုက်နာရမှာလဲ .... "

"ပထမအချက်ကတော့ ချောင်လို့ဝမ်းကို ငါက အရှုံးမပေးမချင်း မင်းဝင်မတိုက်ရဘူး .... ဒုတိယအချက်က ငါတိုက်ခိုက်ရင်းနဲ့ မတ်တတ်သေသွားခဲ့ရင် ငါ့လဲကျမသွားအောင် မင်းက နောက်ကနေ ထိန်းပေးထားရမယ် .... "

ထုံရှန်းအော်က အံ့ဩသွားပြီး ....

"ပထမအချက်ကတော့ ထားပါတော့ .... ဒုတိယအချက်ကို ကျွန်တော် နားမလည်ဘူး .... ဘာဖြစ်လို့လဲ .... "



"အား .... "

ထိုစဉ် ချင်ဖိန်း၏ ညည်းတွားအော်ဟစ်သံ ပေါ်လာသည်။ လို့ရုံရှမ်း ကြည့်လိုက်ရာ ချောင်လို့ဝမ်း၏ဓားချက်မိပြီး လဲကျသွားသော ချင်ဖိန်းကို တွေ့ရပြန်သည်။

လို့ရုံရှမ်း ရင်ထဲမှာ ပို့ပြီး ဆို့နင့်သွားသည်။ စံပြင်းဒေါသလည်း ဖြစ်သွားသည်။

ချင်ဖိန်း လဲကျသွားသည်နှင့် ချောင်လို့ဝမ်းလည်း သူ့အစွမ်းအစကို ပိုမိုယုံကြည်သွားကာ လို့ရုံရှမ်းရပ်နေသော ချောင်းကမ်းပါးဆီသို့ လာနေတော့၏။

"ရှန်းအော် .... ငါ့နောက်မှာ ဝင်နေ .... ငါပြောတဲ့အချက်နှစ်ချက်ကို လိုက်နာ .... "

ထုံရှန်းအော်လည်း ဘာမှမပြောတော့ဘဲ လို့ရုံရှမ်းနောက်တွင် ဝင်ရပ်လိုက်တော့၏။ ထုံရှန်းအော်မှာ လူကောင်သေးသော ကလေးသာဖြစ်လေရာ လို့ရုံရှမ်းကိုယ်နှင့်ကွယ်ပြီး ပျောက်နေသည်။

ချောင်လို့ဝမ်းသည် လို့ရုံရှမ်းနောက်သို့ ဝင်သွားသော ရှန်းအော်ကို မတွေ့လိုက်ချေ။ သူ့ဆီမှ လှမ်းကြည့်လျှင် လို့ရုံရှမ်း တစ်ယောက်တည်း ရပ်နေသကဲ့သို့ ထင်ရ၏။

လို့ရုံရှမ်း၏ နောက်ဘက်ခပ်လှမ်းလှမ်း တောင်ကုန်းအခြေတွင် ဆုတ်ခွာသွားသော ယောကျ်ား၊ မိန်းမနှင့် ကလေးများ ရပ်နေကြ၏။ သူတို့သည် သိုင်းပညာ လုံးလုံးတတ်ထားသူများ မဟုတ်ချေ။

ချောင်လို့ဝမ်း၏ ညာဘက်တွင် ချင်းဟုန်ဓားကို ကိုင်ဆောင်

ထားပြီး ဘယ်ဘက်လက်တွင် လက်နက်ပုန်းများကို ဆုပ်ကိုင်ထားသည်။ သူသည် လို့ရှုံရှမ်း ရပ်နေသော ကမ်းပါးနှင့် ပေခုနစ်ဆယ်ခန့် အကွာအဝေးတွင် ရပ်တန့်လိုက်၏။

အိုယိဝမ်းအသွင်ကို ဖန်တီးထားသော လို့ရှုံရှမ်းကမူ ချောင်းကမ်းပါးပေါ်တွင် မလှုပ်မယှက် ရပ်မြဲရပ်နေသည်။ သူသည် ကျောက်ရုပ်တစ်ရုပ်လို ငြိမ်ငြိမ်ကြီး ရပ်နေသော်လည်း သူ့မျက်နှာကမူ ခက်ထန်တင်းမာနေသည်။ ဒေါသကြောင့် သူ့မျက်လုံးအစုံမှာ မီးကျီးခဲလို ရဲရဲတောက်နေသည်။

ချောင်လို့ဝမ်းနှင့် လို့ရှုံရှမ်းတို့သည် အတန်ကြာအောင် တစ်ဦးနှင့် တစ်ဦး စူးစိုက်ကြည့်နေကြသည်။ နောက်မှ ချောင်လို့ဝမ်းသည် လို့ရှုံရှမ်၏ မျက်လုံးဒဏ်ကို မခံနိုင်သဖြင့် မျက်စိကို လွှဲလိုက်၏။

ထိုအချိန်တွင် မြင်းလှည်းအနီးဝယ် လင်းရဲ့ကျင်းနှင့် ချုံခန်းတို့မှာ တိုက်ခိုက်နေကြတုန်းဖြစ်၏။ ချောင်းရေကမူ သွေးရောင်သန်းနေသည်။

ချောင်လို့ဝမ်းက လို့ရှုံရှမ်းကို အိုယိဝမ်းဟု ထင်မှတ်နေသေးရာ အသံမြှင့်၍ မေးလိုက်၏။

"အိုယိဝမ်း .... မင်း ဘာပြောချင်သေးသလဲ .... "

လို့ရှုံရှမ်းက တင်းမာခက်ထန်စွာ ပြန်ပြောသည်။

"ကျုပ် လူတွေအတွက် ခင်ဗျားကိုပဲ ပြန်သတ်ရလိမ့်မယ်"

ချောင်လို့ဝမ်းက အားပါးတရ ရယ်မောလိုက်ပြီး ....

"ဟား .... ဟား .... ဟား .... ဟား .... မင်းက ငါ့ကိုသတ်



မယ်ဟုတ်လား .... ငါ့လက်တစ်ချက် လှုပ်လိုက်တာနဲ့ မင်းသေမယ်ဆိုတာ မသိဘူးလား .... ငါ့လက်ထဲက ဓားပျံက မင်းအသက်ကို အချိန်မရွေး နုတ်ယူသွားနိုင်တယ် .... ဒီတော့ မင်းလူတွေကို အညံ့ခံဖို့ အမိန့်ပေးလိုက်စမ်း .... မင်းလည်း ငါ့ဆီမှာ လက်နက်ချအညံ့ခံ .... "

"တိတ်စမ်း လူယုတ်မာ .... ခင်ဗျားရဲ့လက်နက်ပုန်းကို ကျုပ်ကြောက်မယ်များ မှတ်နေသလား .... လုံးလုံး ဂရုမစိုက်ဘူးဆိုတာ မှတ်ထားပါ .... "

မြင်းလှည်းနားတွင် တိုက်ခိုက်နေသော လင်းရဲ့ကျင်းနှင့် ချုံခန်းတို့မှာ သိုင်းကွက်တစ်ရာကျော်နေပြီဖြစ်သော်လည်း တစ်ဦးပေါ် တစ်ဦး အသာစီးမရကြသေးချေ။

လို့ရှုံရှမ်း၏ မထီမဲ့မြင် စကားကြောင့် ချောင်လို့ဝမ်း မခံချင်စိတ်ဖြစ်သွားသည်။ ချောင်လို့ဝမ်း ဤကဲ့သို့ မခံချင်ဖြစ်သွားအောင်လည်း လို့ရှုံရှမ်းက တမင်သက်သက် ပြောလိုက်ခြင်းသာဖြစ်၏။ သူသည် သူတို့စခန်း လုံခြုံရေးအတွက် သူ့အသက်ကို စွန့်လွှတ်ရန် ယတိပြတ် ဆုံးဖြတ်ချက် ချထားလေပြီ။

"ငါ့ရဲ့ဓားပျံကို ဂရုမစိုက်ဘူးဆိုရင်တော့ တစ်စင်းလောက် ပစ်လွှတ်ရသေးတာပေါ့ .... ရှောင်ကြည့်စမ်းပါဦး .... "

ချောင်လို့ဝမ်းက ပြောပြောဆိုဆိုပင် သူ့လက်ကို လှုပ်ယမ်းဆန့်တန်းလိုက်ရာ လက်နက်ပျံတစ်စင်းမှာ လို့ရှုံရှမ်းထံသို့ ရိပ်ခနဲ ပြေးဝင်လာတော့၏။

ချောင်လို့ဝမ်း ပစ်လွှတ်လိုက်သော လက်နက်ပုန်းမှာ စက္ကူကဲ့သို့ ပါးလွှားလှသော ဓားပျံတစ်စင်းသာဖြစ်၏။ ပါးလွှာလှသလို လေကို ခွင်းသွားသည်မှာ အံ့ဩဖွယ်ကောင်းလောက်အောင် မြန်ဆန်လှပေသည်။

လို့ရုံရှမ်းကမူ အနည်းငယ်မျှပင် မရှောင်တိမ်းပါချေ။ ကျောက်ရုပ်လို ငြိမ်မြဲ ငြိမ်နေသည်။ လို့ရုံရှမ်းနောက်မှ ထုံရှန်းအော်ပင် ထိတ်ခနဲဖြစ်သွားပြီး သတိပေးလိုက်၏။

"ဦးဦး သတိထား .... "

သို့သော် လို့ရုံရှမ်းမှာ ရပ်မြဲရပ်နေသည်။ အနည်းငယ်မှပင် မလှုပ်ချေ။

သူပစ်လိုက်သော ဓားပျံလက်နက်ပုန်းမှာ လို့ရုံရှမ်းကိုယ်တွင် ပျောက်ကွယ်သွားကြောင်း ချောင်းလို့ဝမ်း တွေ့ရသည်။ သို့သော် လို့ရုံရှမ်းမှာ လဲကျမသွားဘဲ အေးစက်စက်မျက်နှာထားဖြင့် ရပ်မြဲရပ်နေသည်ကို တွေ့ရသောအခါ ချောင်လို့ဝမ်းမှာ အံ့ဩထိတ်လန့်သွားသည်။

ချောင်လို့ဝမ်း၏ဓားပျံတွင် ပြင်းထန်သော အဆိပ်များပါသည်။ လူကို ထိလိုက်သည်နှင့် အဆိပ်တက်ပြီး တုံးခနဲ ပစ်လဲကျသွားပြီး သေနိုင်သည်။

သို့သော် လို့ရုံရှမ်းကမူ လဲကျမသွားပါချေ။ လို့ရုံရှမ်းနောက်မှနေ၍ လဲကျမသွားစေရန် ထုံရှန်းအော်က ထိန်းထားခြင်းဖြစ်ကြောင်းလည်း ချောင်လို့ဝမ်း မသိပါချေ။



ထုံရှန်းအော်ကလည်း လို့ရုံရှမ်းက သူ့ကိုမှီပြီး ရပ်နေကြောင်း သိလာသည်။ သူထိန်းထားရသည်မှာ လေးလာသောကြောင့် ဖြစ်လေသည်။

လို့ရုံရှမ်းကို ချောင်းလို့ဝမ်းက လက်နက်ပုန်းဖြင့် ပစ်ခတ်လိုက်ကြောင်းကို ထုံရှန်းအော် သိသည်။ သို့သော် လို့ရုံရှမ်းက အဘယ်ကြောင့် ရှောင်တိမ်းသည်ကိုမူ ထုံရှန်းအော် စဉ်းစားမရချေ။

ထုံရှန်းအော် အံ့ဩတကြီးဖြစ်မိပြီး လို့ရုံရှမ်း ခန္ဓာကိုယ်ကို အနည်းငယ် တွန်းကြည့်သည်။ ထိုအခါ လို့ရုံရှမ်း၏ခန္ဓာကိုယ်က ရှေ့ကို ငိုက်သွားလေရာ ထုံရှန်အော် ထိတ်ခနဲ ဖြစ်သွားပြီး ကမန်းကတန်းပြန်ဆွဲထိန်းလိုက်ရသည်။

ထိုအခါမှ လို့ရုံရှမ်း၏ ခန္ဓာကိုယ်မှာ အသက်ဝိညာဉ်ကင်းမဲ့နေပြီဖြစ်ကြောင်း ထုံရှန်းအော်သိသွားကာ တုန်လှုပ်ချောက်ချားသွားသည်။ ကြေကွဲဆို့နင့်သွားလေသည်။

◇◇◇◇◇

## ၁၂၂။

ချောင်လို့ဝမ်းသည် အေးစက်စက်မျက်နှာထားဖြင့် သူ့ကိုကြည့်ပြီး ကျောက်ရုပ်ကြီးလို ရပ်မြဲရပ်နေသော လို့ရုံရှမ်းကိုကြည့်ပြီး နောက်ထပ် ဓားပျံသုံးစင်းကို ထုတ်ယူလိုက်ပြန်သည်။

သူသည် အိုးယီဝမ်းဟန်ဆောင်ထားသော လို့ရုံရှမ်းသေဆုံးနေပြီဖြစ်ကြောင်း မရိပ်စားမိချေ။ လို့ရုံရှမ်း၏ မျက်နှာကို ဓားပျံသုံးစင်းစလုံး ထိမှန်သွားကြောင်း ချောင်းလို့ဝမ်း လှမ်းမြင်ရသည်။

တစ်စင်းက နဖူးတည့်တည့်တွင် စိုက်သည်။ ကျန်နှစ်စင်းက ဘယ်ညာ နားထင်နှစ်ဖက်တွင် စိုက်ည်။

သို့သော် လို့ရုံရှမ်းမှာ မလှုပ်မယှက် ရပ်မြဲရပ်နေသေးသည်။ လို့ရုံရှမ်း၏ မျက်လုံးအစုံက ချောင်းလို့ဝမ်းကို အေးစက်စက်ကြည့်နေတုန်းပင် ဖြစ်သည်။



လို့ရုံရှမ်း၏ မျက်နှာကို ဓားပျံသုံးစင်း စိုက်ဝင်သွားသော်လည်း မျက်နှာတစ်ချက်မှ မဲ့မသွားသဖြင့် ချောင်လို့ဝမ်းမှာ အံ့ဩသထက် အံ့ဩသွားမိသည်။ သံသယစိတ်လည်း ဝင်လာမိသည်။

သူသည် မျက်မှောင်ကြုတ်စဉ်းစားနေလိုက်ပြီးမှ အဖြစ်မှန်ကို သဘောပေါက်နားလည်သွားကာ ဝမ်းသာအားရ ရယ်မောလိုက်၏။

"ဟား .... ဟား .... ဟား .... ဟား .... ငါ့လက်နက်ပုန်းထိသူမှန်သမျှ ဘယ်သူမှ အသက်မရှင်ပါဘူး .... ဩော် .... အိုးယီဝမ်းအိုးယီဝမ်း သေပြီးတာတောင် ငါ့ကိုလှည့်စားတုန်းပါပဲလား .... "

ချောင်လို့ဝမ်းက ပြောပြောဆိုဆို ချင်းဟုန်ဓားကို ကိုင်၍ ကမ်းပါးဆီသို့ လျှောက်လာလေသည်။

ထုံရှန်းအော်မှာ ချောင်လို့ဝမ်းက ရိပ်မိသွားပြီဖြစ်သည့်ပြင် အသက်ကင်းမဲ့သွားသော လို့ရုံရှမ်း၏ ခန္ဓာကိုယ်က ပိုပြီးလေးလာသဖြင့် ဆက်ပြီးထိန်းမထားတော့ပါ၊ ချောင်လို့ဝမ်းကိုလည်း တိုက်ခိုက်ရန် ပြန်ရပေဦးမည်။

ထုံရှန်းအော်က လို့ရုံရှမ်း၏ အလောင်းကို မြေတွင် အသာအယာ လှဲချလိုက်သည်။ ထိုအခါမှ လို့ရုံရှမ်းနောက်မှ ထုံရှန်းအော်ကို ချောင်လို့ဝမ်း လှမ်းမြင်ရတော့၏။

ထုံရှန်းအော်မှာ (၁၂)နှစ်သားအရွယ် လူငယ်တစ်ယောက်ဖြစ်သောကြောင့် ချောင်လို့ဝမ်းက ရပ်ပြီး စူးစိုက်ကြည့်နေမိသည်။

ထုံရှန်းအော်က အိတ်ထဲမှ လောက်စာလုံးများကို လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ဖွက်ယူ၍ လက်နက်ပုန်းကဲ့သို့ ပစ်ခတ်ရန် ပြင်ဆင်

လိုက်သည်။

ချောင်လို့ဝမ်းကလည်း သူ့ရင်ဖုံးအိတ်ထဲကို နှိုက်ယူလိုက်ပြန်သည်။ ပြီးမှ သူသည် လှောင်ရယ် ရယ်လိုက်ပြီး ပြီး

"ဟဲ .... ဟဲ .... ဟဲ .... ဟဲ .... ဘယ်လိုလဲ ရှာတိတ်ရဲ့ မင်းလို လူမဖြစ်သေးတဲ့ကောင်လေးကများ ငါ့ကို တိုက်ခိုက်ဦးမလို့လား"

တကယ်တော့ ချောင်လို့ဝမ်းသည် ထုံရှုန်းအော်ကို သာမန်ကလေးတစ်ယောက်ဟုသာ ထင်မှတ်နေသည်။ သိုင်းလောကတွင် ကျော်ကြားသော ဓမြးအဘိုးသိုင်းသမားမှ ဓမြးဖြစ်သူ ထုံရှုန်းအော်မှန်း မသိ၍သာ ထိုသို့ လှောင်ပြောလိုက်ခြင်းဖြစ်၏။

ထုံရှုန်းအော်က ဒေါသဖြင့် ပြန်အော်သည်။

"ခင်ဗျားကြီးကို ကျုပ်ဦးဦးအတွက် ကလဲ့စားချေမယ်"

"ဟား .... ဟား .... ဟား .... ဟား .... ဟား .... ဟား .... ဟား .... ဟား .... "

ချောင်လို့ဝမ်းက အားပါးတရ ရယ်မောလိုက်သည်။ သို့သော် သူသည် အဆုံးသတ်အောင် မရယ်လိုက်ရချေ။ သူ့နားထဲတွင် ချောင်းရေထဲ၌ အပြင်းနှင်လာသော မြင်းများ၏အသံကို ကြားလိုက်ရ၍ ဖြစ်၏။

ချောင်းလို့ဝမ်း ထိတ်ခနဲဖြစ်သွားပြီး ဆတ်ခနဲ လှည့်ကြည့်သည်။

ချောင်းရိုးအတိုင်း အပြင်းနှင်လာသော မြင်းများကို တွေ့ရသဖြင့် မျက်လုံးပြူးသွားသည်။ မြင်းများအားလုံး မြင်းလှည်းအနီးကို



ရောက်လာပြီး မြင်းငါးစီးပေါ်မှ လူငါးယောက်က လင်းရဲ့ကျင်းနဲ့ ချုံစန်းတိုက်ခိုက်နေရာနားတွင် ခုန်ဆင်းသည်။

ကျန်မြင်းငါးစီးက ချောင်းလို့ဝမ်းရှိရာသို့ နှင်လာကြ၏။ ရှေ့ဆုံးမှ မြင်းစီးလာသူမှာ ကမ်းပါးတွင် လဲကျသေဆုံးသွားသော အို့ယိဝမ်း၏ မျက်နှာနှင့် တစ်ပုံစံတည်းလိုပင်ဖြစ်သဖြင့် ချောင်လို့ဝမ်း မြင်ရသည်။

"ဟင် .... အို့ယိဝမ်း .... "

ချောင်လို့ဝမ်း နှုတ်မှ အာမေဍိတ်သံပင် ပေါ်ထွက်သွားသည်။ လိပ်ပြာလွင့်စဉ် သွားမတတ်လည်း ထိတ်လန့်ချောက်ချားသွားသည်။

ရှေ့ဆုံးမှ မြင်းစီးလာသူမှာ အမှန်လည်း စက္ကူဓားသမား အို့ယိဝမ်းဖြစ်နေလေသည်။

ချောင်းလို့ဝမ်းကမူ ခေါင်းရှုတ်သွားသည်။ သေဆုံးသွားသည်မှာ အို့ယိဝမ်းအစစ်လား၊ ယခုမြင်းစီးလာသူမှာ အို့ယိဝမ်းအစစ်လား စဉ်းစားရ ခက်သွားသည်။

အို့ယိဝမ်းနှင့်အတူ မြင်းစီးလာကြသူများမှာ မိုက်ချုံးယီ၊ သမားတော်ကြီး ချောင်လို့မူ၊ ဝါးတောင်ဝေ့ဘိုးဘိုး တို့ကျိုနှင့် လေပွေမုန်တိုင်းအဖွဲ့ဝင် တစ်ဦးတို့ဖြစ်ကြသည်။

လင်းရဲ့ကျင်းအနီးတွင် ခုန်ဆင်းကြသော လေပွေမုန်တိုင်းအဖွဲ့ဝင်ငါးယောက်သည် ချုံစန်းကို ဝိုင်းတိုက်ကြတော့၏။ ထိုငါးယောက်ထဲတွင် ထင်လျန်ကူးလည်း ပါဝင်လေသည်။

အို့ယိဝမ်းတို့ငါးယောက်သည် မြင်းပေါ်မှ ခုန်ဆင်းပြီး ချောင်လို့

ဝမ်းရှိရာသို့ ပြေးလာသည်။

ထုံရှန်းအော်က လှမ်းအော်သည်။

"ဘိုးဘိုးသတိထား .... သူ့လက်ထဲမှာ လက်နက်ပုန်းရှိတယ် ပစ်လိမ့်မယ် .... "

ထုံရှန်းအော်၏ အော်သံမဆုံးမီမှာပင် ချောင်လို့ဝမ်းက သူ့လက်ကို ဝှေ့ယမ်းလိုက်သည်။ ဓားပျံသုံးစင်းက ပြင်းထန်သောအရှိန်အဟုန်ဖြင့် အို့ယိဝမ်းထံ တိုးဝင်သွားသည်။

အို့ယိဝမ်းက ရှောင်တိမ်းခြင်းမပြုဘဲ သူ့ညာလက်ကိုသာ ဆန့်တန်းလိုက်သည်။

"ထန်း .... ထန်း .... ထန်း .... "

ချောင်လို့ဝမ်း ပစ်လွှတ်လိုက်သော ဓားပျံသုံးစင်းစလုံး အို့ယိဝမ်း၏ ညာဘက်လက်တွင် ကိုင်ထားသော အရာဝတ္ထုတွင် တွယ်ကပ်ကုန်ကြသည်။

ထိုအရာဝတ္ထုမှာ ဇေကူစန်းတောင်တွင်နေသော သမားတော်ကြီးချူတန်းထံမှ ရထားသော သံလိုက်ကျောက်တုံးပင် ဖြစ်လေတော့၏။

"အား .... အင့် .... အူး .... "

ထိုစဉ် ချူစန်းထံမှ နာကျင်စွာ ညည်းတွားသံပေါ်လာသည်။ သူသည် ထင်လျန်ကူး၊ လင်းရဲ့ကျင်းနှင့် အဖွဲ့ဝင်တစ်ယောက်၏ ဓားချက်သုံးချက် ဆက်တိုက်ထိပြီး ရေထဲသို့ ဝုန်းခနဲ လဲကျသွားလေ၏။

ချူစန်းကား သေလေပြီ။



ထင်လျန်ကူးတို့လူစုလည်း ပြေးလာကြပြီး ချောင်လို့ဝမ်းကို ဝိုင်းထားလိုက်ကြလေသည်။

"အားလုံး နောက်ဆုတ်နေကြ .... သူ့အနားကို မကပ်ကြနဲ့"

အို့ယိဝမ်းက သူ့လူတွေကို အမိန့်ပေးလိုက်ရာ မိုက်ချူယိတို့ တစ်တွေလည်း နောက်ကို ဆုတ်လိုက်ကြ၏။

အို့ယိဝမ်းတစ်ယောက်သာ ရှေ့ကို တိုးလာပြီး ချောင်လို့ဝမ်းနှင့် ပေါါးဆယ်အကွာတွင် ရပ်တန့်လိုက်၏။ ပြီးမှ တည်ကြည်ပြတ်သားစွာ ပြောသည်။

"ချောင်လို့ဝမ်း .... ခင်ဗျားအဖို့ ဒီနေ့ဟာ သေနေ့စေတဲ့ နေ့ပဲ ဒါပေမယ့် ကျုပ်က ခင်ဗျားကို လူအင်အားနဲ့ ဖိမတိုက်ပါဘူး တစ်ယောက်ချင်း တရားသဖြင့် ယှဉ်ပြိုင်ပြီးမှ သတ်မယ် .... "

ချောင်လို့ဝမ်း စိတ်ထဲတွင် ဇဝေဇဝါဖြစ်နေသေး၍ မေးလိုက်၏။

"မင်းက ဘယ်သူလဲ .... "

"အို့ယိဝမ်း .... စက္ကူဓားသမား အို့ယိဝမ်း .... ဇဝ့ဂေဟာမြေအောက်ခန်းထဲက လွတ်လာတဲ့ အို့ယိဝမ်း .... ",

ချောင်လို့ဝမ်းက ချောင်းကမ်းပါးပေါ်မှ လို့ရှဲရှမ်း၏အလောင်းကို လက်ညှိုးထိုးပြကာ ....

"ဟိုမှာလည်း အို့ယိဝမ်းတစ်ယောက် .... ဘယ်သူက အို့ယိဝမ်းအစစ်လဲ .... "

အို့ယိဝမ်းမှာ ချောင်းကမ်းပါးပေါ်တွင် သေဆုံးနေသော လို့ရှဲ

ရှမ်း၏အလောင်းကို ကြည့်သည်။ မြင်ရုံဖြင့် လို့ရှုံရှမ်းက သူ့ဟန်ဆောင်ပြီး ချောင်လို့ဝမ်းကို တိုက်ခိုက်ခဲ့ကြောင်း တွေးမိ၏။ ရင်ထဲတွင် ဆို့နင့်သွားမိ၏။ ခံပြင်းဒေါသလည်းဖြစ်မိ၏။

သူသည် ချောင်လို့ဝမ်းကို မျက်နှာထားတင်းတင်းဖြင့်လည်း ပြောလိုက်သည်။

"ကျုပ် အို့ယိဝမ်းပဲ .... ကျုပ်ညီအတွက် ခင်ဗျားကို ပြန်ပြီး ဆုံးမရမယ် .... "

အို့ယိဝမ်း၏အပြောအဆို အမူအရာက လို့ရုံရှမ်းထက် ပိုပြီး ပြတ်သားသည်။ ခေါင်းဆောင်တစ်ယောက်ပီသသည်။ ထို့ကြောင့် ချောင်လို့ဝမ်းသည် ယခု သူနှင့် မျက်နှာချင်းဆိုင်စကားပြောနေသူမှာ အို့ယိဝမ်းအစစ်ဖြစ်ကြောင်း ယုံကြည်လိုက်သည်။

ပြီးတော့ သူ့အစ်ကိုဖြစ်သူ ချောင်လို့ဖူကိုယ်တိုင် ပါလာသဖြင့် ပိုပြီး ယုံကြည်သွားသည်။

ထင်လျှန်ကူးနှင့် အဖွဲ့ဝင်တော်တော်များများက သူ့ကို ခပ်လှမ်းလှမ်းမှ ဝိုင်းထားကြပြီးဖြစ်၍ ထွက်ပြေးနိုင်ဖို့ မလွယ်တော့ကြောင်း ချောင်လို့ဝမ်း တွေးမိသည်။

သူ့ရင်ဖုံးအိတ်ထဲကို လက်နှိုက်ပြီး ဓားပျံသုံးစင်းကို ထုတ်လိုက်ပြန်ပြီး လျှပ်တစ်ပြက် အို့ယိဝမ်းကို ပစ်လိုက်ပြန်သည်။

"ဝှစ် .... ဝှစ် .... ဝှစ် .... "

"ထန်း .... ထန်း .... ထန်း .... "

ဓားပျံသုံးစင်းစလုံး အို့ယိဝမ်း ညာလက်ထဲတွင် ကိုင်ထား သော



သံလိုက်ကျောက်တုံးတွင် ပြေးကပ်သွားကြပြန်လေသည်။

ချောင်လို့ဝမ်း မျက်လုံးပြူးသွားသည်။ သူသည် မျက်လုံးအပြူးသားဖြင့် မှင်သေသွေးစွက်သဏ္ဍာန်လုပ်ထားသော သံလိုက်ကျောက်တုံးကို လှမ်းကြည့်ပြီး မေးလိုက်သည်။

"မင်းလက်ထဲက ဘာလဲ .... "

"ခင်ဗျားဆီက ပစ်လွှင့်မယ့် လက်နက်ပုန်းမှန်သမျှကို ဆွဲယူမယ့် သံလိုက်ကျောက်တုံးပဲ .... "

ချောင်လို့ဝမ်း မျက်နှာတစ်ချက် ပျက်သွားသည်။

သူသည် ချက်ချင်းပင် ရင်ဖုံးအိတ်ထဲတွင် လက်ထိုးနှိုက်လိုက်၏။ ယခုတစ်ခါတွင်မူ သူ့လက်ထဲတွင် ဓားပျံလက်နက်ပုန်းများ ပါမလာတော့ဘဲ သေးငယ်သော ငါးရုပ်လက်နက်ပုန်းများ ပါလာလေသည်။

ထိုငါးရုပ်ကလေးများမှာ ခက္ကူကဲ့သို့ပါးလွှာလှသော်လည်း အစွမ်းထက်မြက်လှလေသည်။ လိုအပ်သော ပစ်ကွင်းကိုလည်း မလွဲတမ်း ထိမှန်နိုင်သည်။

ယင်းငါးရုပ်ကလေးများကို သံဖြင့် ပြုလုပ်ထားခြင်းမဟုတ်ဘဲ ပါးလွှာသော သတ္တုတစ်မျိုးဖြင့် ပြုလုပ်ထားခြင်းဖြစ်လေသည်။

ထိုငါးရုပ်လက်နက်ပုန်းများသည် ငါးတစ်ရာပန်းချီကားမှ ပျောက်ဆုံးနေသော ငါးရုပ်ကလေးများပင် ဖြစ်လေတော့သည်။

◈◈◈◈◈

## ၁၂၃။

ငါးရုပ်လက်နက်ပုန်းကလေးများ၏ အစွမ်းထက်လှပုံကို အိုယိဝမ်းတို့လည်း သိထားပြီးဖြစ်၏။ ငါးရုပ်လက်နက်ပုန်းကလေးများမှာ သေးငယ်သလောက် ကြောက်စရာလည်း ကောင်းသည်။

အကယ်၍ ချောင်းလို့ဝမ်းက ငါးရုပ်လက်နက်ပုန်းများဖြင့် ပစ်လွှတ်လျှင် သူတို့တစ်တွေ မည်သို့မှ ရှောင်တိမ်းနိုင်လိမ့်မည် မဟုတ်ကြောင်းလည်း အိုယိဝမ်း သိထားသည်။

ငါးရုပ်လက်နက်ပုန်းများကို လှမ်းမြင်ရသောအခါ အိုယိဝမ်းသည် ဣန္ဒြေပင် မဆည်နိုင်တော့ဘဲ မျက်စိမျက်နှာပျက်သွားသည်။

ချောင်းလို့ဝမ်းကမူ အားပါးတရ ရယ်မောလိုက်ပြီး ....

"ဟား .... ဟား .... ဟား .... ဟား .... ကျုပ်လက်ထဲမှာ ဘာတွေလဲဆိုတာ မြင်တယ် မဟုတ်လား အိုယိဝမ်း .... "



အိုယိဝမ်မှာ မည်သို့မျှ ပြန်မပြောနိုင်ပါချေ။ သူ့ခန္ဓာကိုယ်ကိုပင် မလှုပ်ရှားရဲပါချေ။

မိုက်ချုံးယိကမူ ချောင်းလို့ဝမ်းလက်မှ ငါးရုပ်လက်နက်ပုန်းများကို မြင်လျှင် ချက်ချင်းပင် သူ့ဆရာ ရွှေခုတ်ဓား စီဝူရေးသားထားခဲ့သော စာတမ်းကို သတိရလိုက်မိ၏။

ထိုစာကား ....

*'ဓာမဏိငှက်ပျံလျှင်*

*ငါးရုပ်တစ်ရာ ပျောက်မည်'*

ဟူသော စာတမ်းပင် ဖြစ်သည်။

သူ့အနီးတွင်ရှိနေသော လင်းရဲ့ကျင်းကို မိုက်ချုံးယိက နှစ်ကိုယ်ကြား လေသံဖြင့် မေးလိုက်မိ၏။

"ရဲ့ကျင်း .... မင်းဆီမှာ ရွှေဓာမဏိငှက်ရုပ် လက်ကောက်ရှိတယ် မဟုတ်လား .... "

လင်းရဲ့ကျင်းကမူ ချက်ချင်း သဘောမပေါက်သဖြင့် ကြောင်အမ်းအမ်းဖြစ်သွားပြီး ပြန်မေးသည်။

"ရှိပါတယ် ဘာလုပ်မလို့လဲ အစ်ကိုမိုက် .... "

"ဟိုမှာ ငါးရုပ်လက်နက်ပုန်းတွေနဲ့ ချောင်းလို့ဝမ်းက အစ်ကိုကြီးကို ပစ်တော့မယ် .... ငါးရုပ်လက်နက်ပုန်းတွေကို အစ်ကိုကြီးက ကာကွယ်နိုင်မှာ မဟုတ်ဘူး .... ဓာမဏိရုပ် ရွှေလက်ကောက်နဲ့ တို့က ကာကွယ်ရလိမ့်မယ် .... မြန်မြန်ချွတ်ပေးစမ်းပါ .... "

"ဓာမဏိရွှေလက်ကောက်နဲ့ ငါးရုပ်လက်နက်ပုန်းတွေကို

ဘယ်လိုကာကွယ်နိုင်မှာလဲ .... "

"စာမဏီငှက်ပျံရင် ငါးရုပ်တစ်ရာ ပျောက်သွားလိမ့်မယ်လို့ ဆရာကြီးရေးထားတဲ့ စာတမ်းကို မင်းမေ့သွားပြီလား .... "

"ဟုတ်သားပဲ .... "

လင်းရဲ့ကျင်းလည်း သူ့လက်တွင် ဝတ်ထားသော စာမဏီငှက်ရုပ် ရွှေလက်ကောက်ကို ချွတ်နေသည်။

မိုက်ချိုးယိနှင့် လင်းရဲ့ကျင်းတို့ စကားဆိုနေစဉ်မှာပင် အို့ယိဝမ်းနှင့် ချောင်လို့ဝမ်းတို့မှာ အပြန်အလှန်ပြောဆိုနေကြဆဲဖြစ်၏။

"ခင်ဗျားအနေနဲ့ ဒီအရွယ်ရောက်နေမှ နောင်တရဖို့ကောင်းနေပြီ ချောင်လို့ဝမ်း .... "

"ဟား .... ဟား .... ဟား .... ဟား .... ငါ့လက်ထဲက ငါးရုပ်လက်နက်ပုန်းတွေကို ကြောက်တာနဲ့ ငါ့ကို ဖျောင်းဖျတရားချမနေနဲ့ အို့ယိဝမ်း .... ငါ့လက်ထဲမှာ ငါးရုပ်လက်နက်ပုန်းတွေ အထပ်လိုက်ရှိနေတယ် .... ဒီမှာရှိနေတဲ့ မင်းရဲ့အဖွဲ့သားတွေ အားလုံး လူငါးဆယ်မရှိပါဘူး .... "

"ခင်ဗျားရဲ့ ငါးရုပ်လက်နက်ပုန်းကိုကြောက်လို့ ကျုပ်က ဖျောင်းဖျနေတာ မဟုတ်ဘူး .... ခင်ဗျားလို ကမ်းကုန်အောင် ယုတ်မာရက်စက်ခဲ့တဲ့ လူမျိုးတွေကိုလည်း ခွင့်မလွှတ်နိုင်ဘူး .... ခင်ဗျားရဲ့ လုပ်ရပ်တွေကလည်း ဘယ်လိုမှ ခွင့်မလွှတ်နိုင်တဲ့ လုပ်ရပ်မျိုးတွေပဲ"

"မင်း ခွင့်လွှတ်နေစရာ မလိုပါဘူး အို့ယိဝမ်း .... အခုပဲ မင်းသေရတော့မှာပဲ ဥစ္စာ .... မင်းတင် မဟုတ်ပါဘူး .... ငါ့လက်လွှပ်



လိုက်တာနဲ့ မင်းလူတွေ အကုန်လုံး သေသွားလိမ့်မယ် .... ငါ့လက်ထဲမှာရှိတဲ့ ငါးရုပ်လက်နက်ပုန်းက ငါးဆယ်ကျော်တယ် .... "

အို့ယိဝမ်း စိတ်ထဲတွင်မူ ထိတ်လန့်စိုးရိမ်နေမိသည်။

ချောင်လို့ဝမ်းကသာ သူ့လက်ထဲတွင် ကိုင်ထားသော ငါးရုပ်လက်နက်ပုန်းများကို တစ်ပြိုင်တည်း ပစ်လိုက်ပါက သူ့အနေဖြင့် ကာနိုင်စွမ်းရှိကောင်းရှိမည်ဖြစ်သော်လည်း ကျန်လူများအတွက် အားလုံးကာကွယ်နိုင်လိမ့်မည်မဟုတ်ဟု အို့ယိဝမ်းသိသည်။

အို့ယိဝမ်း တွေးတောစဉ်းစားနေစဉ်မှာပင် ချောင်းလို့ဝမ်းက ငါးရုပ်များကိုင်ထားသော သူ၏လက်ကို မြှောက်ရွယ်လိုက်လေပြီ။

"အို့ယိဝမ်း .... မင်းရဲ့အဖွဲ့သားတွေ အားလုံးကို လက်နက်ချနိုင်းပြီး ငါ့အတွက် လမ်းဖွင့်ပေးခိုင်းပါ .... ဒါဆိုရင် ဘယ်သူ့ကိုမှ အန္တရာယ်မပေးဘဲ အေးအေးဆေးဆေး ပြန်မယ် .... ဒါမှမဟုတ်ရင်တော့ ငါးရုပ်လက်နက်ပုန်းတွေနဲ့ မင်းတို့အားလုံး သေစေရမယ်"

အို့ယိဝမ်းသည် ငါးရုပ်လက်နက်ပုန်း၏ထက်မြက်သော စွမ်းရည်ကို ကောင်းစွာသိထားသည်။ ငါးရုပ်လက်နက်ပုန်းများ တစ်ပြိုင်တည်း ပစ်လွှတ်လိုက်လျှင် ပစ်လွှတ်လိုက်သူမှလွဲ၍ အခြားသူများဆီသို့ မကာကွယ်နိုင်လောက်အောင် ပြေးဝင်သွားပြီး တုံးခနဲ လဲကျသေဆုံးသွားနိုင်၏။

ပြီးတော့ ငါးရုပ်လက်နက်ပုန်းကလေးများသည် လူ့ခန္ဓာကိုယ်ကြီးထဲ ရောက်သွားလျှင်လည်း လူ့သွေးဖြင့် ထိ၍ တဖြည်းဖြည်း အရည်ပျော်သွားတတ်သည်။

ယခုအခါ ငါးတစ်ရာ ပန်းချီကားချပ်ထဲမှ ပျောက်ဆုံးသွားရသည့် ငါးရုပ်ကလေးများ၏ ပဟေဠိကား အဖြေပေါ်ခဲ့ရပါပြီ။ ငါးရုပ်လက်နက်ပုန်းများဖြင့် လူသတ်မှုများကို ကျူးလွန်ခဲ့သော လူသတ်သမားကိုလည်း တွေ့ရပါပြီ။

သို့သော် အိုယိဝမ်းတို့သည် လူသတ်သမားဖြစ်သော ချောင်လို့ဝမ်းကို တိုက်ခိုက်ဖမ်းဆီးရန် အခက်ကြီးခက်နေကြ၏။

အခြေအနေအရ ငါးရုပ်လက်နက်ပုန်းများကို ကိုင်ဆောင်ထားသော ချောင်လို့ဝမ်းက အသာစီးရနေ၍ သူတောင်းဆိုသော အခွင့်အရေးများကို အိုယိဝမ်းတို့က ပေးရမလိုဖြစ်နေကြ၏။ ချောင်လို့ဝမ်းကို ပြန်လည်ထွက်ခွာခွင့် ပေးရမလို ဖြစ်နေသည်။

အကယ်၍ ဇွတ်အတင်း တိုက်ခိုက်မည်ဆိုလျှင် မိမိဘက်မှ လူများ၏ အသက်မှာ နောက်ထပ်ဆုံးရှုံးရပေဦးမည်။ သူ့လူများတင်မဟုတ်ဘဲ မိုက်ချူးယိနှင့် လင်းရဲ့ကျင်းတို့လို ဧည့်သည်များ၏အသက်ပါ ဆုံးရှုံးသွားပါက မကောင်းတော့ပါချေ။

အိုယိဝမ်းက မည်သို့ကြံရမှန်းမသိဖြစ်နေစဉ် တစ်ချိန်လုံး ညီဖြစ်သူကိုကြည့်၍ စိတ်မချမ်းမမြေ့ဖြစ်နေသော သမားတော်ကြီး ချောင်လို့ဖူ၏ အသံပေါ်ထွက်လာသည်။

"ညီလေးချောင်လို့ဝမ်း .... "

ချောင်လို့ဝမ်းအကြည့်က ချောင်လို့ဖူထံ ရောက်သွားသည်။ သို့သော် သူ့အကြည့်က သူစိမ်းဆန်လှသည်။ ပြန်ထူးသံကပင် လေသံမာသည်။



"ဘာလဲ .... "

"ညီလေး လို့ဝမ်းရယ် .... မင်းဟာ ငါ့ကို အမျိုးမျိုးလှည့်စားခဲ့တယ် .... မင်းဟာ တကယ် နောင်တရတာမှ မဟုတ်ဘဲ .... နောင်တရချင်ယောင်ဆောင်ပြီး အမိုက်ကြီး ဆက်မိုက်ခဲ့တယ် .... အခုတော့ မင်းအသက်လည်း ကြီးလာပါပြီ .... အမိုက်စာတ်ကို သိမ်းသင့်ပါပြီ"

ချောင်လို့ဖူက ပြောပြောဆိုဆို ချောင်လို့ဝမ်းဆီ ခြေနှစ်လှမ်းသုံးလှမ်း လျှောက်လာသည်။ ချောင်လို့ဝမ်းက အသံမာမာဖြင့် လှမ်း၍ ဟန့်တားလိုက်သည်။

"အစ်ကိုကြီး ရပ်လိုက်ပါ .... ခုချိန်မှာ ကျွန်တော့်ကိုလာပြီး တရားချမနေနဲ့ .... ကျွန်တော်လိုချင်တဲ့ ပစ္စည်းဥစ္စာကို ရဖို့ .... တန်ခိုးအာဏာကိုရဖို့အတွက် လူတွေကိုသတ်ပြီးပြီ .... အိုယိဝမ်းက ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေး မနေဘဲလိုက်ပြီးစုံစမ်းခဲ့တယ် .... ဒီတော့ ခုချိန်မှာ ဘယ်သူ့ကိုမှ ကျွန်တော် မညှာနိုင်ဘူး .... ကျွန်တော့်ကို နှောင့်ယှက်လာရင် အစ်ကိုရင်းဖြစ်တဲ့ ခင်ဗျားကိုလည်း သတ်ရမှာပဲ .... "

အိုယိဝမ်းမှာ ကြားကနေပြီး ဒေါသထွက်သွားကာ ....

"သမားတော်ကြီး ချောင်လို့ဖူ .... သေအထိမိုက်မယ့် ဆရာကြီးရဲ့ ညီကို ဘယ်လိုမှ ဖျောင်းဖျမနေနဲ့တော့ .... ဒီလူဟာ ငရဲပြည်ရောက်တာတောင် ဆက်မိုက်နေမယ့် လူစားမျိုး .... ဒီလိုလူမျိုးကို လူ့လောကက ဖယ်ထုတ်နိုင်မှပဲ သိုင်းလောကကြီးက အေးချမ်းသွားမယ် .... "

ချောင်လို့ဝမ်းက ဟားတိုက်ရယ်မောလိုက်ပြီး ....

"ဟား .... ဟား .... ဟား .... ဟား .... ငါ့လက်ထဲမှာ ဟောဒီ ငါးရုပ်လက်နက်ပုန်းတွေရှိနေသရွေ့ မင်းတို့တစ်တွေ ငါ့ကို ယှဉ်ဖို့ စိတ်မကူးကြနဲ့ အိုယိဝမ်း .... အေး သတိပေးလိုက်ဦးမယ် ဒီနေ့ကစပြီး မင်းတို့ လေပွေမုန်တိုင်းအဖွဲ့ဟာ ငါ့ကို ရှောင်ကြပါ ငါ့ကိုရန်ပြုလာမယ်ဆိုရင်တော့ ဘယ်သူ့ကိုမှ ငါမညှာနိုင်ဘူး .... အားလုံးသေကုန်ပြီသာမှတ် .... ကဲ .... အားလုံး ဘေးဖယ်ကြ ငါ့အတွက် လမ်းရှင်းကြ .... နောက်ကို ဝေးဝေးဆုတ်ကြ .... ငါပြောတာ မနာခံတဲ့လူ အသေပဲ .... "

ချောင်လို့ဝမ်းက လက်ကိုမြှောက်၍ အော်ဟစ်လိုက်ရာ ငါးရုပ်လက်နက်ပုန်း၏ကြောက်စရာကောင်းပုံကို သိထားသော အိုယိဝမ်းသည် သူ့လူအားလုံး၏အသက်ဘေးအန္တရာယ်ဖြစ်မည်ကို စိုးရိမ်သဖြင့် လက်ကို ဇွေ့ယမ်းပြီး ပြောလိုက်သည်။

"အားလုံး နောက်ဆုတ်ပေးလိုက်ကြ .... သူ့ကို လမ်းဖွင့်ပေးလိုက်ကြတော့ .... "

အဖွဲ့သားများမှာ အံတကြိတ်ကြိတ်ဖြစ်နေကြပြီး ချောင်လို့ဝမ်းကို တိုက်ခိုက်လိုကြသော်လည်း အိုယိဝမ်း၏အမိန့်သံကြောင့် နောက်ဆုတ်ပေးကြရတော့သည်။

ထိုစဉ် အော်ဟစ်ကြိမ်းဝါးသံတစ်သံ ထွက်ပေါ်လာသည်။

"ရပ်လိုက်စမ်း လူယုတ်မာကြီး .... ရှင်ထွက်သွားဖို့ မကြံနဲ့"

အော်ဟစ်ရင်း ချောင်လို့ဝမ်းရှေ့ကို ပြေးလာကာ ပေသုံးဆယ်ခန့်အကွာတွင် ရပ်တန့်လိုက်၏။



မိုက်ချုံးယိက ချောင်လို့ဝမ်းကြည့်၍ ခက်ထန်စွာ ပြောသည်။

"ကျုပ်ရဲ့ဆရာကို ခင်ဗျားရက်ရက်စက်စက် သတ်သွားတဲ့အတွက်ရော .... တခြားလူတွေကို မတရားသဖြင့် သတ်တဲ့အတွက်ရော ခင်ဗျားကို ကောင်းကောင်းကြီး ပြန်ဆုံးမရလိမ့်မယ် .... "

ချောင်လို့ဝမ်းက မိုက်ချုံးယိကို လှောင်ပြုံးပြုံး၍ ကြည့်ကာ ....

"မင်းက ဘယ်သူလဲ .... "

"ကျုပ်နာမည် မိုက်ချုံးယိ .... ကျုပ်ဟာ ဆရာကြီးစီဝူရဲ့ တပည့်ပဲ .... "

"ဩော် .... မင်းနဲ့ လင်ရဲ့ကျင်းတို့က သိုင်းမောင်နှမတွေပေါ့"

"ကဲ .... သေပေတော့ လူယုတ်မာ .... "

မိုက်ချုံးယိက ဒေါသသံဖြင့် အော်လိုက်ပြီး လှုပ်ရှားလိုက်၏။

"ဝှစ် .... ဝှစ် .... ဝှစ် .... "

အိုယိဝမ်းပင် တားမြစ်ချိန် မရလိုက်ပါ။

မိုက်ချုံးယိက လက်နက်ပုန်းသုံးစင်းဖြင့် ချောင်လို့ဝမ်းကို ပစ်ခတ်လိုက်ခြင်းပင် ဖြစ်လေသည်။ လက်နက်ပုန်း သုံးစင်းက ချောင်လို့ဝမ်းထံ တန်းဝင်သွားသော်လည်း ချောင်လို့ဝမ်းက သွက်လက်စွာပင် ရှောင်တိမ်းလိုက်နိုင်သည်။

မိုက်ချုံးယိပစ်လိုက်သော လက်နက်ပုန်းများက ချောင်လို့ဝမ်းကို မထိချေ။ ချောင်လို့ဝမ်းမှာ ရှောင်တိမ်းရင်းမှ သူ့လက်ထဲတွင် ကိုင်ထားသော ငါးရုပ်လက်နက်ပုန်းများကို ပစ်လွှတ်လိုက်ပြီဖြစ်၏။

"ဟာ .... "

အို့ယိဝမ်းပင် ထိတ်လန့်သွားသည်။

"ဝိုး .... ဝိုး .... ဝိုး .... ဝိုး .... ဝိုး .... ဝိုး .... "

ငါးရုပ်လက်နက်ပုန်း ပျံသန်းလာသံတွေက ညံစီသွားသည်။

လင်းရဲ့ကျင်းကလည်း ချောင်လို့ဝမ်းက ငါးရုပ်လက်နက်ပုန်းနှင့် ပစ်ခတ်လိုက်သည်နှင့် သူ့မလက်ထဲမှ ရွှေစာမကောင်ကတ်ရုပ်ခလုပ်ကို နှိပ်၍ ပစ်လွှတ်လိုက်ပြီဖြစ်၏။

"ဖျပ် .... ဖျပ် .... ဖျပ် .... ဖျပ် .... ဖျပ် .... ဖျပ် .... ဖျပ်"

"ဝိုး .... ဝိုး .... ဝိုး .... ဝိုး .... ဝိုး .... ဝိုး .... "

ချောင်လို့ဝမ်း ပစ်လွှတ်လိုက်သော ငါးရုပ်လက်နက်ပုန်းများသည် မိုက်ချိုးယိနှင့် လင်းရဲ့ကျင်းတို့ထံ တန်းဝင်လာကြသော်လည်း လင်းရဲ့ကျင်း ပစ်လွှတ်လိုက်သော ရွှေစာမကောင်ကတ်ရုပ်ကို တောင်ပံတဖျပ်ဖျပ်ခတ်၍ ငါးရုပ်လက်နက်ပုန်းများကို ခတ်ပစ်နေတော့၏။

ငါးရုပ်လက်နက်ပုန်းများမှာ ရွှေစာမကောင်ကတ်ရုပ်နှစ်ရုပ်၏ တောင်ပံရိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာသော လေလှိုင်းအားဖြင့် လွင့်စဉ်ကုန်သည်။

ထိုစဉ်မှာပင် သမားတော်ကြီးချောင်လို့ဖူသည် တစ်စုံတစ်ရာဖြင့် ညီဖြစ်သူ ချောင်လို့ဝမ်းအား ပစ်ပေါက်လိုက်တော့၏။

ထိုအရာဝတ္ထုက ချောင်လို့ဝမ်းအား ထိမှန်သွားသည်။

"အား .... အား .... "

ချောင်လို့ဝမ်းမှာ နောက်ထပ် ငါးရုပ်လက်နက်ပုန်းများကို ပစ်လွှင့်ခွင့်မရတော့ဘဲ အသံနက်ကြီးဖြင့် ဆူးဆူးဝါးဝါးအော်ကာ လဲကျသွားတော့၏။



မြင်ရသူအားလုံးမှာ အံ့ဩတကြီးဖြစ်သွားကြ၏။

ချောင်လို့ဖူက ချောင်လို့ဝမ်းကို မည်သည့်အရာနှင့် ပစ်ပေါက်လိုက်ကြောင်းလည်း မသိကြချေ။

ချောင်လို့ဖူသည် လဲကျသေဆုံးနေသော ညီဖြစ်သူချောင်လို့ဝမ်းကို ဆို့နင့်စွာ တစ်ချက်ကြည့်လိုက်ပြီးမှ အားလုံးကို အော်ပြောလိုက်၏။

"အားလုံး ကမ်းပေါ်တက်ကြ .... မြန်မြန်တက်ကြ .... ရေထဲမှာ အဆိပ်တွေ ပျံ့နှံ့လာတော့မယ် .... "

ထိုအခါမှ အို့ယိဝမ်းသည် ချောင်လို့ဖူက ချောင်လို့ဝမ်းကို မည်သည့်အရာနှင့် ပစ်ပေါက်လိုက်ကြောင်းကို သိသွား၏။သူကလည်း ကမ်းပါးဆီသို့ပြေးရင်း သူ့လူတွေကို အော်ပြောသည်။

"ကမ်းပေါ် မြန်မြန်တက်ကြ .... ပြေးတက်ကြ .... ရေထဲမှာ တစ်ယောက်မှ မနေကြနဲ့ .... ရေတွေ အဆိပ်သင့်နေပြီ .... "

ရေထဲတွင် ရှိနေသူအားလုံးမှာ တဝုန်းဝုန်းဖြင့် ရေထဲမှ ကမ်းပေါ်သို့ ပြေးတက်ကြသည်။ အားလုံး ကမ်းပေါ်ကို ရောက်လာပြီးမှ အို့ယိဝမ်းက ချောင်းထဲကို ကြည့်လိုက်ကာ သက်ပြင်းချနိုင်တော့၏။

အို့ယိဝမ်းအနီးတွင်ရပ်နေသော ချောင်လို့ဖူက စိတ်မချမ်းမသာဖြင့် ပြောလိုက်သည်။

"သူ့ကို .... သူ့ကို ကျုပ်အဘိုးရဲ့ အဆိပ်နဲ့ ပစ်ပေါက်ပြီး အမိုက်ဘတ်သိမ်းလိုက်ရတာပဲ အို့ယိဝမ်း .... ဒါကြောင့်မို့ ဒီဒေသရဲ့

လီတာစ်ရာအတွင်းမှာ လူတွေမနေထိုင်သင့်တော့ဘူး .... ဘူမောင်တို့ စခန်းတစ်ခုလုံးကိုလည်း တခြားဒေသကို အမြန်ဆုံး ပြောင်းဖို့စီစဉ်ပါတော့ .... "

"ဟုတ်ကဲ့ .... ကျွန်တော် သဘောပေါက်ပါတယ် .... "

အကြောင်းမှ သမားတော်ကြီးချောင်လို့ဖူပစ်ပေါက်လိုက်သော အဆိပ်မှာ လွန်စွာကြောက်စရာကောင်းသော သက်တန့်ရောင်ဖြာ အဆိပ်ဖြစ်နေသောကြောင့်ပင်တည်း။

◇◇◇◇◇



## ၁၂၄။

လေပွေမုန်တိုင်းအဖွဲ့ဝင်များသာမက လျှို့ဝှက်စခန်းတွင် နေထိုင်ကြသော ကလေး၊ လူကြီးနှင့် အမျိုးသမီးများပါ စခန်းပြောင်းရွှေ့ရန် စီစဉ်ဆောင်ရွက်နေကြသည်။

ချောင်းရေထဲသို့ အဆိပ်ရည်များကျသွားသဖြင့် ၎င်းနေရာနှင့် လီတာစ်ရာပတ်လည်အတွင်း နေထိုင်ကြသော သက်ရှိသတ္တဝါများအားလုံး ပြန့်လွင့်လာမည့် အဆိပ်ငွေ့များသင့်နိုင်လေသည်။

ထို့ကြောင့် အို့ယိဝမ်းတို့ လေပွေမုန်တိုင်းအဖွဲ့မှာလည်း ဤနေရာတွင် စခန်းချနေထိုင်ရန် မဖြစ်တော့ချေ။

တန့်ဂေဟာ မွေးမြူရေးခြံ၏ မြေအောက်ဥမင်ထဲသို့ ပြောင်းရွှေ့ရန် အို့ယိဝမ်းက စဉ်းစားဆုံးဖြတ်ပြီးဖြစ်၏။

◇

တောင်ကုန်းထိပ်တစ်နေရာတွင် သင်္ချိုင်းအုတ်ဂူလေးတစ်ခုရှိနေသည်။ အုတ်ဂူတွင် လို့ရုံရှမ်း၏ နာမည်ကို ကမ္ဘည်းစာတမ်းထိုးထားသည်။ ဤအုတ်ဂူမှာ လို့ရုံရှမ်း၏ ရုပ်ကလာပ်ကို ဂူသွင်းမြှုပ်နှံရာ သင်္ချိုင်းဂူဝင်ဖြစ်လေသည်။

အိုယိဝမ်းတို့သည် ချောင်းရေထဲတွင် ကျဆုံးသွားကြရသော ဝူးဝေ၊ ချင်ဖိန်းနှင့် လေပွေမုန်တိုင်းအဖွဲ့ဝင် နှစ်ဦးတို့၏ အလောင်းများကိုမူ မကောက်ယူနိုင်ကြတော့ချေ။

ချောင်းရေထဲတွင် အဆိပ်များ ပျံ့နှံ့နေပြီဖြစ်သောကြောင့်ပင်။

ထို့ကြောင့် ချောင်းကမ်းပါးပေါ်တွင် သေဆုံးသွားသော လို့ရုံရှမ်း အလောင်းကိုသာ အားချင်းဂူသွင်းမြှုပ်နှံခဲ့ကြ၏။

လေပွေမုန်တိုင်းအဖွဲ့ဝင်များသာကမ လျှို့ဝှက်စခန်းတွင် နေထိုင်ကြသူများအားလုံး လို့ရုံရှမ်း၏ အုတ်ဂူဆီသို့ လာရောက်ဂါရဝပြု ဆုတောင်းပြီးကြလေပြီ။

ယခုမူ အုတ်ဂူအနီးတွင် ထင်လျှန်ကူး တစ်ယောက်တည်း ငိုကြွေးရင်း ရပ်နေသည်။

ပူဆွေးသောက ပရိဒေဝမီးတောက်လောင်နေသောကြောင့် ဆံပင်များက ကပိုကရိုဖြစ်နေသည်။

လေတိုက်ရာသို့ လူးလွန့်ဝဲပျံနေသည်။

အနောက်ဘက် မိုးကုတ်စက်ဝိုင်းသို့ နေဝန်းသည် ဝင်ရောက်ပျောက်ကွယ်သွားလေပြီ။ နေရောင်ဖျော့ဖျော့က ထင်လျှန်ကူး၏ မျက်နှာကို ဟပ်နေလေရာ သူမ၏ ပါးပြင်မှ မျက်ရည်စတို့က နေရောင်တွင် လက်နေသည်။



သူမသည် ဤနေရာတွင် ရပ်နေသည်မှာ ကြာပြီဖြစ်သော်လည်း ခွာမသွားသေးပါချေ။ ရှိုက်သံသဲ့သဲ့ပြုပြီး ငိုကြွေးလျက် ရှိနေသေးသည်။

"ညီမလေးကျို ...."

အနောက်ဘက်မှ ညင်သာစွာ ခေါ်သံနှင့်အတူ သူမအားသို့ အိုယိဝမ်းရောက်လာသည်။ အိုဝမ်း၏ မျက်နှာမှာလည်း ကြေကွဲဆို့နင့်မှု အသွင်ကို ဆောင်နေသည်။

သူ့မျက်လုံးအိမ်ထဲတွင် မျက်ရည်ကြည်များ ဝေ့ဝဲနေသည်။

"သွားကြပါစို့ ညီမလေးကျိုရယ် ...."

ထင်လျှန်ကူး တရှိုက်ရှိုက် ငိုလိုက်ပြီး အိုယိဝမ်း ရင်ခွင်ထဲ ပြေးဝင်လိုက်သည်။

အိုယိဝမ်းကလည်း သူမကို ခပ်ဖွဖွ ပြန်ဖက်ထားသည်။

"ညီမလေးတို့ အစ်ကိုစန်းကို ဒီမှာထားသွားကြရတော့မယ် အစ်ကိုကြီး .... အစ်ကိုစန်း တစ်ယောက်တည်း နေခဲ့ရတော့မယ်"

"မသွားရင်မှ မဖြစ်တော့ဘဲ ညီမလေးကျိုရယ် .... အစ်ကိုကြီးတို့တစ်တွေကတော့ သွားကြရမှာပေါ့ .... အဆိပ်ငွေ့သင့်မှာကို ကြောက်စရာမလိုဘူးဆိုရင်တော့ အစ်ကိုကြီးလည်း ညီလေးစန်းတို့တစ်တွေ ခေါင်းချသွားတဲ့ ဒီနေရာကို ဘယ်စွန့်ခွာချင်ပါ့မလဲ .... သွားကြပါစို့ ညီမလေးကျိုရယ် .... မိုးမချုပ်ခင် ဒီကနေ ခွာကြမှ ဖြစ်မယ် .... "

"အစ်ကိုစန်း ညီမလေးတို့ကို ခွဲခွာသွားသလိုတော့ အစ်ကိုကြီး ခွဲမသွားပါနဲ့နော် .... "

"အစ်ကိုကြီးက တစ်သက်လုံး ညီမလေးကျိုကို မခွဲခွာပါဘူး ကွယ် .... သေအတူ ရှင်အကွာ နေသွားပါ့မယ် .... ကိုင်း သွားကြစို့လား ညီမလေးရယ် နော် .... "

အို့ယိဝမ်းနှင့် ထင်လျှန်ကူးတို့နှစ်ယောက်စလုံး တစ်ဦးကိုတစ်ဦးဖက်ကာ အုတ်ဂူအနီးမှ တရွေ့ရွေ့ ထွက်ခွာသွားကြသည်။

အို့ယိဝမ်းနှင့် ထင်လျှန်ကူးတို့ နှစ်ယောက်ကို ကြည့်ကာ မလှမ်းမကမ်းရှိ သစ်ပင်ကြီးတစ်ပင်နောက်တွင် ငိုကြွေးနေသော လင်းရဲ့ကျင်းမှာ ယခုမှ အသံထွက်အောင် ငိုရှိုက်လိုက်သည်။

"ညီမလေး လင်း .... "

သူမနောက်မှ ခေါ်သံကြောင့် နောက်ကို ဆတ်ခနဲလှည့်ကြည့်မိသည်။ သူမနောက်နားတွင် ရပ်နေသော မိုက်ချုံးယိကို တွေ့ရသည်။

မိုက်ချုံးယိက ခြေသုံးလေးလှမ်းလျှောက်လာပြီး လင်းရဲ့ကျင်းအနီးတွင် ရပ်သည်။

"ဘာဖြစ်လို့ ဒီလောက်တောင် ငိုနေရတာလဲ ညီမလေးလင်းရယ် .... "

"ကျွန်မကြောင့်အသက်ပေးသွားကြရတဲ့ အစ်ကိုစန်းတို့တစ်တွေကို စိတ်မကောင်းလွန်းလို့ပါ အစ်ကိုမိုက်ရယ် .... "

"အင်း .... အစ်ကိုစန်းတို့တစ်တွေ သေရတာ ညီမလေးလင်းရဲ့ ပယောဂမကင်းဘူးလို့တော့ ဖြစ်နေတာပေါ့ .... ညီမလေးလင်းသာ ချောင်လို့ဝမ်းတို့လူစုကို ဒီစခန်းရောက်အောင် ခေါ်မလာရင် ဒီအဖြစ်ဆိုးမျိုး တွေ့ကြုံရမှာ မဟုတ်ဘူး .... "

"ဟုတ်ပါတယ် အစ်ကိုမိုက်ရယ် .... ကျွန်မရဲ့ စေတနာဟာ ဝေဒနာဖြစ်ရတယ် .... ဒီလိုဖြစ်လိမ့်မယ်တော့ ကျွန်မလုံးလုံးမတွေးမိဘူးလေ .... လူယုတ်မာ ချောင်လို့ဝမ်းရဲ့လှည့်ကွက်ထဲကို ကျွန်မဝင်မိတာပါ .... "

"အဆိုးထဲက အကောင်းပြန်ရှာလိုက်တော့လည်း ချောင်လို့ဝမ်းတို့ကို ညီမလေးလင်း ခေါ်လာလို့ အခုလို သုတ်သင်နိုင်တာပါ .... နို့မို့ သူတို့အားလုံး ခြေရာပျောက်သွားကြပြီပေါ့ .... ဒီလိုတွက်ဆပြီး စိတ်ကို ဖြေရတော့မှာပေါ့ .... "

"ကျွန်မရင်ထဲမှာ မချိလွန်းလို့ပါ အစ်ကိုမိုက်ရယ် .... "

"အစ်ကိုစန်းတို့အတွက်လား .... "

"ဟုတ်ပါတယ် .... "

"အစ်ကိုကြီးအို့နဲ့ ထင်လျှန်ကူးတို့ ဆက်ဆံပုံကို မြင်ရ ကြားရလို့ ညီမလေးလင်း စိတ်ထဲမှာ ပိုပြီးမချိအောင် ဖြစ်သွားတယ် မဟုတ်လားဟင် .... "

မိုက်ချုံးယိ၏စကားက ဟုတ်မှန်နေသဖြင့် လင်းရဲ့ကျင်းမှာ ဘာမှပြန်မပြောနိုင်ဘဲ ငိုမြဲငိုနေမိသည်။

မိုက်ချုံးယိက ဖျောင်းဖျ နှစ်သိမ့်စကားဆိုသည်။

"တကယ်တော့ အစ်ကိုကြီးအို့နဲ့ ထင်လျှန်ကူးတို့ဟာ မောင်နှမတော်ကြတယ်ဆိုပေမယ့် သုံးလေးဝမ်းကွဲတော်ကြတဲ့ မောင်နှမတွေပါ .... အတူတူနေလာကြတာလည်း ကြာပြီဆိုတော့ တစ်ဦးကိုတစ်ဦး ပိုပြီး သံယောဇဉ်ရှိကြမှာပေါ့ .... ပိုပြီး ကြင်နာကြမှာပေါ့ .... ဒါဟာ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘာဝတရားပါ ညီမလေးလင်းရယ် .... ညီမလေးလင်းနဲ့ အစ်ကိုဟာ ဆရာတစ်ဆူတည်းဆီမှာ ပညာသင်ခဲ့ကြတဲ့

သိုင်းမောင်နှမတွေပါ .... အနေနီးစပ်လာတော့ ညီမလေးလင်းအပေါ်မှာ အစ်ကိုလည်း သံယောဇဉ်ပိုမိပါတယ် .... အခု ဆရာကြီးကို သတ်သွားတဲ့ လူသတ်သမားလည်း သူ့အပြစ်ဒဏ် သူခံသွားရပါပြီ အစ်ကိုတို့နှစ်ယောက်စလုံးလည်း ဆရာကြီးအပေး တာဝန်ကျေပါပြီ အစ်ကိုတို့နှစ်ယောက် ကိုယ့်အိမ်ပဲ ကိုယ်ပြန်ကြရအောင်လား ညီမလေးလင်းရယ် .... "

"အစ်ကိုရယ် .... "

လင်းရဲ့ကျင်းသည် မိုက်ချုံးယိ ရင်ခွင်ထဲ ပြေးဝင်၍ ငိုကြွေးလိုက်သည်။

မိုက်ချုံးယိက ခပ်တင်းတင်းလေး ပြန်ဖက်ထားလိုက်သည်။

"ညီမလေးနဲ့ အစ်ကိုတို့ အတူတူပြန်ကြမယ် အစ်ကို .... ဆရာကြီးရဲ့အိမ်မှာ ရာသက်ပန်အတူတူနေကြမယ် .... စိတ်တွေ ဖောက်ပြားမိတဲ့ ညီမကို ခွင့်လွှတ်ပါတော့ အစ်ကိုမိုက်ရယ် .... "

လင်းရဲ့ကျင်းစကားကြောင့် မိုက်ချုံးယိမှာ စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်ရပ်များကြားမှ ပီတိကလေး ဖြာသွားမိပါတော့သတည်း။

ပြီးပါပြီ။

တက္ကသိုလ်နေလင်းအောင်